ဆဋ္ဌသံဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး ၏ ထေရုပ္ပတ္တိ

(အကျဉ်း၊ ပဌမပိုင်း)



အရှင်သီလာနန္ဒာဘိဝံသ
ပြုစုသည်

၂၅၈၁၅

ဆဋ္ဌသင်္ဂါယနာ ပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

၏

# ဓေရပုပ္ပတ္တိ

(အကျဉ်း၊ ပဌမပိုင်း)

အရှင်သီလာနန္ဒာဘိဝံသ

ပြုစုသည်

သာသနာ-၂၅၂၃-ခု၊ ကောဇာ-၁၃၄၁-ခု၊ ဒီဇင်ဘာလ၊ ၁၉၇၉-ခု၊

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၄၃၃)
ပထမအကြိမ်

အုပ်ရေ – ၅၀၀၀

၁၉၇၉ ခု

ဒီဇင်ဘာလ

ပန်းချီ – စံတိုး

ဘလောက် – လွင်

အဖုံးရိုက် – စကားဝါ


စာအုပ်ချုပ် – အေးမိသားစု

**မမွဒါန**

ဒေါက်တာ ဦးဘကလေး (ကင်းလွတ်ခွင့်အမှတ် – ၁၆၈)။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်။ ၁၆၊ ဟာမစ်တစ်လမ်း၊ ကုက္ကိုင်း၊ ရန်ကုန်က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆ – မြဲ) စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ် ၉၀၊ အေ ဘီ၊ ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။

ဆဋ္ဌသင်္ဂီတ ပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊
နိုင်ငံတော်ဩဝါဒါစရိယ၊ ကမ္ဘာ့သာသနာပြု

# ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး




သက်တော် (၇၈)နှစ်၊ သိက္ခာတော် (၅၈)ဝါ
၁၃.၈.၈၂ သောကြာနေ့တွင် ချီးမြှင့်ခဲ့သော နောက်ဆုံးပုံတော်
၁၄.၈.၈၂ စနေနေ့တွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူသည်။



ရွှေဘိုမြို့ ဆိပ်ခွန်ရွာ၌
မဟာစည် ဆရာတော်ဘုရားကြီး ဖွားမြင်တော်မူရာအိမ်



မဟာစည် ဆရာတော်ဘုရားကြီး ကျောင်းသားအရွယ်က
စာသင်ခဲ့ရာ ဆိပ်ခွန်ရွာ အနောက်တောင်ဘက်ရှိ
ပျဥ်းမနားကျောင်း



မဟာစည် ဆရာတော်ဘုရားကြီး
ရဟန်းဘောင်ရောက်စက
သီတင်းသုံး ပညာသင်ခဲ့သော
သူကြီးကျောင်း မဟာစည်
ကျောင်း၏ အနီးမှာရှိသည်၊




ဆိပ်ခွန်ရွာ အင်ကြင်းတော ဘုရားကြီးနှင့်
အင်ကြင်းတစ်ကိုင်း ပျဥ်းတစ်ကိုင်း သစ်ပင်ကြီး




ဆိပ်ခွန်ရွာ မဟာစည်ကျောင်း


ဆိပ်ခွန်ရွာ မဟာစည် ကျောင်းဝိုင်းအတွင်း၌
မဟာစည် ဆရာတော်ဘုရားကြီး ဝိပဿနာရှုနည်း ကျမ်းကြီးကို
၁၃၀၅-ခုနှစ် မတိုင်မီက ရေးသားပြုစုခဲ့သော ကျောင်းကလေး




မဟာစည် ကျောင်းဝိုင်းအတွင်း ရှိ မဟာစည်ကြ
(အလျား ၈-ပေ၊ ၉လက်မ၊ လုံးပတ် ၁၀-ပေ
၆-လက်



ဆိပ်ခွန်ရွာ
မဟာစည် ကျောင်းဝိုင်းအတွင်း ရှိ
ဓမ္မာရုံကြီး







ဆိပ်ခွန်ရွာ မဟာစည် ကျောင်းဝိုင်းအတွင်း ရှိ မဟာစည်
ရုပ်တုတော်ကို ထားရာ မဟာစည် ဗိမာန်တော်ကြီး



မဟာစည် ဆရာတော်ဘုရားကြီးနှင့်
ရုပ်တုပုံတော် (၁၃၄၀-ခုနှစ်က)
ဆွေမျိုးများ၏ အပူဇော်ကို ခံယူနေစဉ်




မော်လမြိုင်မြို့ တောင်ဝိုင်းကလေး
မဟာစည် သာသနာ့ရိပ်သာ မုခ်ဦး



မော်လမြိုင်

မော်လမြိုင် မဟာစည် ရိပ်သာအတွင်းရှိ
မူလတိုက်ကျောင်း အပေါ်ထပ်



မော်လမြိုင်
မဟာစည် ရိပ်သာအတွင်းရှိ
မဟာစည် ကျောင်းတော်



မဟာစည် ဆရာတော်ဘုရားကြီး
တရားအားထုတ်အပြီး ပြန်ကြွအလာ
တောင်ဝိုင်းကလေး တောင်ခြေ၌
ဌာန်းကျောင်းကလေး တည်ဆောက်၍
တရားအားထုတ်ခဲ့သော နေရာကို
ဦးအာဒိစ္စက ပြနေပုံ




ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး
ရန်ကုန် သာသနာ့ရိပ်သာ ရောက်စ ၁၃၁၂-ခုနှစ်က ပုံတော်

မော်လမြိုင် တောင်ဝိုင်းကလေးတိုက်ကျောင်းမှ
ဘုရားအားထုတ်ရန် ရွှေရောင်ပြ တောင်သို့ မကြွမီ ကူး




မဟာစည် ဆရာတော်ဘုရားကြီး
မော်လမြိုင် တောင်ဝိုင်းကလေးတိုက်ကျောင်းကို ရောက်စက
လား ထိုင်၌ ထိုင်နေသော တိုက်ကျောင်းဆရာတော်ဘုရားကြီးနှင့်
အတူတောင်ဝေ့းကိုင် ရပ်နေတော်မူစဉ်





မဟာစည် ဆရာတော်ဘုရားကြီး မော်လမြိုင်
တောင်ဝိုင်းကလေးတိုက်ကျောင်းသို့ ရောက်စက
(ယာဘက်၌ ရပ်နေသော)ပုံ

မော်လမြိုင် မဟာစည်ရိပ်သာအတွင်းရှိ သန္တိသုခဓမ္မာရုံကြီး




မော်လမြိုင်
မဟာစည်ရိပ်သာအတွင်းရှိ
အမျိုးသား ယောဂီဆောင်



စည် ဆရာတော်ဘုရားကြီးအား ငယ်စဉ်မှစ၍
ဆွမ်းဝတ်ပြုခဲ့သော ဆရာကြီး ဒေါ်သုမန
(၁၉၇၈-ခုနှစ်ကပုံ ၈၃-နှစ်)






မော်လမြိုင်မြို့ မဟာစည်ရိပ်သာအတွင်းရှိ အမျိုးသမီး ယောဂီဆောင် ၁-၂

မဟာစည် ဆရာတော်ဘုရားကြီး (၈)ဝါအရက တရားအားထုတ်ရန်အသွား ဓုတင်အကျင့်ကို ကျင့်သုံးခဲ့သော သထုံမြို့နယ် ရွှေရောင်ပြ တောင်တန်းကြီး




မဟာစည် ဆရာတော်ဘုရားကြီးအား
သတိပဋ္ဌာန် ဝိပဿနာတရားပြသတော်
မူခဲ့သော မူလမင်းကွန်းဇေတဝန်
ဆရာတော်ဘုရားကြီး ရုပ်တုပုံတော်






မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး
နောက်ဆုံး သီတင်းသုံးသွားသော တိုက်ကေ



မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး
သီတင်းသုံး ခဲ့သော ပဌမ ကျောင်းအိုကလေး





မူလမင်းကွန်း ဇေတဝန်ကျောင်း၌ မဟာစည် ဆရာတော်
ဘုရားကြီးဦးစွာ တရားအားထုတ်ခဲ့သော နေရာကို အမှတ်
တရဖြစ်ရန် ရန်ကုန်မြို့ ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ်က
(၁၄-၂-၇၀)က တည်ဆောက်ခဲ့သော မဟာစည် တိုက်ကျောင်း




လးမြို့ စိန်ပန်း ရတနာပုံ သာသနာ့ရိပ်သာမုခ်ဦး

ရတနာပုံ သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ဘုရား ကြွလာသည့်အခါ သီတင်းသုံးလေ့ရှိသော ဦးခင်မောင်-ဒေါ်ဖွားချောကျောင်း






ရတနာပုံ သာသနာ့ရိပ်သာ အသစ်ဆောက်လုပ်
စံမယ် ဝိဟာမဟာစည် ကျောင်းတော်



ရတနာပုံ သာသနာ့ရိပ်သာ ဒေါ်ဒေါ်မ ဓမ္မာရုံကြီး




သူဌေးကြီး ဆာဦးသွင်အား မဟာစည်
ဆရာတော်ဘုရား၏ ဂုဏ်သိတင်းကို ဦးစွာ
ပြောပြသူ စစ်ကိုင်းတောင် ချပ်သင်းချောင်
ဆရာကြီး (၁၃၃၉-ခုနှစ်ကပုံ) ဒေါ်ဝိစာရီ(၈၅)



ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင်ထည်းက
မဟာစည် ဆရာတော်ဘုရားကြီးကို ဦးစွာ
ဖူးတွေ့ခွင့်ရသော သူဌေးကြီး ဆာဦးသွင်



ဆာဦးသွင် ဖူးတွေ့ခွင့်ရအောင်
မဟာစည် ဆရာတော်ဘုရားကြီးအား ၁၃၁၁-
ခုနှစ်က စစ်ကိုင်းတောင်သို့ ပင့်ပေးခဲ့သော
စက်သူဌေး ဦးဘသင်






က-ခ သူဌေးကြီး ဆာဦးသွင်နှင့်အတူ
တရားနာခွင့်ရကြ၍ ဦးစွာ တရားအားထုတ်
ကြသော သမိဒ္ဓေါဒယ ဆရာကြီး ဒေါ်မာလာရီ
(၁၃၃၉-ခု ၉၈-နှစ်ပုံ)နှင့် ညီမ
အဖွားလေး ဒေါ်သုဓမ္မစာရီ




ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ဥက္ကဋ္ဌကြီး
ဆာဦးသွင်နှင့် တရားနာ ပရိသတ်အား
မဟာစည် ဆရာတော်ဘုရားကြီး ဦးစွာ
ရားချီးမြှင့်တော်မူသော စစ်ကိုင်းတောင်
သမိဒ္ဓေါဒယချောင် ဓမ္မာရုံကြီး


ရန်ကုန် သာသနာ့ရိပ်သာ အတွင်းရှိ ဖလ်ယဉ် ဓမ္မာရုံ






သာသနာ့ရိပ်သာ အတွင်းရှိ ဓမ္မသာလာ
အမျိုးသမီး ယောဂီစောင့်ရှောက်ရေး အဖွဲ့
အဆောက်အဦ (၁၉၇၈ - ခု ဩဂုတ်လ)






န်မြို့ သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ်
တည်ရာ ဗေယျာဝတီ ဟာရီရှိ ပိဋကတိုက်ကြီး




ရန်ကုန် သာသနာ့ရိပ်သာ အတွင်းရှိ
နာယက ဆရာတော်များ သီတင်းသုံးရာကျောင်း



ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ကမ္ဘာ့သာသနာပြု ကြွကာနီးမှာ ရဟန်းရှင်လူ ယောဂီများနှင့် သူတော်စင် ပရိသတ် များစွာတို့အား နှုတ်ခွန်းဆက် ဩဝါဒ မိန့်ကြားစဉ်

ဝါရှင်တန်မြို့ ဗုဒ္ဓဝိဟာရတွင် ရဟန်းခံ ရှင်ပြုပွဲ ကျင်းပရာ၌ မဟာစည် ဆရာတော် ဘုရားကြီးက ဩဝါဒ ပေးတော်မူနေပုံ






ရန်ကုန် သာသနာ့ရိပ်သာ မဟာစည်ကျောင်းတော်



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဝါရှင်တန်မြို့ ဗုဒ္ဓဝိဟာရသို့ ကြွရောက်စဉ် မြန်မာ အမေရိကန်အ ချို့ဗုဒ္ဓဘာသာဝင်များက ကြိုဆို၍ ပူဇော် ကန်တော့နေကြပုံ

ဝါရှင်တန်တွင် မဟာစည် ဆရာတော်ဘုရားကြီးနှင့်
သံဃာတော်များ သာသနာရေး ကိစ္စရပ်များ ဆွေးနွေးနေကြစဉ်




ဝါရှင်တန်မြို့ ပဗ္ဗဇ္ဇ မင်္ဂလာပွဲ






ဝါရှင်တန်မြို့ ပဗ္ဗဇ္ဇမင်္ဂလာပွဲ၌
အရှင် သီလာနန္ဒက ရှင်ပြု
တရားတော် ချပေးတော်မူပုံ





ကမ္ဘာ့သာသနာပြုရာမှ ပြန်ကြွလာသော
မဟာစည် ဆရာတော်ဘုရားကြီး လေယာဉ်ပေါ်မှ
သက်ဆင်းလာစဉ်



ကမ္ဘာ့သာသနာပြုရာမှ ပြန်ကြွလာသော
ဆရာတော်ဘုရားကြီးအား ထောင်ပေါင်း
များစွာသော ပရိသတ်တို့က ခရီးဦး
ကြို ဆိုကြစဉ်

ကမ္ဘာ့သာသနာပြုရာမှ ပြန်ကြွ
အလာ ဖလ်ယဉ် မဏ္ဍပ်အတွင်း၌
ထောင်ပေါင်းများစွာသော
ပရိသတ်အား မဟာစည် ဆရာတော်
ဘုရားကြီးက နှုတ်ခွန်းဆက် သြဝါဒ
မိန့်ကြားနေပုံ



ကမ္ဘာ့သာသနာပြုရာမှ ပြန်ကြွလာသော မဟာစည် ဆရာတော်ဘုရားကြီးအား
ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်လူကြီးများက ခရီးဦးကြို

# ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

## မဟာစည်သာသနာ့ရိပ်သာ



# အမှာစကား

**အဝတု အဠမဝိလ**

ဤထေရုပ္ပတ္တိသည် အဘယာရာမတိုက် ဓမ္မာစရိယ ဘာသန္တရ ကောဝိဒ၊ သမ္ပုဏ္ဏတော် အရှင်သီလာနန္ဒာဘိဝံသ ရေးတော်မူသော ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိ (အကျဉ်း ပဌမပိုင်း) ဖြစ်ပါသည်၊

**ပဌမ ထေရုပ္ပတ္တိ**

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိတို့တွင် ပဌမထေရုပ္ပတ္တိမှာ ၁၉၅၂-ခုနှစ်၊ ဇွန်လ ၄-ရက်နေ့က နိုင်ငံတော် သမ္မတအိမ်တော်၌ မင်းခမ်းမင်းနားဖြင့် အတင့်အတယ်ကျင်းပ၍ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးအား "အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်" ဆက်ကပ်သည့်ပွဲ၌ ပုံနှိပ်ထုတ်ဝေ ဝတ်ကြားခဲ့သော "သာသနဓဇသိရီပဝရ ဓမ္မာစရိယ မဟာစည် ဆရာတော် အရှင်သောဘန၏ ထေရုပ္ပတ္တိအကျဉ်း" ဖြစ်ပါ၏၊ ရေးသူမှာ ကျွန်ုပ်တို့ ဖြစ်ပါသည်၊

**ဒုတိယ ထေရုပ္ပတ္တိ**

ဒုတိယ ထေရုပ္ပတ္တိမှာ ၁၃၂၈-ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့သော " အဂ္ဂမဟာပဏ္ဍိတ မဟာစည်ထေရ်မြတ် အတ္ထုပ္ပတ္တိ " ဖြစ်ပါ၏၊ ရေးသူမှာ ဝဏ္ဏကျော်ထင် ဦးဘသန်း (ရှင်ဗုဒ္ဓဃောသ) ဖြစ်ပါ၏၊ ၁၃၄၀-ပြည့်နှစ်၌ ဒုတိယအကြိမ် ပြန်လည် ပုံနှိပ်ထုတ်ဝေပါသည်၊

**တတိယ ထေရုပ္ပတ္တိ**

တတိယ ထေရုပ္ပတ္တိမှာ အရှင် သီလာနန္ဒာဘိဝံသ ရေးသားသော ဤထေရုပ္ပတ္တိပင် ဖြစ်ပါ၏၊ ၁၃၃၈-ခုနှစ်က ပုံနှိပ်ထုတ်ဝေ ခဲ့သော မဟာစည် ပဋိပတ္တိ သာသနာ့ဂင်ကျမ်းကြီးမှ ထုတ်နုတ်၍ သီးခြားစာအုပ်အဖြစ် ပုံနှိပ် ထုတ်ဝေထားပါသည်၊

## စတုတ္ထ ထေရုပ္ပတ္တိ

စတုတ္ထ ထေရုပ္ပတ္တိမှာ ၁၃၄၀-ပြည့်နှစ် နတ်တော်လ၌ ကျင်းပသည့် ဩဝါဒ ခံယူ ပူဇော်ပွဲအမှီ အင်္ဂလိပ်ဘာသာပြန် ဝိပဿနာအလုပ်ပေး တရားတော်နှင့်တွဲ၍ အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေသော "ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ" ဖြစ်ပါသည်။ ရေးသူမှာ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်လူကြီး ဦးညီညီ ဖြစ်ပါသည်။

## ပဉ္စမ ထေရုပ္ပတ္တိ

ပဉ္စမ ထေရုပ္ပတ္တိမှာ ဂါထာပေါင်း တစ်ထောင်တို့ဖြင့် တန်ဆာဆင်၍ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဂဏဝါစက ဓမ္မစရိယ ဘာသန္တရကောဝိဒ အရှင်ကေလာသ (ဘီ-အေ) ဂုဏ်ထူး (ကိုလံဘို) ရေးဆဲဖြစ်သော ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ထေရု ပ္ပတ္တိ ဖြစ်ပါ၏။ အရှင်ကေလာသသည် ယင်း "ထေရုပ္ပတ္တိ"ကို ရေးပြီးသည်နှင့်တပြိုင်နက် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးအား ဆက်ကပ်ပူဇော်၍ ပုံနှိပ်ထုတ်ဝေရန် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်အား လွှဲအပ်မည် ဖြစ်ပါသည်။

ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်သည်-

၁။ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတော်တို့ကို အသံဖမ်းယူခြင်း တရားတိတ်ခွေတို့ကို ရနိုင်သမျှ စုဆောင်း ထိန်းသိမ်းခြင်း၊

၂။ တရားတိတ်ခွေတို့မှ တရားတော်တို့ကို စာအုပ်အဖြစ် ရောက်အောင် ပုံနှိပ်ခြင်း, ထုတ်ဝေခြင်း၊

၃။ ကျမ်းစာအုပ်အဖြစ် ရောက်ပြီးသော တရားတော်တို့မှ ကမ္ဘာသို့ ဖြန့်ချိရန် သင့်တော်မည့် တရားတော်တို့ကို အင်္ဂလိပ်ဘာသာပြန်၍ ပုံနှိပ်ခြင်း, ထုတ်ဝေခြင်း၊

၄။ ဆရာတော် ဘုရားကြီး၏ တစ်သက်တာ မှတ်တမ်း ရုပ်ရှင်ရိုက်ကူးခြင်း စသော တာဝန်တို့ကို ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

အရှင်သီလာနန္ဒ ပြုစုသော ဤထေရုပ္ပတ္တိ၌ ဂုဏ်ဆောင်ရှိန်းမှုသော ဓာတ်ပုံတို့မှ ကောင်းနိုးရာရာတို့ကို ထည့်သွင်း၍ အမြန် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ရာ ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသောအခါ ဤပဌမအကြိမ် ပုံနှိပ်ထုတ်ဝေသော စာအုပ်ထက်ပင် ဓာတ်ပုံပေါင်း မြောက်များစွာ ပါဝင်အောင် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်ကြီးက ဆောင်ရွက်လျက် ရှိပါသည်။

ဤကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိကို ဖတ်ရှုကြရသော ဆရာတော် ဘုရားကြီး၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို အာရုံပြု ကြည်ညို ပွားများနိုင်ကြပါစေသော်။

[illegible]

**မင်္ဂလာအောင်မြင့်**
မဟာစည် သာသနာ့ရိပ်သာ
ရန်ကုန်မြို့

၁၃၄၀-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅-ရက်

# နိဒါန်း

## ရည်ရွယ်ချက်

"မဟာစည် ပဋိပတ္တိသာသနာဝင်"ဟူသော သာသနာ့သမိုင်းကြီးကိုကား အခက်အခဲ များစွာတို့အကြားမှ အောင်မြင်စွာပင် အကောင်အထည် ဖော်နိုင်ခဲ့လေပြီ၊ ဗုဒ္ဓမြတ်စွာသာသနာတော်တွင် ထိုသမိုင်းကဲ့သို့သော သမိုင်းမျိုး ပေါ်ထွက်နိုင်ရန် လိုအပ်လှပေသည်၊ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ကဲ့သို့သော ပုဂ္ဂိုလ်ထူးသာ မပေါ်ထွန်းခဲ့ပါလျှင် ထိုသမိုင်းကြီးမျိုးလည်း ပေါ်ပေါက်နိုင်မည် မဟုတ်ပေ၊ ခမ်းနားသော သာသနာ့သမိုင်းကြီးတစ်ခု ပေါ်ထွက်နိုင်လောက်အောင် ပုဂ္ဂိုလ်ထူးကို ရရှိခဲ့ကြသော ဗုဒ္ဓဘာသာ သာသနာဝင် ပုဂ္ဂိုလ်တို့အတွက် ကံကောင်းထောက်မခြင်းပင်ဖြစ်၏။ ဆရာတော်ဘုရားကြီး၏သီလ, သမာဓိ, ပညာနှင့်ထက်မြက်လှသော စွမ်းရည်တို့ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ မှေးမှိန်နေခဲ့သော ပဋိပတ္တိ သာသနာရောင်မှာ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တို့ အားရလောက်အောင် ပြောင်တဝင်းဝင်း ထွန်းလင်းတောက်ပလျက် ရှိသည်ကို ကျွန်ုပ်တို့ မျက်မှောက်တွင် အထင်အရှား တွေ့မြင်နေကြရသည်။

သာသနာ့သမိုင်းတွင် မိမိတို့၏ရှေ့မှ ပဋိပတ္တိအကျင့်မြတ်ကို ကျင့်ကြံ ကြိုးကုတ်အားထုတ်သွားတော်မူကြသော ပုဂ္ဂိုလ်မြတ်ကြီးများ မရှိသည်မဟုတ် ရှိခဲ့ဖူးပါသည်၊ အနီး ကပ်ဆုံး သမိုင်းဝင် ပုဂ္ဂိုလ်မြတ်ကြီးများကို ဖော်ပြရမည်ဆိုပါလျှင် ကင်းတောရဆရာတော်, သီးလုံးဆရာတော်, ဦးသီလဆရာတော်, မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး စသည်တို့ ဖြစ်ပါသည်၊ ထိုဆရာတော်ဘုရားကြီး တို့သည် ပဋိပတ္တိအကျင့်မြတ်ကို အံ့ဖွယ် ကောင်းလောက်အောင် ကျင့်ကြံအားထုတ်တော်မူကြကြောင်းဖြင့် သာသနာ့သမိုင်းတွင် မှတ်တမ်းတင်ခဲ့ကြပါသည်၊ သို့သော် ထိုဆရာတော်ဘုရားကြီး တို့သည် ပစ္စေကဗုဒ္ဓ တို့ကဲ့သို့ မိမိတို့အတွက် လုံလောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ် သွားကြပါသော်လည်း မိမိတို့မှတပါး အခြားဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တို့အတွက် မဟာစည် ဆရာတော်ဘုရားကြီးလောက် ကမ္ဘာအနှံ့ ပြန့်အောင် ကျေးဇူးပြုတော် မမူနိုင်ခဲ့ကြပေ၊

မြန်မာနိုင်ငံကို ကျော်လွန်ပြီး အာရှ, အမေရိက, ဥရောပ စသည်တို့သို့ တိုင်အောင် ပဋိပတ္တိသာသနာကို ထွန်းလင်းတောက်ပစေတော်မူနိုင်စွမ်းသော မဟာစည် ဆရာတော်ဘုရားကြီး၏ စွမ်းအင်ကို ဗုဒ္ဓသာသနာဝင်တို့ အနေဖြင့် မျက်ကွယ်ပြုနိုင်ကြမည်မဟုတ်၊ မျက်မှောက် သာသနာဝင်ပုဂ္ဂိုလ်တို့၌ တာဝန်ရှိသည့်အလျောက် နောင်လာနောက်သားတို့အတွက် သဒ္ဓါတရား တိုးပွား၍ အကျိုးများကြစေရန် အလို့ငှါလည်းကောင်း, ပဋိပတ္တိသာသနာ အဝွန်ရှည်ကြာ တည်စေရန် အလို့ငှါလည်းကောင်း, မဟာစည် ပဋိပတ္တိသာသနာဝင်ကို ဖော်ထုတ်ခဲ့ကြရမည်သာ ဖြစ်ပေသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် မြန်မာနိုင်ငံ, ထိုင်းနိုင်ငံ စသော နိုင်ငံအရပ်ရပ်ရှိ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ ကမ္မဋ္ဌာန်းဌာနများမှ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘုရားများ၏ ထေရုပ္ပတ္တိတို့လည်း ပါရဦးမည်ဖြစ်ရာ ကမ္မဋ္ဌာနာ စရိယ ဆရာတော်တို့၏ ထေရုပ္ပတ္တိတို့ကို သက်ဆိုင်ရာဌာနများသို့ တောင်းယူလျှင် လွယ်ကူစွာရနိုင်မည် ဖြစ်သော်လည်း ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိကိုမူ ရေးသားရန် စွမ်းနိုင်မည့်ပုဂ္ဂိုလ် လိုအပ်ပါသည်၊ ထိုလိုအပ်လာသော ထေရုပ္ပတ္တိကို မည်သည့်ပုဂ္ဂိုလ် ပြုစုလျှင် သင့်တော်လေမည်နည်းဟု ပုဂ္ဂိုလ်ကို အကြိမ်ကြိမ် စဉ်းစားရွေးချယ်ရာ၌ အရှင်သီလာနန္ဒာဘိဝံသကို မြင်လာလေသည်။

## ရွေးချယ်ရခြင်း၏ အကြောင်းအရင်း

၁၃၃၂ - ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် ကျင်းပသော ၂၀ -ကြိမ်မြောက် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူပူဇော်ပွဲအပြီး နောက်တစ်နေ့က ဖြစ်သည်၊ မိမိတို့ဌာနသို့ ပြန်ကြရန် အခြားပြန်ကြမည့် ပုဂ္ဂိုလ်များနှင့်အတူ ဆရာတော်ဘုရားကြီးကို ကန်တော့ကြသည်၊ထိုအခါ ဆရာတော်ဘုရားကြီးက "ဦးတိသာ-မောဂ္ဂလာန်နိသျ ရရဲ့လား၊ အသစ်ထပ်ရိုက်ထားတဲ့ မောဂ္ဂလာန်နိသျ ထွက်နေပြီ ဟု မေးသဖြင့် "မရသေးပါ" ဟု လျှောက်ထားရာ ဆရာတော်ဘုရားကြီး အနီးတွင် အသင့်ရှိနေသော **မောဂ္ဂလာန်နိသျစာအုပ်**ကို ယူ၍ မိမိအား ပေးတော်မူလိုက်သည်၊ စာအုပ်ကို လှမ်းပေးရင်းလည်း "ဒီစာအုပ်မှာ ဦးသီလာနန္ဒ တည်းဖြတ်ထားတဲ့

အမှာအထား နိဒါန်းစကားတွေကောင်းတယ်" ဟူ၍လည်း မိန့်တော်မူလိုက်ပါသေးသည်။

မိမိဌာနသို့ ပြန်ရောက်သည့်အခါ ဆရာတော်ဘုရားကြီး ချီးကျူးတော်မူလိုက်သော မောဂ္ဂလာန်နိသျ တည်းဖြတ်သူ၏ အမှာအထားကို အရင်ဆုံးစေ့စေ့စပ်စပ် ဂရုတစိုက် ဖတ်ကြည့်ရတော့သည်၊ ထိုအမှာအထားတွင် ရှေးသဒ္ဒနီတိဆရာ, ဆရာတော်ဦးဖုစ်, ယောအတွင်းဝန် ဦးဖိုးလှိုင်တို့ ဖော်မပြနိုင်ခဲ့သော ရေ, ဟော-ဥဒသဒ္ဒါကို မောဂ္ဂလာန်နိသျဆရာတော်က ဖော်ထုတ်ပြနိုင်ခဲ့ပုံ, ရှေးဆရာတို့ အနက်မြန်မာပြန်ရိုးနှင့်မတူသော အနက်မြန်မာပြန်ထားပုံ စသည်တို့ကို တည်းဖြတ်သူ၏ အမှာအထားတွင် အရှင်သီလာနန္ဒာဘိဝံသက အကွက်ကျကျ မှာထားပုံတို့မှာ ထိမိလှသည်ကို တွေ့ရပေသည်၊ အမှတ်မဲ့ဖတ်သွားလျှင် ငုပ်နေမည့်ကျမ်း၏ ဂုဏ်ရည်တို့ကို ဖော်ထုတ်ပေးရာ၌ အရှင်သီလာနန္ဒာဘိဝံသ၏ စွမ်းရည်မှာ ပြောင်မြောက်လှသည်ကို တွေ့ရသောအခါ ချီးကျူးထိုက်၍ ချီးကျူးတော် မူလိုက်သော ဆရာတော်ဘုရားကြီး၏ ချီးကျူးမှုကို အံ့ဩခြင်း မဖြစ်တော့ပေ။

အရှင်သီလာနန္ဒာဘိဝံသ၏အမှာအထား ဂုဏ်မြောက်ပုံများကို ဖတ်ရှုပြီးနောက် ၎င်း၏ စာသွားစာလာ ရေးသားဟန်ကိုလည်း ဝေဖန်သုံးသပ်မိပါသေး၏။

၁။ စကား ဝါကျ အနေအထား တည်ငြိမ်သည်၊

၂။ စေ့စပ်သေချာ၍ အသိမ်းအယူ သပ်ရပ်သည်၊

၃။ အရှိကို အရှိအတိုင်း သူတပါးမြင်နိုင်ခဲသော ငုပ်ကွက်ကို မပိုမလွန် မြင်နိုင်အောင် ကြည့်နိုင်စွမ်း ရှိသည်၊

၄။ ဘာသန္တရ ကောဝိဒ ဖြစ်သည့်အလျောက် ကံ, ကတ္တား, အနေအထား မှစ၍ နေရာတကျ ထားတတ်သဖြင့် သူ့စာကို ဖတ်ရှုရသူတို့အတွက် ရှုပ်ထွေးခြင်းမရှိဘဲ သန့်ရှင်း သိလွယ်သည်၊

ဤသို့ပင် ဝေဖန်သုံးသပ်မိပေသည်၊ သို့နှင့်ပင် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိရေးရန် အရှင်သီလာနန္ဒာဘိဝံသမှာ လုံလောက်သော အကြောင်း တစ်ကြောင်း ဖြစ်လေတော့သည်၊

## ရှိပါသေးသည်

ထို့ပြင် အကြောင်းတစ်ရပ်လည်း ရှိပါသေးသည်၊ ထိုအကြောင်းကား "တိပိဋက ပါဠိမြန်မာအဘိဓာန်နိဒါန်းကြီး"ကို ရေးစွမ်းနိုင်သော အရှင်သီလာနန္ဒာဘိဝံသ၏ စွမ်းအင်ဖြစ်ပေသည်၊ ထိုနိဒါန်းကြီးမှာ မောဂ္ဂလာန်နိသျှ၌ တည်းဖြတ် မှာထားသော အမှာနိဒါန်းထက်ပင် အရှင်သီလာနန္ဒာဘိဝံသ၏ စွမ်းအင်သည် ပိုမို ထင်ပေါ်လျက် ရှိနေသည်၊ သံဂါယနာစာအုပ်ဆိုက်အရွယ်ဖြင့် စာမျက်နှာ ၁၁၇ - မျက်နှာအထိ ခဲ့ခဲ့ညားညားရေးသားပြုစုထား၏၊ ထိုနိဒါန်းကြီးတွင် အရှင်သီလာနန္ဒာဘိဝံသသည် ပါဠိဘာသာ, မာဂဓဘာသာ စသည်တို့၏ အခြေခံကို စီစစ်ရာ၌ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်များ, သက္ကတနှင့် ပြာကြိုင်ကျမ်းဂန်များ, အာသောက ကျောက်စာ လို ကျောက်စာများကို မွှေနှောက်နိုင်သမျှ မွှေနှောက်၍ စီစစ်ထားသည်ကို ပညာရှင်များ အားရလောက်အောင် တွေ့နိုင်ပေသည်၊ ထို့ပြင် ပါဠိဘာသာနှင့် သက္ကတ, ပြာကြိုင်ဘာသာတို့၏ တူညီမှုနှင့် ခြားနားမှုများကိုလည်း ယှဉ်တွဲဖော်ပြ ထားသေးရာ ထိုထိုဘာသာရပ်တို့၌ အရှင်သီလာနန္ဒာဘိဘဝံသ၏ ကျွင်·ကျ·်နား လည်မှုကို ထိုနိဒါန်းကြီးက ဖော်ပြလျက် ရှိနေလေသည်။

## ထိုမျှသာမကသေး

ဆဋ္ဌသံဂါယနာ တင်စဉ်က အရွယ်အားဖြင့် သေးငယ်သေးသော အရှင်သီလာ နန္ဒာဘိဝံသကို သံဂါယနာ သံဃာ့ဝန်ဆောင် အဖွဲ့တွင် စာရင်းထည့်သွင်း ထားတော် မမူခဲ့ကြသော်လည်း သံဂါယနာတာဝန်ကို ဆောင်ရွက်တော်မူရာ၌ကား သံဃာယနာ သံဃာ့ဝန်ဆောင်မထေရ်ကြီးတို့နှင့်အတူ ယှဉ်တွဲပါဝင်ဆောင်ရွက်စေတော် မူခဲ့ကြရ သည်၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ကျမ်းကြီးလို လေးနက်ခက်ခဲသော ကျမ်း ကြီးမျိုးကို ပြုစုကြရာ၌ မပါလျှင် မဖြစ်သော အရှင်သီလာနန္ဒာဘိဝံသကို အရေး ပါသောနေရာ၌ နေစေ၍ တာဝန်ကို ပေးအပ်တော်မူခဲ့ကြရသည်။

ဆဋ္ဌသံဂါယနာဌာနမှ ပြုစုပါသည်ဆိုသော ထိုအဘိဓာန် ကျမ်းကြီးမျိုးကို သူလို ငါလို သာမန်ဖြစ်ကတတ်ဆန်း ပြုစု၍ ကမ္ဘာ့အလယ်တွင် သင့်တော်မည် မဟုတ် ပေ၊ ကမ္ဘာ့စံချိန်မီ ကမ္ဘာသုံး အဘိဓာန်ကြီးများ၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံအောင် ပြုစု နိုင်ဖို့ လိုအပ်လှပေသည်၊ ထိုသို့ လိုအပ်ချက်ကို သိတော်မူကြသော သံဃာ့ဝန်ဆောင်

ဆရာတော်ကြီး တို့သည် ထိုအဘိဓာန်ကြီး စံချိန်မီ ကမ္ဘာသုံးဖြစ်စေရန် တာဝန်ကို ဆောင်ရွက်နိုင်အား ရှိသော အရှင်သီလာနန္ဒာဘိဝံသအား ပေးအပ်တော်မူခဲ့ကြရ၏။

သံဃာ့ဝန်ဆောင်အဖွဲ့ကြီးမှ ချထားပေးအပ်သော တာဝန်ကို အရှင်သီလာနန္ဒာဘိဝံသသည် ကောင်းစွာ ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်ဖြစ်ပေသည်၊ အခြားအဖွဲ့ဝင် ပုဂ္ဂိုလ်များ ရေးသားသော အဘိဓာန်ပုဒ်များနှင့် အရှင်သီလာနန္ဒာဘိဝံသသည် ပါဠိဗျာကရုဏ်းကျမ်း, သက္ကတဗျာကရုဏ်ကျမ်းအစီအရင်များဖြင့်လည်းကောင်း၊ သဒ္ဒတ္ထ အဓိပ္ပါယတ္တ ဝေါဟာရတ္တနက်တို့ဖြင့်လည်းကောင်း၊ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ တို့နှင့် ညှိနှိုင်းရရှိသော နာနာ နယဝိနိစ္ဆယ တို့ဖြင့်လည်းကောင်း တန်ဆာဆင်၍ ကမ္ဘာသုံး အဘိဓာန်ဂုဏ်အင်္ဂါနှင့် ညီညွတ်အောင် ကြည့်ရှု ပြုစုရမည်။

အရှင်သီလာနန္ဒာဘိဝံသ ကြည့်ရှုပြုစုစီရင်အပ်ပြီးသော အဘိဓာန်ကျမ်းဝင် စာမူများကို လက်နှိပ်စက်ဖြင့် ၄-မူ ရိုက်သူတို့က ရိုက်ပြီးလျှင် ပဋိဝိသောဓက အဖွဲ့သို့ အပ်ရမည်၊ ပဋိဝိသောဓက အဖွဲ့ဝင်တို့ ထပ်မံသုဓ်သင် ပြင်ဆင်အပ်ပြီးသော စာမူများ အချင်းချင်း ခြားနားကွဲပြား၍ ညှိနှိုင်းဖွယ်များ ရှိသော်ငြား၊ အသစ်ထပ်မံ ရရှိသော ပုဒ်များအတွက် စဉ်းစားသုံးသပ်ဖွယ် ရှိသော်ငြား၊ ၁။ ဆရာတော်ဦးဉာဏုတ္တရ၊ ၂။ မဟာစည်ဆရာတော်၊ ၃။ ဆရာတော် ဦးဝိသုဒ္ဓ၊ ၄။ အရှင်သီလာနန္ဒာဘိဝံသတို့ ပါဝင်သော လစဉ်အစည်းအဝေး ဝိဝေစန အခန်း၌ ထိုပြဿနာများကို စိစစ်ဆွေးနွေး ဝေဖန် သုံးသပ်ကြရသည်။

ဤနည်းနှင့်နှင့် ဆဋ္ဌသံဂါယနာ သဘင်တွင် အရှင်သီလာနန္ဒာဘိဝံသသည် အရေးပါသော ဆဋ္ဌသံဂါယနာ ဌာနများ၌ သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့်အတူ ယှဉ်တွဲ ဆောင်ရွက်ခဲ့ရသည်၊ အထူးသဖြင့် ဆဋ္ဌသံဂါယနာ ကာလက အရေးအပါဆုံးထိပ်တန်းနေရာမှနေ၍ ဆောင်ရွက်တော်မူရသော မဟာစည်ဆရာတော်ဘုရားကြီးနှင့် အတူတကွ နီးနီးကပ်ကပ် ဆောင်ရွက်ခဲ့ရသဖြင့် မဟာစည် ဆရာတော်ဘုရားကြီး၏ "ဘဝဆိုင်ရာ ကြောင်းချင်းရာများ" ကို တစ်ပါးပုဂ္ဂိုလ်တို့ထက်ပို၍ အရှင်သီလာနန္ဒာဘိဝံသက သိနိုင်ရာသောအကြောင်း ရှိသည်ဟူ၍လည်း ဆင်ခြင်မိပေသည်။

ဤကဲ့သို့သော အကြောင်းကြောင်းတို့ကို ဆင်ခြင်မိသဖြင့် မဟာစည် ပဋိပတ္တိ သာသနာ့ဝင်ကြီးတွင် ထည့်သွင်းပါရှိရန် လိုအပ်နေသော မဟာစည် ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိ ရေးသားပြုစုရန် ပုဂ္ဂိုလ်ကို အရှင်သီလာနန္ဒာဘိဝံသ အား ရွေးချယ်လိုက်ပါတော့သည်။

## ငြင်းပါသေးသည်

မဟာစည် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ ရေးသားပြုစုရန် အရှင်သီလာ နန္ဒာဘိဝံသသည်သာ အသင့်တော်ဆုံးဟူ၍ ဆင်ခြင်ရွေးချယ်ပြီးနောက် ဝက်လက်မှ ရင်းရှိရာ မန္တလေးအနောက်ပြင် စိန်ပန်းရပ် အဘယာရာမ ရွှေဂူကျောင်းတိုက် သာသ နောဒယ အုတ်ကျောင်းသို့ ကိုယ်တိုင်ပင်သွားရောက်ခဲ့သည်၊ ရောက်လျှင် အရှင်သီ လာနန္ဒာဘိဝံသကို အသင့်ပင်တွေ့ရသဖြင့် မိမိလာရောက်ရခြင်း၏ အကြောင်းကို ပြောကြားရတော့သည်။

မဟာစည် ပဋိပတ္တိ သာသနာ့ဝင်ကြီး ဖြစ်မြောက်ရေးအတွက် မိမိတွင် တာဝန် ရှိကြောင်းကိုလည်းကောင်း, ထိုသာသနာ့ဝင်ကြီးတွင် ပါရှိရန် မဟာစည်ဆရာတော် ဘုရားကြီး၏ အတ္ထုပ္ပတ္တိကို ဦးသီလာနန္ဒာဘိဝံသ ရေးရန် တိုက်တွန်းဖို့ လာခဲ့ရ ကြောင်းကိုလည်းကောင်း ပြောပြရ၏။

ထိုသို့ တိုက်တွန်းပြောကြားရာ၌ အရှင်သီလာနန္ဒာဘိဝံသသည် မအားလပ် ကြောင်းကို အကြောင်းပြ၍ မိမိတိုက်တွန်းချက်များကို ငြင်းဆိုပါသေးသည်။ မအား ဟု ဆိုသည်ကို မိမိယုံကြည်ပေသည်၊ တိုက်တွန်းရန် မိမိရောက်သည့် အချိန်မှာပင် စာသင်သား ရဟန်းတော်တွေ အတော်များများ စာတက်ကြရန် အသင့်ပင်နေရာယူ ပြီးသား ဖြစ်နေသည်ကို တွေ့ရသည်၊ စာချဖို့ အချိန်တွင် ကပ်ပြီးရောက်သွားသော မိမိသည် စာချပြီးအောင် စောင့်မနေနိုင်သောကြောင့် အားမနာဘဲ စာချတော့မည့် တိုက်ထဲသို့ မဆိုင်းမတွ ဝင်ရောက်ခဲ့ရခြင်း ဖြစ်သည်။

စာချတော့မည့် ဆဲဆဲဖြစ်၍ ရှည်ရှည်ဝေးဝေး တိုက်တွန်းခွင့် မရသော်လည်း မငြင်းသာအောင် တိုက်တွန်းသော မိမိ၏တိုက်တွန်းမှုကိုအရှင်သီလာနန္ဒာဘိဝံသသည် နောက်ဆုံး၌ လက်ခံရသည့် အခြေသို့ ရောက်သွားရလေတော့သည်၊ တိုက်တွန်း၍

လက်ခံသည့်အခြေ ရောက်ခဲ့သော်လည်း အေးဆေးနေမည်ကို စိတ်မချနိုင်သဖြင့် အရှင်သီလာနန္ဒာဘိဝံသထံ သို့ အကြိမ်ကြိမ်သွား၍လည်း သတိပေး နှိုးဆော်ခဲ့ရသည်။

## ရေးသားပြုစုပြီးသည့်အခါ

ထေရုပ္ပတ္တိရေးရန် တိုက်တွန်းစဉ်က "စာမျက်နှာ ဘယ်လောက်ထိရေးရမှာလဲ" လို့ အရှင်သီလာနန္ဒာဘိဝံသက မေးရာ "သာသနာဝင်ကြီးထဲ ထည့်ဘို့ပဲ ဦးသီလာနန္ဒ သင့်တော်အောင်ကြည့်ပြီး ရေးချင်သလောက်ရေးပါ"ဟု မိမိက ဆရာမလုပ် မချုပ်ချယ်ဘဲ လွတ်လွတ်လပ်လပ် ရေးသားပြုစုနိုင်အောင် ပြန်ကြားခဲ့ရသည်၊ အရှင်သီလာနန္ဒာဘိဝံသ ရေးသားပြုစု၍ ပြီးသွားသောအခါ ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိမှာ ကျဉ်းလည်းမကျဉ်းလွန်း, ကျယ်လည်းမကျယ်လွန်းဘဲ အနေတော်ပင်ဖြစ်နေသည်။

ဆရာတော်ဘုရားကြီး၏ ဤထေရုပ္ပတ္တိမှာ ဂုဏ်နှင့် ဂုဏ လိုက်လျော ညီမျှပါသည်ဟု အတိုင်းအတာပြုရန် မဖြစ်နိုင်သော်လည်း အရှင်သီလာနန္ဒာဘိဝံသ ရေးသားပြုစုထားသမျှမှာမူ ဘယ်နေရာမှာ လိုနေသည်ဟု မရှိလှ၊ သူဖော်ပြ လိုသမျှ အရာများကို ဖော်ပြရာ၌ စေ့စပ်သေချာရုံသာမက တကယ်ဖော်ပြရမည့် ဂုဏ်ကို ဂုဏ်မြောက်အောင် ဖော်ပြနိုင်စွမ်း ရှိသည်ကို တွေ့ရသည်။

အတ္ထုပ္ပတ္တိမှ ဂုဏ်မြောက်ပုံကို ထုတ်နုတ်ဖော်ပြနေလျှင် ရှည်လျားသွားမည် ကြောင့် ထုတ်နုတ်ဖော်ပြခြင်း မပြုလိုသော်လိုလည်း ပညာရှင်တို့ ချီးကျူးထားပုံ ကိုမူ ဖော်ပြရန် လိုအပ်သည်ထင်သဖြင့် သိရသလောက်ကို ဖော်ပြလိုပါသေးသည်။

"သီဟိုဠ် သာသနာပြုအခန်းမှာ ဖတ်လို့ကောင်းလှသည်"

(ဂဏဝါစက ဓမ္မာစရိယ ဦးသောဘန၊ မြသိန်းတန်ကျောင်း၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။)

"ထေရုပ္ပတ္တိ ဖတ်ပြီးမှ မဟာစည်ဆရာတော်၏ ကျမ်းစာများကို ကျကျနန ဖတ်လိုစိတ်များ ပေါ်ခဲ့သည်"

(ဦးနန္ဒဝံသ၊ ပဋ္ဌာနရုံကျောင်းတိုက်၊ အေးသာယာလမ်း၊ ရန်ကုန်မြို့။)

"ထေရုပ္ပတ္တိလာဘဝပြဿနာကို ဖတ်ပြီး ဘဝပြဿနာစာအုပ်ကို တစ်ခေါက် ထပ်၍ ဖတ်မိပါသည်"

(ဦးတိလောကသာရ၊ ဘော်ဘော်ဦးကျောင်း၊ ငါးထပ်ကြီးလမ်း၊ ရန်ကုန်။ )

"ဝတ္ထုဖတ်ရသလိုပင် စ၍ ဖတ်ကတည်းက ဆုံးသည်တိုင်အောင် လက်က မချ နိုင်တော့ပါ"

(ဦးပညောဘာသ၊ ဇမ္ဗူဒီပါကျောင်းဆောင်၊ ကမ္ဘာအေး၊ ရန်ကုန်။ )

"ကိုယ်တိုင်ရေးလျှင်တောင် ဤမျှလောက် စေ့စပ်ချင်မှ စေ့စပ်မည်"

(မဟာစည်ဆရာတော်။ )

ဤသည်တို့ကား အရှင်သီလာနန္ဒာဘိဝံသ ရေးသားပြုစုသော မဟာစည် ထေရုပ္ပတ္တိကို ဖတ်ရှုကြပြီး ထွက်ပေါ်လာသော ချီးကျူးသံတို့ပေတည်း။

အလောင်းတော်မဟော်သဓာပဏ္ဍိတသည် စူလနီ ဗြဟ္မဒတ်မင်းကြီး၏ နန္ဒာဒေဝီ မိဖုရားကြီး၊ သမီးတော် ပဉ္စာလစန္ဒီ မင်းသမီးတို့ကို ဝိဒေဟရာဇ်မင်းကြီးနောက် ထည့်လိုက်ပြီးလျှင် နန္ဒာဒေဝီမိဖုရားကြီး ချောပုံ, လှပုံ, ညက်ညောတင့်တယ်ပုံ, ရှုချင်စဖွယ်ကောင်းပုံများကို ထုတ်ဖော်ချီးကျူးပြလိုက်ရာ မဟောသဓာပဏ္ဍိတ၏ ချီးကျူးမှု ပြောင်မြောက်လှသောကြောင့် စူလနီ ဗြဟ္မဒတ်မင်းကြီးမှာ ပေါင်း ဟောင်း သင်းဟောင်းဖြစ်သော နန္ဒာဒေဝီမိဖုရားကြီးကို အသစ်တဖန် ထပ်၍ ရှုလို မြင်လိုစိတ်တွေ မက်မက်မောမော ဖြစ်လာသည်ဟု ဥမင်္ဂဇာတ်တော်တွင် ဖော်ပြထား သည်ကို တွေ့ရပေသည်။

ယခု မျက်မှောက်၌လည်း အရှင်သီလာနန္ဒာဘိဝံသ၏ ဂုဏ်မြောက်အောင် ချီး ကျူးနိုင်မှုကြောင့် ဖတ်ဖူးပြီးသားဖြစ်သော မဟာစည်ဆရာတော်ဘုရားကြီး၏ ကျမ်း စာများကို အသစ်တဖန် ထပ်မံ၍ ဖတ်ရှုလိုစိတ်တွေ ဖြစ်လာကြသော ပုဂ္ဂိုလ်များ ကို တွေ့ရပြန်ပါသည်၊ အမှတ်တမဲ့ဆိုလျှင် သို့မဟုတ် သတိထားမကြည့်မိပါလျှင် အချို့ဂုဏ် မြောက်များစွာသည် တကယ်ရှိနေပါလျက် မထင်မပေါ် ငုပ်သလို ဖြစ် နေတတ်ပေသည်၊ သတိပြု ကြည့်ရှုလေ့လာတတ်သူတို့ ကြည့်ရှုလေ့လာပြီဆိုလျှင် သတိမထားမိတတ်သူတို့ မမြင်နိုင်သော ဂုဏ်များမှာ အထင်အရှား ပေါ်ထွက်လာ

တော့သည်၊ ထိုအခါ သတိမထားမိသူတို့ မမြင်ခဲ့သော ငုပ်ကွက်များကို အသစ်တဖန် ထပ်မံရှာဖွေကြည့်ရှုလိုစိတ်များ ဖြစ်လာရမည်မှာ ဓမ္မတာပင်ဖြစ်လေသည်။

အထူးသဖြင့် ထေရုပ္ပတ္တိကို ဆရာတော်ဘုရားကြီးကိုယ်တိုင် ကျေနပ်တော်မူသည်ကို သိရှိရသဖြင့် အရှင်သီလာနန္ဒအား ရေးသားပြုစုရန် တိုက်တွန်းခဲ့သော မိမိ၏ ကြိုးပမ်းချက်မှာ အောင်မြင်ထမြောက်သည်ဟု ဆိုရမည်ဖြစ်၏။

## ကျဉ်းမြောင်းနေသေးသည်

ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိမှာ အကိုင်ရ၊ အဖတ်ရခက်သော သာသနာဝင် ကျမ်းစာအုပ်ကြီးထဲ၌ အခြားအထုပ္ပတ္တိများနှင့် ရောပြွမ်းကိန်းအောင်းနေသဖြင့် ကျဉ်းမြောင်းနေသည်၊ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိပါသော သာသနာဝင်စာအုပ်ကြီးမှာလည်း အခြေအနေအရ အုပ်ရေ (၂,၀၀၀)နှစ်ထောင်သာ ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့သည်။ မဟာစည်ပရိသတ်နှင့်စာလျှင် အုပ်ရေ နည်းပါးလှသည်၊ သို့ဖြစ်၍ အားမရနိုင်အောင် ရှိခဲ့စဉ် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီးက မဟာစည် ပဋိပတ္တိသာသနာဝင် ကျမ်းစာအုပ်ကြီး၌ ပါဝင်ခဲ့သော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ပဌမပိုင်းအဖြစ်ဖြင့် သီးခြားစာအုပ် ပုံနှိပ်ဖြန့်ချိရန် စီစဉ်ပြီးဖြစ်ကြောင်း သိရပါသောကြောင့် လွန်စွာမှပင် နှစ်ထောင်းအားရ ဖြစ်မိပါတော့သည်။

၍ မဟာစည် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို မြန်မာစာဖတ် ဗုဒ္ဓသာသနာဝင် ပရိသတ်တို့ ဖတ်ရှုရန်မျှလောက်သာ မရည်ရွယ်ဘဲ ကမ္ဘာ့သူ ကမ္ဘာ့သားလူမျိုးအစားစားတို့ပါ ဖတ်ရှုနိုင်သည့်တိုင်အောင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီးက ဆောင်ရွက်နိုင်ပါစေဟု ပတ္ထနာပြုရင်း ၍နိဒါန်းကို တစ်ခန်းရပ်လိုက်ပါသည်။

**ဝက်လက် မစိုးရိမ် ဦးတိဿ**

ကောဇာ - ၁၃၄၀ - ပြည့်၊ တော်သလင်းလ
သာသနာ - ၂၅၂၂
၂၄ - ၉ - ၇၈

# မာတိကာ


| အကြောင်းအရာ | တမျက်နှာ |
| --- | --- |
| စာတော်သော ကိုရင်ကြီး | ၁ |
| ဆိပ်ခွန်ရွာ | ၃ |
| မယ်တော် ခမည်းတော်များ | ၄ |
| ဖွားတော်မူခြင်း | ၆ |
| သာမဏေအဖြစ်သို့ ရောက်တော်မူခြင်း | ၇ |
| ကျောင်းပြောင်းရခြင်း | ၉ |
| ရဟန်းဘဝသို့ ရောက်ခြင်း | ၁၀ |
| အဌမပြန်စာမေးပွဲဝင်ခြင်း | ၁၃ |
| မန္တလေးသို့ တက်ခြင်း | ၁၄ |
| မော်လမြိုင် တောင်ဝိုင်းကလေးသို့ရောက်ခြင်း | ၁၆ |
| အရှင်သောဘနနှင့် ပဋိပတ် | ၁၈ |
| ဇေတဝန်ဆရာတော်ကြီးထံရောက်ခြင်း | ၂၆ |
| တောင်ဝိုင်းကလေးသို့ ပြန်ရခြင်း | ၂၉ |
| ပွဲဦးထွက် ကမ္မဋ္ဌာန်းပေးခြင်း | ၃၀ |
| အရှင်သောဘနနှင့် အဘယာရာမဆရာတော် | ၃၃ |
| စာချတန်း | ၃၅ |
| ဆိပ်ခွန်သို့ ပြန်ကြွရခြင်း | ၃၈ |
| ဆိပ်ခွန်၌ ဝိပဿနာ သာသနာပြုခြင်း | ၄၂ |
| ဝိမဿနာရှုနည်းကျမ်း ရေးသားခြင်း | ၄၃ |
| ကျမ်းဂုဏ်ရည် | ၄၅ |
| အညာဗျာကရဏမျိုးလော | ၄၇ |
| လက္ခဏရသ စသည် | ၄၉ |
| ပရမတ္ထ၏ အဓိပ္ပါယ် | ၅၀ |
| ဒွါရ ၅-ပါးပိတ်ပုံ | ၅၁ |
| မဟာစည်ဆရာတော် | ၅၃ |
| စစ်ပြီး တောင်ဝိုင်းကလေးသို့ ကြွခြင်း | ၅၅ |
| မဟာသတိပဋ္ဌာန်သုတ် နိဿယ | ၅၆ |
| ဦးသွင် ၂-ဦးတို့ တွေ့ကြခြင်း | ၅၉ |
| ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် သာသနာ့ရိပ်သာ | ၆၀ |
| ရန်ကုန်သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူခြင်း | ၆၆ |
| ရိပ်သာများပေါ်ပေါက်ခြင်း | ၆၇ |

## မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရတော်မူခြင်း | .... | ၇၀ |
| ထိုင်း, ကမ္ဘောဒီးယားသို့ ကြွတော်မူခြင်း | .... | ၇၁ |
| ဆဋ္ဌသံဂါယနာနှင့် မဟာစည်ဆရာတော် | .... | ၇၅ |
| သံဂါယနာဝန်ဆောင်ဆရာတော် | .... | ၇၇ |
| ဩသာနဆရာတော် | .... | ၇၇ |
| ပုစ္ဆကဆရာတော် | .... | ၈၁ |
| အဋ္ဌကထာသံဂါယနာ စီစစ်ခန်း | .... | ၈၃ |
| ဂျပန်နိုင်ငံသို့ ထေရဝါဒသာသနာပြုကြွတော်မူခြင်း | .... | ၈၆ |
| ဝိသုဒ္ဓိမဂ်နိဒါန်း ရေးသားတော်မူခြင်း | .... | ၈၇ |
| သီရိလင်္ကာ၌ သာသနာပြုခြင်း | .... | ၉၄ |
| သီရိလင်္ကာသို့ မဟာစည်ဆရာတော် ကြွတော်မူခြင်း | .... | ၁၀၁ |
| အိန္ဒိယခရီး | .... | ၁၀၂ |
| တယူဇနာ ရှစ်မိုင် | .... | ၁၀၃ |
| ဝန်ကြီးချုပ်နေရူးနှင့်တွေ့ခြင်း | .... | ၁၀၄ |
| သီရိလင်္ကာခရီး | .... | ၁၁၂ |
| အင်ဒိုနီးရှားသို့ သာသနာပြု ကြွတော်မူခြင်း | .... | ၁၂၉ |
| ထိုင်း၌ သာသနာပြုခြင်း | .... | ၁၃၇ |
| ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယရေးသားတော်မူခြင်း | .... | ၁၃၈ |
| နိဿယ၏အစ | .... | ၁၄၀ |
| ရှေးနိဿယများ | .... | ၁၄၂ |
| နိဿယ၏ အဆင့်အတန်း | .... | ၁၄၅ |
| ကြိုးပမ်းတော်မူချက် | .... | ၁၄၅ |
| ကျမ်းဂုဏ်ရည် | .... | ၁၄၇ |
| ဘဝပြဿနာ | .... | ၁၄၉ |
| ပါဠိစာပေလောက၌ တိမ်မြုပ်နေသော သာဝိတ္တိဂါထာ | .... | ၁၅၃ |
| သာဝိတ္တိဂါထာဂါထာအကြောင်း | .... | ၁၅၄ |
| ဘာရတမင်းတို့၏ စစ်ထိုးခြင်း | .... | ၁၅၉ |
| မဟာစည်ဆရာတော်နှင့် သက္ကတအင်္ဂလိပ်စာများ | .... | ၁၆၀ |
| ပြုစုတော်မူသောကျမ်းများ | .... | ၁၆၂ |
| ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး | .... | ၁၇၂ |
| မဟာစည်ဆရာတော်နှင့် နိုင်ငံခြားသားများ | .... | ၁၇၄ |
| ယနေ့ မဟာစည်ဆရာတော် | .... | ၁၈၀ |

ကျေးဇူးရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

၏

# ထေရုပ္ပတ္တိ

မဟာစည်ထေရ ဂုဏောဃ-ဘာဝိတန္တရပုဗ္ဗဂေါ။
ကသံ ယေရုပဒါနံ ဟံ၊ သုအံ ဘူတတ္တသူစကံ။

**စာတော်သော ကိုရင်ကြီး**

စာဝါချိန်နောက်ပိုင်းဖြစ်၍ ဆိပ်ခွန်ရွာသူကြီး ကျောင်း၌ စာဆိုသံကို ကြား နေရ၏၊ "စာဆိုသည်"ဟူသည်မှာ ဆရာက ချပေးသော အနက်ကို တပည့်က လိုက်၍ ဆိုခြင်းဖြစ်၏၊ ဆရာတစ်ခွန်း၊ တပည့်တစ်ခွန်း ဆိုရသည်။ သို့သော် ယခု သူကြီး ကျောင်း ဘုန်းတော်ကြီး ဦးပရမ၏ စာဝါ၌ကား စာဆိုသူ၏ အသံကိုသာ များစွာ ကြားရ၍ ဆရာ၏အသံကို တစ်ခါတစ်ခါမှသာ ကြားရသည်။ စာဆိုသူသည် နှုတ်လျှာ ရှင်းရှင်းဖြင့် ဆိုလေရာ ဘေးမှ နားထောင်ရသူတို့အဖို့ အလွန်သာယာ နာပျော်ဖွယ် ဖြစ်လျက်ရှိ၏၊ "သိန္ဓောမြင်း ခိုင်းနှင်သကဲ့သို့"ဆိုသော ဥပမာမျိုးနှင့် ကိုက်ညီ လျက် ရှိတော့သည်။ စာဆိုသံကို ကြားရသဖြင့်ပင် စာဆိုသူမှာ စာဆိုကောင်းသော ပုဂ္ဂိုလ်ဖြစ်ကြောင်း သိသာလေသည်။

တက်နေသော စာဝါကိုကြည့်လျှင် စာဆိုသူကို ပို၍ အံ့ဩကြမည်ဖြစ်၏၊ အဘယ်ကြောင့်ဟူမူ-ဆရာတော် ဦးပရမ ပို့ချနေသော စာဝါမှာ သမ္မောဟဝိနော ဒနီအဋ္ဌကထာနှင့် ယင်း၏အဖွင့်မူလဋီကာ ဖြစ်နေသောကြောင့်ပင်၊ သမ္မောဟဝိ နောဒနီ ဟူသည်မှာ အဘိဓမ္မာဆိုင်ရာ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စ

သမုပ္ပါဒ်စသော လေးနက်လှသည့် တရားတော်ကို ဖွင့်ပြသည့် ကျမ်းဖြစ်၏၊ ထို့ကြောင့် အဋ္ဌကထာကိုပင် ခက်ခဲလျက် ရှိ၏၊ ထိုအဋ္ဌကထာကို ဖွင့်ပြသည်ဆိုသော မူလဋီကာသည်ကား အဋ္ဌကထာထက်ပင် ခက်ခဲသော ကျမ်းဖြစ်၏၊ ပါဠိစာပေတွင် အခက်ဆုံးကျမ်းဟုအသိအမှတ်ပြုထားကြသော ကျမ်းဖြစ်၏၊ ဖွင့်ဆိုသောနေရာတွင် စကားပိုမသုံး စကားလုံးတိကျလှ၏၊ စာရေးကျစ်လစ်သဖြင့် အဖွင့်ဆိုသော်လည်း အဋ္ဌကထာလောက်ပင် စာနေမများ၊ အဓိပ္ပါယ် နက်နဲရသည့်အထဲတွင် စာနေပါ ခက်ခဲလှသောကြောင့် ၂-ထပ်ကွမ်း ခက်ခဲသော ကျမ်းဖြစ်၏၊ ယင်းသို့ ခက်ခဲလှသော နာမည်ကြီး ကျမ်းတို့ကိုပင် ဆရာ၏ အထောက်အနည်းငယ်မျှဖြင့် သွက်လက်စွာ စာဆိုနိုင်သူမှာ သာမညဉာဏ်ရှင် မဟုတ်ကြောင်းကို သိနိုင်လောက်သည်၊

ထို့ထက်သာ၍ အံ့ဩစရာကောင်းသည်က စာဆိုပုဂ္ဂိုလ်သည် ရဟန်းကြီးလည်း မဟုတ်၊ ရဟန်းငယ်လည်း မဟုတ်ဘဲ အရှင်သာမဏေတစ်ပါးဖြစ်နေခြင်းပင် ဖြစ်သည်၊ ၁၉-နှစ်အရွယ် ကိုရင်ကြီးအဖြစ်ဖြင့်ပင် ဤမျှနက်နဲခက်ခဲသော ထိပ်ဆိုသည့် ကျမ်းမျိုးကို ချောမောပြေပြစ်စွာ ဆိုနိုင်သည့်စွမ်းရည်ကား ရှားမှ ရှားဖြစ်ပေသည်၊ ဤစွမ်းရည်မျိုးရှိသူက တစ်ထောင်လည်း တစ်ယောက်မရှိ၊ တစ်သောင်းလည်း တစ်ယောက်မရှိ ထွက်ပေါ်ရန်ခဲယဉ်းလှသောပုဂ္ဂိုလ်မျိုးပေတည်း၊ ကိုရင်ကြီး စာဆိုသည်မှာ ချောမောသွက်လက်လှသဖြင့်ပင် အတူစာတက်ဖော် ၇-ပါး ၈-ပါးတို့တွင် တစ်ပါးဖြစ်သော ဘုန်းကြီး ဦးနန္ဒိယက စာဆိုပြီး၍ ကျောင်းအောက်သို့ ဆင်းလာကြသောအခါ "ကိုရင်ကြီး နိဿယကိုများ ကြည့်ထားသလား" ဟုပင် မေးယူရသည် အထိ ဖြစ်ခဲ့သည်၊ "နိဿယကို ကြည့်ထားဖို့ မဆိုထားဘိ၊ နိဿယစာအုပ်ကိုပင် မမြင်ဘူးပါ" ဟု ကိုရင်ကြီးက ပြန်လျှောက်ထားသည်၊ ကိုရင်ကြီး၏ ဉာဏ်စွမ်းရည်ကား အံ့ဖွယ်ကောင်းလှပါသည်၊

ဤကိုရင်ကြီးသည် "ဘုန်းကြီးစာ" ဟု ခေါ်သော ပိဋကတ်စာပေမှာသာ တော်သည်မဟုတ်၊ လောကီအတတ်ဖြစ်သော ဂဏန်းသင်္ချာအတတ်၌လည်း တော်သည်ပင် ဖြစ်၏၊ ဤအသက်မရောက်မီ ၁၆-နှစ်အရွယ်ကပင် ကဏနဂမ္ဘီရခေါ် ဂဏန်းသင်္ချာ စာအုပ်ကြီးကို ဆရာမရှိဘဲ မိမိဘာသာ တွက်ချက်လေ့လာခဲ့ရာ တစ်လအတွင်းမှာပင် ထိုစာအုပ်ပါ တွက်ပုံနည်းအလုံးစုံကို နားလည်ခဲ့သည်၊ အတွက်အချက်ပညာ

ဆိုသည်မှာ လွယ်ကူသော ပညာမဟုတ်၊ ဆရာနှင့် သင်ယူသူများပင် ပင်ပန်းကြီးစွာ သင်ယူရသော ဘာသာဖြစ်၏၊ ဤမျှခက်ခဲသော ဘာသာရပ်ကိုပင် စာအုပ်ကြည့်၍ လေ့လာရုံမျှဖြင့် တတ်မြောက်သည်ဆိုသည်မှာ အလွန်ပါရမီ ထူးသောကြောင့်သာ ဖြစ်ပေသည်၊ ဤသည်ကိုထောက်လျှင် ဤကိုရင်ကြီးသည် အခြားဘာသာရပ်များကို လည်း ဤကဲ့သို့ ကြည့်ကာ ရှုကာ လေ့လာရုံမျှဖြင့်ပင် တတ်မြောက်မည်မှာ သေချာလှသည်၊ ကုလိုလ်ကောင်းမှု ပြုကြသောအခါ "အလုံးစုံသော လောကီပညာ လောကုတ္တရာပညာတို့ကို ကြားကာမျှ ကြည့်ရှုကာမျှဖြင့် တဖက်ကမ်းခတ် တတ်မြောက်ရပါလို၏" ဟု ဆုတောင်းလေ့ရှိကြ၏၊ ကိုရင်ကြီးသည် ရှေးရှေးဘဝတို့က ဤဆုမျိုး တောင်းခဲ့၍ ယခုဘဝ၌ ထိုဆုတောင်းပြည့်သော ပုဂ္ဂိုလ် ဖြစ်ဟန် တူပါပေတော့သည်။

ဤသို့အရွယ်နှင့်မလိုက်အောင် ငယ်စဉ်ကပင် မိမိ၏ထက်မြက်လှသော ဉာဏ်စွမ်းကို ပြခဲ့သော ကိုရင်ကြီးကား အခြားပုဂ္ဂိုလ်မဟုတ်၊ ယခုအခါမြန်မာမဆံ့ ကမ္ဘာသို့ပင် နှံ့အောင် ကျော်ကြားတော်မူလျက်ရှိသော မျက်မှောက်ခေတ် မြန်မာပြည် သာသနာ၏ အားထားရာ မီးရှူးတန်ဆောင်သဖွယ်ဖြစ်သည့် မဟာစည်ဆရာတော် ဘုရား၏ အလောင်းလျာတော် ဖြစ်ပါသည်။

## ဆိပ်ခွန်ရွာ

မဟာစည်ဆရာတော်ဘုရားကြီး၏ဇာတိရပ်မြေကား ရွှေဘိုမြို့အနောက် ခုနစ်မိုင်ခန့်ရှိ ဆိပ်ခွန်ရွာကြီးဖြစ်လေသည်။ ရွှေဘိုဟု ဆိုလိုက်လျှင်ပင် မြန်မာတို့၏ နောက်ဆုံးမင်းဆက်ဖြစ်သော ကုန်းဘောင်ဆက်၏ အစပြုရာ အောင်မြေမြို့ဟု သိပြီး ဖြစ်ကြပါလိမ့်မည်။ မှန်ပေသည် "ဟိုခါအခေါင်၊ ပြည်ကုန်းဘောင်က၊ ဘုန်းရောင်ထင်ရှား လောင်းဘုရားနှင့် အများရဲဘော်၊ ခြောက်ကျိပ်ကျော်တို့၊ တိုင်းပေါ်ဇမ္ဗူ၊ ခေတ်သစ်ထူသို့" ဟူသော အလင်္ကာနှင့်အညီ အလောင်းဘုရားဟု ကျော်ကြားသော ဦးအောင်ဇေယျသည် ရွှေဘိုမြို့ကို ဗဟိုပြု၍ တည်ရှိသော ရပ်ကွက် ရပ်ရွာများမှ ခြောက်ကျိပ်ကျော်မျှသော ရဲဘော်တို့ကို ရွေးချယ်၍ အင်းဝ မင်းဆက် ပြုတ်သဖြင့် ဖရိုဖရဲဖြစ်နေသော မြန်မာနိုင်ငံတော်ကို ပြန်လည်စည်းရုံးကာ ကုန်းဘောင်မင်းဆက်ကို ထူထောင်ခဲ့၏၊ ယခုအခါ မြန်မာ့ယဉ်ကျေးမှု စစ်စစ်ဆိုင်ရာ အနုပညာအမွေ

ပစ္စည်းများသည် ကုန်းဘောင်ခေတ်မှ အကြွင်းအကျန်များပင် ဖြစ်၏။ ကုန်းဘောင်မင်းဆက်သာ မပေါ်ပေါက်ခဲ့ပါမူ ယနေ့ မြန်မာ့ယဉ်ကျေးမှုသည် မည်သို့သော အသွင်ကို ဆောင်မည်ဟု ပြောပြခြင်းငှါ တတ်နိုင်မည် မဟုတ်ပေ။

ယနေ့ ဆိပ်ခွန်ရွာကြီးသည် ရွှေဘိုမြို့၏ အရံကျေးရွာဖြစ်သကဲ့သို့ ဦးအောင်ဇေယျ ရွှေဘိုမြို့ကို တည်စဉ်ကလည်း အရံကျေးရွာများတွင် တစ်ရွာ အပါအဝင် ဖြစ်ခဲ့လေသည်။ ဦးအောင်ဇေယျသည် မြို့တော် လေးဆယ့်ခြောက်ရပ်ခေါင်းတို့ကို ဘွဲ့အမည်ပေးသောအခါ ဆိပ်ခွန်ရွာခေါင်းကို "ဓမ္မသူရ"ဟူသော ဘွဲ့ကို ပေးတော်မူခဲ့သည်။ ရွှေဘိုမြို့တည်သောအခါ အရံကျေးရွာတစ်ခု ဖြစ်ခဲ့သည်ကို ထောက်လျှင် ဆိပ်ခွန်ရွာသည် ရွှေဘိုမြို့မတည်မီကပင် ရှိခဲ့သော မြို့ရွာဟု ခန့်မှန်းရသည်။ ရှေးက ရွာတို့၏ တိုးပွားကျယ်ပြန့်မှုသည် ယခုအခါမှာလောက် မမြန်ရကား ထိုစဉ်ကပင် ဆိပ်ခွန်ရွာမှာ ရွာကြီး ဖြစ်ဟန်တူသည်။ မည်သို့ပင်ဖြစ်စေ မဟာစည်ဆရာတော်ဘုရား ဖွားမြင်လာသည့်အခါဆိုသော် ရွာကြီးတစ်ရွာ ဖြစ်နေပြီမှာ ထင်ရှားပါသည်။ ထိုအခါ၌ ဆိပ်ခွန်ရွာမှာ ရွာမကျ မြို့မကျ ရွာကြီးတစ်ရွာ ဖြစ်နေကြောင်းကိုလည်း မဟာစည် ဆရာတော်ဘုရားက ဝိပဿနာ ရှုနည်းကျမ်း နိဂုံးတွင် "ဆိပ်ခွန်ရွာဟု သညာထင်ပေါ် ဝေးနီးကျော်၍ မြို့ခေါ်လုနီး အကြင် နိဂုံးရွာကြီးသည်" ဟူသော စကားဖြင့် မှတ်တမ်းတင်တော်မူခဲ့ပါသည်။ အိမ်ခြေအားဖြင့် ထိုစဉ်က ၇၀၀-သို့မဟုတ် ၈၀၀-လောက် ရှိမည်ဟု ခန့်မှန်း မိကြောင်းကိုလည်း မဟာစည် ဆရာတော်က အမိန့်ရှိဖူးပါသည်။ ယနေ့ ဆိပ်ခွန်ရွာမှာမူ အိမ်ခြေ ၁၂၀၀ခန့် ရှိနေလေပြီ။ ရွာအနီးရှိ အင်ကြင်းတော မြတ်စွာဘုရားကြောင့်လည်းကောင်း၊ မဟာစည် ဆရာတော်ကြောင့်လည်းကောင်း ဝေးနီးကျော်နေပြီဖြစ်သော ရွာကြီးတစ်ရွာ ဖြစ်ပါတော့သည်။

## မယ်တော် - ခမည်းတော်များ

အဆိုပါ ဆိပ်ခွန်ရွာကြီးသည် ရွှေဘိုမြို့၏ အရံကျေးရွာဖြစ်သည့်အားလျော်စွာ စီပွားရေးအတွက် အားထားရသော ရွာကြီးဖြစ်၏၊ ရွာ၏ ပတ်ဝန်းကျင်တွင် ဆည်များ၊ ကန်များပေါများ၍ ကာဘိုးတူးမြောင်း ရောက်သော အရပ်ဖြစ်သဖြင့် ယင်းတို့ကို အကြောင်းပြု၍ စပါး၊ ပြောင်း၊ ပဲစသော ကောက်ပဲသီးနှံများ ထွက်

ရာလည်း ဖြစ်သည့်ပြင် စိမ်းညိုသာယာသည့် လယ်ယာ, ဥယျာဉ်, သစ်ပင်များစွာတို့ တည်ရှိရာလည်းဖြစ်၍ မွေ့လျော်ဖွယ်ကောင်းသော ရွာကြီးလည်းဖြစ်၏၊ ချည်ပါထည်ဟု နာမည်ကြီးသော အဝတ်အထည်များ ထွက်ရာလည်းဖြစ်၍ ရွှေဘိုနယ်၏ ယက်ကန်းမြို့ကလေးဟုပင် ထင်ရှားနေသော ရွာကြီးဖြစ်၏။

မဟာစည်ဆရာတော်၏ ခမည်းတော် မယ်တော်တို့မှာ ထိုဆိပ်ခွန်ရွာ ဇာတိများဖြစ်ကြ၏၊ အမည်များမှာ ဦးကံဘော် ဒေါ်အုပ်တို့ ဖြစ်၏၊ ကျေးလက်ထုံးစံအတိုင်း လယ်ယာလုပ်ကိုင်၍ အသက်မွေးကြသူများဖြစ်၏၊ ရှေးအခါက တစ်ယောက်ထွက်၍ အလုပ်လုပ်လျှင် တစ်အိမ်သားလုံး စားလောက်သော ခေတ်ဖြစ်ရာ ဦးကံဘော် - ဒေါ်အုပ်တို့သည် ကြွေးရတတ်များဟု မဆိုနိုင်စေကာမူ မိမိတို့တစ်ဝမ်းတစ်ခါးအတွက် မပူပင်ရဘဲ မတောင့်မတ မကြောင့်မကြ နေနိုင်သောသူများ ဖြစ်ကြပေသည်။

မယ်တော်ကြီးကို ငယ်ရွယ်သူများက အဖွားအုပ်ဟု ခေါ်ကြ၍ အချို့ကလည်း ဂုဏ်ပြုသောအားဖြင့် ဒေါ်ရွှေအုပ်ဟု ခေါ်ကြကြောင်းကို ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယနိဂုံး၌ ဆရာတော်က ဖော်ထုတ်ထားပါသည်၊ နောက်မှ ခေါ်ကြသော ထိုအမည်တို့ကို စွဲ၍ မယ်တော်ကြီး၏ အမည်ရင်းသည် ဒေါ်ဖွားအုပ် သို့မဟုတ် ဒေါ်ရွှေအုပ်ဖြစ်သည်ဟု အမှတ်အယူလွဲမည်ကြောင့် ယင်းသို့ ဖော်ထုတ်ခဲ့ဟန်တူပါသည်၊ ဆရာတော်သည် အမှန်ကို နှစ်သက်တော်မူသည့် အားလျော်စွာ မယ်တော်ကြီး၏ အမည်မှန်ကို ဖော်ထုတ်တော်မူခဲ့သလို ခမည်းတော် မယ်တော်တို့ အလုပ်အကိုင်နှင့် ပတ်သက်၍လည်း ရိုးရိုးပင် ဆိုလတ္တံ့အတိုင်း အမိန့်ရှိဖူးပါသည်။

ဒကာကြီးတို့ အလုပ်အကိုင်ကတော့ လယ်ယာအလုပ်အကိုင်ပါပဲ၊ သူတို့ပိုင်တဲ့ တစ်တုံးထွန်လောက်ရှိတဲ့မြေမှာ ကိုယ်တိုင်လုပ်ကိုင် စားသောက်ကြတာပါပဲ၊ တစ်တုံးထွန်ဆိုတာ ထွန်တုံးတစ်တုံးနှင့် ထွန်နိုင်လောက်တဲ့ မြေပဲ၊ ယခုခေတ်အနေနဲ့ ဆိုရင် ၁၂-ဧကလောက် ရှိမယ်ထင်တယ်၊

## ဖွားတော်မူခြင်း

မဟာစည် ဆရာတော်သည် ခမည်းတော် ဦးကံဘော်၊ မယ်တော် ဒေါ်အုပ်တို့မှ ၁၂၆၆-ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် (၃)ရက်၊ ( ၂၉ - ၇ - ၁၉၀၄ ) သောကြာနေ့ နံနက်(၃)နာရီခန့် အချိန်တွင် ဖွားမြင်တော်မူသော ဒုတိယမြောက်သားရတနာ ဖြစ်တော်မူသည်။ ဦးကံဘော် ဒေါ်အုပ်တို့တွင် မဟာစည် ဆရာတော် အပြင် သား ၃ - ယောက်၊ သမီး -၃ ယောက် ရှိသေးသည်။ ထို့ကြောင့် အားလုံး သားသမီး ၇ - ယောက် ဖြစ်သည်။

သားသမီးတို့တွင် အကြီးဆုံးမှာ ဦးတင် ဖြစ်၏။ အသက် ၂၈နှစ်တွင် အနိစ္စ ရောက်ခဲ့သည်။ ဦးတင်၏အောက် ဆရာတော်ဖြစ်၍ ဆရာတော်အောက် ဒေါ်ခင် ဖြစ်၏၊ ဒေါ်ခင်မှာလည်း ၁၆ နှစ် အရွယ်လောက်တွင် ဆုံးသည်။ သူ့နောက်တွင် ဦးမှင်၊ ဦးဘရင်၊ ဒေါ်သင်ဟု ၃ - ယောက်( ၂၀ )ကျော်မှာ ဆုံးကြသည်။ ဆုံးကြသည်ဖြစ်၍ အငယ်ဆုံးမှာ ဒေါ်စပ်ဖြစ်၏၊ ဒေါ်စပ်သည် ၁၃၃၃-ခုနှစ် (အသက် ၅၀ -ခန့်)တွင် ပျက်စီးသည်။ ထိုသားသမီးတို့တွင် ဦးတင်၊ ဒေါ်သင်၊ ဒေါ်စပ်တို့မှာ အိမ်ထောင်ရှိခဲ့ကြ၍ ဒေါ်စပ်မှာ သား ၃ - ယောက်၊ သမီး-၃ယောက် ရှိသည်၊ ၎င်းတို့မှာ ယနေ့တိုင် အသက်ရှင်လျက် ရှိကြသည်။

ဆရာတော်၏ မွေးချင်းများကို ကြည့်လျှင် မည်သူမှ အသက်ရှည်သည်ဟု မဆိုနိုင်ပေ။ မယ်တော်ကြီးလည်း ၁၂၈၆-ခုနှစ် အသက် ၄၄-နှစ်တွင် ဆုံးသည်ဟု ဆိုသဖြင့် အသက်မရှည်ဟုပင် ဆိုရမည်ဖြစ်သည်။ ခမည်းတော်ကြီး တစ်ယောက်သာ အသက် ၇၈-နှစ်အထိ နေသွားရသည်။ ဆရာတော်သည် ယခု အသက် ၇၆-နှစ် နီးပါး ရှိနေပြီဖြစ်၏၊ ကျန်းမာရေးမှာလည်း အရွယ်နှင့်စာလျှင် ကောင်းသည်ဟုပင် ဆိုရမည် ဖြစ်၏၊ သာတ္ထကသမ္ပဇဉ်ဖြင့်လည်းကောင်း၊ တတ်ကျွမ်းသော သမားတော်ကြီးများ၏ ညွှန်ကြားချက်ကို လိုက်နာ၍လည်းကောင်း သီတင်းသုံးတော်မူလျက် ရှိသဖြင့် ဆရာတော်သည် ခမည်းတော်ကြီး၏ အသက်ကို မီရုံမျှမက ခမည်းတော်ကြီးထက် များစွာပင် ပို၍ သက်တော်ရှည်လိမ့်မည်ဟု ခန့်မှန်းရပါသည်။ ဆရာတော် သက်တော်ရာကျော် ရှည်ပါစေရန်လည်း ဆန္ဒပြုအပ်ပါသည်။

## သာမဏေအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်၏အစ်ကိုနှင့် ညီမများ၏နာမည်များကို ကြည့်လျှင် ဦးတင်, ဦးခင်, ဦးမှင်, ဦးဘရင်, ဒေါ်သင်ဟု အင်ကာရံဖြင့် အမှည်များသည်ကို တွေ့ရမည်ဖြစ်၍၊ ထို့ကြောင့် ဆရာတော် အလောင်းအလျာ သားသူငယ်ကိုလည်း အင်ကာရံရှိသော နာမည်ကိုပင် မှည့်ခဲ့လိမ့်မည်ဟု ခန့်မှန်းနိုင်ပါသည်။ ထူးခြားသည်မှာကား ဆရာတော်၏ ငယ်မည်သည် နောင်အခါ ဆရာတော်ကို အလွန်ကြည်ညို၍ ယခု သီတင်းသုံးရာဖြစ်သည့် သာသနာ့ရိပ်သာကြီးကို အုပ်ချုပ်တော်မူရန် လွှဲအပ်လတ္တံ့ဖြစ်သော သူဌေးကြီးအမည်နှင့် ထပ်တူဖြစ်နေခြင်းပင် ဖြစ်ပါသည်။ တိုက်ဆိုင်မှုဟု ဆိုလိုက ဆိုနိုင်ပါသည်။ သို့သော် ဤအမည်ကိုမှ မှည့်မိခြင်းမှာ နောင်အခါတွင် ဖြစ်လတ္တံ့သော အကြောင်းချင်းရာ၏ ရှေ့ပြေးနိမိတ်တစ်ခုပင်ဟု ဆိုလျှင်လည်း ငြင်းဆိုမည့်သူ ရှိမည်မဟုတ် ထင်ပါသည်။

ဆရာတော် အလောင်းအလျာ ၆–နှစ်သား အရွယ်သို့ ရောက်သောအခါ ကျေးလက်ထုံးစံအတိုင်း ပညာသင်ကြားရန် ဘုန်းတော်ကြီးကျောင်းသို့ အပ်နှံကြလေသည်။ မှန်ပေသည်။ လောကဓာတ်ပညာ မထင်ရှားမီ ရှေးအခါက ဘုန်းတော်ကြီးကျောင်းများသည် မြန်မာလူမျိုးတို့ အသက်မွေးဝမ်းကျောင်း ပညာရော, လောကုတ္တရာပညာပါ ဖြန့်ဖြူးရာဌာန ဖြစ်ခဲ့ပါသည်။ ဘုန်းတော်ကြီးကျောင်းမှ သင်ပေးလိုက်သော ပညာဖြင့်ပင် ဘဝရပ်တည်မှုကို ပြုနိုင်ရုံမျှမက မှူးကြီး မတ်ရာ သေနာပတိစသော ရာထူးကြီးတို့ကိုပင် တက်လှမ်းနိုင်ခဲ့ကြပေသည်။ ထို့ကြောင့်ပင် ရှေးက ပညာရှိ, ရာထူးရာခံရှိ ပုဂ္ဂိုလ်များသည် ဘုန်းကြီးကျောင်းထွက်ချည်း ဖြစ်ခဲ့ကြလေသည်။ ဆရာတော် အလောင်းအလျာကို ကျောင်းအပ်ချိန်၌ မြန်မာနိုင်ငံတွင် လောကဓာတ်ပညာ အသင့်အတင့် ထွန်းကားပြီဟု ဆိုနိုင်သော်လည်း ယခုခေတ်မှာလို တောရွာများ၌ စာသင်ကျောင်းများ မထွန်းကားသေးရကား ဘုန်းတော်ကြီးကျောင်းကပင် ရွာသူရွာသားတို့၏ လောကီ, လောကုတ္တရာ, ပညာရေး, ယဉ်ကျေးမှုဆိုင်ရာ ကျင့်ဝတ်နားလည်ရေး၊ ထိန်းသိမ်းရေးတို့ကို တာဝန်ယူခဲ့ကြရသည်။ ထို့ကြောင့်ပင် ဆရာတော်အလောင်းအလျာကို ကျောင်းအပ်မည်ရှိသောအခါ ဆိပ်ခွန်ရွာ ပျဉ်းမနားကျောင်း ဘုန်းတော်ကြီး ဦးအာဒိစ္စထံမှာပင် သူငယ်တို့ ဟတ်သင့်တတ်ထိုက်သော အရေးအဖတ်စသည်တို့ကို သင်ယူတတ်မြောက်ခဲ့သည်။

၁၂-သားအရွယ်တွင် ငယ်ဆရာ ဘုန်းတော်ကြီး ဦးအာဒိစ္စထံမှာပင် ရှင်သာမဏေအဖြစ်သို့ တက်ရောက်ခဲ့သည်။ သာမဏေဘွဲ့ကိုလည်း ဘွဲ့ခံပုဂ္ဂိုလ်၏ အဆင်းအင်္ဂါနှင့် လိုက်လျောစွာ "ရှင်သောဘန"ဟု ပေးတော်မူလေသည်။ မှန်ပေသည်။ ဆရာတော်သည် ရွှေဘိုနယ်ဇာတိ ဖြစ်သည့်အားလျော်စွာ အရပ်အမောင်း မြင့်တော်မူသည်။ အရပ်အမောင်းနှင့်လိုက်အောင် လက်, ခြေစသော ကိုယ်အင်္ဂါတို့ကလည်း ရှည်သွယ်ပြည့်ဖြိုးကြသည်။ ဥာဏ်လည်းရှိတော်မူသည်။ (၁၉၅၄-ခုနှစ်၊ ဧပြီ-မေလတွင် ထုတ်ဝေသော စာစောင်၌ပါသော ပုံတွင် ကားသောနားရွက်မှာ သာ၍ ထင်ရှားသည်) ထ္ထန္ဓေတော်မှာလည်း လုပ်ယူရသည့်ထ္ထန္ဓေမျိုး မဟုတ်ဘဲ အတွင်းသမာဓိဓာတ်ခံကြောင့် ပင်ကိုယ်ပကတိတည်ငြိမ်သော ထ္ထန္ဓေဖြစ်၍ စကားပြောရာ၌လည်းကောင်း၊ သွားလာရာတွင်လည်းကောင်း သိမ်မွေ့တော်မူသည်။ လူဆိုသည်မှာ ငယ်စဉ်က ပါလာသော အလေ့ကို ဖျောက်နိုင်ခဲသည်ဖြစ်ရာ ယနေ့တွေ့ရသော ဆရာတော်၏ ထ္ထန္ဓေနှင့် သွားလာမှုကို ရှု၍ ငယ်စဉ်ကလည်း ဤအခြေအနေ နီးပါးပင်ရှိလိမ့်မည်ဟု မှန်းဆနိုင်ပါသည်။

ထိုကြောင့် ပင်ကိုယ်ရုပ်ရည်ရော ထ္ထန္ဓေပါ တင့်တယ်သပ္ပါယ်သော ဆရာတော်အလောင်းအလျာ ကိုရင်ကို ပေးလိုက်သော တင့်တယ်သပ္ပါယ်သူဟု အနက်ထွက်သော ရှင်သောဘနဟူသော ဘွဲ့မှာ နာမည်နှင့် နာမည့်ရှင် လိုက်လျောလှသဖြင့် အနွတ္ထစစ်စစ်ဖြစ်သည်ဟုပင် ဆိုရမည်ဖြစ်ပါသည်။ ထို့ပြင်လည်း ယခုအခါတွင် မဟာစည်ဆရာတော်သည် သာသနာတော်၌ ပရိယတ် ပဋိပတ်ဂုဏ်တို့ဖြင့် လွန်စွာတင့်တယ်လျက်ရှိနေရာ ဤသို့ သာသနာတော်၌ တင့်တယ်မည့် အရေးကိုပင် မြော်တွေး၍ ရှင်သောဘနဟူသော ဘွဲ့ကို ဥပဇ္ဈာယ်ဆရာက ပေးခဲ့ခြင်းလည်း ဖြစ်ပေမည်။ မည်သည့်ရှုထောင့်က ကြည့်ကြည့် ရှင်သောဘနဟူသော ဘွဲ့အမည်မှာ အနွတ္ထချည်းပင် ဖြစ်ပါတော့သည်။

ကိုရင်သောဘနသည် ကိုရင်ဘဝသို့ ရောက်ပြီးနောက် ဇာတ်ကြီးဆယ်ဘွဲ့ကို သင်ယူသည်။ ကိုရင်၏ ဥာဏ်ထက်မြက်ပုံကို သိရသဖြင့် ဆရာဘုန်းတော်ကြီးသည် ကိုရင်သောဘနအား သဒ္ဒါအခြေခံမရှိဘဲပင် ဝိနည်းပါဠိတော်နှင့် အဋ္ဌကထာကို ချပို့ ပေးတော်မူသည်။ ထိုနောက်မှ သဒ္ဒါ သင်္ဂြိုဟ်စသော စာတို့ကို သင်ယူစေသည်။

ရှေးက စာတက်သော တပည့်သည် နိဿယ ကိုင်ရရိုးထုံးစံမရှိခဲ့၊ ဆရာသမားများကလည်း တပည့်များ နိဿယ ကိုင်သည်ကို ခွင့်မပြုလိုခဲ့ကြပေ၊ တပည့်ပေါ့မည်ကြောင့်ဖြစ်၏၊ သို့သော် ရှင်သောဘနကား သဒ္ဒါကြီးတက်သောအခါ နန်းကျောင်းနိဿယ ဒက္ခိဏဝန်နိဿယ နှစ်ဆောင်လုံးကိုပင် ကိုင်တွယ်ကြည့်ရှု၍ သဒ္ဒါရုပ်တွက်နှင့် သဒ္ဒါဆိုင်ရာ အဆုံးအဖြတ်များ၌ ကျွမ်းကျင်အောင် အားထုတ်ခဲ့သည်၊ ပိုင်နိုင်အောင် လေ့လာခဲ့သည်၊ နျာသရူပသိဒ္ဓိစသော သဒ္ဒါကျမ်းတို့ကိုလည်း ဤနည်းဖြင့်ပင် လေ့လာ၍ အခြားသူများအား ချပို့ပေးနိုင်သည်အထိ ပေါက်ရောက်ခဲ့သည်၊ ဋီကာကျော်ကျမ်းတက်စဉ်ကမူ ရှင်သောဘန၏ ဉာဏ်မှာ သာ၍ ထင်ရှားပြန်သည်၊ ကိုရင်သည် စာဆိုရင်းပင် ဋီကာကျော်ကို နှုတ်တက်ရနေခဲ့သဖြင့် အာဂုံပင် ဆောင်ထားခဲ့သည်၊

ကိုရင်သောဘနသည် ကျက်ဉာဏ်သာ ကောင်းသည်မဟုတ်၊ သဘောဉာဏ်လည်း စူးရှ ထက်မြက်လှသည်၊ ၁၆–နှစ်အရွယ်က ဂဏဝိမ္ဘိရခေါ်သော ဂဏန်းစာအုပ်ကြီးကို မိမိဘာသာ လေ့လာတွက်ချက်ခြင်းဖြင့် တစ်လအတွင်းမှာပင် ပေါက်ရောက် နားလည်ခဲ့သည့်အကြောင်းကို ထေရုပ္ပတ္တိအစ၌ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်၊ ဤသို့ ပင်ကိုယ်ဉာဏ်ရော လုံ့လ ဝီရိယရောပါ ရှိသူဖြစ်သဖြင့် ကိုရင်သောဘနသည် ကိုရင်ဘဝဖြင့်ပင် အထက်တန်းကျသော ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို လေ့လာ သင်ယူနိုင်ခဲ့လေသည်၊

## ကျောင်းပြောင်းရခြင်း

ကိုရင်သောဘန အသက် ၁၇ – နှစ်သို့ ရောက်သောအခါ ကျောင်းပြောင်းရန်ဖြစ်လာသည်၊ ငယ်ဆရာဖြစ်သော ဘုန်းကြီး ဦးအာဒိစ္စသည် ထိုနှစ်၌ လူဝတ်လဲသွားလေသည်၊ မိမိအားကိုးစရာ ဆရာမရှိတော့သည့်အတွက် ကိုရင်သောဘနသည် ချည်ပါမြောက်ရွာ ရွှေသိမ်တော်ကျောင်းတိုက်သို့ ပြောင်းရွှေ့နေရသည်၊ ထိုအခါ ထိုကျောင်းတိုက်၏ နာယကဖြစ်သော မြောင်းကြီးဆရာတော် ဦးအာစရထံ၌ သဒ္ဒတ္ထဘေဒစိန္တာခေါ် သဒ္ဒါငယ်ကျမ်းကို သင်ယူခဲ့သည်၊ အင်ကြင်းတောတိုက်သူကြီးကျောင်းသို့ စာချဆရာတော် ဦးပရမကို ပင့်လာသောအခါ အင်ကြင်းတောတိုက် သူကြီးကျောင်း ဘုန်းတော်ကြီး ဦးပရမထံ သို့ ရွှေ့ပြောင်း နေထိုင်ရလေသည်၊

ဆိပ်ခွန်ရွာကြီး၏ အနောက်မြောက်ယွန်း တာ ၄၀၀-ခန့် အကွာတွင် နာမည်ကျော် အင်ကြင်းတောစေတီကြီး ရှိလေသည်။ ထိုအင်ကြင်းတောစေတီတော်မြတ်ကား သမိုင်းအဆိုအရ သီရိဓမ္မာသောကမင်း, နရပတိစည်သူမင်း, မင်းတုန်းမင်းတရားကြီးစသော ရှေးမင်းများ အဆင့်ဆင့် တည်ထားပြုပြင် ကိုးကွယ်ခဲ့သော ပွဲတော်ရစေတီတော်ကြီး ဖြစ်၏။ ပွဲတော်ရက်မှာ ထန်ခူးလဆန်း ၈-ရက်မှ တန်ခူးလပြည့်နေ့အထိ ဖြစ်လေသည်။ ပွဲတော်ချိန်တွင်မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများ ဈေးသည်များ ဈေးဝယ်များ စုဝေးလာရောက်ကြသဖြင့် အလွန်စည်ကားလေသည်။ တောသုံး မြို့သုံး လူသုံးကုန်ပစ္စည်းမှန်သမျှ ထိုပွဲတော်တွင် လိုရာရနိုင်သည်ဟူ၍ပင် အဆိုရှိသည်။

ထိုအင်ကြင်းတော စေတီတော်မြတ်အနီးတွင် ရှေးအခါမှစ၍ ကျောင်းများ ရှိခဲ့ကြသည်။ ထိုကျောင်းများကို တစ်တိုက်တည်းအဖြစ်ဖြင့် အင်ကြင်းတောတိုက်ဟု ခေါ်သည်။ ယခုအခါ နာမည်ကျော်နေပြီဖြစ်သော မဟာစည်ကျောင်းလည်း တစ်ကျောင်းအပါအဝင်ဖြစ်သည်။ ရှေးအခါကမူ ထိုကျောင်းကို မဟာစည်ကျောင်းဟု မခေါ်၊ ကျောင်းထိုင်သော ဘုန်းကြီးများ၏အမည်ဖြင့်သာ ခေါ်ဝေါ်ကြသည်။ သူကြီးကျောင်းကား မဟာစည်ကျောင်း၏ အနောက်မြောက်ဖက်နားတွင် ကပ်လျက်ရှိသည်။ ရှေးကျောင်းဟောင်းဖြစ်သော်လည်း သူကြီးက ပြုပြင်ဆောက်လုပ်သောကြောင့် သူကြီးကျောင်းဟု တွင်ခဲ့ခြင်း ဖြစ်လေသည်။ ဤသူကြီးကျောင်းသည်ပင် ရှင်သောဘန ရဟန်းလေးဝါရသည်အထိ နေထိုင်ခဲ့ရာ ကျောင်းဖြစ်လေသည်။ သူကြီးကျောင်းဆရာတော်အထံမှာပင် ကိုရင်သောဘနသည် ပရိယတ်ဆိုင်ရာ ကျမ်းဂန်တို့ကို ဆက်လက် လေ့လာအားထုတ်ခဲ့သည်။ အထူးအားဖြင့် ၁၉-နှစ်အရွယ် သာမဏေဘဝဖြင့် သာမန်ရဟန်းများပင် မချဉ်းကပ်ဝံ့သော သမ္မောဟဝိနောဒနီ အဋ္ဌကထာနှင့် မူလ ဋီကာကျမ်းကြီးကို လေ့လာသင်ယူခဲ့သည်။

## ရဟန်းဘဝ သို့ရောက်ခြင်း

အသက် ၁၉-နှစ် ကျော်လာသောအခါ ကိုရင်ကြီး ရှင်သောဘနအဖို့ ဘဝနှင့်စပ်၍ အရေးကြီးသော ဆုံးဖြတ်ချက်တစ်ခုချရန် အချိန်ရောက်လာလေသည်။ မိမိသည် သာသနာ့ဘောင်မှာပင်နေ၍ စာပေကို အတန်သင်ပြီးပြီ၊ အခြားသူတို့ နှစ်ပေါင်း

များစွာ သင်ရသည့်စာများကို မိမိက နှစ်အနည်းငယ်ဖြင့်ပင် ပေါက်ရောက်အောင် သင်ယူနိုင်ခဲ့၏၊ ထို့ကြောင့် မိမိသည် ဉာဏ်စွမ်း ဉာဏ်စရှိသူဖြစ်၏၊ ဤအစွမ်း အစကို အသုံးချ၍ လှူ့ဘောင်စီးပွားရေးစသော လုပ်ငန်းတို့ကို လုပ်လျှင်လည်း မိမိသည် ကြီးပွားထွန်းကားမည်မှာ သေချာသည်၊ ဗုဒ္ဓစာပေကိုလည်း အတော် အတန် လေ့လာပြီးဖြစ်၍ လူ့ဘောင်မှာဆိုလျှင် ဘာသာရေးဗဟုသုတ ကြွယ်ဝသူပင် ဖြစ်နိုင်သည်၊ ထို့ပြင် လူ့ဘဝမှာလည်း ဘာသာရေးကို လေ့လာနိုင်သည်ပင် ဖြစ်၏၊ မိမိနှင့် ဆွေမျိုးတော်သော ဦးပဉ္စင်း ဦးစန္ဒိမာထံမှာ ချည်ပါရွာ ရွှေသိမ်တော် ကျောင်း၌ နေစဉ်က သင်ယူထားသော အင်္ဂလိပ်စာကလည်း သင်လက်စရှိနေသည်၊ လူ့ဘောင်မှာဆိုလျှင် ထိုအင်္ဂလိပ်စာကို အလိုရှိသလောက် ဆက်လက်၍ သင်ယူနိုင် မည်ဖြစ်သည်၊ ထို့ကြောင့် ယခု လူ့ဘောင်သို့ ပြန်သွားမည်လော၊

မိမိသည် ဗုဒ္ဓစာပေကို အတော်အတန် လေ့လာသင်ယူပြီးဖြစ်၍ သာသနာတော်၏ အတိမ်အနက်ကို ရိပ်စားမိပြီးဖြစ်နေပြီး သာသနာတော်၏အရသာ ရှင်ရဟန်းဘဝ၏ အရသာကိုလည်း နားလည်နေပြီး အရသာကောင်းတစ်ခုကို စားသုံးဖူးသူသည် ထိုအရသာကိုသာ တိုး၍ တိုး၍ စားသုံးလိုသကဲ့သို့ မိမိလည်း အရသာတွေ့စ ပြုနေပြီး ဖြစ်သော ဘုရားဒေသနာတော်များကို ဆက်လက်လေ့လာလိုသည်၊ မြတ်စွာဘုရား၏ အဆုံးအမတော်များကို လက်တွေ့ ကျင့်သုံးလိုသည်၊ အထူးသဖြင့် ကမ္မဋ္ဌာန်း ဆိုင်ရာ ဟောကြား နည်းညွှန်ချက်တို့ကို လက်တွေ့ ကျင့်ကြံလိုသည်၊ တတ်နိုင်ပါ လျှင် မိမိတို့ နယ်တဝိုက်၌ အကျော်အမော် ဖြစ်တော်မူခဲ့သော သီးလုံးဆရာတော် ဘုရားကြီးလို ဖြစ်လိုသော ဆန္ဒကလည်း ရှိသည်၊ ဤရည်ရွယ်ချက်များကို အောင် မြင်စွာ အကောင်အထည်ဖော်လိုလျှင် သာသနာ့ဘောင်မှာ နေမှဖြစ်မည်၊ ထို့ ကြောင့် ရဟန်းဘောင်သို့ တက်လှမ်း၍ သာသနာတော်မှာပင် ပျော်ပိုက်တော့မည် လော၊

ဤအတွေးအခေါ် လမ်းဆုံသို့ရောက်နေသော ရှင်သောဘန ချမှတ်ရမည့် ဆုံးဖြတ်ချက်မှာ သူ့အတွက် အရေးကြီးသော ဆုံးဖြတ်ချက်ဖြစ်မည်မှာ ပြောစရာ မလိုပါ၊ သို့သော် ယနေ့ မြန်မာနိုင်ငံ သာသနာရေးကို ကြည့်လျှင် ထိုဆုံးဖြတ်ချက် မှာ အနာဂတ် သာသနာအတွက် အလွန်အရေးပါ အရာရောက်သော ဆုံးဖြတ် ချက် ဖြစ်မည်ကိုပါ သိနိုင်ပါသည်၊ အကယ်၍သာ ထိုစဉ်က ရှင်သောဘနသည်

လူ့ဘောင်သို့ ပြန်သွားရန် ဆုံးဖြတ်ချက်ချခဲ့ပါလျှင် ယနေ့သာသနာတော်သည် (အထူးသဖြင့် ပဋိပတ် သာသနာတော်သည်) လက်ရှိ အခြေအနေမျိုးဖြင့် နေကောင်းမှ နေမည် ဖြစ်ပါသည်၊ တစ်ပါးသော အခြေအနေဖြင့်သာ တည်နေရာသည်ဟု ခန့်မှန်းပြောဆိုနိုင်ပါသည်၊ သမိုင်းဝင်ဖြစ်မည့် ပုဂ္ဂိုလ်တို့၏ ဖြစ်ရပ်များမှာ ဤနည်းနှင်နှင် တိုင်းပြည် အမျိုးဘာသာ သာသနာအပေါ်ယ်၌ တစ်နည်းမဟုတ် တစ်နည်းဖြင့် အကျိုးသက်ရောက်မှု ရှိသည်သာ ဖြစ်လေသည်၊

ရှင်သောဘန မည်သည့် ဆုံးဖြတ်ချက် ချခဲ့သည်ကို အထူး ရေးသားစရာလိုမည်မထင်၊ ယင်းဆုံးဖြတ်ချက်ကြောင့်ပင် ရှင်သောဘနသည် အသက် ၁၉-နှစ်နှင့် ၄ လမျှရသော ၁၂၈၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄-ရက် တနင်္လာနေ့တွင် ရဟန်းအဖြစ်သို့ တက်လှမ်း၍ ဦးသောဘနအဖြစ်သို့ ရောက်ရှိခဲ့လေသည်၊

ထိုစဉ်က ဆိပ်ခွန်ရွာအနီးရှိ ထန်းစင်ရွာ သုမေဓာတောရတွင် သုမေဓာဆရာတော် ဘုရားကြီး သီတင်းသုံးတော်မူလျက် ရှိသည်၊ ထိုဆရာတော်ဘုရားကြီးကား မဟာဗိုလ် ဂိုဏ်းကြီး၏ ဂိုဏ်းချုပ်ဆရာတော် ဖြစ်တော်မူသည်၊ ထို့ကြောင့် ဦးသောဘနသည် အင်ကြင်းတောတိုက်ရှိ ဗဒ္ဓသိမ်တော်၌ ဂိုဏ်းချုပ် သုမေဓာဆရာတော် ဘုရားကြီး အရှင်နိမ္မလ မထေရ်ကို ဥပဇ္ဈာယ်ပြု၍ သူကြီးကျောင်းဘုန်းတော်ကြီး ဦးပရမ စသော ကမ္မဝါစာဆရာများနှင့် ၃၅ ပါးသော ကမ္မကာရကသံဃာတော်တို့၏ အချီးအမြှောက်ဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ ထိုသို့ ရဟန်းအဖြစ်သို့ တက်ရောက်ရာတွင် ဦးလေးဖြစ်သူ ဦးအောင်ဘော်-ဒေါ်သစ်တို့က ရဟန်းဒါယကာအဖြစ် ခံယူချီးမြှောက်ကြသည်၊

အရှင်သောဘနသည် ပရိယတ်၌သာ ဆန္ဒရှိသည်မဟုတ်၊ ပဋိပတ်၌လည်း ဆန္ဒရှိသည်၊ ပဋိပတ်ကို လက်တွေ့ကျင့်သုံး၍ မြတ်စွာဘုရား၏ စကားတော်များ မှန်ကန်ကြောင်း ကိုယ်တွေ့သိလိုသည်၊ သို့သော်ပရိယတ် မပြည့်စုံသေး၍ တစ်ကြောင်း၊ ငယ်သေး၍ တစ်ကြောင်း၊ ပဋိပတ်ဆန္ဒကို အသာထိန်းချုပ်၍ အခြေခံဖြစ်သည့် ပရိယတ်ကိုသာ ကြိုးကြိုးစားစား လေ့လာသင်ယူခဲ့သည်၊ သူတစ်ပါးတို့အားလည်း တတ်သမျှ ပို့ချပေးခဲ့သည်၊ ဤသို့ ပရိယတ်ကို အားထုတ်နေစဉ်မှာပင် ပဋိပတ်၏ အောက်ခြေဖြစ်သည့် သီလကို လုံခြုံအောင်ထိန်းမှု ဓုတင်ကျင့်သုံးမှုတို့၌လည်း မေ့

မေ့ လျော့လျော့ မနေခဲ့ပေ။ ရဟန်းဖြစ်ပြီးစ လေးလအတွင်းမှာပင် ရုက္ခမူဓုတင်, ပိဏ္ဍပါတိကဓုတင်, ဧကာသနိကဓုတင်, ပတ္တပိဏ်ဓုတင်စသည်တို့ကို ဆောက်တည် ကျင့်သုံးခဲ့လေသည်။

ပရိယတ်စာပေကိုလည်း သူကြီးကျောင်း ဘုန်းတော်ကြီး ဦးပရမအထံမှာပင် ဆက်လက် သင်ယူလေသည်။ ပါဠိတော်, အဋ္ဌကထာ, ဋီကာများကို ပေါက်သည် ထက် ပေါက်အောင် လေ့လာသည်။

## ပဋ္ဌမပြန် စာမေးပွဲဝင်ခြင်း

အရှင်သောဘန ရဟန်းဖြစ်ပြီးစ အချိန်သည် မြန်မာနိုင်ငံ၌ ရဟန်းတော်လောက တွင် စာမေးပွဲ ခေတ်စားစ ပြုချိန်ဖြစ်၏။ စာမေးပွဲ အောင်ထားလျှင် စာတတ်သူဟု အများက အသိအမှတ်ပြုကြသည်။ သာသနာတော်ဆိုင်ရာ လုပ်ငန်းတို့တွင်လည်း စာမေးပွဲ အောင်ထားမှုရှိလျှင် အကျိုးပြီးနိုင်သော လုပ်ငန်းများရှိသည်။ ရှင်းရှင်း ဆိုရလျှင် စာမေးပွဲအောင်ထားသူ၏ လုပ်ဆောင်ချက် ဟောပြောချက်တို့ကို အများ က အလွယ်တကူ လက်ခံလိုက်နာ ယုံကြည်လေ့ရှိကြသည်၊ စာမေးပွဲအောင်ထား မှ အဆင့်အတန်းမီသည်ဟု အများက မှတ်ယူထားကြသည်၊ ထို့ကြောင့် မိမိ အနာဂတ်သာသနာရေးဆိုင်ရာ လုပ်ဆောင်ချက်တို့တွင် ပိုမို၍ ထိရောက်မှုရှိစေရန် အရှင်သောဘနသည် ၁၂၈၆–ခုနှစ် ရဟန်း၀ါ မရမီမှာပင် အစိုးရ ပထမငယ်တန်းကို ၀င်ရောက်ဖြေဆိုလေသည်၊ မည်သည့် ပုစ္ဆာများကို မေးတတ်သည်ဟုပင် မကြားဘူး သော်လည်း မိမိသည် ပထမငယ် အဆင့်အတန်းမကသော စာပေတို့ကို ပေါက် ရောက်ပြီး ဖြစ်သည့်ပြင် အခြားသူများအား သင်ပေးနေသဖြင့် အလွယ်တကူပင် အောင်မြင်ခဲ့လေသည်၊

ရဟန်း ၁–၀ါရပြီးနောက် ၁၂၈၇–ခုနှစ်တွင် အရှင်သောဘနသည် ရန်ကုန် တစ်ဖက်ကမ်း သလျှင်မြို့သို့ ကြွသည်၊ မိုးဦးကျချိန် သံလျင်မြို့သို့ ရောက်သည်။ ထိုမှတဖန် ဆိပ်ခွန်ဇာတိ ဘုန်းကြီးတစ်ပါးရှိရာ ပုသိမ်သို့ ကြွသည်၊ ထို့နောက် သံလျင်မြို့သို့ ပြန်ကြွ၍ ၀ါဆိုလေသည်၊ ထိုနှစ်က ခရီးများ နှင်ခဲ့သဖြင့် စာပြန်ပွဲ မဝင်နိုင်ခဲ့ပေ၊ ၁၂၈၈ ခုနှစ်မှသာ သံလျင်မှနေ၍ ပဋ္ဌမလတ်တန်း စာမေးပွဲကို ရန်ကုန်ကျောင်းတော်ရာတိုက် မြသိန်းတန်းကျောင်းမှာ တည်းခို၍ ၀င်ရောက်ဖြေ

ဆိုခဲ့သည်၊ မပင်မပန်းပင် ဖြေဆိုအောင်မြင်ခဲ့သည်၊ ပဌမလတ်တန်း အောင်မြင်ပြီး နောက် အရှင်သောဘနသည် အစိုးရက လှူသော ဆုတော်ငွေကိုပင် ကျောင်းဘုန်းကြီးအား လှူခဲ့၍ အောင်လက်မှတ်မျှကိုသာ ယူပြီး ဆိပ်ခွန်သို့ ပြန်ကြွလာလေသည်၊ ဆိပ်ခွန်မှပင် ၁၂၈၉-ခုနှစ် ပဌမကြီးတန်းကို ဝင်ရောက် ဖြေဆိုတော်မူခဲ့သည်၊ ဆိပ်ခွန်ရွာတွင် စာဖြေဌာနမရှိသဖြင့် ရွှေဘိုသို့ သွားရောက် ဖြေဆိုရသည်၊ ထိုနှစ်က ယခု အမရပူရမြို့ဂန္ဓာရုံ ဆရာတော်၏ညီ အရှင်လာသနသည်လည်း ကိုရင်ဝတ်ဖြင့် ရွှေဘိုမှာပင် ဝင်ရောက်၍ ပဌမကြီး ဝင်ရောက် ဖြေဆိုသည်ဟု မဟာစည် ဆရာတော် မိန့်တော်မူသည်ကို မှတ်သားရပါသည်၊

## မန္တလေး သို့တက်ခြင်း

အရှင်သောဘနတို့ခေတ်က ပဌမကြီး အောင်သည်ဆိုလျှင် စာမေးပွဲလမ်းဆုံးလေပြီ၊ ရှေ့တက်စရာမရှိတော့၊ ယခုခေတ်မှာကဲ့သို့ စာချတန်းစာမေးပွဲများ မရှိသေး၊ စာများလည်း အတော်ပေါက်ရောက်ပြီး စာမေးပွဲများလည်း လမ်းဆုံးနေပြီဖြစ်ရာ ထိုထိုဆရာတော်တို့ထံမှ အာစရိယဝါဒ ရရန်သာ လိုတော့သည်၊ အချို့သော နေရာတို့တွင် အာစရိယမုဋ္ဌိ လက်ဆုပ်ရှိမှုလည်း ကျမ်းဂန်အယူအဆတွင် လမ်းမှန်သို့ ရောက်နိုင်သည်၊ အာစရိယဝါဒများများရရန်မှာ ဆရာများများ ရှိသောနေရာမှာ နေမှသာ ဖြစ်မည်၊ ထို့ကြောင့် အရှင်သောဘနသည် ရဟန်းဝါ ၄-ဝါ အရ၊ ၁၂၉၀-ပြည့်နှစ်တွင် လောကုတ္တရာဆိုင်ရာ စာပေ၌ ဆရာပေါများလှသော မန္တလေး ရတနာပုံ မြို့တော်သို့ တက်ခဲ့လေသည်၊ များသောအားဖြင့် မန္တလေး သို့ သွားသည်ကို စာတတ်သည်ဟု ဆိုလေ့ရှိကြ၏၊ သို့သော် အရှင်သောဘန၏ အဖို့မှာမူ ဗဟုသုတ ရှာတတ်သည်၊ စာနာတတ်သည်ဟုဆိုမှ ပို၍ မှန်ကန်မည် ဖြစ်သည်၊

ထိုအချိန်သည်ကား မန္တလေးမြို့၌ ကျောင်းတိုက်ကြီးတို့တွင် စာသင်သားသံဃာလည်း ပေါများ စာချအကျော်အမော် ဆရာတော်တို့လည်း တိုက်တိုင်းမှာ လိုပင် ရှိကြ၍ စာသင်သားရော စာချဘုန်းကြီးပါ ပရိယတ်ကို သဲသဲမဲမဲ အားထုတ်ကြသော အချိန်ဖြစ်၏၊ စာချဘုန်းကြီးများ ပေါလှသဖြင့် သာမန် တော်သော ဆရာတော်များ နာမည်များစွာ မထွက်နိုင်ခဲ့ပေ၊ စာလည်းအလွန်တတ် စာချလည်း အလွန်ကောင်းမှသာ ထိုစဉ်က မန္တလေးမြို့တွင် နည်းမည်ရ စာချဆရာတော် ဖြစ်

နိုင်လေသည်။ ထို့ကြောင့် ပရိယတ်တွင် နည်းစုံလိုသည်ဆိုလျှင် မန္တလေးမြို့သည် ဧကန်မရောက်လျှင် မဖြစ်သည့် မြို့ဖြစ်လေသည်။ ထို့ကြောင့် အရှင်သောဘနသည် မိမိ၏ဇာတိရပ်ရွာ ဆရာသမား မိဘစသူတို့ကို ခွဲခဲ့ကာ မန္တလေးသို့ ရှေ့ရှုထွက်ခဲ့ရပါတော့သည်။ မိမိနှင့် အဆက်အသွယ်ရှိသူများ အနောက်ပြင် ခင်မကန်တိုက် ဘွားတော်ကျောင်းမှာ ရှိကြသဖြင့် ထိုကျောင်းတိုက်သို့ပင် သွားရောက်ရလေသည်။

အရှင်သောဘနသည် ထိုခင်မကန်တိုက် ဘွားတော်ကျောင်းမှာပင် သီတင်းသုံးနေထိုင်လျက် ဆရာ့ဆရာတော်ကြီးများထံ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာဟို့ကို ထပ်မံလေ့လာတော်မူလေသည်။ ထိုစဉ်က အနောက်ပြင်တွင် ချမ်းသာကြီး ဦးလက္ခဏ ဆရာတော်မှာ နာမည်ကြီး၍ အကြိုက်များသော စာချဆရာတော် ဖြစ်တော်မူသည်။ ထိုဆရာတော်၏ စာဝါဆိုလျှင် အရှင်သောဘနသည် မလွတ်တန်း လိုက်ခဲ့သည်။ ထို့ပြင် ဆရာတော်ဦးလက္ခဏကဲ့သို့ပင် နာမည်ကျော်ဖြစ်သော တောင်သမန်တိုက်၊ ခင်မကန်တိုက်၊ အလယ်တိုက်ကြီး အနောက်ဘက်ရှိ တိုက်သစ် ဆရာတော် ဦးဣန္ဒဝံသာဘိဝံသစသော ဆရာတော်တို့၏ စာဝါတို့ကိုလည်း အလွတ်မပေးခဲ့ပေ။

ဤသို့လျှင် အရှင်သောဘနသည် ပရိယတ်နယ်ပယ်တွင် ကျော်ကြားသော ဆရာတော်များထံ ၁-နှစ်ကျော်မျှ နည်းခံ သင်ကြားခဲ့လေသည်။ မန္တလေး၌ နေသော နှစ်မှာ နည်းသည်ဟု ဆိုကောင်း ဆိုကြပေမည်။ သို့သော် ပင်ကိုယ်ဉာဏ်စွမ်းရှိ၍ စာနှံ့ပြီးသော အရှင်သောဘနအဖို့ကား တစ်နှစ်ကျော်အချိန်သည် ကောင်းကောင်း လုံလောက်သည်ဟုပင် ဆိုရမည်ဖြစ်ပါသည်။ တစ်ကြောင်းကလည်း အရှင်သောဘနသည် မန္တလေးမြို့၌ ဤထက်ကြာကြာနေရန်ပင် ရည်မှန်းချက်ရှိမည် ဖြစ်ပါသည်။ သို့သော် ၁၂၉၁-ခုနှစ်တွင် မန္တလေးမြို့မှ ထွက်ခွာရန် အကြောင်းပေါ်ပေါက်လာရကား မိမိရည်မှန်းချက်အတိုင်း မဟုတ်တော့ဘဲ မန္တလေးမှ စောစောထွက်ခွာခဲ့ရလေသည်။

အရှင်သောဘန မန္တလေးသို့ရောက်သည့် ၁၂၉၀-ပြည့်နှစ်ကား ရေမြက်ကြီးအင်း ရေလျှံသောနှစ်ဖြစ်၏။ ထိုနှစ် အရှင်သောဘန၏ အစ်ကိုဝမ်းကွဲတစ်ဦး ပျက်စီး၍ ဆိပ်ခွန်သို့ ကြွသောအခါ သဘောၤဖြင့် ကျောက်မြောင်းသို့ ကြွ၍ ထိုမှတစ်ဆင့် ရွှေဘို ဆိပ်ခွန်သို့ ကြွရကြောင်း ဆရာတော် အမိန့်ရှိပါသည်။

## မော်လမြိုင် တောင်ဝိုင်းကလေး သို့ရောက်ခြင်း

ခင်မကန်တိုက်တွင် နေထိုင်လျက်ရှိသော အရှင်သောဘနထံသို့ တစ်နေ့သော် စာတစ်စောင် ရောက်လာသည်၊ ထိုစာကား မော်လမြိုင် တောင်ဝိုင်းကလေးတိုက် ကျောင်းဆရာတော်ထံမှ စာဖြစ်၏၊ စာမှာ အရှင်သောဘနအား တောင်ဝိုင်းကလေး သို့လာ၍ တပည့်များအား စာချပေးစေလိုကြောင်း အမိန့်ရှိသော စာဖြစ်သည်၊ ဆရာတော် ဘုရားကြီးသည် မော်လမြိုင်၌ ကျောင်းထိုင်နေသော်လည်း ဆိပ်ခွန်ရွာ ဇာတိ ဖြစ်တော်မူသည်၊ အရှင်သောဘန၏ စာမေးပွဲအောင်မြင်မှုစသော ပရိယတ် ဆိုင်ရာ စွမ်းဆောင်ချက်တို့ကို ကြားသိတော်မူပြီး ဖြစ်၏၊ ထိုကြောင့်ပင် မိမိနှင့် ဇာတိချင်းတူသော အရှင်သောဘနကို ပရိယတ် သာသနာပြုရာ၌ အကူအညီပေးရန် အမိန့်ရှိခြင်း ဖြစ်လေသည်၊ ဆရာတော်ကြီးမှာ အလွန်လေးစားအပ်သော ပုဂ္ဂိုလ် ဖြစ်၍ ဆရာတော်ကြီး၏ စကားကို ပယ်ရှားရန် မသင့်သည်ကတစ်ကြောင်း၊ မိမိလည်း မန္တလေး၌ အတော်အတန်အားရအောင် ဆရာအမျိုးမျိုးထံမှ နည်းခံ အားထုတ် ပြီးသည်လည်း တစ်ကြောင်း တို့ကြောင့် ထိုနှစ် (၁၂၉၁)မှာပင် မော်လမြိုင်သို့ ထွက်ခွာခဲ့လေသည်၊

မိမိဘဝ၌ ကဏ္ဍသစ်တစ်ခုကို အစပြုရန် ဌာနသစ်တစ်ခုသို့ ရှေးရှုထွက်လာ ခဲ့သော အရှင်သောဘနကို မော်လမြိုင် တောင်ဝိုင်းကလေးသည် ဖော်ရွေစွာ ခရီးဦးကြိုလင့်သကဲ့သို့ ရှိနေလေသည်၊ မှန်ပေသည်၊ မော်လမြိုင် တောင်ဝိုင်း ကလေးဟု ခေါ်ရသော်လည်း အမှန်မှာ တောင်ဝိုင်းကလေးသည် မော်လမြိုင်မြို့ တွင်းမှာ မဟုတ်ပေ၊ မြို့၏ အရှေ့ဖက် ၂ - မိုင်ကျော်ခန့် အကွာအရပ်၌ တည်ရှိသော ဌာနတစ်ခုသာ ဖြစ်လေသည်၊ ထိုအရပ်၌ တောင်စွယ်တစ်ခုမှာ ခပ်ဝိုင်းဝိုင်း ခပ်ဝိုက် ဝိုက်ဖြစ်၍ အနွတ္ထအားဖြင့် တောင်ဝိုင်းကလေးဟု သမုတ်ခံရသည်၊ မိုးများသော အောက်နိုင်ငံဖြစ်သည့်အတိုင်း ထိုတောင်ဝိုင်းကလေးသည် အမြဲတမ်းစိမ်းလန်းစိုပြေ လျက်ရှိသော သစ်ပင်မျိုးစုံဖြင့် တန်းဆာဆင်ထားသကဲ့သို့ ရှိသည်၊ မြို့နှင့်အလှမ်း ကွာသဖြင့် တိတ်ဆိတ်မှုလည်း ရှိသည်၊ တိတ်ဆိတ်မှုရှိသည် ဆိုရာ၌လည်း "သူ တော်ကောင်းဘုံ ကာမဂုဏ် အာရုံ ဆိတ်ရမည်" ဆိုသည့်**အတိုင်း** လောကီအာရုံတို့ မှလည်း ဆိတ်သည်၊ ပျော်ပွဲ ရွှင်ပွဲတို့ဖြင့် ပြည့်လျှံ**စည်ကား**လျက်ရှိသော မြို့ကြီး ပြကြီးအရပ်သည် လောကီအာရုံ လိုက်စားသူတို့ကို ဖိတ်ခေါ်နေသကဲ့သို့ပင် သစ်ပင်

သစ်ရိပ်ကောင်း၍ ကာမဂုဏ်မပါသော တရားမွေ့မှုမျိုးဖြင့် မွေ့လျော်ဖွယ်ကောင်း လှသော ဌာနသည်လည်း သူတော်ကောင်းတို့ကို ဖိတ်ခေါ်နေသကဲ့သို့ပင် ရှိခဲ့ပေသည်၊ ထို့ကြောင့်ပင် တောင်ဝိုင်းကလေးကို မြင်လိုက်ရသည်ဆိုလျှင်ပင် မြင်ရသူ၏ စိတ်ဓာတ်သည် တရားဖက်သို့ ဦးလှည့်ပြီးသား ဖြစ်၍ နေတော့သည်၊ သို့ကြောင့်ပင်လည်း တောင်ဝိုင်းကလေးကျောင်း၌ ကုသိနာရုံ၊ သီတာရုံ၊ ပဓာနိကာရုံ၊ သရက်တောကျောင်း၊ တိုက်ကျောင်းစသော ကျောင်းတို့ အစီအရီ ပေါ်လာကာ အေးချမ်းစွာဖြင့် ပရိယတ် ပဋိပတ်ကို အားထုတ်လိုသော ပုဂ္ဂိုလ်တို့ ပေါများလာခဲ့ခြင်း ဖြစ်လေသည်၊ အရှင်သောဘနကို ဆီးကြိုလျက်ရှိသော တောင်ဝိုင်းကလေးကား မြင်ရုံဖြင့်ပင် စိတ်ဓာတ်ကို တည်ငြိမ် ကြည်နူးသွားစေနိုင်သော သစ်ပင် တောတောင်စသော သဘာဝအသိုင်းအဝိုင်း ဝိုင်းဖြင့်လည်းကောင်း၊ ရဟန်းတော်တို့အတွက် သဒ္ဓါတရား ထက်သန်သူတို့က မွန်မွန်မြတ်မြတ် ဆောက်လုပ် လှူဒါန်းထားသော ကျောင်းတို့ဖြင့်လည်းကောင်း တန်ဆာဆင်အပ်သည်ဖြစ်၍ ဆိတ်ငြိမ်မှု လိုလားသော ပရိယတ် ပဋိပတ်တရား၌ စိတ်ထက်သန်သော သံဃာတော်အရှင်မြတ်တို့နှင့် ပြည့်နှက်နေသော သူတော်ကောင်းဘုံတစ်ခု ဖြစ်လျက် နေပါတော့သည်၊ အရှင်သောဘန သီတင်းသုံးရန် ရောက်လာခဲ့သော တောင်ကား ထိုတောင်ဝိုင်းကလေးရှိ တိုက်ကျောင်းပင် ဖြစ်လေသည်၊

အရှင်သောဘနသည် ဇာတိတူဖြစ်သော တိုက်ကျောင်းဆရာတော် ဘုရားကြီးကို အမှီပြု၍ ထိုတိုက်ကျောင်း၌ သီတင်းသုံးကာ တပည့်စာသင်သားတို့အား ပရိယတ္တိ စာပေပို့ချပေးခြင်းဖြင့် သာသနာ့တာဝန် ကျောင်းတိုက်တာဝန်ကို ထမ်းဆောင်လေသည်၊ ဆိတ်ငြိမ်မှုလိုလားသော၊ မိမိဓာတ်ခံနှင့် ကိုက်ညီလှသော တောင်ဝိုင်းကလေး တိုက်ကျောင်း၌ အရှင်သောဘနသည် ၁၂၉၃-ခုနှစ် တိုင်အောင် ပျော်မွေ့စွာဖြင့် ဆရာတော်ကြီး၏ အလိုဆန္ဒကို ဖြည့်ရင်း တပည့်များအား စာပေပို့ချ သည့်အပြင် ကိုယ်တိုင်လည်း ပါဠိတော်, အဋ္ဌကထာ, ဋီကာများကို ကြည့်ရှုလေ့လာသည်၊ ထိုသို့ လေ့လာရာတွင်လည်း အရှင်သောဘနသည် ဒီဃနိကာယ်, မဇ္ဈိမနိကာယ်တို့၌လာသော မဟာသတိပဋ္ဌာနသုတ်ကို အဋ္ဌကထာ, ဋီကာတို့နှင့်တကွ အားရပါးရ လေ့လာလေသည်၊ အဘယ့်ကြောင့် ဤသုတ်ကို ဂရုတစိုက် အထူးတလည် လေ့လာနေရသနည်း၊ အကြောင်းရှိပါသည်၊ ထိုအကြောင်းကပင်

အရှင်သောဘန၏ သာသနာရေးဆိုင်ရာ လုပ်ငန်းကို လမ်းပြောင်းပေးလိုက်ပါတော့သည်။

## အရှင်သောဘနနှင့် ပဋိပတ်

အရှင်သောဘန၏ ဇာတိဖြစ်သော ဆိပ်ခွန်ရွာတည်ရှိသည့် နယ်မြေသည် ထူးခြားသော နယ်မြေဖြစ်၏၊ ပရိယတ် ပဋိပတ်ကို အလေးပေးကာ ဆရာတော်ကြီးများ သီတင်းသုံးခဲ့ရာ နယ်မြေဖြစ်သောကြောင့်တည်း။ ဆိပ်ခွန်ရွာမှ အရှေ့မြောက်ယွန်းယွန်းသို့ လှမ်းကြည့်လိုက်လျှင် စေတီကြီးတစ်ဆူကို အဝေး၌ ဖူးတွေ့ရမည်ဖြစ်၏၊ ထိုစေတီတော်ကြီးကား မြန်မာနိုင်ငံ ပဋိပတ်နယ်တွင် အလွန်ထင်ရှားတော်မူသော ဈာန်အဘိဉာဏ်ရ ရဟန္တာပုဂ္ဂိုလ်ကြီးဟု မှတ်ယူခြင်းခံရသောသီးလုံးဆရာတော်ကြီး၏ အရိုးအိုးစေတီတော်ပေတည်း။ ယင်းစေတီတော်ကြီး၏ ဒါယကာမှာ မင်းတုန်းမင်းတရားကြီးဖြစ်သည်။ ထိုစေတီတော်တည်ရှိရာအရပ်မှာ ဆရာတော်ကြီး တောရဆောက်တည်သည့် နေရာပင် ဖြစ်သည်။ (ဆရာတော်ကြီး၏ ပဋိပတ်ဆိုင်ရာနှင့် ပတ်သက်သော အံ့ဘွယ်သူရဲ ထူးကဲသောအကြောင်းများကို မဟာစည် ဝိပဿနာရှုနည်းကျမ်း၏ နိဒါန်း၌ရှင်း တွေ့ရှိနိုင်ပေသည်၊ အလိုရှိက ထိုကျမ်းတို့မှာ ကြည့်ပါ။ ဤကျမ်း၏အစပိုင်း အခြေခံ အကြောင်းအရင်းစသည်၌လည်း ပြထားခဲ့ပြီ။)

တဖန် ထိုဆိပ်ခွန်ရွာမှ တောင်ဘက် အရှေ့ယွန်းယွန်း ၅-မိုင်ခန့်အကွာတွင် မဟာဗိုလ်ရွာ တည်ရှိပြန်သည်၊ မဟာဗိုလ် ဆရာတော်ကြီးမှာလည်း ပဋိပတ်ကို အလေးပေးသော တော်ပျော်ဆရာတော်ကြီးဖြစ်၏၊ မင်းတုန်းမင်းကြီးလက်ထက်၌ ထင်ရှားကျော်ကြားသော ဆရာတော်ကြီးပင်။

ဤဆရာတော်ဘုရားကြီး ၂-ပါးတို့၏ ပဋိပတ်ဂုဏ်သတင်းမှာ အထူးသဖြင့် ထိုသီးလုံး မဟာဗိုလ်နယ်များတွင် ပျံ့နှံ့လျက် ရှိရကား ထိုရွာနှစ်ခုတို့၏ အကြားအရပ်၌ တည်ရှိသော ဆိပ်ခွန်ရွာသည် ထိုဆရာတော်ဘုရားကြီးတို့၏ ဂုဏ်ရနံ့သင်းပျံ့ကြိုင်လှိုင်ရာ အရပ်ပင် ဖြစ်တော့သည်။ ထိုဆရာတော် ဘုရားကြီး၏ အကြောင်းချင်းတို့ကိုလည်း ထိုနယ်ရှိ ပုဂ္ဂိုလ်များသည် သက်ကြီးစကား သက်ငယ်ကြားဖြင့် အနည်းနှင့် အများဆိုသလို သိကြသည်ပင် ဖြစ်လေသည်။

ထို့ပြင် အရှင်သောဘန၏ ဆရာစဉ်ဆက်ကို ကြည့်လိုက်လျှင်လည်း အရှင်သောဘနသည် သီးလုံးဆရာတော် မဟာဗိုလ်ဆရာတော်တို့မှ ဆင်းသက်လာသည်ကို တွေ့ရမည်ဖြစ်ပါသည်။ မှန်ပေသည် အရှင်သောဘန၏ ဥပဇ္ဈာယ်ဖြစ်တော်မူသော သုမေဓာဆရာတော် (ဦးနိမ္မလ)၏ ဆရာကား ပင်လယ်ဆရာတော် ဦးဝိစာရဖြစ်၍ ထိုဆရာတော်၏ ဆရာကား မန္တလေးမဂ္ဂဒွါရာမတိုက် ဆရာတော်ဦးခေမိန္ဒဖြစ်၏၊ ယင်းဦးခေမိန္ဒကား မဟာဗိုလ်ဆရာတော် (ဦးပဒုမ)၏ တပည့်ဖြစ်လေသည်။ မဟာဗိုလ် ဆရာတော်၏ ဆရာကား မန်ကျီးကန်ဆရာတော် ဦးနာရဒနှင့် သီးလုံးဆရာတော်(ဦးစန္ဒိမာ)တို့ပင် ဖြစ်လေသည်။ ထို့ကြောင့်ပင် ဤနယ် ဤပတ်ဝန်းကျင် ဤဆရာစဉ်ဆက်တွင် ကြီးပြင်းခဲ့သော အရှင်သောဘနအဖို့ ပဋိပတ်၌ စိတ်မညွတ်ဘဲ မနေနိုင်အောင် ဖြစ်ရသည်။ ပင်ကိုယ်သဘောအားဖြင့်လည်း နက်နဲတည်ငြိမ်သော သဘောရှိခဲ့သော အရှင်ဖြစ်ရာ ထိုဆရာတော် ဘုရားကြီးတို့၏ ပဋိပတ်နည်းနာနိဿယတို့၌ စိတ်ဝင်စားခဲ့သည်မှာ သဘာဝကျလှပါသည်။

ထို့ပြင် အရှင်သောဘနသည် စာချဘုန်းကြီးအဖြစ်သို့ ရောက်ပြီးဖြစ်၍ ဘုရားဟောစာပေတို့ကို အတော် အဝါးဝစွာ လေ့လာပြီးဖြစ်၏။ ပါဠိတော်တို့၌ မဂ်ဖိုပေါက် ကျင့်နည်း ကြံနည်းတို့ကို ဟောထားသော ဒေသနာများ များစွာရှိ၏၊ ထိုပါဠိတော်တို့နှင့်အညီ လက်တွေ့ကျင့်ကြံနည်းတို့ကို ဝိသုဒ္ဓိမဂ်၌ ပြဆိုထား၏၊ မြတ်စွာဘုရားကိုယ်တော်တိုင်က ကာလာမသုတ်ဟု ထင်ရှားသော ကေသမုတ္တိသုတ်၌ "မည်သည့်ဟောပြောချက်ကိုမဆို အစစ်အဆေးမရှိ လက်ခံမှုကို မပြုဘဲ မိမိကိုယ်တိုင် သိမြင်အောင် အားထုတ်၍ အကျိုးရှိသော တရားဖြစ်လျှင် လက်တွေ့ လိုက်နာကျင့်ကြံ၍ အကျိုးမရှိသော တရားဖြစ်လျှင် ပယ် ရှောင်ရမည်"ဟု ဟောတော်မူထားသည်။ ထို့ကြောင့် မိမိလေ့လာ ဆည်းပူးထားသော သဘောတရားဆိုင်ရာ အချက်အလက်တို့ကို လက်တွေ့ကျင့်သုံးမှုဖြင့် အတွက်တတ်ရန် များစွာအလိုရှိခဲ့သည်။ စာသင် စာချဘဝဖြင့် သာသနာ့ဝန်ကို ထမ်းရွက်နေစဉ်မှာပင် ပဋိပတ်နယ်ဆီသို့ စိတ်ကို စေလွှတ်ထား၍ မဝေးလှသော တစ်နေ့တွင် "ငါသည် လက်တွေ့လေ့လာအားထုတ်မည်"ဟူသော အဓိဋ္ဌာန်ကို ခိုင်မြဲစွာ ဆောက်တည်ခဲ့သည်။

မှန်ပေသည်။ မြတ်စွာဘုရား၏ တရားတော်မှာ တဆင့်ကြား ဝါ-စာပေတွေ သိနေရုံမျှဖြင့် တင်းတိမ်ရမည့် တရားမဟုတ်ပါ။ လက်တွေ့ လေ့လာကျင့်သုံးရမည့် တရားသာ ဖြစ်ပါသည်။ မြတ်စွာဘုရားသည် ဇာတိဘေးစသည်တို့ဖြင့် ကြောက်စရာကောင်းလှသော ဩဃသရာကြီးမှ ထွက်မြောက်ရန်, သို့မဟုတ် လောဘ, ဒေါသ, မောဟစသော တရားဆိုးတို့ကို အကြွင်းမဲ့ ပယ်ရှားသုတ်သင်ရန် နည်းအမျိုးမျိုးကို ဟောထားတော်မူခဲ့၏၊ ထိုနည်းတို့ကို စာတွေ့အရ သိရအောင် အားထုတ်၍ လက်တွေ့ သုံးမကြည့်ပါလျှင် အကျိုးပြီးမည်မဟုတ်ပါ။ ဆေးနည်းကို သိထားသော်လည်း ဝါ-မိမိမှာ ဆေးရှိနေသော်လည်း ထိုဆေးကို မဖော်မစားပါက ဆေး၏ အကျိုးကို ခံစားရမည်မဟုတ်ပါ။ ဆေးဆိုသည့် ပစ္စည်းသည် နည်းကို သိရုံသက်သက်ဖြင့် ဝါ-သိထားရုံသက်သက်ဖြင့် အကျိုးမရှိ၊ လက်တွေ့ စားမှသာ အကျိုးရှိသော ပစ္စည်းမျိုး ဖြစ်သည်။ မြတ်စွာဘုရား၏ တရားတော်သည်လည်း လောဘ, ဒေါသ စသော ရောဂါ ဇာတိ, ဇရာစသော ရောဂါတို့ကို ပယ်ဖျောက်မည့် ဆေးပင်ဖြစ်ရာ လက်တွေ့မကျင့်သုံးပါလျှင် အဘယ်မှာ အကျိုးရှိပါမည်နည်း။ မြတ်စွာဘုရားတရားတော်ကို လက်တွေ့မကျင့်သုံးပါလျှင် မိမိမှာရှိသော ကြောက်မက်ဖွယ် ရောဂါကို ပယ်ဖျောက်နိုင်သော ဆေးရှိပါလျက် ဆေးကို အသုံးမပြုသော သူကဲ့သို့သာ ဖြစ်ပါသည်။

ယခုအခါတွင် ဘုရားဖူးလမ်းညွှန်စာအုပ်များ, ခရီးသွားမှတ်တမ်းစာအုပ်များကို တွေ့ရ၏၊ ထိုစာအုပ်များကို ဖတ်ထားလျှင် ထိုအရပ်တို့သို့ ကိုယ်တိုင် မရောက်ဖူးသော်လည်း ထိုအရပ်တို့ဆိုင်ရာ အကြောင်းအရာများကို အခြားသူများအား တဆင့် ပြောပြနိုင်သည်။ သို့သော်-သူ၏အသိမှာ တဆင့်ခံ အသိမျှသာဖြစ်၍ ကိုယ်တိုင် ရောက်ဖူးသူ၏ အသိနှင့်ကား ကွာခြားချင်တိုင်း ကွာပေမည်၊ မည်သည့်နေရာ၌ မည်သည့်စခန်းရှိ၍ မည်သည့် အရာဝတ္ထုများ၊ ရှုခင်းများကို တွေ့နိုင်သည်ဟု ဆိုထားသော်လည်း ကိုယ်တိုင်သွားကြည့်သောအခါမှာမူ ပြောင်းလဲမှုများရှိကောင်း ရှိမည်ဖြစ်၏၊ စာအုပ်က ညွှန်ထားသော လမ်းထက် ကောင်းသောလမ်း, ညံ့သောလမ်း, တိုသောလမ်း, ရှည်သောလမ်း, ဖြတ်လမ်း, ဘေးပို၍ ကင်းသော လမ်း စသည်တို့ကို တွေ့ချင်လျှင် တွေ့မည်ဖြစ်၏၊ စာအုပ်မှာ မပါသော အတွေ့အကြုံများကိုလည်း အများအပြားပင် တွေ့မည်ဖြစ်၏၊ ထို့ကြောင့် ထိုသူ၏ ထို

ဌာနဆိုင်ရာအသိသည် ထိုဌာနသို့ သူကိုယ်တိုင် မရောက်သေးသမျှ တစ်ဆင့်ခံ အနေမှာသာ ရှိမည်ဖြစ်၏၊ ထိုဌာနသို့ ရောက်ဖူးသူဟုလည်း မိမိကိုယ်ကို မဆိုနိုင်၊ ထို့ကြောင့် ထိုဌာနနှင့် ပတ်သက်လျှင် မိမိမှာ စာအုပ်မှာပါသလောက်ကိုလည်း ပိုင်ပိုင်နိုင်နိုင် မဟုတ်ဘဲ စာအုပ်ကတော့ ဒီလိုဆိုတာပဲ၊ စာအုပ်ထဲမှာ ဒီလိုပါတယ်" စသည်ဖြင့်သာ ပြောပြနိုင်မည် ဖြစ်လေသည်၊ ကိုယ်တိုင် သွားရောက်ပြီးလျှင်ကား မိမိတွေ့မြင်ခဲ့ရ, တွေ့ကြုံခဲ့ရသော အရာတို့ကို ပိုင်နိုင်စွာ ပြောကြားနိုင်ပေလိမ့်မည်၊ စာဖတ်သူသည် ထိုဌာနသို့ သွားနိုင်သော အခြေအနေရှိသူ ဖြစ်ပါမူ လမ်းညွှန်စာအုပ်မျှဖြင့် ဝါ-လမ်းညွှန်စာအုပ်ကို ဖတ်၍ တစ်ဆင့် ပြန်ပြောသော စကားကို နားထောင်ရုံမျှဖြင့် ကျေနပ်နိုင်ပါမည်လား၊

အရှင်သောဘနသည် 'စာအုပ်မျှကိုသာ ဖတ်ရသူအဖြစ် စာအုပ်မျှကိုသာ ဖတ်၍ တစ်ဆင့် ပြောရသူအဖြစ်တို့ကို မလိုလားပေ၊ ကိုယ်တိုင် ထိုဌာနသို့ ရောက်ဖူး, အတွေ့အကြုံရှိဖူးသူ အဖြစ်ကိုသာ လိုလားတော်မူသည်၊ ထိုသို့ လိုလားသဖြင့်လည်း ပဋိပတ်၌ ညွှတ်ကိုင်းတော်မူခဲ့ခြင်း ဖြစ်ပေသည်၊

ထို့ပြင် ဘုရားဟော ပါဠိတော်များမှာ လမ်းညွှန်စာအုပ်များသဖွယ် ဖြစ်သည်ဟု ဆိုရသော်လည်း လမ်းညွှန်စာအုပ်များ၌ အမှားကင်းမည် မဟုတ်သော်လည်း ပါဠိတော်တို့၌ကား ထိုသို့မဟုတ်ပါ၊ ကိုယ်တော်တိုင်လည်း တွေ့ပြီး သဗ္ဗညုတဉာဏ်ရှင်လည်း ဖြစ်တော်မူသော ဘုရား၏ စကားဖြစ်၍ အမှန်ချည်းသာ ဖြစ်မည်ဆိုသည်ကိုမူ စိတ်ချလက်ချယုံကြည်ရမည် ဖြစ်ပါသည်၊

ထို့ကြောင့် မြတ်စွာဘုရား၏ တရားတော်ကို လက်တွေ့ကျင့်သုံးသည် ဆိုရာ၌ ဟုတ်မှ ဟုတ်ပါမည်လား၊ မှန်မှမှန်ပါမည်လား စသော သံသယစိတ် စုံစမ်းစိတ်တို့ဖြင့် ကျင့်သုံးသည်ကား မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပေ၊ ကိုယ်တိုင်ကျင့်သုံး၍ ကြည့်လျှင် မိမိကိုယ်တိုင် တွေ့ကြုံရသော အတွေ့သည် ဘုရားဟောနှင့် ကိုက်ညီနေကြောင်းတွေ့ရမည်မှာ သေချာလှပေသည်၊ ထိုအခါ မြတ်စွာဘုရားအပေါ်၌လည်းကောင်း, တရားတော်အပေါ်၌လည်းကောင်း, အလွန်အားကြီးသော ယုံကြည်မှု သဒ္ဓါတရားတို့ ဖြစ်ပေါ်လာမည်မှာ ဓကန်ပင်၊ ကိုယ်တိုင်မတွေ့မီက ကြည်ညိုခဲ့ယုံကြည်ခဲ့သည်မှာ ပုဂ္ဂိုလ်အပေါ် ယုံကြည်မှုကြောင့် ဖြစ်သော်လည်း ကိုယ်တိုင်

၂၅၈၁၅
သုတေသနစာကြည့်တိုက်
အာဆာနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာ့အေး၊ ရန်ကုန်၊

တွေ့ပြီးနောက် ယုံကြည်ခြင်းမှာမူ ထိုထက် အဆအရာ အထောင်မက ခိုင်မြဲသော၊ မည်သူမျှ ဖျက်ဆီး၍ မရနိုင်သော ခိုင်မာလှသည့် ယုံကြည်မှုမျိုးသာ ဖြစ်ပါသည်။

လောကူပမာအားဖြင့် ပြောရလျှင် လွန်ခဲ့သည့်နှစ်က ရန်ကုန် ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်ကို ပြင်ဆင်ရန် ငြမ်းဆောက်ခဲ့သည်၊ ထီးတော်အထိ တက်ရောက် ဖူးမြော်လိုသူများကိုလည်း တက်ရောက်ဖူးမျှော်ခွင့် ပြုခဲ့သည်၊ ကုသိုလ်ကောင်း၍ ကိုယ်တိုင်တက်ရောက် ဖူးမြော်ရသူတို့သည် ထီးတော်တွင် ခေါင်းလောင်းအမျိုးမျိုး ချိတ်ဆွဲထားပုံ၊ ငှက်မြတ်နား၊ စိန်ဖူးနှင့်တကွ ထီးတော်၌ အလွန်အဖိုးတန်သော ကျောက်မြတ်ရတနာများ စီခြယ်ထားပုံကို မျက်မြင်တွေ့ကြရလေသည်၊ ထိုသူတို့၏ ထီးတော်ကြီးနှင့် ပတ်သက်သော အသိမှာ တကယ်ခိုင်မာသော အသိဖြစ်၏၊ ထီးတော်ကြီးနှင့်ပတ်သက်၍ ရေးမှတ်တမ်းများ၌ ရေးသားထားသော အကြောင်းအရာများမှာ အမှန်အကန်ဖြစ်ကြောင်း ကိုယ်တိုင်သိသွားကြ၏၊ ထိုသူတို့အား တစ်စုံ တစ်ယောက်သော သူက "ထီးတော်ကြီး၌ အဖိုး မဖြတ်နိုင်သော ကျောက်မြတ်ရတနာ များရှိသည်ဆိုသည်မှာ ကြွားလုံးသာ ဖြစ်သည်၊ ထီးတော်ကြီး ငှက်မြတ်နား၊ စိန်ဖူးတို့၏ ပုံဆိုသော ဓာတ်ပုံများမှာလည်း ဓာတ်ပုံပညာဖြင့် လိမ်ညာ၍ ဖန်တီး၍ ရိုက်ထားပုံများသာ ဖြစ်သည်"ဟု ပြောခဲ့သော်လည်း ထိုသူကို "စိတ်မမှန်သူ"ဟု ဆိုပေလိမ့်မည်၊ ထိုသူ၏ စကားကြောင့် သူတို့၏ ယုံကြည်မှုအသိမှာ နည်းနည်းမျှပင် တုန်လှုပ်မည် မဟုတ်ပေ၊ အကြောင်းကား ကိုယ်တိုင် မြင်ထားသောကြောင့်တည်း၊ အရှင်သောဘနလည်း ထိုကဲ့သို့သော ရတနာ၃-ပါး၌ မလှုပ်မယိုင် ခိုင်မာလှသော သဒ္ဓါတရားကို ရလိုသည်၊ မိမိ၏ကိုယ်တွေ့အသိဖြင့် မြတ်စွာဘုရား၏ စကားတော်များကို အားပါးတရထောက်ခံလိုသည်၊ ဤအကြောင်းကြောင့်လည်း အရှင်သောဘနသည် ပဋိပတ်ကို ကိုယ်တိုင်လက်တွေ့ အားထုတ်လိုခြင်း ဖြစ်လေသည်၊

ပဋိပတ်ကို လက်တွေ့အားထုတ်လိုသူသည် နည်းပေါင်းများစွာရှိသည့်အနက်မှ မိမိကြိုက်နှစ်သက်ရာ နည်းကို ရွေးချယ်ရမည်ဖြစ်၏၊ ဝိသုဒ္ဓိမဂ်၌ သမထဝိပဿနာဆိုင်ရာ ထိုနည်းတို့ကို အကျယ်တဝင့် ဖွင့်ဆိုရေးသားထားသည်ကို တွေ့နိုင်သည်၊ သို့သော် နည်းရှိသမျှကို အားထုတ်ရမည်မဟုတ်၊ တစ်နည်းနည်းကိုသာ အားထုတ်ရန် ဖြစ်သည်၊ အရှင်သောဘနသည် သာမဏေဘဝကပင် မဟာသတိပဋ္ဌာန်သုတ်ကို လေ့လာကြည့်ရှုသောအခါ ထိုသုတ်နိဂုံးလာ ဘုရားရှင်၏ အာမခံချက်ကို တွေ့၍ သဘောကျခဲ့ဖူးသည်၊ ထိုအာမခံချက်ကား " သတိပဋ္ဌာန်တရား အားထုတ်လျှင် အကြာဆုံး ၇ နှစ်၊ အမြန်ဆုံး ၇ ရက်အတွင်းမှာ ရဟန္တာသော်လည်းကောင်း၊ အနာဂါမ်သော်လည်းကောင်း ဖြစ်နိုင်သည်"ဟူ၍ပင် ဖြစ်၏၊ မြတ်စွာဘုရား၏ အာမခံတော်မူချက်မှာ အားထုတ်ဖွယ် ကောင်းပါဘိသည်၊ ထိုကြောင့် ကမ္မဋ္ဌာန်း

ကို အလေးအနက် အားထုတ်မည့် ပုဂ္ဂိုလ်သည် အဆိုပါ အာမခံချက်ကို တွေ့သိထားသူ ဖြစ်ပါလျှင် သတိပဋ္ဌာန်ကိုပင် ရွေးချယ်မည်မှာ သေချာလှပေသည်။ ထို့ကြောင့်ပင် အရှင်သောဘနလည်း သတိပဋ္ဌာန်ကို အားထုတ်ရန် ဆုံးဖြတ်ချက်ချထားခဲ့လေသည်။

သတိပဋ္ဌာန်ကို အားထုတ်ရန် ဆုံးဖြတ်ချက်ချခဲ့ပြီးနောက် အရှင်သောဘနသည် သတိပဋ္ဌာန်သုတ်ကို ကျကျနန လေ့လာခဲ့သည်။ အဋ္ဌကထာ ဋီကာတို့နှင့် တိုက်ဆိုင်၍ မြတ်စွာဘုရားဆိုလိုတော်မူရင်း အာဘော်ကို ပိုင်နိုင်သည်အထိ လေ့လာခဲ့သည်။ အဋ္ဌကထာကို အလွတ်ရလုနီးပါးမျှ ဖြစ်အောင်ပင် သဲသဲမဲမဲ လေ့လာခဲ့သည်။ ထို့ကြောင့် တောင်ဝိုင်းကလေးမှ ထွက်ခါနီးအချိန်တွင် အရှင်သောဘနအဖို့ စာတွေ့ ဗဟုသုတမှာ ပြည့်စုံနေပြီပင် ဖြစ်သည်။ ကျမ်းဂန်ကိုပင် ဆရာ ဒရာထား၍ အားထုတ်မည်ဆိုလျှင်ပင် အထိုက်အလျောက် ဖြစ်နိုင်လောက်ပေပြီ။ သို့သော်-ကမ္မဋ္ဌာန်းတရား အားထုတ်သည့်အလုပ်မှာ လက်တွေ့လုပ်ရသော အလုပ်ဖြစ်၏၊ လက်တွေ့လုပ်ရသော အလုပ်၌ လက်တွေ့လုပ်ဖူးသော ဆရာကို အမှီပြုလျှင် သာ၍ ခရီးရောက်မည်၊ အချိန်ကုန် လူပမ်းအဖြစ် ကို ရှောင်နိုင်မည်၊ လက်တွေ့လေ့လာထားပြီးသော ဆရာ၏ ညွှန်ကြားချက်ကို လိုက်နာရလျှင် မိမိအဖို့ များစွာအကျိုးရှိမည်၊ လမ်းမှန်သို့ ရောက်မည်ကိုလည်း စိတ်ချ ယုံကြည်နိုင်သည်။

ယခုအခါတွင် စက်တစ်ခုခုကို ဝယ်သောအခါ ထိုစက်ဆိုင်ရာ လမ်းညွှန်စာအုပ်ကလေးလည်း ပါလာစမြဲဖြစ်၏၊ သို့သော် ထိုစာအုပ်ကို ဖတ်၍ နားလည်အောင် လုပ်ရသည်မှာ ပင်ပန်းပါဘိသည်၊ အချို့နေရာများတွင် မိမိအသိမှားမှုကြောင့် လုပ်ကိုင်၍ မဖြစ်သည်များကိုလည်း ကြုံရမည်ဖြစ်၏၊ အကယ်၍ ထိုစက်မျိုးကို လက်တွေ့သုံးဖူးသော ပုဂ္ဂိုလ်၏ ညွှန်ကြားပြသမှုကို ရပါလျှင် အလွန်သက်သာလွယ်ကူစွာဖြင့်လည်း နားလည်မည်၊ အမှန်အကန်လည်း နားလည်မည်မှာ သေချာလှပေသည်။ အချို့ အင်္ဂလိပ်စာ မတတ်၍ စာအုပ်ကို မဖတ်နိုင်သော်လည်း လက်တွေ့အသုံးပြုထားသဖြင့် ဆိုင်ရာစက်အကြောင်းကို ကောင်းကောင်းနားလည်နေသူများရှိကြ၏၊ ထိုသူများကို ဆရာတင်လိုက်ရလျှင် စာအုပ်ဖတ်ဖူးသူပင် ဖြစ်သော်လည်း များစွာအချိန်ကုန် သက်သာစွာဖြင့် စက်ကို အသုံးပြုတတ်သွားမည်ဖြစ်၏၊ လက်တွေ့

လုပ်ငန်းတွင် ဆရာမှာ ဤမျှအရေးကြီးသည်၊ ဆရာမရှိလျှင် ဆင်ကန်းတောတိုးပမာ စမ်း၍ မှန်း၍သာ လုပ်ရသဖြင့် လမ်းမှန်သို့ ရောက်ရန်မှာ လွန်စွာခဲယဉ်းသည်၊ ထို့ကြောင့်ပင် မြတ်စွာဘုရားက "ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိ တဗ္ဗော" ဟု အမှန်အကန် အသိဉာဏ်ကို ရရန် ဆရာကို ရှာမီးရမည်ဖြစ်ကြောင်း မိန့်တော်မူခဲ့ခြင်း ဖြစ်သည်၊

မြတ်စွာဘုရား၏ မိန့်ခွန်းတော်အရလည်းကောင်း၊ မိမိ၏ အသိအရလည်းကောင်း၊ လက်တွေ့သင် ပြပေးမည့်ဆရာ၏ အရေးကြီးပုံကို သိပြီးဖြစ်သော အရှင်သောဘနသည် ထို့ကြောင့်ပင် ဆရာရှာရန် အားထုတ်ရပြန်သည်၊ ဤဆရာ ရရှိရေးတွင် အရှင်သောဘနသည် အချိန်အခါအရလည်းကောင်း၊ နေရာဌာနအရလည်းကောင်း၊ ကံကောင်းခဲ့သည်ဟု ဆိုရပေမည်၊

ချဲ့ပါဦးအံ့ - သတိပဋ္ဌာန်နည်းကျ တရားအားထုတ်နည်း နိဿရည်းတို့သည် ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော် မူပြီးနောက် အနှစ်တစ်ထောင်တိုင်အောင် ထွန်းကားခဲ့သည်ဟု ဆိုနိုင်သော်လည်း ယင်းမှ နောက်ပိုင်းတွင် အားထုတ်သူနည်းပါး၍ လာကာ တိမ်မြုပ်လာခဲ့သည်ဟုပင် ဆိုရမည်ဖြစ်၍ စံနစ်တကျ အားထုတ်နည်း ပြနိုင်သော ဆရာများလည်း ရှားသည်ထက် ရှားဖြစ်ခဲ့ရာ သတိပဋ္ဌာန်တရားကို ပြည့်ပြည့်ဝဝ နည်းလမ်းကျစွာ အားထုတ်နိုင်ရန်မှာ မဖြစ်နိုင်သလောက် အခြေသို့ ရောက်ခဲ့ရသည်၊ စိတ်အားပျော့၍ လက်လျှော့ရမည့်အခြေသို့ပင် ရောက်လုနီး ဖြစ်ခဲ့သည်၊ သီးလုံးဆရာတော်ကြီးသည် မိမိသဘောကျ နှလုံးသွင်း အားထုတ်သည့်အတိုင်း ဟောပါမည်ဟု စကားပလ္လင်ခံပြီး အနာဂါမိဖိုလ်တိုင်အောင် ဝိပဿနာရှုပုံ၊ ဝိပဿနာဉာဏ်များဖြစ်ပုံ မဂ်ဖိုသို့ရောက်ပုံ ဖလသမာပတ် ဝင်စားပုံတို့ကို ကျနစွာ ဟောပြောတော် မူခဲ့သည်ဟု ရှေးမီ ဆရာတော်ကြီးများ မိန့်တော်မူခဲ့ကြ၏၊ ထိုသီးလုံးဆရာတော် ဘုရားကြီးသည် ထိုအကြောင်းကို ကျမ်းဂန်အဖြစ် မရေးခဲ့ဟုလည်း သိရ၏၊ သီးလုံး ဆရာတော်ဘုရားကြီးအထံမှ နည်းရလိုက်သော ပုဂ္ဂိုလ်များ မရှိတော့ပြီလော၊ သီးလုံးဆရာတော်ဘုရားကြီး၏ ပဋိပတ္တိ အဆက်အနွယ်ရှိသေးလျှင်ကား မျော်လင့်ချက်ရောင်ခြည်မှာ ဆိတ်သုဉ်းသွားပြီဟု မဆိုနိုင်၊ ထိုပုဂ္ဂိုလ်များ တစ်နေရာရာမှာ ရှိပါသေးသလော၊

ဤအချက်မှာ အရှင်သောဘနအဖို့ ကံကောင်းသည်ဟု ဆိုရခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် မော်လမြိုင်မှ အလှမ်းမဝေးလှသော သထုံမြို့၌ မင်းကွန်းဇေတဝန် ဆရာတော်ဟု ကျော်ကြားသော ဆရာတော် ဘုရားကြီးသည် သတိပဋ္ဌာန်လက်တွေ့ အားထုတ်နည်းတို့ကို ပြသတော်မူလျက်ရှိသည်။ ထိုသို့ ပြသလာသည်မှာ အနှစ် ၃၀ ခန့်ပင် ရှိပြီဆိုသဖြင့် ဆရာတော်ဘုရားကြီး ပြသသောနည်းမှာ နည်းမှန် ဖြစ်လိမ့်မည်ဟု ယူဆရသည် ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းအကြောင်းကို ထပ်မံ စုံစမ်းသောအခါ ဆရာတော်ဘုရားကြီးသည် သီးလုံးဆရာတော်၏ အဆက်အနွယ်ဖြစ်သည်ကိုပါ အံ့သြဖွယ်ကောင်းဖွယ်ရာ အရှင်သောဘန တွေ့ရှိရလေသည်။

ဇေတဝန် ဆရာတော်ဘုရားကြီးသည် မင်းကွန်းတောင်ရိုး အလယ်တောရ ဆရာတော်ဘုရားကြီးထံမှ နည်းနိဿယ ခံယူမှတ်သားခဲ့ဖူးသည်ဟု ဆိုသည်။ ထိုအလယ်တောရ ဆရာတော်ဘုရားကြီးကား သီးလုံးဆရာတော်ဘုရားကြီး၏ တပည့်များစွာတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော ဆရာတော်ကြီး ဖြစ်တော့သည်။ ထို့ကြောင့် ဇေတဝန် ဆရာတော်ဘုရားကြီး၏နည်းမှာ သီးလုံးဆရာတော်ဘုရားကြီးမှ အဆက်မပြတ်ဘဲ ဆင်းသက်လာခဲ့သော လက်တွေ့နည်းများဖြစ်သည်ကို ယုံကြည်စိတ်ချနိုင်သည်။ တောင်ဝိုင်းကလေးမှ အရှင်သောဘန တရားရှာထွက်မည့် ထိုအချိန်တွင် ဇေတဝန် ဆရာတော်ကြီးကိုယ်တိုင် အပ္ပမာဒ သတိပဋ္ဌာန်နည်းလမ်းတို့ကို ညွှန်ကြား ပြသနေသဖြင့် အချိန်အခါအားဖြင့်လည်း အရှင်သောဘနအဖို့ ကံကောင်းသည်ဟု ဆိုရသည်။ ဆရာတော်ဘုရားကြီး တရားပြသရာ သထုံမြို့မှာ မော်လမြိုင်နှင့် ဝေးလှသည် မဟုတ်သဖြင့် သွားရောက်ရန် လွယ်ကူရကား နေရာဌာနအားဖြင့်လည်း ကံကောင်းသည်ဟုပင် ဆိုရပါသည်။ ဤသို့ အဆင်ပြေမှုများကြောင့် အရှင်သောဘနသည် သထုံမြို့ဇေတဝန် ဆရာတော်ဘုရားတည်းဟူသော ဆရာ့ထံ ချဉ်းကပ်၍ သတိပဋ္ဌာန် အလုပ်ကို လက်တွေ့လုပ်ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်တော့သည်။ ပွင့်လုလုကြာငုံနှင့် ထွက်သစ်စ နေအရုဏ်တို့ အခန့်သင့် ဆုံတွေ့ကြတော့မည်တကား။

## ဇေတဝန် ဆရာတော်ကြီးထံ ရောက်ခြင်း

အရှင်သောဘနသည် သထုံမြို့ ဇေတဝန် ဆရာတော်ဘုရားကြီးထံ သွားရောက်ရန် အချိန်တန်ပြီဟု ဆုံးဖြတ်ပြီးနောက် တောင်ဝိုင်းကလေး ဆရာတော်ကြီးထံ ခွင့်ပန်ရသည်။ ဆရာတော်ကြီးသည် အရှင်သောဘနကို တောင်ဝိုင်းကလေးမှ ထွက်ခွာမသွားစေလိုပေ။ သို့သော် တရားအားထုတ်မည့် ကိစ္စဖြစ်၍ တားမြစ်ရန် မသင့်တော်ရကား ခွင့်ပြုတော်မူလိုက်ရတော့သည်။ ထိုသို့ ခွင့်ပြုရပြီးနောက် ၁၂၉၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇-ရက်နေ့တွင် တောင်ဝိုင်းကလေးကျောင်းတိုက်မှ ထွက်ခဲ့၍ တရားရှာခရီးရှည်ကို အစပြုတော်မူလေသည်။

ပဌမတွင် အရှင်သောဘနသည် မိမိနှင့် စိတ်တူ သဘောတူဖြစ်သော ဦးတေဇဝန္တ ခေါ် ဗ-ဝါရ ရဟန်းတစ်ပါးနှင့်အတူ ထွက်ခဲ့သည်၊ တရားအားထုတ်ရန် ထွက်ခဲ့သော ခရီးဖြစ်၍ ဝိနည်းသိက္ခာပုဒ်တို့လည်း တိတိကျကျ လိုက်နာရ၊ ပလိဗောဓလည်း နည်းနိုင်သမျှ နည်းရမည်ဖြစ်ရကား ရဟန်း၏ အသုံးအဆောင်ဖြစ်သည့် ပရိက္ခရာ ရှစ်ပါးမျှဖြင့်သာ ခရီးထွက်ခဲ့သည်။

ဝိနည်းကို အတိအကျ လိုက်နာရမည်ဖြစ်၍ ဘိနပ်ကိုပင် မစီး ရထားလက်မှတ်ခပေးရန် ကပ္ပိယတစ်ယောက်ကိုခေါ်ခဲ့၍ မုတ္တမဘက် သို့ ရောက်သောအခါ ကိုကပ္ပိယကို မိမိတို့အတွက် ဇင်းကျိုက်ဘူတာအထိ ရထားလက်မှတ်ခံယူစေပြီး နောက် ပြန်လွှတ်လိုက်ကြတော့သည်၊ ဇေတဝန် ဆရာတော်ကြီးအထံ၌ တရားအားထုတ်ရန် ထွက်လာခဲ့ခြင်း ဖြစ်သော်လည်း အရှင်သောဘနသည် ထိုနယ်တွင် ထင်ရှားသော တရားရှာသူတို့ မွေ့လျော်ရာ ကေလာသတောင်၊ မြသပိတ်တောင်၊ ဝေပုလ္လတောင် စသည်တို့နှင့် ကျိုက်ထီးရိုးဆံတော်ရှင်တည်ရှိရာ ကျိုက်ထီးရိုးတောင်တို့ကို သွားရောက်ကြည့်ရှု လေ့လာဖူးမြင်လိုသဖြင့် သထုံသို့ တိုက်ရိုက်မသွားသေးဘဲ ဇင်းကျိုက်မှာ ဆင်းကြရန် စီစဉ်ရခြင်း ဖြစ်လေသည်၊ အရှင်သောဘနတို့ နှစ်ပါးသည် မုတ္တမမှ ရှေ့ဆက်ခဲ့သော ခရီးတို့၌ လမ်း၌ လက်မှတ် လှူမည့်သူများတွေ့လျှင်လည်း ရထားဖြင့် သွားခဲ့ကြသည်၊ မတွေ့လျှင်မူ ကိုယ့်အား ကိုယ်ကိုး၍ ခြေလျင်ဖြင့် ခရီးသွားခဲ့ကြရသည်၊

အရှင်သောဘနတို့ နှစ်ပါးသည် ဇင်းကျိုက်မှသည် ကတွန်, ရင်းငြိမ်, ကောကရိတ်, သထုံ ကေလာသတောင်, မြသပိတ်တောင်, ဝေပုလ္လတောင်, ကျိုက်ထီးရိုးတောင်စသော နေရာများသို့ ခက်ခဲပင်ပန်းဆင်းရဲစွာ သွားလာ လှည့်ပတ်ခဲ့ကြရသည်။ နောက်တစ်ကြိမ် ကောကရိတ်ရွာသို့ ပြန်ရောက်ပြီးနောက်မှ အရှင်သောဘနနှင့် ဦးတေဇဝန္တတို့ လမ်းခွဲကြသည်။ ဦးတေဇဝန္တမှာ အခြားဌာနသို့ စုံစမ်းရန် မသွားတော့သဖြင့် တရားအားထုတ်ရန် သထုံ ဇေတဝန်သို့သာ တိုက်ရိုက်သွားလေတော့သည်။ အရှင်သောဘနသည်ကား ကျော်ကြားသော တစ်နေရာသို့ သွားရောက်စုံစမ်းလိုသဖြင့် ဒုံဝန်းဘူတာမှ ဆင်း၍ တစ်ပါးတည်း ခရီးဆက်လက် ခရီးထွက်ခဲ့ရာ ရွှေရောင်ပြတောင် တောရဘုန်းကြီး ဦးအုံးခိုင်ကျောင်းသို့ ဆိုက်ရောက်ခဲ့သည်။ ဘုန်းကြီး ဦးအုန်းခိုင်မှာ ကျောင်းလုံးကျွတ် သုသာန်မှူတင် ဆောက်တည်ကြသောကြောင့် အာဂန္တုကဖြစ်သော အရှင်သောဘနလည်း ထိုကျောင်းမှာ တည်းခိုနေစဉ် လေးညတိတိ သုသာန်မှူတင် ဆောက်တည်ခဲ့ရလေသည်။ ထိုမှတစ်ဆင့် ခရီးထွက်ခဲ့ရာ ထိုနှစ် တပေါင်းလဆန်း ၅-ရက်နေ့တွင် သထုံမြို့ ဇေတဝန်ဆရာတော်ဘုရားကြီးထံ သို့ ဆိုက်ရောက်လာသည်။

တရားအားထုတ်ရန် ထွက်ခဲ့သော အရှင်သောဘနသည် ဇေတဝန် ဆရာတော်ကြီးထံ သို့ တိုက်ရိုက်မသွားသေးဘဲ ကေလာသတောင်စသော နေရာများသို့ ရှေးဦးစွာ သွားရောက်ခဲ့၏၊ အရှင်သောဘန၏ စိတ်သည် ပင်ကိုယ်ကပင် ကမ္မဋ္ဌာန်းအလုပ်၌ ညွှတ်ခဲ့၏၊ ယခုလည်း ကမ္မဋ္ဌာန်းအလုပ်ကို ရိုးသားသော စိတ်ထားဖြင့် ကြိုးစားအားထုတ်နေကြသော ပုဂ္ဂိုလ်တို့ နေရာဌာနသို့ရောက်ပြီး ထိုပုဂ္ဂိုလ်တို့နှင့်လည်း နှီးနှောဆွေးနွေးခဲ့၏၊ ထိုပုဂ္ဂိုလ်တို့ ကျင့်သော တရားကိုပင် ကိုယ်တိုင်ဝင်၍ ကျင့်ခဲ့၏ နဂိုရ်ကကမ္မဋ္ဌာန်းဘက်ပါပြီးစသား စိတ်ကို ကမ္မဋ္ဌာန်းဖြင့်ပင် ထပ်မံမွှန်းထုံပြီး ဖြစ်၏၊ ကမ္မဋ္ဌာန်း အလုပ်၏ အရှိန်အဝါက အရှင် သောဘန၏ စိတ်ကို လွှမ်းခြုံထားပြီး ဖြစ်၏၊ ထို့ကြောင့်ပင် အရှင်သောဘနသည် ဇေတဝန် ဆရာတော်ဘုရားကြီးထံ သို့ ရောက်ပြီးနောက် ရက်မဆိုင်းဘဲ ရောက်သည့် နေ့မှာပင် ကမ္မဋ္ဌာန်း တောင်းလေတော့သည်၊ ဆရာတော်ဘုရားကြီးသည် တောင်းသည့် အတိုင်းပင် အရှင်သောဘနအား ကမ္မဋ္ဌာန်းပေး၍ အားထုတ်စေလေသည်၊

အရှင်သောဘနသည် ဆရာတော်ဘုရားကြီး ညွှန်ကြား ပြသသည့်အတိုင်း ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်တော်မူသည်၊ ကမ္မဋ္ဌာန်းကို လေးလေးစားစား အားထုတ်ရန် ရောက်ခဲ့ခြင်းဖြစ်၍ အရှင်သောဘနသည် မီးပွတ်သော ယောက်ျားကဲ့သို့ မနေမနားကြိုးစား အားထုတ်လေသည်၊ တရားအားထုတ်နေသည့် လေးလခန့် အတွင်းတွင် စကားလုံးဝမပြောဘဲ အဆက်မပြတ် တသမတ်တည်း အားထုတ်သော ရက်များ မအိပ်မနေ အားထုတ်သော ရက်များ နေ့လုံးပေါက် စင်္ကြံသွားလျက် အားထုတ်သော ရက်များလည်း မနည်းလှပေ၊ ထိုသို့ ခန္ဓာကိုယ်ကို မငဲ့မကွက်ဘဲ ပြင်းပြင်းထန်ထန် အားထုတ်သော်လည်း ခန္ဓာကိုယ် မခန့်ကျန်းမှု နေမကောင်း ထိုင်မသာ ဖြစ်မှုဟူ၍ လုံးဝမရှိဘဲ ခန့်ကျန်းလျက်ရှိသည်ကို အံ့ဩဖွယ်ရာ ကိုယ်တွေ့ကြုံရလေသည်၊ ဤအကြောင်းကို ဆရာတော်ဘုရားကြီးအား အခွင့်သင့်သော တစ်နေ့တွင် လျှောက်ထားကြည့်ရာ" တရားအားထုတ်နေသူ သန္တာန်မှာ သတိ သမ္ဗောဇ္ဈင်စသော ဗောဇ္ဈင်တရားတွေ ဖြစ်ပေါ်နေသည်ဖြစ်ရာ ထိုဗောဇ္ဈင်တရားတို့၏ စွမ်းရည်ကြောင့်ပင် အနာကင်းရကြောင်း ဗောဇ္ဈင်တရားသည် ဖြစ်နေပြီးသော ရောဂါကိုပင် ပျောက်ကင်းစေနိုင်သည်၊ ထို့ကြောင့် ယခုကျန်းမာနေခြင်းမှာ ဗောဇ္ဈင်တရားတို့၏ စွမ်းရည်ကြောင့်ပင် အနာကင်းရကြောင်း, ဗောဇ္ဈင်တရားသည် ဖြစ်နေပြီးသော ရောဂါကိုပင် ပျောက်ကင်းစေနိုင်သည်၊ ထို့ကြောင့် ဖြစ်သည်"ဟု မှတ်ရမည် ဖြစ်ကြောင်းများကို အမိန့်ရှိတော်မူသည်၊

မှန်ပေသည်၊ ဗောဇ္ဈင်တရားတို့သည် သတိ ပညာ ဝီရိယ ပီတိ ပဿဒ္ဓိ သမာဓိ ဥပေက္ခာများပင် ဖြစ်ကြ၏၊ တရားကိုလည်း စွဲမြဲစွာ အားထုတ်နေသူတို့ သန္တာန်၌ ထိုတရား ၇-ပါးမှာ အခါမလပ် ဖြစ်လျက်ရှိ၏၊ တရား အားထုတ်ခိုက်တွင် နောက်ကျူသော အကုသိုလ်များ မဝင်လာသဖြင့် ထိုတရားတို့မှာ အလွန်စင်ကြယ် သန့်ရှင်းစွာ ဖြစ်ကြရသည်၊ ထို့ကြောင့်ပင် ထိုတရားတို့မှာ ထက်မြက်သော အစွမ်းသတ္တိများ ရှိနေကြသည်၊ ထိုတရားတို့နှင့် ယှဉ်သောစိတ်တို့မှာလည်း ယင်းတို့၏ အရှိန်အစော်ကိုရကာ လွန်စွာကြည်လင်သန့်ရှင်း၍ ထက်မြက်သော တန်ခိုးရှိလေသည်၊ ထိုသို့ဖြစ်လျှင် ထိုစိတ်၏ မှီရာဟဒယ ဝတ္ထုလည်း လွန်စွာ ကြည်လင်တော့သည်၊ ဟဒယဝတ္ထု စင်ကြယ်မှုကြောင့် ယင်း၏ မှီရာ သွေးလည်း စင်ကြယ်ပြန်သည်၊ သွေးစင်ကြယ်သဖြင့် ဥပါဒါန်ရုပ်တို့လည်း စင်ကြယ်နေရကား ရောဂါရုပ်တို့

မှာ ဖြစ်ခွင့် မရတော့ပေ၊ ရောဂါရုပ်များ မဖြစ်ပေါ်လျှင် ရောဂါကင်းနေမည်ပင် ဖြစ်ရကား ဗောဇ္ဈင်တရားတို့က ရောဂါကို ပယ်နိုင်သည်မှာ သေချာလှတော့သည်၊ ထို့ကြောင့်ပင် ဗောဇ္ဈင်တရားကို နာကြားတော်မူကြရသော မြတ်စွာဘုရား, ရှင်မဟာကဿပ, ရှင်မောဂ္ဂလာန်တို့ သန္တာန်၌ ဖြစ်ခဲ့သော ပြင်းထန်သော ရောဂါဝေဒနာတို့သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ခန္ဓာကိုယ်မှ အပြီးသတ် လျော့ကျသွားခြင်း ဖြစ်ပေသည်၊

## တောင်ဝိုင်းကလေး သို့ ပြန်ရခြင်း

အရှင်သောဘနသည် တစ်နှစ်ခန့် တရားအားထုတ်ရန် ရည်ရွယ်၍ ဇေတဝန်ဆရာတော်ဘုရားကြီးထံ သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်၊ တစ်နှစ်လောက် အားထုတ်မှ ပေါက်ပေါက်ရောက်ရောက် ဖြစ်မည်ဟု အကြံရှိခဲ့ဟန်တူသည်၊ သို့သော် ဤအချက်၌ အရှင်သောဘနသည် မိမိကိုယ်ကို လျော့၍ တွက်ထားသည်ဟုပင် ဆိုရမည် ဖြစ်ပါ၏၊ အဘယ်ကြောင့်ဟူမူ အရှင်သောဘနသည် ဆရာတော်ကြီးထံ၌ တစ်နှစ်အထိ မနေခဲ့ရဘဲ ယနေ့ မဟာစည်ဆရာတော် အခြေသို့ ရောက်နေခြင်းက လျော့တွက်ထားသည်ကို ထောက်ခံလျက် ရှိသောကြောင့် ဖြစ်ပါသည်၊

ဇေတဝန်ဆရာတော်ဘုရားကြီးအထံ၌ အရှင်သောဘနသည် ကြိုးကြိုးစားစား အားထုတ်ခဲ့ရာ ရက်များသည် ကုန်မှန်းမသိ ကုန်လာခဲ့သည်၊ သို့သော် တရား အားထုတ်၍ လေးလခန့်ရှိသောအခါမှာမူ မော်လမြိုင်တောင်ဝိုင်းကလေး သို့ မပြန်လျှင် မဖြစ်သောအကြောင်း ဖန်လာသည်၊ တရားအားထုတ်နေစဉ် ၁၂၉၄-ခု ဝါဆိုလဆန်း ၇-ရက်နေ့တွင် တောင်ဝိုင်းကလေးတိုက်ကျောင်း ဆရာတော်ကြီး အသည်းအသန် မကျန်းမမာ ဖြစ်နေ၍ အမြန် ပြန်လာပါဟူသော ကြေးနန်းတစ်စောင်ကို အရှင်သောဘန ရလေသည်၊ ထို့ကြောင့် ၎င်းလဆန်း ၈-ရက်နေ့မှာပင် မော်လမြိုင် တိုက်ကျောင်းသို့ ပြန်ကြွရလေသည်၊

တိုက်ကျောင်းဆရာတော်ကြီးမှာ သက်တော် ၇၈-နှစ် ရှိနေပြီဖြစ်၍ ဇရာဒုဗ္ဗလ ဖြစ်တော်မူနေသည်တွင် ပြင်းထန်သော ရောဂါဒဏ်ကလည်း နှိပ်စက်သဖြင့် မျှော်လင့်ချက် မရှိသောအခြေသို့ ဆိုက်ရောက်နေသည်ကို အရှင်သောဘန တွေ့ရလေသည်၊ သို့သော် စိတ်မလျှော့ဘဲ အကောင်းဆုံးသော သမားတော်တို့၏

အကူအညီဖြင့် အတတ်နိုင်ဆုံး ပြုစုကုသလေသည်။ ယင်းသို့ ကိုယ်ဖိ ပြုစုကုသ ကြပါသော်လည်း ဆရာတော်ဘုရားကြီးသည် အရှင်သောဘန ပြန်ရောက်၍ ၇-ရက်အရမှာပင် တစ်ဘဝ ဇာတ်သိမ်းတော်မူသွားလေတော့သည်။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ကျန်ရစ်သော တပည့်များတွင် အရှင်သောဘနသည် သိက္ခာဝါ အကြီးဆုံးဖြစ်၍ တိုက်ကျောင်း၏ နာယကကျောင်းထိုင်ဖြစ်ရမည့် အလားအလာ ရှိနေ၏၊ သို့သော် သိက္ခာဝါ အကြီးဆုံးဆိုသော အရှင်သောဘနမှာ ၈-ဝါမျှသာ ရှိသေးသဖြင့် ကျောင်းထိုင်ရန် မသင်တော်သေးရကား ကျောင်းဆောင်အကြီးအကဲအဖြစ်ဖြင့်သာ တောင်ဝိုင်းဇေတဝန်ဆရာတော်ဘုရားကြီးကို အမှီပြု၍ နေခဲ့လေသည်။ ယင်းသို့ နှစ်နှစ်ခန့် ကျောင်းဆောင် အဖြစ်ဖြင့် နေ၍ သိက္ခာဝါ ၁၀-ဝါ ပြည့်သည့်နှစ် ၁၂၉၅-ခုနှစ်တွင်မှ ကျောင်းထိုင်အဖြစ်သို့ လက်ခံ၍ တိုက်ကျောင်းကို ပဓာန နာယကအဖြစ်ဖြင့် အုပ်ချုပ်ကာ သီတင်း သုံးတော်မူလေသည်။ တောင်ဝိုင်းကလေးသို့ ပြန်ရောက်သည် မှစ၍ အရှင်သောဘနသည် ပဋိပတ် တစ်ခုတည်းကိုသာ လုပ်ခွင့်မရတော့ဘဲ အခြေအနေအရ ပရိယတ်ကိုလည်း ချပို့သင်ကြားပေးခြင်းဖြင့် ကြိုးပမ်းရတော့သည်။

## ပွဲဦးထွက် ကမ္မဋ္ဌာန်းပေးခြင်း

အရှင်သောဘနသည် တောင်ဝိုင်းကလေးတိုက်ကျောင်း၌ ပဓာန နာယကအဖြစ် သီတင်းသုံးကာ မိမိ၏ပဋိပတ်အလုပ်ကိုလည်း ဆက်၍ ကြိုးပမ်းသည်။ တပည့်သံဃာအားလည်း စာပေပို့ချရသည်။ [ ဇေတဝန်ဆရာတော်ကြီးထံ၌ အားထုတ်ခဲ့သည့် အတိုင်း ဆက်လက်အားထုတ်ခဲ့ရာ ကျေနပ်ဖွယ်ရှိသော အခြေအနေသို့ ရောက်ခဲ့သည်ဟုပင် ဆိုရပေမည်။ ] သို့သော် မိမိကျောင်းတိုက်မှာ ပရိယတ္တိကျောင်းတိုက် ဖြစ်နေ၍လည်းကောင်း၊ တရားအားထုတ်လိုသူများနှင့် မကြုံရသေးသဖြင့်လည်းကောင်း၊ မော်လမြိုင်၌ နေစဉ် ကမ္မဋ္ဌာန်းကို ပြသခွင့် မကြုံရသေးပေ၊

၁၃၀၀ - ပြည့်နှစ်တွင်မူ တောင်ဝိုင်းကလေး တိုက်ကျောင်းဆရာတော် အရှင်သောဘနသည် ဆွေမျိုးဉာတိတို့ကို ချီးမြှောက်ရန် ဇာတိရပ်ဖြစ်သော ဆိပ်ခွန်ရွာသို့ ပြန်ကြွတော်မူ၍ ထိုရွာ အင်ကြင်းတောတိုက် မဟာစည်ကျောင်း၌ သီတင်းသုံးတော်မူသည်။ ဆိပ်ခွန်ရွာသို့ ကြွလာသော ရည်ရွယ်ချက်မှာ ဆိပ်ခွန်ရွာရှိ လူ

အပေါင်းတို့အား သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းကို ဟောကြား၍ လက်တွေ့အား ထုတ်နည်းကို ပြသရန် ဖြစ်လေသည်။ ထို့ကြောင့်ပင် အရှင်သောဘနသည် မဟာစည် ကျောင်း၌ အပ္ပမာဒ ဝိပဿနာတရားကို အကျယ်ဟောကြားတော်မူလေသည်။ ဆရာတော်၏ တရားကို နာရပြီးနောက် တရားကို လက်တွေ့ အားထုတ်လိုသော သူတို့လည်း တစ်စတစ်စ ပေါ်ပေါက်လာခဲ့သဖြင့် ကမ္မဋ္ဌာန်းကိုပါ လက်တွေ့ပြသ ရသည်။ ဆရာတော်၏ ညွှန်ကြားချက်အတိုင်း လိုက်၍ ကျင့်ကြံအားထုတ်ကြသော သူတို့လည်း တရားတော်၏ မှန်မြတ်သော အရသာကို ထိုက်သည့်အားလျော်စွာ ကိုယ်တွေ့ တွေ့မြင်ကြရလေသည်။

ဆိပ်ခွန်ရွာတွင် အရှင်သောဘနအထံ၌ ပဌမဆုံး တရားအားထုတ်ခဲ့ သူ တို့ကား ဦးထွန်းအေး၊ ဦးဖိုးချို (ဆရာတော်၏ အစ်ကိုဝမ်းကွဲ)နှင့် ဆရာကြွံ (ဆရာတော်၏ ညီဝမ်းကွဲ)တို့ ဖြစ်ကြသည်။ သူတို့သုံးဦး အားထုတ်ကြပုံမှာ ပေါ့ ပေါ့ဆဆ အပျင်းပြေ သဘောမျိုးမဟုတ်။ တကယ် လေးလေးနက်နက် စိတ်ထားဖြင့် အပြင်းအထန် အားထုတ်ခြင်း ဖြစ်သည်။ သူတို့အားထုတ်ခဲ့ပုံ အကြောင်းကို မဟာ စည် ဆရာတော်သည် ၁၃၂၀-ပြည့်နှစ် သင်္ကြန်တွင်း၌ ရန်ကုန် သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံကြီးဝယ် ဝိပဿနာ အခြေခံတရားတော်ကို ဟောတော်မူရင်း ဖော်ထုတ်ခဲ့လေသည်။

" သူတို့သုံးယောက်က တိုင်ပင်ပြီး ပဌမတစ်ပတ်မှာ ၇-ရက် အားထုတ်ကြ ပါတယ်။ တော်တော်လည်း ပြင်းပြင်းထန်ထန် အားထုတ်ကြပါတယ်။ တစ်နေ့ကို ကွမ်းတစ်ရာနဲ့ ဆေး တစ်လိပ်သောက်ဖို့ ကမ္မဋ္ဌာန်းကျောင်းကို ယူလာခဲ့ကြတာ တွေဟာ မစားဖြစ် မသောက်ဖြစ်ကြတာနဲ့ ကွမ်းယာ ၇-ခုနဲ့ ဆေးလိပ် ၇-လိပ် ဟာ ၇-ရက်စေ့လို့ ကမ္မဋ္ဌာန်းကျောင်းက ပြန်တဲ့အခါမှာ အထုပ်အတိုင်းပဲ ပြန်ပါ လာကြတယ်။ ဘယ်လောက် ပြင်းပြင်းထန်ထန် အားထုတ်သလဲဆိုတာ အဲဒါကို ထောက်ဆကြည့်ရင် သိလောက်ပါတယ်။ "

( ဝိပဿနာ အခြေခံတရားတော် ဒု-ရိုက် နှာ ၁၂၃-၄၊ တ-ရိုက် ၁၂၇ )

၎င်းသုံးယောက်တို့သည် မဟာစည် ဆရာတော်၏ ကမ္မဋ္ဌာန်းဆိုင်ရာ ပဌမ သာဝကများ ဖြစ်ကြ၏၊ သူတို့သည် ရိုရိုသေသေ လေးလေးစားစား မနေမနား

အားထုတ်ကြသဖြင့် ၃-ရက် အရမှာပင် ရုပ်နာမ် အဖြစ်အပျက်ကို မြင်သော ဥဒယဗ္ဗယ ဉာဏ်အဆင့်သို့ ရောက်ပြီး သြဘာသပီတိ ပဿဒ္ဓိစသည်တို့ကို တွေ့ကြရသဖြင့် ဒီအသက် ဒီအရွယ်ရောက်မှ ဒီတရားတွေ တွေ့ရတယ်ဟု အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်ဟု သိရသည်။ သူတို့ ရှေ့ဆက်၍ အားထုတ်ပုံ တွေ့ကြုံပုံတို့ကိုပါ ထိုတရား၌ ဆက်လက်ဟောတော်မူထားရာ တရားအားမထုတ်ရသေးသူတို့ အားကျဖွယ် ကောင်းလှပါတော့သည်။

ထိုသုံးဦးတို့တွင် အစ်ကိုဝမ်းကွဲဖြစ်သူ ဦးဖိုးချို၏ ဘင်္ဂဉာဏ် ရောက်ခန်းကို ဟောထားသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ဝိပဿနာဉာဏ်ဆိုသည်မှာ တကယ်မြင်တတ် တွေ့တတ်သော ဉာဏ်ကိုမှ ခေါ်ရကြောင်းလည်း ယင်းဟောထားချက်ဖြင့် ထင်ရှားတော့သည်။ စာပေအရ ဖြစ်စေ တစ်ဆင့်ကြားအရ ဖြစ်စေ သိထားသော အသိမျှဖြင့် ဝိပဿနာဉာဏ် မဖြစ်နိုင်သေး ဆိုသည်ကိုလည်း သဘောပေါက်နိုင်တော့သည်။ ဦးဖိုးချိုသည် ဘင်္ဂဉာဏ်အဆင့်သို့ ရောက်သော အခါ မြင်တိုင်း တွေ့တိုင်းလည်း တရွရွနဲ့ ပျက်နေတာကိုချည်း တွေ့နေပြာယ၊ သစ်ပင်တွေကို ကြည့်လိုက်ရင်လည်း တရွရွနဲ့ ပျက်နေတာကိုသာတွေ့ရတယ်။ မြေကြီးကို ကြည့်လိုက်ရင်လည်း တရွရွနဲ့ပျက်နေတာကိုသာ တွေ့ရတယ်ဆိုသဖြင့် ဖြစ်ပြီးပျက် ဖြစ်ပြီးပျက်နဲ့ မပြတ် ဖြစ်ပျက်နေတာလေးတွေက သူ့မှာ အထူး မရှုရ မဆင်ခြင်ရဘဲနှင့် အလိုလို ထင်ရှားနေတယ်။ တရိပ်ရိပ်နဲ့ ပျက်တာကလေးတွေကို သူ့အလိုလို လိုက်ပြီး သိနေသည်ဟု ဆိုလိုသည်။ အဝါရောင်နှင့် အပြာရောင်ကို ရောလိုက်လျှင် အစိမ်းရောင် ဖြစ်လာသည်ဆိုသည်ကို အဝါနှင့်အပြာ လက်တွေ့ ရောကြည့်သောအခါ သိရသလိုပင် ဖြစ်တော့သည်။ ထိုသို့ အနိစ္စ, ဒုက္ခ, အနတ္တ ဆိုသည့် သဘောများမှာ ကိုယ်က ခေါ်ယူနေရမည်မဟုတ်၊ ရှုမှတ်မှု အသိဉာဏ် လျင်မြန် အားကောင်းလာသောအခါ အလိုလိုသိလာမည့် သဘောတရားတို့ဖြစ်ကြောင်း ထိုသို့သိမှုလည်း ဝိပဿနာဉာဏ်အစစ် ဖြစ်လာတဲ့အခါ ခဏမစဲဖြစ်ပျက်နေတာတွေကို မတွေးမဆရဘဲနဲ့ ရှုမှတ်နေရုံမျှနဲ့ အလိုလိုသိလာနိုင်တယ်ဟု မိန့်ဆိုခြင်း ဖြစ်လေသည်။

ဤ ပဌမယောဂီသုံးဦးတို့ အားထုတ်ကြပြီးနောက် သူတို့ကို အားကျကာ အဆက်ဆက် အားထုတ်ကြရာ ဆိပ်ခွန်တွင် ယောဂီပေါင်း ၅၀ မျှအထိ တိုးတက်

လာခဲ့လေသည်။ ထိုယောဂီတို့တွင် ဦးဖိုးချုကဲ့သို့ ဝိပဿနာဉာဏ် ပြည့်ခဲ့သည့် အခြေသို့ ရောက်ခဲ့သော ယောဂီများလည်း မနည်းလှပေ၊ ဤသို့ မိမိ၏ ရည်ရွယ်ချက်အတိုင်း ဝိပဿနာလုပ်ငန်းကို အစပြု ဟောကြားပြသခဲ့သည်မှာ ထိုနှစ်တန်ဆောင်မုန်းလအထိ ဖြစ်ပါတော့သည်၊ အရှင်သောဘန၏ ပွဲဦးထွက် ဝိပဿနာလုပ်ငန်းကား အောင်မြင်မှုသရဖူကို ဆောင်းခဲ့ပေပြီတကား။

## အရှင်သောဘနနှင့် အဘယာရာမဆရာတော်

အရှင်သောဘနသည် ဆိပ်ခွန်ရွာတွင် ၇ - လမျှ တရားပြ သီတင်းသုံးပြီးနောက် တာဝန်အရ မော်လမြိုင် တောင်ဝိုင်းကလေးသို့ ပြန်ကြွရလေသည်၊ တောင်ဝိုင်း ကလေးသို့ ပြန်ရောက်သောအခါမှာမူ ပရိယတ်ကို တွဲဖက်၍ ချပို့ကြိုးပမ်းရပြန်သည်၊

ထိုအချိန်တွင် တောင်ဝိုင်းကလေးနှင့် တောင်ဝိုင်းကြီးအကြား၌ ကျောင်းသစ်ပာစ်ကျောင်း ဖြစ်ပေါ်လျက်ရှိသည်၊ ထိုကျောင်းကား မော်လမြိုင်မြို့ ဒိုင်းဝန်းကွင်း သစ်တောသူဌေး ဦးဖိုးတန် - သူဌေးကတော် ဒေါ်ကျင်မြိုင်သား မောင်မောင်စောတို့က ဆောက်လုပ်သော ကျောင်းဖြစ်သည်၊ မန္တလေး အဘယာရာမဆရာတော် သီးတင်းသုံးရန်အလို့ငှာ တည်ထောင် ဆောက်လုပ်သော ကျောင်းတိုက်ဖြစ်၍ "အဘယာရာမတိုက်" ဟုပင် ကဗ္ဗည်းတပ်လေသည်၊ ထိုတိုက်ကျောင်း ဆောက်လုပ် ပြီးစီးပြီးနောက် ၁၃၀၂-ခုနှစ်၌ အဘယာရာမ ဆရာတော်သည် ထိုကျောင်း၌ ဝါကပ်တော်မူသည်၊

အဘယာရာမ ဆရာတော်ကား အဘိဓာန်နိဿယသစ်, မောဂ္ဂလ္လာန်နိဿယသစ်, မုဒ္ဓဗောဓနိဿယသစ်, ဟိတောပဒေသနိဿယ, အမရကောသနိဿယ, ကာတန္တ နိဿယစသော မာဂဓ သက္ကတ နိဿယကျမ်းပေါင်းများစွာတို့ကို ပြုစုတော်မူခဲ့သော ဆရာတော်ဖြစ်၏၊ မာဂဓ သက္ကတ ၂-ဌာန တို့၌ပင် ကျွမ်းကျင်တော်မူသဖြင့် ဂိုဏ်းဂဏမရွေး လေးစားကြည်ညိုခံရသော ဆရာတော်ဖြစ်၏၊ စာပေလာ အခက်အခဲတို့ကို တကယ်တမ်းဖျက်ခဲ့ ဖြေရှင်းနိုင်ခဲ့သော ဆရာတော်ဖြစ်သည်၊ ထို့ကြောင့် တောင်ဝိုင်းကလေးဆရာတော် အရှင်သောဘနသည် အဘယာရာမ ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော အဘယာရာမ

ဆရာတော်ထံ မကြာမကြာ ကြွရောက်၍ စာပေဆိုင်ရာ အခက်အခဲများကို လျှောက်ထား မေးမြန်းလေသည်။ အရှင်သောဘန လျှောက်ထားသော အချက်တို့တွင် ပြလတ္တံ့အချက်များ ပါဝင်လေသည်။

ကမ္မဝါစာ၌ "မာခေါ ဝိတ္ထာသိ" ဟု ရှိနေရာ၌ သက္ကတ၌ သေ-ဓာတ်၊ ပါဠိ၌ သေ-ဓာတ်မှ ပြီးသောပုဒ်ဖြစ်၍ "မာခေါဝိတ္ထာယိ" ဟုရှိမှ မှန်ကြောင်း မောဂ္ဂလာန်နိဿယ ရိုက်နှိပ်စဉ်က "ဝိတ္ထာယသိ၊ ဝိတ္ထာယထ" ဟု ပါသွားခဲ့ရာ၊ ယင်းတို့ကို "ဝိတ္ထာယိ၊ ဝိတ္ထာယိတ္ထ" ဟု ပြင်ရမည် ဖြစ်ကြောင်း၊ မိမိစာအုပ်၌ ပြင်ထားပြီးဖြစ်ကြောင်းများကို ဆရာတော်မိန့်၍ အရှင်သောဘန မှတ်သားခဲ့ရသည်။

ထို့ပြင် ဝဇိရဗုဒ္ဓိဋီကာ မဏိမဉ္ဇူသဋီကာတို့၌ လာသော "အင်္ဂါဒင်္ဂါသမ္မာဝသိ" ဂါထာအကြောင်း မေးလျှောက်ရာ ထိုဂါထာပါဌ်မှန်နှင့် တကွ အနက်ကိုပါ ချီးမြှင့်တော်မူလိုက်သသည်။

ဝိသုဒ္ဓိမဂ်မဟာဋီကာ ခန္ဓနိဒ္ဒေသအဖွင့်လာ "ဇီဝ ဝိသယော" ပုဒ်၏ အနက်အဓိပ္ပာယ် "ဓတာ ဝကော" ပုဒ် ရုပ်ပြီးပုံ "သေပန္တော ဝိဘာတော" စသော ဂါထာအကြောင်းတို့ကိုလည်း လျှောက်ထားရာ အဘယာရာမဆရာတော်က ရှင်းလင်းမိန့်ကြားတော်မူလေသည်။

ဤသို့လျှင် တောင်ဝိုင်းကလေး တိုက်ကျောင်းဆရာတော် အရှင်သောဘနသည် အဘယာရာမ ဆရာတော်အား မိမိလျှောက်ထားလိုသော အချက်များကို လျှောက်ထားခွင့်၊ ဆရာတော်၏ မိန့်ကြားချက်များကို မှတ်သားခွင့် ရခဲ့သဖြင့်လည်းကောင်း၊ ဆရာတော်ကြီး၏ မာဂဓ သက္ကတနိဿယများကို ကြည့်ရှုလေ့လာရသဖြင့်လည်းကောင်း ဆရာတော်ကြီးကို မိမိ၏ ဆရာတစ်ပါးဟုဖင် မှတ်ယူခဲ့လေသည်၊ နောင် ၁၃၃၀ ခုနှစ် မောဂ္ဂလာန်နိဿယကို ဒုတိယအကြိမ် ရိုက်နှိပ်ရန် အားထုတ်ကြသောအခါ မဟာစည်ဆရာတော် ဖြစ်နေပြီဖြစ်သော တောင်ဝိုင်းကလေး ဆရာတော်အရှင်သောဘနသည် အဘယာရာမဆရာတော်၏ မိမိအပေါ် ကျေးဇူးကြီးမားပုံကို ဖော်ပြရင်း မိမိ၏ တပည့်ဒကာတို့အား စတ္တုငွေ ၁၀၀၀ိ/-

ပါဝင်လျှောက်ထားနိုင်ခြင်းမဟုတ်ဘဲ ညွှန်ကြားပေးမည့်အကြောင်း အောက်ပါစာဖြင့် အကြောင်းကြားပါသည်။

"ဦးသီလာနန္ဒ ထံမှစာတွင် အဘယာရာမမှ မောဂ္ဂလာန်နိဿယစသည်တို့ကို ထပ်မံပုံနှိပ် ဖြန့်ဖြူးရန် စီမံအားထုတ်နေကြကြောင်း တွေ့ရ၍ များစွာပင် ဝမ်းမြောက်ပါသည်၊ အကြောင်းမူကား အဘယာရာမဆရာတော်၏ မောဂ္ဂလာန်နိဿယကို ကြည့်ရှုလေ့လာရခြင်းကြောင့် သဒ္ဒါအရာ၌ အခြေအမြစ် နှင့်တကွ ကောင်းစွာသိနားလည်ပြီဟု ရဲရဲရင့်ရင့် ဆုံးဖြတ်နိုင်သော အခြေသို့ မိမိကိုယ်တိုင် ရောက်ခဲ့သလိုပင် ယခုတဖန် ထပ်မံ၍ ပုံနှိပ်မည့် ယင်းနိဿယ စာအုပ်တို့ကို ကြည့်ရှုလေ့လာခြင်းဖြင့်လည်း မြန်မာပြည်သားပညာရှိများစွာပင် သဒ္ဒါအရာ၌ ခိုင်မာပြည့်စုံသော အသိဉာဏ်နှင့် ပြည့်စုံသွားကြလိမ့်မည်ဟု မျှော်မြင်မိသောကြောင့် ဖြစ်ပါသည်၊

သို့ဖြစ်၍ ယင်းကိစ္စ ထမြောက်ရန်အတွက် ရည်စူး၍ ယင်းနိဿယ စာအုပ်များ ပုံနှိပ်ရေး ရံပုံငွေ၌ ဝတ္ထုငွေတစ်ထောင် ၁၀၀၀ိ/- ကို ပါဝင် လှူဒါန်းရန် မိမိတပည့် ဒကာတို့အား ညွှန်ကြားပေးပါမည်၊ အလိုရှိသောအခါ အကြောင်းကြားစေလိုပါ၏၊" (၃-၂-၆၉) နေ့စွဲပါ မဟာစည်ဆရာတော်၏ ပေးစာမှ)၊

## ဏ စာချတန်း

အရှင်သောဘန တောင်ဝိုင်းကလေးသို့ ပြန်ရောက်ပြီးနောက် ၁၃၀၂-ခုနှစ်တွင် ဗြိတိသျှအစိုးရတို့သည် ၁၂၅၇-ခုနှစ်ကစ၍ ကျင်းပခဲ့သော ပဋ္ဌမပြန် စာမေးပွဲကို တိုးချဲ့၍ စာချတန်းစာမေးပွဲကိုပါ စတင် ကျင်းပလေသည်၊ ထိုစာချတန်းမှာ မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ အသင်း ရန်ကုန်မြို့စေတိယင်္ဂဏ ပရိယတ္တိ အသင်းတို့က ကျင်းပပြုလုပ်နေသော စာချတန်းမျိုးဖြစ်၏၊ ပထမနှစ် ဖြစ်သည့် ၁၃၀၂-ခုနှစ်တွင် မန္တလေးသုဓမ္မာတော်၌ ကျင်းပလေသည်၊ ထိုစာမေးပွဲကို အစိုးရပဋ္ဌမပြန်စာမေးပွဲ၌ ပဋ္ဌမကြီးတန်းကို အောင်ပြီးသူများသာ ဖြေဆိုခွင့် ရလေသည်၊

ထိုသို့ အစိုးရတို့က စာချတန်းစာမေးပွဲကို ကျင်းပပေးကြောင်း သိရသောအခါ ပဌမကြီးတန်းကို အောင်မြင်ပြီးသော အရှင်သောဘနသည် ထိုစာမေးပွဲကိုဝင် ရောက်ဖြေဆိုရန်ဆုံးဖြတ်လေသည်၊ ပဋိပတ်ဟူသည် ပရိယတ်၌ အခြေခံရသည်၊ မိမိတစ်ဦးတည်းအတွက် တရားအားထုတ်သူအဖို့ ပရိယတ် မတတ်ကျွမ်းသော်လည်း ဆရာကောင်းရှိလျှင် လုံလောက်၏၊ အခြားသူများကိုပါ ဟောပြောပြသလို သူတို့အဖို့မှာမူ ပရိယတ်မကျွမ်းကျင်၍ မဖြစ်ပေ၊ ပရိယတ်ကိုကျွမ်းကျင်မှသာ ပရိယတ်မှာလာသည့် ဘုရားဟော တရားတို့ကို သိနိုင်သည်၊ ဘုရားဟော တရားတို့ကို သိမှသာ ထိုတရားတို့နှင့်အညီ မိမိလည်း ကျင့်ကြံ၍ အခြားသူများအားလည်း ဟောပြော ပြသနိုင်မည်၊ ဤအချက်ကို အရှင်သောဘနသည် သဘောပေါက်ပြီးဖြစ်သည်၊ ထို့ကြောင့်ပင် မိမိကိုယ်တိုင် ပရိယတ်၌ ကျွမ်းကျင်အောင် အားထုတ်ထားသည်၊ အားထုတ်ထားရုံမျှဖြင့် မလုံလောက်သေး၊ မိမိကျွမ်းကျင်ကြောင်း အများသိထားမှလည်း မိမိဟောပြောသော တရားများကို ယုံယုံကြည်ကြည် မှတ်သားလိုက်နာကြမည်ဖြစ်သည်၊ အများသိအောင် လုပ်ရာ၌လည်း မိမိ ကျွမ်းကျင်ကြောင်းကို ထုတ်ဖော်ပြောဆို ကြွေးကြော်နေ၍ မဖြစ်၊ အများက အသိအမှတ်ပြုထားသော အဆင့်အတန်း ဂုဏ်ထူးတစ်ခုခု ရရှိထားအောင် လုပ်မှသာ ဖြစ်မည်၊ ထိုသို့ လုပ်ရန် ယခု အစိုးရစာချတန်းက အခွင့်ရေးပေးနေပြီဖြစ်၏၊ ထို့ကြောင့်ပင် စာချတန်း စာမေးပွဲဝင်ရန် ဆုံးဖြတ်ရခြင်း ဖြစ်သည်၊

စာချတန်းစာမေးပွဲကို မန္တလေးမှာ တစ်နှစ်၊ ရန်ကုန်မှာ တစ်နှစ် တစ်လှည့်စီ ကျင်းပရန် အစိုးရက သတ်မှတ်ထားရာ၊ ၁၃၀၃-ခု နှစ်ကား ရန်ကုန်မှာ ကျင်းပမည့် နှစ်ဖြစ်လေသည်၊ ထို့ကြောင့် တောင်ဝိုင်းကလေးဆရာတော် အရှင်သောဘနသည် ထိုနှစ် နယုန်လတွင် ရန်ကုန်သို့ကြွ၍ စာချတန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုရလေသည်၊ နဂိုကပင် စာချတန်းဆိုင်ရာ စာတို့ကို ပြည့်စုံအောင် အားထုတ်ထားပြီးဖြစ်ရာ၊ အရှင်သောဘနသည် အလွယ်တကူပင် စာချန်းတန်းကို အောင်မြင်တော်မူခဲ့သည်၊ ကျမ်းရင်း ၃-ကျမ်းနှင့် ဂုဏ်ထူးဆောင် ၆-ကျမ်း အားဖြင့် ၉-ကျမ်း ရှိသည့်အနက် ကျမ်းရင်း ၃-ကျမ်းနှင့် အဂ်ုတ္တိုရ်ပါဠိ အဌကထာမှ တစ်ပါး၊ ဂုဏ်ထူး ၅-ကျမ်း၊ ပေါင်း ၈-ကျမ်းကို အောင်မြင်တော်မူ၍ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်လက်မှတ်ကို ရရှိတော်မူခဲ့လေသည်၊

ထိုစဉ်က ထုတ်ဆင့်သော ပုစ္ဆာများမှာ ကျမ်းရင်း ၃ ကျမ်းကို ကျေကျေပွန်ပွန် အားထုတ်ထားပါလျှင် သဒ္ဒါဆိုင်ရာ ဗဟုသုတလည်း များထားသူ ဖြစ်လျှင် ဂုဏ်ထူးကျမ်းများကို မကြည့်ရှု မလေ့လာဘူးဘဲပင် ဂုဏ်ထူးကျမ်းများကို အောင်မြင်နိုင်လောက်သော ပုစ္ဆာများဖြစ်ကြ၏၊ ထိုစဉ်က ပြောရိုးစကားတစ်ခုမှာ မိမိသည် မည်သည့် ဂုဏ်ထူးကျမ်းကို အောင်လာသော်လည်း ထိုကျမ်းကို အနောင့်သာကြည့်ဖူးသည်ဟု ဖြစ်၏၊ ဘီဒိုထဲ၌ စာအုပ်များ ထောင်ထားရာတွင် စာအုပ်အနောင့်ရှိ ကျမ်းအမည်များကို ဖတ်ဖူးရုံသာ ရှိခဲ့သည်၊ စာအုပ်ကို ဖွင့်၍ပင် မကြည့်စဘူးဟု ဆိုလိုသည်၊ အချို့ကမူ အနောင့်ကိုပင် မကြည့်စဘူးဟု ဆိုကြသေးသည်၊ ထိုသို့ အနောင့်ပင် မကြည့်ဘူးသူ၊ အနောင့်ကိုသာ ကြည့်ဖူးသူ၊ အနောင့်သာသာမျှကိုသာ ကြည့်ဖူးသူ အများအပြားပင် ဂုဏ်ထူးကျမ်းများကို အောင်မြင်ကြသည်၊ ထိုသို့ဖြစ်ရသည်မှာ ဆိုင်ရာ ကျမ်းဂန်ကို ကျေပွန်မှုထက် စာပေပို့ချမှုကို ဦးစားပေးသော ပုစ္ဆာများဖြစ်သောကြောင့်ပင် ဖြစ်ခဲ့သည်၊ စာချနိုင်လောက်သည့် အရည်အချင်း ရှိမရှိကို ပဓာနထား၍ စစ်သော စာမေးပွဲ ဖြစ်သဖြင့် အပြစ်ကား မဆိုသာပေ၊ ပါဠိတက္ကသိုလ်များ ပေါ်လာသည့် နောက်ပိုင်းတွင်မူ ထိုစနစ်ကို ပြင်၍ ဆိုင်ရာကျမ်းဂန်ကို ကျေပွန်မှသာ အောင်နိုင်သော ပုစ္ဆာများကို ထုတ်ဆင့် မေးမြန်းတော့သည် ထို့ကြောင့် ယခုအခါတွင် တစ်နှစ်တည်း ၉–ကျမ်းအောင်သူ, ၈–ကျမ်း, ၇–ကျမ်း, ၆–ကျမ်း အောင်သူဟူ၍ မရှိတော့ပေ၊

အရှင်သောဘနလည်း ထိုစဉ်က ယေဘုယျအခြေအနေအတိုင်း အနောင့်သာသာ ကြည့်ဖူးရုံမျှနှင့်ပင် ၈–ကျမ်းကို တစ်နှစ်တည်း အောင်ခဲ့လေသလော တွေးတောစရာရှိ၏၊ သို့သော် ထိုသို့ထင်လျှင် မှားပေမည်၊ ထိုစဉ်ကပင် အရှင်သောဘနသည် နိကာယ် အရပ်ရပ်၌ နှံ့ပ်စပ်ပြီးဖြစ်ကြောင်း အတူစာချတန်းဖြေဖူးသော ဆရာတော်တစ်ပါး၏ မိန့်ကြားချက်အရ သိရလေသည်၊ မဇ္ဈိမနိကာယ်စသော (ကျမ်းအိပ်ခေါ်) ကျမ်းတို့၌လည်း မဟာစည်ဆရာတော် နှံ့စပ်ကျေပွန်ကြောင်း နှင့်စပ်၍ ထိုဆရာတော်နှင့် စကားစပ်မိရာ ထိုဆရာတော်က ဆိုလတ္တံ့အတိုင်း အမိန့်ရှိသည်ကို နာခံမှတ်သားရဖူးပါသည်၊ သူက ယခုအခါမှသာ ဒါတွေမှာ ကြေတာမဟုတ်ဘူး စာချတန်းဝင်တုန်းကတည်းက ကြေနေခဲ့တာ၊

စာဖြေပြီး ပြန်လာကြပြီဆိုရင် သူက ဒီပုစ္ဆာဟာ ဘယ်သံယုတ်က ထုတ်တာ၊ ဘယ်သုတ်က ထုတ်တာဆိုပြီး လျှောက်ပြောတော့တာပဲ၊ ဒါကြောင့်လည်း သူတစ်နှစ်တည်း ၈-ကျမ်းအောင်သွားတာပေါ့။ (ထိုအဆိုရှင် ဆရာတော်မှာ ယခုတိုင် သက်တော် ထင်ရှား ရှိပါသေးသည်၊) ဤစကားဖြင့်ပင် အရှင်သောဘန သည် နိကာယ်အရပ်ရပ်ကို နှံ့စပ်ကျေပွန်အောင် လေ့လာပြီးမှ စာချတန်းကို ဝင်ရောက်ဖြေဆို အောင်မြင်တော်မူခဲ့ကြောင်း ထင်ရှားပါတော့သည်၊ ထို့ကြောင့် ပင် ၁၃၁၃-ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေအပ်သော မဟာစည်ဆရာတော်၏မူ မဟာ သတိပဋ္ဌာနသုတ် ပါဠိ နိဿယ၏ အတွင်း မျက်နှာဖုံး၌ တွေ့ရသော အလယ်၌ ဒေါင်းရုပ်ပါသည့် “ဦးသောဘန သာသနဓဇသိရီပဝရ ဓမ္မာစရိယ-၁၃၀၃” ဟူ သော ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်မှာ ဓမ္မာစရိယာဟူသော ဘွဲ့၏ အဓိပ္ပါယ်ကို အပြည့်အဝ ဆောင်သော တံဆိပ်ဖြစ်ကြောင်း သိသာပါတော့သည်၊

## ဆိပ်ခွန်သို့ ပြန်ကြွရခြင်း

အရှင်သောဘနသည် စာချတန်းအောင်ချိန်တွင် မြန်မာပြည်မှာ အေးချမ်း လျက်ပင် ရှိသေးသည်ဟု ဆိုရသော်လည်း အနောက်ဥရောပတွင်မူ ဒုတိယကမ္ဘာ စစ်ကြီးဖြစ်ပွားခဲ့သည်ပင် ၂-နှစ်နီးပါးမျှ ရှိနေလေပြီ၊ ပထမကမ္ဘာစစ်ကြီးတုန်းက အရှုံးပေးခဲ့ရသော ဂျာမနီနိုင်ငံသည် လက်နက်အင်အား လူအင်အားစုကာ ဗြိတိ သျှ၊ ပြင်သစ်တို့ကို အပြင်းအထန် တိုက်ခိုက်နေချိန် ဖြစ်သည်၊ အင်္ဂလိပ်တွင် မိခဲ့ သဖြင့် ဂျာမနီတို့၏ လေကြောင်းတိုက်ခိုက်မှုဒဏ် ယူဘုတ်ဒဏ်တို့ကို အလူးအလဲ ခံနေရပြီး အင်္ဂလန်ကျွန်းအံ့သိမ်းခံရမည်ကိုပင် စိုးရိမ်ကာ တထိတ်ထိတ် တလန့်လန့် ဖြစ်နေရသော အချိန်ဖြစ်၏၊ မြန်မာအဖို့ကား မိမိတို့ နိုင်ငံသို့ စစ် မရောက်လာ သေးသဖြင့်လည်းကောင်း မိမိတို့နိုင်ငံကို သိမ်းပိုက်လိုက်၍ မိမိတို့ကို ကျွန်စာရင်း သွင်းခဲ့သော ဗြိတိသျှတို့ မျက်ဖြူဆိုက်နေချိန် ဖြစ်၍ အတွင်းကြိတ် ဝမ်းသာ နေချိန်ဖြစ်၏၊ ဤအခါမျိုးတွင် ဖြစ်တတ်သော ဓမ္မတာအတိုင်း အတိတ်တပေါင် များ ခေတ်စားလာခဲ့ရာ “ထီးရိုးမိုးကြိုးပစ်” ဆိုသည်အရ အင်္ဂလိပ်ဟူသော ထီးရိုးကို ပစ်မည့် ဂျာမနီသို့မဟုတ် ဂျပန်ဟူသော မိုးကြိုးကို မျှော်နေကြသော အခါလည်းဖြစ်၏၊ အထူးသဖြင့် အရှေ့အရပ်မှ လာမည့် ကယ်တင်ရှင်ကို စိတ်အား ထက်သန်စွာဖြင့် စောင့်မျှော်နေကြချိန် ဖြစ်၏၊ ကယ်တင်ရှင်နှင့်အတူ တစ်နေ့တွင်

ရောက်လာမည့် စစ်ဘေးကိုလည်း ခံယူရန် စိုးရွံ့စွာဖြင့် စောင့်နေရသည့် အချိန်လည်း ဖြစ်၏၊ ဗြိတိသျှအစိုးရတို့ကလည်း လာမည့်ဘေးကို ကာကွယ်သော အားဖြင့် မြန်မာနိုင်ငံ၌ စစ်ပြင်ဆင်ခြင်းများကို ပြုလုပ်လျက်ရှိ၍ လေကြောင်းရန်လုံခြုံရေး လေ့ကျင့်ခန်းများကိုလည်း ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ အရပ်ရပ်မှာပင် လေကြောင်းရန် ခိုလှုံရန် ဗုံးခိုကျင်းများလည်း တူးလျက်ရှိကြသည်။ ယင်းသို့ စစ်အတွက် ပြင်ဆင်နေကြရသော်လည်း တိုင်းသူ ပြည်သားများမှာမူ အလုပ်အကိုင် ပျက်လှသည်မရှိ နဂိုနေသာသာမျှသာ ရှိခဲ့ကြလေသည်။

သို့သော် ၁၃၀၃-ခုနှစ်၊ နတ်တော်လဆုတ် ၅-ရက်၏ နောက်ပိုင်းမှာမူ ဖြစ်ရပ်များမှာ မြန်ဆန်လာတော့သည်။ ထိုနေ့တွင် ဂျပန်နိုင်ငံသည် ဗြိတိသျှနှင့် အမေရိကန်တို့အား စစ်ကြေငြာ၍ တစ်ချိန်တည်းမှာပင် ဟာဝိုင်အီးကျွန်း ပုလဲဆိပ်ကမ်းကို ပြင်းထန်စွာ ဗုံးကြဲခြင်းဖြင့် စစ်မျက်နှာသစ် တစ်ရပ်ကို ဖွင့်လေသည်။

ထိုအခါ မကြာမီမှာပင် ဂျပန်တို့ မြန်မာပြည်သို့ ရောက်လာမည်ကို ဗြိတိသျှတို့ တွက်ထားခဲ့သည်။ ဂျပန်တို့သည် ကန့်ကူနမ်မှတစ်ဆင့် တောင်ပိုင်း ရှမ်းပြည်ကိုဖြတ်၍ ဗမာပြည်ကို သိမ်းပိုက်လိမ့်မည်ဟု ဗြိတိသျှတို့က ယူဆသည်။ ထို့ကြောင့် တောင်ပိုင်းရှမ်းပြည်တွင် စစ်တပ်များ အများအပြား ချထားလေသည်။ ဗြိတိသျှတို့သည် ပဌမတွင် တနင်္သာရီနယ်ကို လွှတ်ထားရန် ကြံရွယ်သည်။ နောက်မှ တနင်္သာရီနယ်တွင် လေယာဉ်ကွင်းများရှိသဖြင့် မိမိတို့အတွက်လည်း အရေးပါသည်၊ ဂျပန်တို့လက်သို့ ကျသွားလျှင်လည်း မိမိတို့အဖို့ များစွာ ဒုက္ခတွေ့မည်ကို သိသဖြင့် တနင်္သာရီနယ်ကိုလည်း ကာကွယ်ရန် စီမံရလေသည်၊ ကိုသို့ စီမံရသည့်အတွက် ဂျပန်စစ်ကြေငြာ၍ မကြာမီမှာပင် စစ်အတွက် အရေးကြီးသည့် ဌာနများအနီး၌ နေသူများကို အခြားလုံခြုံသည့် နေရာများသို့ ပြောင်းရွှေ့ရန် အမိန့်ထုတ်လေတော့သည်၊ လေယာဉ်ပျံများ အရေးပါသောစစ် ဖြစ်ရကား လေယာဉ်ကွင်းများသည် ရန်သူ၏ အဓိက ပစ်ကွင်းများ ဖြစ်လေသည်၊ ကောင်ဝိုင်းကလေးအနီး၌လည်း လေယာဉ်ကွင်းရှိသည်ဖြစ်ရကား ဆိုကွင်းအနီးရှိ တောင်ဝိုင်းကလေးပတ်ဝန်းကျင်ရှိ ကျောင်းဇရပ်အသီးသီးတွင် သီတင်းသုံးနေကြသော ရှင် လူများ

ကို ၇-ရက်အတွင်း ဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့ကြရန် စစ်မိန့် ထုတ်လေတော့သည်။

ဗြိတိသျှအစိုးရတို့၏ အမိန့်မှာ အခြားသူများအဖို့ တုန်လှုပ် ခြောက်ခြားဖွယ်၊ စိတ်မချမ်းသာဖွယ် ဖြစ်သော်လည်း တောင်ဝိုင်းကလေးဆရာတော် အရှင်သောဘနအတွက်မှာမူ နတ်ပေးသော အခွင့်အရေး တစ်ရပ်ပင် ဖြစ်တော့သည်။ အရှင်သောဘနသည် မလွှဲမရှောင်သာသဖြင့် တောင်ဝိုင်းကလေးမှာ နေရသော်လည်း မိမိဆန္ဒမှာမူ မိမိဝိပဿနာလုပ်ငန်း၏ အောင်မြေဖြစ်သည့် ဆိပ်ခွန်သို့သာ စိတ်ညွှတ်လျက် ရှိခဲ့သည်။ ဆိပ်ခွန်၌ အစပျိုး စမ်းသပ်လုပ်ကိုင်ခဲ့၍ အောင်မြင်မှုရခဲ့သော အလုပ်ကိုပင် ဆက်လက်လုပ်ရန် စိတ်အား ထက်သန်ခဲ့သည်။ သို့သော် မိမိမှာ တာဝန်ရှိသဖြင့် တောင်ဝိုင်းကလေးမှလည်း မထွက်ခွာနိုင်ဖြစ်ခဲ့ရ၏၊ ယခု ဗြိတိသျှတို့၏ အမိန့်က တောင်ဝိုင်းကလေးမှ ထွက်ခွာသွားရန် အခွင့်ကောင်းကို ပေးနေလေပြီ၊ ထို့ကြောင့် ဗြိတိသျှတို့၏ အမိန့်ကို သိပြီးလျှင်ပြီးချင်းပင် ဆိပ်ခွန်သို့ ပြန်ကြွရန် ဆုံးဖြတ်လိုက်တော့သည်။

အရှင်သောဘန တောင်ဝိုင်းကလေးမှ ထွက်ခွာသွားပြီးနောက် တောင်ဝိုင်းကလေး တိုက်ကျောင်းသို့ သွားရောက် ကြည့်ရှုမည်ဆိုလျှင် အံ့သြဖွယ်ရာ မြင်ကွင်းနှင့် ကြုံရမည်ဖြစ်သည်၊ အရှင်သောဘန ဆိပ်ခွန်သို့ ကြွသွားပြီ ဆိုသော်လည်း သူ့အိပ်သော အိပ်ယာမှ အခြေအနေမပျက်ပင် ရှိနေသည်၊ ခြင်ထောင်မှာလည်း ခုတင်၌ ထောင်၍ ပင့်တင်ထားလျက်ပင် ရှိသည်၊ အိပ်ယာခေါင်းအုံးစသည်တို့မှာလည်း ပကတိနေမြဲအတိုင်းပင် ရှိနေကြသည်၊ အရှင်သောဘန ဆိပ်ခွန်သို့ ကြွသွားပြီ ဆိုသည်မှာ ဟုတ်မှဟုတ်ပါလေစ ထင်ရလောက်အောင်ပင် ဖြစ်တော့သည်၊ အရှင်သောဘနသည် ယခင် တရားရှာ ထွက်စဉ်ကကဲ့သို့ပင် ယခုလည်း မိမိ၏ ရဟန်းပရိက္ခရာ အသုံးအဆောင်မျှကိုသာ ယူဆောင်လျက် ကြွသွားတော်မူလေသည်၊ ဤသည်ကပင် အရှင်သောဘန၏ စိတ်ဓာတ် ကြီးမြင့်ပုံကို ပြလေသည်။

တောင်ဝိုင်းကလေးတိုက်ကျောင်းသည် ကျောင်းသက်ရှည်ခြင်း, ကြည်ညိုဆည်းကပ်သူ ပေါများခြင်းတို့ကြောင့် ပန်းကန်ခွက်ယောက်, ဖျာ, သင်ဖြူး,

ကော်ဇောစသော ကျောင်းသုံးပစ္စည်း အလွန်ပေါများသော ကျောင်း ဖြစ်၏၊ သခုကဲ့သို့ တိုတောင်းလှသော အချိန်အတွင်းတွင် ရွှေပြောင်းသိမ်းဆည်းရန်မှာ လည်း ခဲယဉ်းလှသည်၊ သာမန်စိတ်ဓာတ်ရှိသူအဖို့ ဤပစ္စည်းများဖြင့်ပင် ဗျာများ၍ ဘာကိုမှ မလုပ်နိုင်ဘဲ စိတ်ဆင်းရဲလျက်သာ ရှိရာ၏၊ အရှင်သောဘနမူကား ဤပစ္စည်းများနှင့်စပ်၍ မိမိစိတ်ကို အညစ်အညူးမခံ၊ စစ်ဆိုသည်မှာ စည်းကမ်း ရှိသည်မဟုတ်၊ ကျောင်းတိုက်ပါမကျန် စစ်ကြီးအတွင်း ပျက်စီးချင်လျှင်လည်း ပျက်စီးသွားမည်ဖြစ်၏၊ ထို့ကြောင့် ဤပစ္စည်းများနှင့် စပ်၍ ကြောင့်ကျစိုက် နေခြင်းမှာ ရေရာသော အလုပ်မဟုတ်၊ ထို့ကြောင့် ပစ္စည်းများကို ကျောင်းမှာ ပင် နေမြဲတိုင်းနေရာ၌ နေစေ၍ ဥပက္ခာပြုထားရတော့မည်၊ ဤသို့ ကြံခဲ့ဟန်တူ ပါသည်၊ သို့သော် ပိဋကတ်စာအုပ်များကိုကား တိုက်ကျောင်းထက် ဘေးကင်း လိမ့်မည်ဟု ထင်ရသော မဟာမြိုင်ကျောင်းသို့ ပို့ထားရန် နေရစ်မည့် ဦးပဥ္စင်း များအား မှာထားခဲ့သည်၊ ကျောင်းပစ္စည်းများမှာ အရွှေအပြောင်း အသယ် အယူခက်၍ ထားပစ်ခဲ့သည်မှာ ရှိပါစေတော့ မိမိအသုံးပြုဆဲ ပစ္စည်းများကိုပင် ငဲ့ကွက်မှုမရှိဘဲ စွန့်ပစ်ထားခဲ့သည်မှာမူ သာမန်ပုဂ္ဂိုလ်များ လိုက်မီရန် များစွာ ခဲယဉ်းသော တွယ်တာခြင်း ကင်းမှုပင် ဖြစ်ပါတော့သည်၊

ဒုတိယကမ္ဘာစစ်ကြီးသည် များစွာသော လူတို့၏ ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲ စေခဲ့သည်၊ နဂိုက စိတ်ပြောင့်ပြောင်းသည် ထင်ရသူများပင် မျိုးချစ် စိတ်၏ လှုံ့ဆော်ချက်အရ စစ်မှုထမ်းများဘဝ သို့ ရောက်ကြသည်များ ရှိသလို၊ လူ့ ဘဝကို ငြီးငွေ့၍ သာသနာ့ဘောင်သို့ ရောက်သွားသူများလည်း ရှိပေသည်၊ ဤ သို့ ဘဝအခြေအနေ ပြောင်းခဲ့ရသူ တို့တွင် တောင်ဝိုင်းကလေး တိုက်ကျောင်း ဆရာ တော်လည်း အပါအဝင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်၊ တောင်ဝိုင်းကလေးမှ ထွက်ခွာခဲ့သည့် အချိန်အထိ အရှင်သောဘနသည် ပရိယတ်နှင့် ပဋိပတ်ကို မျှ၍ ကြိုးပမ်းခဲ့သည်၊ ပရိယတ်ကို ပို့ချရင်းပင် တဖက်မှ ပဋိပတ်ကိုလည်း အားထုတ်ခဲ့ သည်၊ ဤမှ နောက်တွင်မူကား အရှင်သောဘနသည် ပဋိပတ်ကိုသာ ပဓာနထား ၍ ကြိုးပမ်းသော ကမ္မဋ္ဌာန်းဆရာတော်တစ်ပါး အဖြစ်ဖြင့်သာ သာသနာ့ဝန်ကို ထမ်းဆောင်ရင်း ဗုဒ္ဓသာသနာဝင်တို့၏ အကျိုးကို အားသွန် ဆောင်ရွက်သွား သည်ကို တွေ့ရတော့မည် ဖြစ်ပါသည်၊ မြန်မာနိုင်ငံတော်၏ ပဋိပတ် သာသနာ ရောင်ကား ကမ္ဘာချဉ်းအောင်ပင် ထွန်းလင်းပေတော့မည်ကား၊

## ဆိပ်ခွန်၌ ဝိပဿနာသာသနာပြုခြင်း

ဂျပန်က အင်္ဂလိပ် အမေရိကန်တို့အား စစ်ကြေငြာပြီးနောက် ရက်သတ္တနှစ်ပတ်ခန့် အကြာမှာပင် မြန်မာနိုင်ငံလည်း စစ်ဒဏ်ဆိုသည်ကို လက်တွေ့ခံစားရလေသည်၊ ဂျပန်တို့က ၁၃၀၃-ခုနှစ်၊ ပြာသိုလဆန်း ၆ - ရက်နေ့တွင် ရန်ကုန်မြို့ကို လေကြောင်းမှ တိုက်ခိုက်လေတော့သည်၊ စစ်ဘေးအတွေ့အကြုံ မရှိသေး၍ အတိမ်းအရှောင်မတတ်ကြသေးရကား ပုံးဒဏ်, စက်သေနတ်ဒဏ် ခံရ၍ အသက်ဆုံးကြရသူများလည်း အများအပြားပင် ထိုမှနောက်တွင်မူ ကမ္ဘာ့စစ်ဘေးဆိုးကြီးသည် မြန်မာတစ်ပြည်လုံးကို လွှမ်းခြုံခဲ့လေတော့သည်၊ ၁၃၀၄-ခုနှစ် နှစ်ဦးပိုင်းတွင် ဂျပန်တို့သည် ဗမာပြည်ကို သိမ်းမိလေသည်၊ ဂျပန် သိမ်းပြီးစက တိုင်းသူပြည်သားတို့သည် စစ်ကြီးပြီးသလောက် အထင်ရောက်ခဲ့ကြ၏၊ သို့သော် များမကြာမီမှာပင် အင်္ဂလိပ် အမေရိကန်တို့က ပြန်လည်တိုက်ခိုက်လေရာ လေကြောင်းရန်မှာ အချိန်မရွေးစိုးရိမ်ရသော ဘေးရန်တစ်ခု ဖြစ်နေလေတော့သည်၊

ၤသို့ မြန်မာတစ်ပြည်လုံး စစ်ဒဏ်ကို အလူးအလဲခံနေရသည် ဆိုသော်လည်း အချို့ကံကောင်းသော တောရွာများမှာမူ စစ်ဘေး စစ်ဒဏ်ကို လက်တွေ့မခံစားရပေ၊ အခြားအရပ်များ၌ ဒုက္ခတွေ့နေကြသော်လည်း ထိုရွာများမှာမူ အေးချမ်းစွာပင် ရှိခဲ့ကြသည်၊ ထိုသို့ ကံကောင်းသော ရွာများတွင် ဆိပ်ခွန်ရွာလည်း အပါအဝင်ဖြစ်ရာ ထိုရွာသို့ ပြန်လည်ရောက်ရှိနေသော အရှင်သောဘနသည် ထိုရွာအင်ကြင်းတောတိုက် မဟာစည်ကျောင်း၌ သီတင်းသုံးလျက် ဝိပဿနာလုပ်ငန်း တရားကို ကျယ်ပြန့်စွာ ပြောညွှန်ပြသခြင်း ပြုနိုင်ခဲ့လေသည်၊ ဆရာတော်၏ စိတ်ပါဝင်စားအားကျလာအောင် အဟောကောင်းမှု, လက်တွေ့ အပြအသ ကောင်းမှုကြောင့်ပင် တရားအားထုတ်သော ယောဂီများမှာ တစ်နေ့တစ်ခြား များပြားတိုးတက်၍ လာခဲ့လေသည်၊ တစ်နှစ်ထက် တစ်နှစ် တိုးတက်လျက်သာ ရှိခဲ့လေသည်၊

ဆရာတော်၏ ညွှန်ကြားချက်ကို တိတိကျကျ လိုက်နာအားထုတ်ခဲ့ကြ၍ မိမိတို့ကိုယ်တွေ့ တရား၏အရသာကို သိလာကြသောအခါ ထိုတရားအားထုတ်

ပြီး သူတို့သည် မိမိတို့နည်းတူ အခြားပုဂ္ဂိုလ်များလည်း တရားအရသာကို သိစေလိုသောဆန္ဒ ဖြစ်ပေါ်လာကြသည်၊ အလွန်အရသာထူးသော စားကောင်းသောက်ဖွယ်ကို စားရသောအခါ အခြားသူများကိုလည်း စားစေလိုကြသလိုပင် ဖြစ်သည်၊ ထိုအခြားသူအားလုံးကို ဆိပ်ခွန်သို့လာရန် ခေါ်ဖို့လည်း မဖြစ်နိုင်၊ ထို့ကြောင့် ထိုသူတို့ အကျိုးရှိအောင် လုပ်ရန်မှာ ကျမ်းစာရေးသား၍ ဖြန့်ဖြူးခြင်းသာ ဖြစ်တော့သည်ဟု ထိုသူတို့ သဘောပေါက်ကြသည်၊ ထို့ကြောင့်ပင် ထိုယောဂီ ဥပသကာတို့သည် ဆရာတော် အရှင်သောဘနအား ဥာဏ်အနု၊ အလတ်၊ အရင့်ပုဂ္ဂိုလ်တို့နှင့် သင့်လျော်သော လက်တွေ့ဝိပဿနာနည်းပြ ကျမ်းတစ်ခု ပြုစုတော်မူပါရန် လျှောက်ထား တောင်းပန်ကြလေသည်၊ ထိုဥပသကာတို့၏ တောင်းပန်ချက်ကြောင့်ပင် ဆရာတော်သည် ဝိပဿနာရှုနည်းကျမ်းကို ရေးသား စီရင်တော်မူလေသည်၊

## ဝိပဿနာ ရှုနည်း ကျမ်း ရေး သား ခြင်း

ဆရာတော်သည် ဥပသကာတို့၏ တောင်းပန်လျှောက်ထားမှုကို လက်ခံပြီးနောက် ဝိပဿနာရှုနည်းကျမ်းကို ရေးသားတော်မူလေသည်၊ ထိုစဉ်အခါက အင်္ဂလိပ် အမေရိကန်တို့က မြန်မာပြည်အရပ်ရပ်၌ ဗုံးကြဲနေသော အချိန်ဖြစ်၍ ရွှေဘိုမြို့ သို့ နေ့စဉ်လိုပင် လာရောက်ဗုံးကြဲနေ၏၊ သို့သော် ယင်းဗုံးသံများ အကြားမှပင် ခုနစ်လမျှဖြင့် ဝိပဿနာရှုနည်းကျမ်း ၂–တွဲတို့ကို ပြီးစီးအောင် ရေးသားတော် မူခဲ့သည်၊ ထိုကျမ်း ၂–တွဲပေါင်းမှာ ရှိုင်ဆိုက်နှင့် စာမျက်နှာ ၉၅၀–ခန့်မျှ ရှိသည်ဖြစ်ရာ ဤမျှကြီးမားသော ကျမ်းကို ခုနစ်လနှင့် အပြီးရေးခဲ့ခြင်းသည်ပင် အံ့သြဖွယ်ရာတစ်ရပ် ဖြစ်တော့သည်၊ ဤမျှတိုတောင်းလှသော အချိန်အတွင်း၌ ပြီးစီးအောင် ရေးသားခဲ့သည်ဆိုသဖြင့် စာအုပ်ဖြစ်လျှင် ပြီးရော သဘောမျိုးဖြင့် ဖြစ်ကတတ်ဆန်း ရေးသားသောကျမ်း ဖြစ်လေမည်လားဟုလည်း အချို့က မှတ်ထင်ကောင်း မှတ်ထင်ကြမည်ဖြစ်၏၊ သို့သော် ထိုကျမ်းကို အစမျက်နှာ အနည်းငယ်မျှ ဖတ်ကြည့်လျှင်ပင် ထိုကျမ်းသည် ခိုင်ခန့်သော တကယ့်ကျမ်းကြီး ဖြစ်ကြောင်း ၊ ပါဠိ အဋ္ဌကထာ ဋီကာ အကိုးအကားမလွတ်စေဘဲ ယင်းတို့ကို လက်တွေ့သဘော တရားတို့ဖြင့် ထပ်၍ အချက်ပိုင်ပိုင် ရေးသားထားသော ကျမ်း ဖြစ်ကြောင်းကို သိနိုင်ပါသည်၊

ကျမ်းရေးသားတော်မူပြီးနောက် ပုံနှိပ်ရန် တာဝန်ရှိလာပြန်သည့် စစ်ကြီးအတွင်း ဖြစ်နေ၍ ခက်ခဲရှားပါးမှု အမျိုးမျိုးကြောင့် ပုံနှိပ်ရန် မလွယ်ဖြစ်နေခဲ့သည်၊ ရွှေဘိုမှာလည်း ပုံနှိပ်ရန် မဖြစ်နိုင်သဖြင့် အခက်အခဲတွေ့လျက်ရှိသည်၊ သို့သော် ယောဂီတစ်ဦး၏ သတင်းပေးချက်အရ ပုံနှိပ်ရန်ကိစ္စမှာ အဆင့်ပြေသွားခဲ့လေသည်၊

စစ်ကိုင်းခရိုင် ရွာသစ်ကြီးမှ လာရောက်အားထုတ်နေသော ယောဂီတစ်ဦးက ထိုသို့ ပုံနှိပ်ရန် အခက်အခဲတွေ့နေသည်ကို သိရသောအခါ ရွာသစ်ကြီးတွင် ပုံနှိပ်စက်တစ်လုံး ရှိကြောင်းလျှောက်ထားသည်၊ ဆရာတော်က စာအုပ်ရိုက်သောအခါ ကြည့်ရှုပြင်ဆင်မည့် ပုဂ္ဂိုလ်လိုကြောင်း အမိန့်ရှိသောအခါ ထိုယောဂီကပင် ရွာသစ်ကြီး၌ ထိုကျမ်းစာကို ကျကျနနပြင်ဆင်ပေးနိုင်မည့် ဆရာတော်တစ်ပါး ရှိကြောင်း လျှောက်ထားပြန်သည်၊ ထိုယောဂီ၏ လျှောက်ထားချက်အရပင် ဆရာတော် အရှင်သောဘနလည်း ရွာသစ်ကြီးရှိ ထိုဆရာတော်ထံသို့ စာမူကို ပို့၍ ပြင်ဆင်ရန် တာဝန်အပ်နှင်းပြီး ကျမ်းစာကို ရိုက်နှိပ်စေတော်မူရသည်၊ ထိုဆရာတော်သည် ဝိပဿနာရှုနည်း ကျမ်းစာမူကို ဖတ်ရှုရသောအခါ ကျမ်းပြုပုဂ္ဂိုလ်အပေါ် အလွန်အားရကျေနပ်ခြင်း ဖြစ်လေသည်၊ ဤကျမ်းစာက မိတ်ဆက်ပေးသဖြင့် ထိုဆရာတော်နှစ်ပါး တစ်ပါးကိုတစ်ပါး မမြင်မတွေ့ဘူးသေးဘဲနှင့်ပင် မိတ်ဆွေ ဖြစ်သွားကြတော့သည်၊ ကျမ်းစာရိုက်နှိပ်မှု အစပြုပြီးသည့်နောက် ဆရာတော် အရှင်သောဘန ရွာသစ်ကြီးသို့ ကြွသောအခါမှသာ ဆရာတော်နှစ်ပါးမှာ ပုဂ္ဂိုလ်ခြင်း တွေ့ဆုံခင်မင်းရင်းနှီးခွင့် ရကြပါတော့သည်၊ ထိုဆရာတော်သည် နောင်အခါတွင် ဆရာတော်အရှင်သောဘန၏ နည်းအတိုင်း ဝိပဿနာအားထုတ်၍ ကမ္မဋ္ဌာနာစရိယ ဆရာတော်တစ်ပါး ဖြစ်တော်မူလေသည်၊ ထိုရွာသစ်ကြီးဆရာတော်ကား အခြားမဟုတ်၊ ယခုအခါ စစ်ကိုင်းတောင် ရွှေစေတီရိပ်သာကို အစတည်ထောင်တော်မူ၍ ထိုရိပ်သာ၏ ပဓာန နာယကအဖြစ်ဖြင့် ဆောင်ရွက်တော်မူလျက်ရှိသော အဂ္ဂမဟာပဏ္ဍိတ ဘာသန္တရဆေက ပရိယတ္တိကောဝိဒ ပဋိပတ္တိမာမက စိတြကထိက ဖြစ်တော်မူသော ရွှေစေတီ ဆရာတော်ဘုရားကြီးပင် ဖြစ်တော်မူပါသည်၊

ဝိပဿနာရှုနည်းကျမ်း ပထမတွဲကို ရွာသစ်ကြီး ရွာမှာပင် ချောမောစွာ ရိုက်နှိပ်ပြီး ခဲ့၍ ဆိပ်ခွန်သို့ သယ်ယူထားခဲ့သည်၊ ဒုတိယတွဲကျမ်းမှာမူ ရိုက်နှိပ်ပြီး မချုပ်လုပ်ရသေးသည့် ဖောင်စိမ်းဘဝမှာပင် ရွာသစ်ကြီးကို အင်္ဂလိပ် အမေရိကန် တို့က ဗုံးချရာတွင် စာပုံနှိပ်စက်လည်းပါသွားသဖြင့် မီးသင့်လောင်ကာ ပျက်စီး ခြင်းသို့ ရောက်ရလေသည်၊ ထိုသို့ မီးသင့်လောင်ရာတွင် ဒုတိယတွဲ လက်ရေး မူချောပါ ပါသွားသဖြင့် မူချောကို ထပ်၍ ရေးသားတော်မူရသည်၊ ပထမတွဲကို ရိုက်နှိပ်သည်ဆိုသော်လည်း စစ်အတွင်း စက္ကူအခက်အခဲကြောင့် အုပ်ရေ ၂၀၀- မျှသာ ရိုက်နိုင်ခဲ့သည်၊ ထို့ကြောင့် စစ်ကြီးပြီးသောအခါ ပထမတွဲကို မန္တလေးမြို့ သုခဝတီ ပုံနှိပ်တိုက်တွင်လည်းကောင်း၊ ဒုတိယတွဲကို လှခင်အင်ဆန်းပုံနှိပ်တိုက် တွင်လည်းကောင်း ရိုက်နှိပ်ခဲ့ရသည်၊

## ကျမ်းဂုဏ်ရည်

အချို့သော အဆောက်အဦတို့သည် ရှေ့ဘက်မှ ကြည့်လျှင် လှသော်လည်း အခြားဘက်မှကြည့်လျှင် မလှ၊ ထိုသို့သော အဆောက်အဦမျိုးကို တင်ပြရာဝယ် ဓာတ်ပုံဆရာ၌ မြင်တတ်မှုရှိဖို့ အရေးကြီးသည်၊ လှသော ဘက်မှ ရိုက်၍ ပြမှသာ အဆောက်အဦကိုလည်း ကြိုက်ကြမည်၊ မိမိဓာတ်ပုံလည်း ပုံကောင်းစာရင်း ဝင်ပေ မည်၊ အချို့သော အဆောက်အဦများမှာကား ထိုကဲ့သို့ မဟုတ်၊ မည်သည့်ဘက် မှပင် ကြည့်သည်ဖြစ်စေ လှလျက်ချည်းသာ ရှိလေသည်၊ ထိုအဆောက်အဦမျိုး၌မူ ဓာတ်ပုံဆရာမှာ ရှုထောင့်ကောင်း ရွေးချယ်ရမည့် တာဝန်ပေါ့သွားတော့သည်၊ မည်သည့်ဘက်မှ ရိုက်၍ ပြသည်ဖြစ်စေ အဆောက်အဦမှာ လှနေမည်သာ ဖြစ်ပြီး ဓာတ်ပုံမှာလည်း ပုံကောင်း ဖြစ်နေမည်သာ ဖြစ်သည်၊ ဆရာတော်အရှင်သောဘန ရေးသားစီရင်သော ဝိပဿနာရှုနည်းကျမ်းမှာ ဒုတိယအမျိုးအစား အဆောက်အဦ ကဲ့သို့ပင် ဖြစ်ပါသည်၊ မည်သည့် ရှုထောင့်မှ ဖတ်သည်ဖြစ်စေ, မည်သည့် အပိုင်း အခန်းကို ဖတ်သည်ဖြစ်စေ အကောင်းချည်းသာ ဖြစ်လျက်ရှိပါသည်၊ တစ်နည်းအား ဖြင့် ဝိပဿနာရှုနည်းကျမ်းမှာ အရသာမြိန်ယှက်သော ဟင်းကောင်းတို့ဖြင့်ချည်း ပြင်ဆင်ထားသော ထမင်းစားပွဲကြီးနှင့် တူလှပါသည်၊ ဟင်းခွက်တိုင်းမှာ အကောင်း ချည်းဖြစ်နေသလို နေရာတိုင်းမှာပင် အကောင်းချည်းသာ ဖြစ်ပါသည်၊ ထို့ကြောင့် ဝိပဿနာ ရှုနည်းကျမ်း၌ ကောင်းသောနေရာကလေးများကို ဖတ်ချင်ပါသည်

ဆိုလာသူအား တစ်အုပ်လုံး အစမှ အဆုံးတိုင် ဖတ်ပါဟု ညွှန်ကြားရန်သာ ရှိပါတော့သည်။

သို့သော် ပြခဲ့သော ထမင်းပွဲကြီးမျိုး၌ ထိုင်နေသူသည် မိမိအထူး ခံတွင်းတွေ့သော ဟင်းခွက် မိမိနှင့်နီးသော ဟင်းခွက်တို့အကြောင်းကို အထူးပြောပြမည်ဖြစ်သလို ဤအခန်း၌လည်း ဝိပဿနာ ရှုနည်းကျမ်းလာ အချို့သော အချက်အလက်တို့ကို ရေးသားလိုပါသည်။

မြန်မာနိုင်ငံ၌ ဝိပဿနာကျမ်းပေါင်းမြောက်များစွာ ထွက်ပေါ်လာခဲ့ကြဖူးပါသည်။ သို့သော် လက်တွေ့ လုပ်ငန်းဆိုင်ရာတွင်မူ ဝိပဿနာ ရှုနည်းကျမ်းလောက် ပြောင်မြောက်ပြည့်စုံသော ကျမ်းကို မတွေ့ဘူးသေးပါ။ ပါဠိအဋ္ဌကထာ ဋီကာတို့လာ မိန့်ဆိုချက်တို့ကို လက်တွေ့သဘောတရားနှင့် ဟပ်၍ ဟပ်၍ ပြထားသည်တို့မှာ ထူးခြားသည်နှင့်အမျှ နှစ်သက်ဖွယ်အတိ ရှိလေသည်။ မြင်နေကြ အဆောက်အဦကို မိမိမကြည့်ဘူးသေးသော ရှုထောင့်မှ ကြည့်ရသလို အမြင်သစ်ကို ရစေနိုင်ပါသည်။

အထူးအားဖြင့် ဒုတိယတွဲအစ၌ ပြထားသော အခန်း၅-မှာ လက်တွေ့နှင့်ပတ်သက်၍ အနှစ်သာရဖြစ်၏၊ နေရာဌာန တစ်ခုသို့ မိမိကိုယ်တိုင် ရောက်ဖူး၍ အခြားများစွာသော သူတို့ကိုလည်း ရောက်အောင် ပို့ဆောင်ခဲ့ဖူးသော ပုဂ္ဂိုလ်တစ်ဦး၏ ညွှန်ကြားချက်မျိုးတို့ဖြင့်သာ တစ်ခန်းလုံး ပြည့်နှက်လျက်ရှိသည်။ ဝိပဿနာအလုပ်ကို မလုပ်တတ်မရှိရလေအောင် အလွန်အသေးစိတ် ညွှန်ကြားချက်တို့ကို ပေးထားသည်တို့ကို တွေ့ရ၏၊ ထိုသို့ အသေးစိတ်ပေးနိုင်သည်မှာ ကိုယ်တွေ့လည်း လုပ်ထားဖူး၊အခြားသူများအားလည်းလက်တွေ့ပြသထားဖူးသောကြောင့်သာဖြစ်ပေသည်၊ ထိုသို့မဟုတ်ပါက ဤညွှန်ကြားချက်မျိုးပေးနိုင်ရန်မှာ ခဲယဉ်းပါဘိသည်၊ "အမှတ်ကောင်းနေစဉ် ဖျန်းကနဲ ကြက်သီးထတတ်၏၊ ကျောထဲကဖြစ်စေ၊ တစ်ကိုယ်လုံးကဖြစ်စေ စိမ့်ကနဲ စိမ့်ကနဲ အေးမှုလည်း ဖြစ်တတ်၏၊ မကြောက်နဲ့ သဘောအတိုင်း ပီတိ ဖြစ်ပေါ်လာခြင်းပင်တည်း၊ တစ်စုံတစ်ရာ အသံကလေးများကိုကြားရသောကြောင့်လည်း ဖျတ်ကနဲ လန့်တတ်၏၊ မကြောက်နဲ့ သာမာဓိ အရှိန်ကောင်းလာတဲ့အတွက် ဖဿဒွါ ပြင်းပြပုံကိုထင်ရှားသိလာခြင်းပင်တည်း" အစရှိ

သော သတိပေး ညွှန်ကြားချက်ကလေးများမှာ ထိမိလှပေသည်၊ မိမိ ကိုယ်တွေ့များကို ပြန်ပြောနေသကဲ့သို့ ရှိပါပေသည်၊ ဤသို့သော ညွှန်ကြားချက်ကလေးများကို ရသော ယောဂီပုဂ္ဂိုလ်သည် လမ်းမှားသို့ မရောက်နိုင်သည်မှာ သေချာပါသည်၊ ထို့ကြောင့် ဤအခန်း ၅-မျှကို အစအဆုံးဖတ်ရှုပါလျှင် ကျမ်းပြု ပုဂ္ဂိုလ်သည် သာမန်ပုဂ္ဂိုလ် မဟုတ်ကြောင်း၊ ဝိပဿနာဆိုင်ရာတွင် အလွန်မြင့်မားသော အဆင့်သို့ ရောက်ပြီးသူ ဖြစ်ကြောင်း မှန်းဆသိမြင်လောက်ပါတော့သည်၊

## အညာဗျာကရဏမျိုးလော

မြတ်စွာဘုရားလက်ထက်တော် တရားထူးရပြီးသော ထိုထို ထေရာ ထေရီတို့သည် တရားသဘောဆိုင်ရာ မိမိတို့၏ကိုယ်တွေ့ အတွေ့အကြုံနှင့် သုံးသပ်ချက်များကို အားပါးတရ ဥဒါန်းကျူးခဲ့ကြသည်၊ ထိုထေရာ ထေရီတို့ ဥဒါန်းကျူးခဲ့သော စကားရပ်များသည် ပါဠိ ပိဋကတ်၌ ထေရဂါထာ ထေရီဂါထာ ထေရအပဒါန် ထေရီ အပဒါန်ဟု ထင်ရှားလေသည်၊ အပဒါန်တို့၌မူ မိမိတို့၏ ရှေးအကြောင်းများကိုပါ ထုတ်ဖော်ခဲ့ကြသည်၊ ဝိပဿနာ ရှုနည်းကျမ်း အခန်း၅-လည်း ထိုဥဒါန်းစကားတို့ကဲ့သို့ပင် ဖြစ်လေသလော၊

အရှင်ဗာကုလမထေရ်သည် မိမိ၏ ငယ်သူငယ်ချင်းဖြစ်သူ အစေလကဿပအား ငါ့ရှင်ကဿပ ငါသည် ၇-ရက်သာ ကိလေသာရှိသူအဖြစ်ဖြင့် တိုင်းပြည်၏ဆွမ်းကို စားခဲ့သည်၊ ၈-ရက်မြောက်၌ အရဟတ္တဖိုလ် ထင်ရှားဖြစ်ခဲ့သည်ဟု မိန့်တော်မူခဲ့သည်၊ ရဟန်းမဟုတ်သူအား အရဟတ္တဖိုလ်ကို ပြောကြားခြင်းငှါ မိမိ အရဟတ္တဖိုလ်ရကြောင်း ပြောခြင်းငှါမအပ်၊ အဘယ်ကြောင့် ပြောကြားသနည်းဟု ပုစ္ဆာထုတ်၍ အဋ္ဌကထာ ဆရာက ဤသို့ ဖြေဆိုခဲ့၏၊ မထေရ်က ငါရဟန္တာတည်းဟု မပြော အရဟတ္တဖိုလ်သည် ဖြစ်ပြီဟုသာ ဆိုသည်၊ တစ်နည်းလည်း မထေရ်သည် ရဟန္တာဟု ထင်ရှားသည်၊ ထို့ကြောင့် ယင်းသို့ မိန့်သည်၊ အဋ္ဌကထာ၏ အဖြေကို ဖတ်ပြီးနောက် မဟာသတိပဋ္ဌာနသုတ်နှင့် အဖွင့် အဋ္ဌကထာ ဋီကာတို့၌ သတိပဋ္ဌာန်လေးပါးလုံးဆိုင်ရာ ရှုမှတ်နည်းတို့ကို ဖော်ပြထားသည်၊ သို့သော် ကာယာနုပဿနာပိုင်းမှသာ ရှုမှတ်ပုံများကို ခပ်ကျယ်ကျယ်ရေး၍ အထက်ပိုင်း ရှုမှတ်ပုံများမှာလည်း အကျဉ်းမျှသာ ပြသွားတော့သည်၊ စာအုပ်ကိုသာ ဆရာလုပ်၍ အားထုတ်ရသော ယောဂီ

ပုဂ္ဂိုလ်အဖို့ ဝေဒနာနုပဿနာစသော ရှုမှတ်မှုများ၌ မရှုတတ်ဖြစ်ကြရသည်၊ ထိုရှုမှတ်မှုများမှာ ရှေးအခါက ဇောက်ရှိခဲ့ပေမည်၊ ရှိခဲ့၍လည်း ထိုနည်းတို့နှင့်အညီ ရှုကြ၍ တရားထူးရသော ပုဂ္ဂိုလ်များ အများအပြား ပေါ်ထွက်ခဲ့ကြခြင်း ဖြစ်ပေသည်၊ ဝိပဿနာ အဆက်ပြတ်ခဲ့သလောက်ဖြစ်သော ဤအချိန်မှာမူ ထိုရှုနည်းများမှာ ကွယ်သလောက်ဖြစ်နေ၍ လက်တွေ့အားထုတ်လိုသော ပုဂ္ဂိုလ်များမှာ အားလျော့ရမလိုရှိခဲ့သည်၊ ထိုသို့သော ပုဂ္ဂိုလ်များကို အားတက်စေ၍ အထက်ပိုင်း ရှုမှတ်နည်းများကို လက်ဖြင့် ကိုင်ပြသကဲ့သို့ ရှင်းလင်းစွာနားလည်အောင် ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်းက ပြလေသည်၊ ဝိပဿနာအရာ၌ အဆက် ပြတ်၍ တိမ်မြုပ်နေခဲ့သော လွန်စွာအရေးပါသည့် ကွင်းဆက်တစ်ခုကို ဤကျမ်းက ပြောင်မြောက်စွာ ဖော်ထားလေသည်၊ ဤအချက်နှင့်ပတ်သက်၍ ဝက်လက် မစိုးရိမ် ဆရာတော် ဦးတိဿက မဟာစည် ဆရာတော်ကို ချီးကျူးထောပနာရာတွင် အောက်ပါအတိုင်း ထည့်သွင်း မိန့်ကြားခဲ့လေသည်၊

"ဒါပေမယ့် အလုပ်လုပ်ဖို့ကြတော့ အောက်ပိုင်း ကာယနုပဿနာလောက်သာ လုပ်တတ်သလိုရှိပြီး အထက်ပိုင်းဖြစ်တဲ့ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာနဲ့ ဓမ္မာနုပဿနာပိုင်းတွေကျတော့ ရှုမှတ်မှုအတွက် နားမလည်နိုင်အောင် ဖြစ်ခဲ့ရပါတယ်၊ တစ်ပြိုင်တည်းဖြစ်၍ တစ်ပြိုင်တည်းချုပ်ပြီး အလွန်လျင်မြန်လှတဲ့ သမ္ပယုတ္တဓမ္မ စိတ်စေတသိက်တွေကို ဘယ်လိုရှုမှတ်ရမယ်လို့ကို နားမလည်ပါဘူး၊ ကိုယ်နဲ့ တန်းတူတွေရော ကိုယ့်ထက် ပိုပြီး နားလည်လောက်တဲ့ ဆရာသမားတွေကိုပါ အခွင့်သင့်တိုင်း ဆွေးနွေးမေးမြန်းခဲ့ပါတယ်၊ ဆွေးနွေး မေးမြန်းသမျှ ပုဂ္ဂိုလ်တွေထဲက အထက်ပိုင်းသာ ရှုမှတ်နည်းတွေကို ဘယ်သူမှ သိနားလည်တာ မတွေ့ခဲ့ရပါဘူး၊ မဟာသတိ ပဋ္ဌာန်အထက်ပိုင်း သိမှတ်မှုတွေ ဘယ်လောက်တောင် အဆက်ပြတ်နေခဲ့ကြပြီဆိုတာ ထောက်ဆကြည့်ရင် သိနိုင်ပါတယ်၊ ဒါနဲ့ ဒီအဓိပ္ပါယ်ကို မသိရလို့ ရင်ထဲမှာ စိုးနင့်ကြီး ဖြစ်နေခဲ့ရတာ အကြာကြီးပါပဲ၊ ပညာရှိ သူတော်ကောင်းတွေ ကျေနပ်နှစ်သိမ့်လောက်အောင် ဒီလောက်ကောင်းနေတဲ့ ကောင်းခြင်းလက္ခဏာတွေနဲ့ ပြည့်စုံလှလို့ အလွန်အားရတဲ့အထိ အတော်ကြာကြာကထဲက စိတ်နှလုံးထဲမှာ ငြောင့်တစ်ချောင်းစူးဝင်နေသလို တစ်ဆို့ နင့်နင့်ဖြစ်နေခဲ့ရတဲ့

မဟာသတိပဋ္ဌာန် အထက်ပိုင်း ရှုမှတ် နည်းကို တွေ့လိုက်ရတဲ့အခါ ဘယ်လောက် တောင် ဝမ်းမြောက်သွားမိတယ်ဆိုတာ မခန့်မှန်းနိုင်အောင် ဖြစ်ခဲ့ရပါတယ်။ "

ဆရာတော် ဦးတိဿသည် ဝိပဿနာ ရှုနည်းကျမ်းနှင့် ပတ်သက်၍ မိမိ၏ ခံစားရချက်ကို မျိုသိပ်မထားနိုင်၍ ထုတ်ဖော်လိုက်ခြင်းပင် ဖြစ်ပါသည်။ မှန်ပေ သည် စာ၌ အခက်တွေ့နေ၍ ထိုအခက်ကို မဖြေရှင်းနိုင်သောအခါ ရင်ထဲ၌ ဆို့နင့် နင့် ဖြစ်ရပုံ၊ ထိုအခက်ကို ဖြေရှင်းပေးသည့်ကျမ်း၊ သို့မဟုတ် ပုဂ္ဂိုလ်ကိုလည်း ကျေးဇူးတင် မိမိလည်း အတိုင်းမသိ ဝမ်းမြောက်ရပုံ၊ ထိုဖြေရှင်းသွားသော အခက် အခဲကို အခြားသူတို့အား ပြောမပြဘဲ မနေနိုင်ပုံတို့မှာ ကိုယ်တွေ့ကြုံရသူတို့အဖို့ ဖြစ်ရိုး ဖြစ်စဉ်ပင် ဖြစ်ပါတော့သည်။

## လက္ခဏရေး စသည်

စာချတန်းဝင်ပြီးသူတိုင်း လက္ခဏ ရေး စသည်ကို သိကြသည်။ အဘိဓမ္မာ အဋ္ဌကထာဆိုင်ရာ ပုဏ္ဏတို့၌ လက္ခဏ ရေး ပစ္စုပ္ပဋ္ဌာန်တို့ကို ပုဏ္ဏတစ်ပုဒ် အနေ ဖြင့် မေးရန် သတ်မှတ်ထားသည်။ ထို့ကြောင့် စာချတန်း ဝင်သူတိုင်း ယင်းတို့ကို အဋ္ဌကထာကို့မှ ထုတ်နုတ်၍ အလွတ်ကျက်ထားကြရသည်။ ဤစာရေးသူလည်း အ လွတ်ကျက်၍ပင် စာချတန်းတို့ကို အောင်ခဲ့သည်။ စာမေးပွဲအောင်ရန် ကျက်ခဲ့ခြင်း ဖြစ်၍ လက္ခဏရေးစသည်တို့၏ လေးနက်သော သဘောအဓိပ္ပါယ်ကို ဆင်ခြင်စဉ်း စားမှု မပြုခဲ့ပေ။ ထို့ပြင် ဤသဘောသွားတို့ကို ကိုယ်တိုင်သိမြင်ရန်လည်း များစွာ ခဲယဉ်းမည်၊ မဖြစ်နိုင်သလောက် ရှိမည်ဟု ထင်မှတ်ခဲ့သည်။

သို့သော် ဝိပဿနာရှု နည်းကျမ်း အခန်း ၄–တွင် လက္ခဏရေး စသည် အ ကြောင်း ရေးထားသော စာပိုဒ်များကို ဖတ်ရသောအခါမှာမူ မိမိထင်မှတ်ထားချက် မှာ လွဲမှားကြောင်း သိရှိမျှမက ထိုအခါကျမှပင် ပစ္စုပ္ပဋ္ဌာန်ကို အနက်ပေးရာ၌ ယောဂီတို့ ဉာဏ်တွင် ထင်လာ၏ဟု ပေးသော အနက်ကိုသာ သဘောပေါက်ခဲ့ တော့သည်။ ဝိပဿနာကို တကယ် အားထုတ်လာသောအခါ ကြိုတင်၍ ကျက်မှတ် မထားရဘဲပင် လက္ခဏရေး စသည်ကို သိနိုင်ပုံကို ရှင်းလင်းရေးပြထားပုံမှာ မိမိ ထံ၌ စက်ကိရိယာ ရှိလျက် နားမလည်ဖြစ်နေသူအား နားလည်အောင် ပြောပြလိုက် သကဲ့သို့ ရှိပါပေသည်။ ယောဂီပုဂ္ဂိုလ်သည် သုတ နည်းသူဖြစ်လျှင် လက္ခဏရေး

စသော နာမည်တပ်၍ကား သိချင်မှသိမည်၊ သို့သော်ယင်းတို့၏ သဘောမှန်ကိုကား ပစ္စက္ခပင် သိတော့သည်၊ ထိုသို့ ပစ္စက္ခသိမှသာ လက္ခဏာစသည်ကို သိသည်ဟု ဆိုနိုင်ကြောင်းလည်း ထင်ရှားလေရာ တရားအားထုတ်ချင်လာအောင် စိတ်ကို ဆွပေးနိုင်စွမ်းရှိသော စကားရပ်များ ဖြစ်ပါတော့သည်၊

## ပရမတ္ထ၏ အဓိပ္ပါယ်

ပရမတ္ထပရမတ်ဆိုသော စကားလုံးမှာ သဒ္ဒိဂိုဟ်သဘောကို အနည်းအကျဉ်း မျှလေ့လာဖူးသူများပင် သိသောစကားလုံးဖြစ်၏၊ ဘာသာရေး လိုက်စားသူတိုင်းပင် သိသော စကားလုံး ဆိုလျှင်လည်း မှားမည်မဟုတ်ပေ၊ သို့သော် ပရမတ္ထ ဟူသော စကားလုံး၏ သဘာဝကျ၍ အမှန်အကန်ဖြစ်သော အဓိပ္ပါယ်ကို သိသူမှာမူ ထင်သလောက် များလှမည်မဟုတ်ပါ၊ မဖောက်မပြန် မြတ်သော အနက်သဘောကြောင့် ပရမတ္ထမည်၏ ဆိုသည်ကိုမူ သိကြသည်ချည်းဖြစ်၏၊ သို့သော် ဘာကို မဖောက်မပြန် ဟု ဆိုသနည်းဟု မေးလာသောအခါမှာမူ ကျနမှန်ကန်အောင် ဖြေတတ်ဖို့မလွယ်ပေ၊ အချို့က မဖောက်မပြန် မပြောင်းလဲသောကြောင့် ပရမတ္ထဟု ခေါ်သည်၊ ပညတ်ကား ဖောက်ပြန် ပြောင်းလဲတတ်သောကြောင့် ပရမတ္ထ အမည်မရဟု ဆိုကြသည်၊ ထိုပုဂ္ဂိုလ်တို့သည် ဖောက်ပြန်သောကြောင့် ရုပ်မည်၏ဟူသော စာပိုဒ်သို့ ရောက်သောအခါ အခက်တွေ့ကြတော့သည်၊ ထို့ကြောင့်ပင် ထိုအခက်မှ ထွက်ပေါက် ရှာသည့်အနေဖြင့် လက္ခဏာအားဖြင့် မဖောက်ပြန်မှု အကျိုးပေးအားဖြင့် မဖောက်ပြန်မှုကို ပရမတ် သဘောဟု ဆိုရသည်၊ ဖဿစေတသိတ်သည် တွေ့ထိခြင်း လက္ခဏာ ရှိရာ ထိုဖဿသည် မည်သည့်ပုဂ္ဂိုလ်သန္တာန်မှာဖြစ်ဖြစ် တွေ့ထိခြင်း သဘောမှ ရွှေလျော ပြောင်းလဲ၍ မသွားသောကြောင့် ယင်းကို ပရမတ်ဟုဆိုရသည်၊ ထို့အတူ လောဘသည် မကောင်းကျိုးပေးတတ်ရာ ထိုမကောင်းကျိုး ပေးတတ်သော သဘောမှ မည်သည့်အခါမျှ ပြောင်းလဲမသွား၊ မည်သူ၏ သန္တာန်မှာ ဖြစ်ဖြစ် မကောင်းကျိုး ပေးတတ်သည်သာ ဖြစ်သည်၊ ထို့ကြောင့် ပရမတ်မည်၏၊ စသည်ဖြင့် များစွာသော ပုဂ္ဂိုလ်တို့ ပြောဆိုလျက် ရှိကြသည်၊ ထိုပုဂ္ဂိုလ်တို့၏ ပရမတ်ဆိုင်ရာ ခံယူချက်မှာ မဖောက်မပြန် မပြောင်းလဲဟူသည်ပင် ဖြစ်၏၊ ဝိပဿနာ ရှုနည်းကျမ်းကမူ ထိုပုဂ္ဂိုလ်တို့၏ ခံယူချက်မှာ တေ့လွဲကလေး ဖြစ်နေကြောင်း ညွှန်ပြသည့်အနေဖြင့် မူလရှိရင်းအတိုင်း မှန်ကန်သောကြောင့် ပရမတ္ထမည်၏ဟု

အနက်မှန်ကို ဖော်ထုတ်ကာ မဖောက်မပြန်ဟူသော မြန်မာစကားလုံး၏ အနက်ကို ဆိုင်ရာပါဠိပုဒ်တို့နှင့် နှိုင်းယှဉ်၍ အဓိပ္ပါယ်မှန်ကို ဖော်ထုတ်ထားလေသည်၊ ထိုသို့ ဖော်ထုတ်ပြရာတွင် မိမိ၏ အယူအဆ ခိုင်ခံ့ကြောင်း ထင်ရှားစေရန် အကိုးအကား အဖြစ် ကထာဝတ္ထု အဋ္ဌကထာ မူလဋီကာ အနုဋီကာနှင့် ဋီကာကျော်တို့ကို ထုတ်ပြထားလေသည်၊

ပရမတ္ထပုဒ်၏ အနက်ကို ဖွင့်ပြရာ၌ ကထာဝတ္ထု-ဋီ၊ အနုဋီ တို့ကို ကိုးကား ၍ ရေးသားသော ကျမ်းမှာ ရှာမှရှားဘိသည်၊ ထိုကျမ်းတို့ကို မကြည့်ရှုမိ ထိုကျမ်း တို့နှင့် မနီးနှောမိခြင်းကြောင့်ပင် ဋီကာကျော် စကား၌ အာဘော် မမိတော့ဘဲ ထိုဆရာတို့သည် ဖြစ်သမျှသင့်လျော်အောင်ကြံစည်ရေးသားပြောဆိုရခြင်းဖြစ်တော့ သည်၊ ဤအကြောင်းကိုပါ ထုတ်ဖော်၍ အကျယ်ရှင်းလင်းထားရာ ဝိပဿနာရှုနည်း ကျမ်းလာ ပရမတ်နှင့် ပညတ်ဆိုသော အခန်းကို ဖတ်ရလျှင် ပရမတ်ပုဒ်၏ အဓိပ္ပါယ် ကို သဘာဝကျကျ အစစ်အမှန် နားမလည်ဘဲ နေနိုင်တော့မည် မဟုတ်ပါ၊ ထို ကြောင့် နက်နဲသော အတွေးအခေါ်ရှိသည့် စာချဆရာတော်တစ်ပါးက "ငါတော့ မဟာစည်စာအုပ် ဖတ်မိမှပဲ ပရမတ်ဆိုတဲ့သဘောကို ပိုင်ပိုင်နိုင်နိုင် နားလည်တော့ တယ်"ဟု အားပါးတရ မိန့်မြွက်ဖူးပါသည်၊

ဤနည်းနှင်နှင် ဆရာတော်၏ ဝိပဿနာ ရှုနည်းကျမ်း၌ စာတတ်ပုဂ္ဂိုလ်များ ကိုပင် အံ့အားသင့်သွားစေ၍ အမြင်သစ်ကို ရစေနိုင်သော ထူးခြားသည့် အနက် အဓိပ္ပါယ် အဖွင့်တို့ကို အနှံ့အပြား တွေ့ရပေသည်၊ ဤကျမ်းကို သေသေချာချာ ဖတ်ရှုရလျှင် ကျမ်းပြုပုဂ္ဂိုလ်ကို အထင်မကြီးဘဲ မလေးစားဘဲ နေနိုင်တော့မည် မဟုတ်ပါ၊

ဤကျမ်း၏ အကြောင်းကို အနည်းငယ်ရေးခြင်းဖြင့်ပင် စာမျက်နှာ အတော် များသွားပါပြီ၊ ထို့ကြောင့် ဒွါရ ၅-ပါး ဝိတ်ပုံဖြင့် ဤအခန်းကို အဆုံးသတ်ပါအံ့၊

## ဒွါရ ၅-ပါး ဝိတ်ပုံ

အရှင်ပေါဋ္ဋိလဆိုလျှင် မကြားဘူးသူ မရှိသလောက်ပင် ဖြစ်၏၊ အလွန် စာ တတ်သော မထေရ်ကြီး ဖြစ်၏၊ သို့သော် ပိဋကတ်သုံးပုံကိုသာ ပို့ချ၍ ဘာဝနာကို အားမထုတ်သောကြောင့် မြတ်စွာဘုရားက သံဝေဂရစေရန် ထိုမထေရ်ကြီးကို

တွေ့မြင်တော်မူတိုင်. “ အလကား ပေါဋ္ဌိလ ” ခေါ်တော်မူရာမှ ထိုသို့ အခေါ် ခံရ၍ သံဝေဂရပြီးနောက် ကမ္မဋ္ဌာန်းအားထုတ်ရန် ဆရာရှာရာ မထေရ်တို့၏ အဆင့်ဆင့်ညွှန်ကြားချက်အရ နောက်ဆုံး ၇-နှစ်အရွယ် ရဟန္တာ သာမဏေကလေးထံ ရောက်သည်၊ ထိုရဟန္တာသာမဏေလေးက အရှင်ပေါဋ္ဌိလ၌ မာန်မာန ရှိ-မရှိ စမ်းပြီးနောက် သဘောကျသဖြင့် ကမ္မဋ္ဌာန်းပေးလေသည်၊ ထိုသာမဏေကလေး ပေးသော နည်းတွင် ဒွါရ ခြောက်ပါး၌ အာရုံ ၆-ပါးထင်လျှင် ဒွါရ ၅-ခုကို ပိတ်၍ မနောဒွါရ၌ အလုပ်လုပ်ပါဟု ဆိုသည်၊ ထို၌ ဒွါရ ၅-ခုကို ပိတ်ရမည် ဆိုသည်မှာ ဘာကို ဆိုလိုသနည်း၊ အဋ္ဌကထာ၌ အကျယ်မပြခဲ့သဖြင့် ထိုကို အသိ ခက်လျက်ရှိသည်၊ မမြင်ရအောင် မကြားရအောင် မျက်စိနားတို့ကို ပိတ်ထားရမည် လား၊ မျက်စိနားတို့ကို အထိုက် အလျောက် ပိတ်၍ ရသည်ဆိုဦး၊ နှာခေါင်းကို ပိတ်ထားလို့ ရပါမည်လား၊ ထိုကိုလည်း အနည်းအကျဉ်း ပိတ်၍ ရသည်ဆိုဦး၊ အထင်အရှားဆုံး ဖြစ်သည့် ကာယဒွါရကို ပိတ်လို့ ရပါမည်လား၊ ခန္ဓာကိုယ်ကို အင်္ဂါ အစိတ်အပိုင်းခြင်းလည်း မထိအောင် အခြား မည်သည့် အရာဝတ္ထုနှင့်မျှလည်း မထိအောင် လုပ်နိုင်ပါမည်လား၊ မလုပ်နိုင်လျှင် ၅-ဒွါရကို ပိတ်ရမည်ဆိုသည်မှာ ဘာကို ဆိုလိုသနည်း၊ လက်တွေ့ကျင့်ကြံရေးနှင့်စပ်၍ ပြောရလျှင် ဤနေရာကား ခဲရပ် ဖြစ်တော့သည်၊ ဤခဲရပ်ကို ဝိပဿနာရှုနည်း ကျမ်း၌ ရှင်းပေးထားသည်၊ ရှင်းပေးထားသည်ကို ဖတ်ရတော့လည်း လွယ်ပါဘိတောင်း၊ ( ဤ၌ လွယ်ဆိုသည်မှာ လုပ်နည်းကို သိဘို့သာ ဆိုသည်၊ နည်းကို သိပြီးနောက် သာမဏေကလေး ဆိုလိုသည့်အတိုင်း ဖြစ်အောင် အားထုတ်ဖို့ကား လွယ်လှမည်မဟုတ် မနေမနား ကြိုးစားမှသာ ဖြစ်မည်၊ )

၅-ဒွါရကို ပိတ်ရမည်ဆိုသည်မှာ ၅-ဒွါရ၌ ဇော ကင်းဆိတ်စေရမည်ဟု ဆိုလိုကြောင်း ဆရာတော်က ဖော်ပြထားပါသည်၊ ဇော ကင်းဆိတ်စေရမည် ဆိုသည်ကို ပြောရသည်မှာ လွယ်ကူလှပါသည်၊ သို့သော် ဇော ကင်းဆိတ်အောင် မည်သို့ လုပ်ရမည်နည်း၊ ဤနေရာတွင် ဇောဆိတ်အောင် လုပ်နည်း၏ အဖိုးမဖြတ် နိုင်ပုံမှာ လွန်စွာထင်ရှားလေတော့သည်၊ သူမရှိလျှင် မဖြစ်သဖြင့် သူ့ကို ရဖို့ရန်မှာ အထူးတလည် အရေးကြီးတော့သည်၊ အရှင်ပေါဋ္ဌိလ မထေရ်ကြီး မည်ကဲ့သို့ပြု၍ ဇော ဆိတ်အောင် အားထုတ်ခဲ့ပါလေသနည်း၊ ဤအမေးအဖြေကို ဝိပဿနာရှုနည်း

ကျမ်းက ပြတ်ပြတ်သားသားပင် ပေးခဲ့ပါသည်။ ထိုနည်းကား ယခုအခါတွင် အလွန် ကျော်ကြားထင်ရှားသော မြင်တိုင်း မြင်တိုင်း မြင်တယ် မြင်တယ် အစရှိသည်ဖြင့် မပြတ် ရှုမှတ်သော နည်းပင် ဖြစ်ပါတော့သည်။

## မဟာစည် ဆရာတော်

ဤသို့ အရှင်သောဘန ဆရာတော်သည် ဆိပ်ခွန်ရွာ မဟာစည်ကျောင်း၌ သီတင်းသုံးလျက် ဝိပဿနာလုပ်ငန်း တရားဟောခြင်း လက်တွေ့ တရားပြသခြင်း ကျမ်းပြုခြင်း တို့ဖြင့် ပဋိပတ်သာသနာကို ကြိုးပမ်းခဲ့သည်။ တစ်နေ့ထက် တစ်နေ့ လူသိများလာသည်နှင့်အမျှ အရှင်သောဘနဆရာတော်သည် ပို၍ပို၍ကျော်စော လာခဲ့လေသည်။ ထိုအချိန်လောက်ကပင်စ၍ အနီးပတ်ဝန်းကျင်မှ ရှင်လူ ရဟန်းတို့ က မဟာစည်ကိုယ်တော်၊ ယင်းမှသည် မဟာစည်ဆရာတော်ဟု ခေါ်စမှတ် ပြုခဲ့ ကြလေသည်။ ထိုအခါမှစ၍ ယခုတိုင်ပင် ဆရာတော်သည် မဟာစည် ဆရာတော် ဟူသော အမည်ဖြင့် ထင်ရှားလေတော့သည်။

မဟာစည် ကျောင်းတိုက်၌ သီတင်းသုံးတော်မူသဖြင့် မဟာစည်ဆရာတော် ဟု တွင်သော်လည်း မဟာစည်ဆရာတော်သည် မဟာစည်ကျောင်းတိုက်၏ ပဓာန နာယက ဆရာတော်ကား မဟုတ်ခဲ့ပါပေ၊ မဟာစည် ကျောင်းတိုက်၏ ကမ္မဋ္ဌာန်း ပြ ဆရာတော်သာ ဖြစ်ခဲ့ပါသည်၊ မဟာစည်ကျောင်းတိုက်၏ နာယက ဆရာတော် မှာ ယနေ့ထက်တိုင် သက်တော်ထင်ရှားရှိပါသေးသည်၊ ထိုသို့ နေရာဌာနကို အစွဲပြု၍ မဟာစည်ဆရာတော် အမည်တွင်ခဲ့ပုံကိုလည်း ဆရာတော်က မဟာသတိ ပဋ္ဌာန်သုတ် - နိဿယကျမ်းဦး အစ၌ "အရှင်သောဘန၊ ငယ်နမနှင့်၊ ဌာနစွဲမှီ၊ မဟာစည်ဟု၊ အမည်ပညတ်၊ ငါမထေရ်မြတ်သည်"ဟု ထုတ်ဖော်တော်မူခဲ့သည်၊

ကျောင်းတိုက်ကို မဟာစည်ကျောင်းတိုက်ဟု ခေါ်ဝေါ်ရခြင်းအကြောင်းကို လည်း ဆရာတော်က ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ နိဂုံးတွင် ပြလတ္တံ့ အတိုင်း မိန့်တော်မူထားသည်၊

" ထိုကျောင်းတိုက်၏ အဝင်ဝ၌ အပွန်ကြီးမားသော ကုက္ကိုပင်ကြီးတစ်ပင် ရှိခဲ့၏၊ ယင်းကုက္ကိုပင်ကြီး လေပြင်းဒဏ်ကြောင့် လဲသွားသောအခါ ယင်း၏ ပင်စည် လုံးကြီးမှာ အတွင်း၌ အသားမရှိဘဲ အခေါင်းဖြစ်လျက် ရှိ၏၊ စည်ကြီး ပြုလုပ်ရန်

အဆင်သင့်လျက်ရှိ၏၊ ထို့ကြောင့် ယင်းပင်စည်လုံးကြီးကို ဖြတ်၍ အနည်းငယ်မျှ ထွင်းလျက် ပြုပြင်ပြီးလျှင် သားရေတို့ဖြင့် ကျက်၍ စည်ကြီး ပြုလုပ်ထားသည်၊ ထိုစည်ကြီးမျက်နှာဝမှာ ကျယ်သောဘက်မှ အထက်နှင့်အောက် အချင်းလက်မ - ၄၀၊ ဘေးတိုက်ဗီလာ-၃၄လက်မ ရှိသည်၊ ကျဉ်းသောဘက်မှ အထက်နှင့်အောက် အချင်း ၃၆လက်မ၊ ဘေးတိုက်ဗီလာအချင်း-၃၁ လက်မရှိသည်၊ လုံးပတ် အားဖြင့် ၁၂၆- လက်မ ရှိသည်၊ အလျား -၁၀၅ လက်မ ရှိသည်၊ မဟာစည် ဆရာတော် တရားဟောခါနီး၌ ထိုစည်ကြီးကို တီး၍ ပရိသတ်စုဝေးသည်၊ ထိုစည်ကို အကြောင်း ပြု၍ တည်ရာဌာနကျောင်းတိုက်ကို မဟာစည်ကျောင်းတိုက်ဟု ခေါ်ကြသည်၊

အထက်ပါ စကားရပ်တွင် ဆရာတော်က စည်ကြီး၏ အတိုင်းအတာကို အတိအကျ ပြထားပေသည်၊ ထင်လွယ်မြင်လွယ်အားဖြင့် ပြောရလျှင် ထိုစည်ကြီး မှာ လူနှစ်ယောက်ဖက်ခန့်ရှိ၍ ထောင်ထားလျှင် ဖလ်ယဉ်ဝမ္ဘာရုံ လူဝင်ပေါက်များ ထက် ၃-လက်မမျှ ပင် မြင့်ပေသည်၊ ထိုစည်ကြီးကို ၁၂၉၅-ခုနှစ်၌ ပြုလုပ်သည်၊ စည်ကြီး ဒါယကာမှာ ဆိပ်ခွန်ရွာ ကျောင်းဒါယကာ ဦးဖိုးတင် - ဇနီး ဒေါ်ခတို့ ဖြစ်သည်၊ ထိုစည်ကြီးထားရာ စည်တော်ရုံသည်ပင် ကျောင်းငယ် တစ်ဆောင်ခန့် ရှိလေသည်၊ ထိုစည်ကြီးကို ဘုရားဝတ်တက်ချိန် နေ့လယ် မွန်းတည့် ၁၂-နာရီအချိန် တို့၌ ပတ်ဝန်းကျင်ရှိ လူအများကြားစေရန် တီးပေးသည်၊ ယခုကဲ့သို့ ရေဒီယိုများ မပေါ်များသေးသော ထိုအချိန်ကမူ မဟာစည်ကျောင်းတိုက်၌ စည်တော်ကြီးသည် ကျောင်းတိုက် ပတ်ဝန်းကျင်ရှိ ရွာသူ ရွာသားများအတွက် လန်ဒန်မြို့ရှိ ဘစ်ဘင် နာရီကြီးပမာ အားထားရသော နာရီအချက်ပေး စည်တော်ကြီးပင် ဖြစ်ပါတော့ သည်၊

မဟာစည်ဆရာတော် မဟာစည်ကျောင်းတိုက်ကို ရောက်ပြီးနောက်မှာမူ စည်ကြီး၏ အချက်ပေးမှုမှာ တိုးလာသည်၊ ဘုရားဝတ်တက် နေ့မွန်းတည့်အပြင် မဟာစည်ဆရာတော် တရားဟောခါနီး၌လည်း ထိုစည်ကြီးကိုပင် တီးကာ အချက် ပေး၍ ပရိသတ်စုဝေသည်၊ ဤသို့ ဆရာတော် တရားဟောမှုနှင့် စည်ကြီးတို့ ဆက်သွယ်နေသောကြောင့်ပင် မဟာစည်ဆရာတော်ဟု အတွင် မြန်ခဲ့ခြင်း ဖြစ်လေ သည်၊ ထိုစည်ကြီးကား မဟာစည် ဆရာတော်၏ အထိမ်းအမှတ် ပစ္စည်းတစ်ခု

အဖြစ်ဖြင့် ယနေ့တိုင် ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်၌ တင့်တယ်စွာ တည်ရှိလေသည်။

## စစ်ပြီး တောင်ဝိုင်းကလေးသို့ ကြွခြင်း

မဟာစည်ဆရာတော်သည် ဒုတိယကမ္ဘာစစ်ပြီးနောက်၌လည်း ဆိပ်ခွန်ရွာမှာပင် ဝိပဿနာ သာသနာပြုရင်း ဆက်လက်သီတင်းသုံး နေတော်မူခဲ့သည်။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းမှ ထိုကာလအထိ တောင်ဝိုင်းကလေး တိုက်ကျောင်းကို ဆရာတော်၏ တပည့်တစ်ပါးဖြစ်သော ဦးပဥ္စင်း ဦးဝိမလက စောင့်ရှောက်နေပါသည်။ သို့သော် စစ်အတွင်းကမူ ရံခါသာ သွားရောက်နိုင်သောကြောင့် ထိုကျောင်း၌ တိုက်ရိုက် ဖုံးမကျသော်လည်း မသမာသူတို့၏ ပြုမူချက်ကြောင့် ကျောင်းသုံး ပစ္စည်းဆိုင်ရာ ပန်းကန်ခွက်ရောက်စသည်တို့ အတော်များများ ပျောက်ကုန်ခဲ့သည်၊ ကျောင်းအမိုး စောင်းတန်း အမိုးသွပ်ပြားများကိုလည်း ခွါယူကြသည်၊ တစ်ပေပျဉ် အခင်းများနှင့် ခြောက်သုံး ဆင့်များကိုလည်း ချမ်းသာ မပေးကြ၊ ကျောင်းဒကာများက မဟာစည် ဆရာတော် ပြန်၍ သီတင်းသုံးလျှင် တိုက်ကျောင်းကို ပြန်လည် ပြုပြင်မည့်အကြောင်း လျှောက်ထားကြသည်၊ မဟာစည်ဆရာတော်က နေသင့်သလောက်နေရန် ရည်ရွယ်၍ နေမည့်အကြောင်း အမိန့်ရှိလိုက်သည်၊ ထိုအမိန့်အရ ပြုပြင်ကြသည်၊ ထို့ကြောင့် ကျောင်းကို ပြင်ဆင်ပြီးသည့်အချိန်မှာ ယင်းတိုက်ကျောင်းသို့ မဟာစည်ဆရာတော် ကြွတော်မူခြင်း ဖြစ်သည်၊

မြန်မာပြည် လွတ်လပ်ရေး ရခါနီးတွင် လူမသမာတို့၏ လက်ချက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးခဲ့လေသည်၊ တစ်ဗိုလ်လဲ တစ်ဗိုလ်တက်စံနစ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ နေရာတွင် သခင်နုက ဝင်၍ ဆောင်ရွက်ရသည်၊ ဗိုလ်ချုပ်တို့ ကျဆုံးပြီး မျှားမကြာမီ မဟာစည်ဆရာတော် တောင်ဝိုင်းကလေးတိုက်ကျောင်း၌ သီတင်းသုံးနေစဉ်မှာပင် မြန်မာပြည် တဖြစ်လဲခဲ့သည်၊ ဗြိတိသျှတို့၏ ကျွန်သဘောက်ဘဝဖြင့် အနှစ်တစ်ရာကျော်(အောက်မြန်မာပြည်ကို ရည်သည်) နေခဲ့ရာမှ ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉-ရက်၊ (၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလ ၄-ရက်နေ့ နံနက် ၄-နာရီ မိနစ်-၂၀) အချိန်တွင် ကိုယ့်မင်းကိုယ့်ချင်း လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံအဖြစ် ကြေငြာနိုင်ခဲ့သည်၊ လွတ်လပ်ရေး ကြေငြာ

ချိန်တွင် မဟာစည် ဆရာတော်သည် တောင်ဝိုင်းကလေး တိုက်ကျောင်းမှာပင် ရှိလျက် မြန်မာတစ်နိုင်ငံလုံးအတွက် ကောင်းကျိုး ချမ်းသာ တိုးပွားစေရန် ရည် ရွယ်၍ ဘုရားဆင်းတု တော်မြတ်ရှေ့မှာ ဝတ်ပြုပြီးလျှင် မဟာသမယသုတ် မဟာ ဓမ္မသမာဒါနသုတ် စသည်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်လျက် နေတော်မူခဲ့သည်။ ထိုနှစ် တပေါင်းလဆန်း ၁၀ – ရက်နေ့တွင် (ယခင် တစ်နှစ်ကျော်က မဟာစည်ဆရာတော် အမှူးပြု၍ ဖွဲ့စည်းထားသော သဒ္ဓမ္မပါလ ဝိပဿနာ ဖြန့်ဖြူးရေး အသင်းအဖွဲ့၏) နှစ်ပတ်လည် အစည်းအဝေးကို ဆိပ်ခွန်ရွာ၌ ကျင်းပရန်ရှိသဖြင့် မဟာစည် ဆရာ တော်သည် တပေါင်းလဆန်းတွင် ရွှေဘို ဆိပ်ခွန်သို့ ပြန်ကြွတော်မူခဲ့ရလေသည်။

ထိုအစည်းအဝေး ကျင်းပပြီးနောက် ဆိပ်ခွန်၌ လ, အနည်းငယ်နေပြီးလျှင် ၁၃၁၁–ခုနှစ်၊ ဝါဦးတွင် မော်လမြိုင် တောင်ဝိုင်းကလေးသို့ ပြန်ကြွ ရပြန်သည်။ ထိုနှစ် ဝါကို တောင်ဝိုင်းကလေး တိုက်ကျောင်းမှာပင် ဝါဆိုတော် မူရသည်။ ဝါကျွတ်ပြီးနောက် ဆိပ်ခွန် မဟာစည်ကျောင်း၌ ဆရာတော်အတွက် ရည်၍ ဆောက်သော တိုက်ကျောင်းပြီးစီး၍ ယင်းတိုက်ကျောင်းကို ရေစက်ချရန် ပင့်သဖြင့် နတ်တော်လပြည့်ကျော်တွင် ဆိပ်ခွန်သို့ ပြန်ကြွရပြန်သည်။ ထိုသို့ အပြန်တွင် ရန်ကုန်သို့ ခေတ္တ ရောက်နေခိုက်မှာ သာသနာ့ရိပ်သာမြေကွက်၌ သံဃာတော်များ ၄၉ – ရက် ပရိတ်ရွတ်ရာ နေရာဌာနကို ဆာဦးသွင်က လိုက်ပြသဖြင့် ကြည့်ရှုတော် မူခဲ့သည်။ ထိုစဉ်က ယင်းနေရာကို မိမိသီတင်းသုံးလျက် သာသနာပြုရမည့် ဌာန ဖြစ်လာလိမ့်မည်ဟု ဆရာတော် မသိခဲ့သေးပေ။ "နောက် မိမိ သီတင်းသုံးရမည့် နေရာကို ကြည့်ရှုတော်မူပါဦး" ဟု နတ်များက နှိုးဆော်ကာ ပို့ဆောင်သကဲ့သို့ ရှိပေတော့သည်။

## မဟာသတိပဋ္ဌာန်သုတ် နိဿယ

မဟာစည်ဆရာတော်သည် ဆိပ်ခွန်ရွာသို့ ပြန်ကြွတော်မူပြီးနောက် ဝိပဿနာ ဖြန့်ဖြူးရေးအလုပ်ကိုပင် ဆက်လက် ဆောင်ရွက်တော်မူသည်။ ယောဂီများက တစ်နေ့တခြား များပြားလာသဖြင့် မိမိတစ်ပါးတည်း မနိုင်သောကြောင့် (စံနစ် တကျ တရားအားထုတ်ပြီး ဖြစ်၍ အရည်အချင်း ပြည့်စုံသော) တပည့်များအား လက်ထောက် ဆရာအဖြစ် လွှဲအပ်၍ ကမ္မဋ္ဌာန်း ပြစေရသည်။ ထိုဆရာတို့တွင်

ပထမဆုံး တာဝန်လွှဲထားသော ဆရာကြီးတို့မှာ ဆရာကြဲနှင့် ဆရာကြွက်တို့ပင် ဖြစ်သည်၊ ယင်းဆရာကြီးတို့သည် ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီးများ ဖြစ်သည့်အားလျော်စွာ မဟာသတိပဋ္ဌာန်သုတ်ကို ကျေပွန်သူများ ဖြစ်ကြလေသည်၊ မိမိတို့ကဲ့သို့ပင် အခြားပုဂ္ဂိုလ်များအားလည်း မဟာသတိပဋ္ဌာန်၏ အကျိုးကျေးဇူးများကို ခံစားကြရစေလိုပေသည်၊ ထို့ကြောင့်ပင် ထိုဆရာကြီး ၂-ဦးတို့က မဟာစည်ဆရာတော်အား မဟာသတိပဋ္ဌာန်သုတ်၏ နိဿယ တစ်စောင်ကို ရေးသား ပြုစုပါရန် တောင်းပန် ကြလေသည်၊ ဆရာတော်သည်လည်း ယင်းဆရာကြီးတို့၏ တောင်းပန်မှုကို လက်ခံလျက် မဟာသတိပဋ္ဌာန်သုတ် နိဿယသစ်ကို ရေးသား စီရင်တော် မူလေသည်၊

နိဿယဆိုသော်လည်း နိဿယမည် ကာမတ္တ မဟုတ်၊ တိကျသော အနက်ထိမိသော အဓိပ္ပါယ် ဖွင့်ပြချက်တို့ဖြင့် ဝေဝေဆာဆာ တန်ဆာဆင်ထားသော နိဿယဖြစ်၏၊ ထိုထက်ထူးခြားသည်မှာ ဝိပဿနာလုပ်ငန်းစဉ်များဖြင့် ညှိနှိုင်းဖွင့်ဆိုချက်တို့ပင် ဖြစ်သည်၊

နိဿယ အစမျက်နှာမှာပင် " ကုရုသု၊ ကုရုတိုင်းပြည်၌ " ဟု အနက်ပေးထားသည်ကို တွေ့ရလေသည်၊ ရုတ်တတရက်သော် ဧကဝုစ် ဗဟုဝုစ် လွဲနေပြီလောဟု တွေးတောစရာဖြစ်၏၊ သို့သော် ထိုပုဒ်ဆိုင်ရာ အောက်ခြေ မှတ်ချက်တွင် ဗဟုဝုစ် ပါဠိပုဒ်ကို အဘယ့်ကြောင့် ဧကဝုစ် မြန်မာအနက် ပေးရကြောင်း ရှင်းလင်းထားသည်ကို တွေ့မှပင် တမင်သက်သက် ဧကဝုစ်အနက်ပေးထားကြောင်း သိရ၏၊ ကုရုတိုင်းပြည်ကား တစ်ခုသာ ရှိသည်၊ သို့သော် ပါဠိ သဒ္ဒါနည်းအရ (ဝါ-ပါဠိဝေါဟာရအရ) ပါဠိ၌ ဗဟုဝုစ် သုံးထားသည်၊ ပါဠိကို မြန်မာပြန်ရာ၌ မြန်မာဝေါဟာရနှင့် ကိုက်ညီဖို့ အရေးကြီးသည်၊ မြန်မာဝေါဟာရ၌ တိုင်းပြည် ဘစ်ပြည်ကို ဗဟုဝုစ်ဖြင့် သုံးစွဲရိုး မရှိ၊ ထို့ကြောင့် မြန်မာအသုံးနှင့် ဟပ်မိအောင် "ကုရုတိုင်းပြည်၌"ဟု ဧကဝုစ်ဖြင့် မြန်မာပြန်ထားခြင်း ဖြစ်လေသည်၊ "သာမည်နာတိဓာဝေယျ"ဟူသော ဘုရား အဆုံးအမကို တကယ်လိုက်နာသော ဆရာတော်ပါပေတကား၊ ထို့ပြင် ထိုကုရုတိုင်းဟူသည် ယခုအခါ အိန္ဒိယပြည် ဒေလီယာနယ်ပင် ဖြစ်ကြောင်း ညွှန်ပြထားပြန်သည်၊ ရှေးအခါက ဆရာတော်များသည် ဒေသန္တရ

ဗဟုသုတကို စည်းပူးရန် မရခဲ့ကြ၊ တိုင်းသူ ပြည်သားများလည်း ပထဝီဆိုင်ရာ ဗဟုသုတ သိပ်မရှိကြ၊ ထို့ကြောင့် ပါဠိတော်လာ တိုင်းများ မြို့များနှင့် ပတ်သက်လာလျှင် ထင်ရှားပေါ်လွင်အောင် မည်သို့မျှ မညွှန်ကြားနိုင်ခဲ့ကြ၊ ယခုခေတ်မှာမူ စာအုပ် စာတမ်းလည်း ပေါများသည်၊ ကိုယ်တိုင်လည်း ရောက်အောင် သွားနိုင်သည်၊ ထို့ကြောင့် ယခုခေတ် ဆရာတော်များက ဤအချက်တွင် ရှေးခေတ်ဆရာတော်များထက် တပန်းသာကြသည်ဟု ဆိုရပေမည်၊ ထိုတပန်းသာမှုကိုပင် "ဒေလီနယ်"ဖြင့် ဖော်ပြထားလေရာ ဤနိဿယအသစ်သည် ထူးခြားသော နိဿယဖြစ်ကြောင်း အစမှာပင် ထင်ရှားနေပါတော့သည်၊ ဤကား သဒ္ဒါရေးဆိုင်ရာ တစ်ခုသော ထူးခြားချက်မျှ ဖြစ်၏၊

ဝိပဿနာလုပ်ငန်းဆိုင်ရာ ထူးခြားချက်အနေဖြင့် ဆိုရလျှင် တရားနာရင်း သတိပဋ္ဌာန် ဖြစ်သွားနိုင်ပုံ ရှင်းလင်းချက်မှာ အဖိုးတန်လှပေသည်၊ တရားနာစဉ် မဂ်ဖိုသို့ ရောက်သောသူများမှာ သတိပဋ္ဌာန်နည်းဖြင့် မရှုတော့ဘဲ ကြားနာရသော တရားကို သဘောကျယုံမျှဖြင့် ကိစ္စပြီးတော့သည်ဟု မှတ်ထင်ဖွယ်ရာ ဖြစ်နေရာ ထိုသို့ မမှတ်ထင် သင့်ကြောင်း သတိပဋ္ဌာန်လမ်းဖြင့်သာ သောက ပရိဒေဝတို့ကို လွန်မြောက်နိုင်ကြောင်း အဋ္ဌကထာ၌ ဖွင့်ပြလျက်ရှိ၏၊ သို့သော် အဋ္ဌကထာအဖွင့်မှာ ကျဉ်းလွန်းသဖြင့် နားလည် နိုင်စရာမရှိပေ၊ ထိုသို့ နားလည်နိုင်ရန် ဤနိဿယသစ်၌ အကျယ် ရှင်းပြထားလေသည်၊

မိမိပေါင်၂-ချောင်းကို ချိုး၍ တရားအားထုတ်သော တိဿမထေရ်ဝတ္ထုလည်း "ဝေဒနံ ဝိက္ခမ္ဘေတွာ-ဝေဒနာကို ခွာ၍" ဟု အဋ္ဌကထာ၌ ဆိုထားသည်၊ သို့သော် ဝေဒနာကို ဘယ်ပုံခွာသည်ဟု သိရန်မှာ ခဲယဉ်းပါဘိသည်၊ ထိုခဲရပ်ကိုလည်း ဤနိဿယသစ်၌ ရှင်းလင်းပြထားပေသည်၊

ထို့ပြင် "သွားလျှင် သွားသည်"စသည်ဖြင့် ရှုမှတ်ရပုံကို နားမလည်သူတို့က ပြက်ရယ် ပြုခဲ့ကြဖူးသည်၊ အဋ္ဌကထာဆရာတို့ လက်ထက်မှာပင် ဤအဖြစ်မျိုး ရှိဟန်တူသည်၊ ထို့ကြောင့် အဋ္ဌကထာ၌ ဤအချက်ကို အကျယ်တဝင့် ရှင်းလင်းထားလေသည်၊ ထိုရှင်းလင်းချက်ကိုပင် ဤနိဿယသစ်၌ ထပ်မံချဲ့ထွင်၍ ရှင်းလင်းပြဆိုထားရာ ဤရှင်းလင်းချက်ကို ဖတ်ရလျှင် ပြက်ရယ်ပြုလိုမှုများ ပျောက်ကာ

လေးစားလာရမည်မှာ ဓကန် ဖြစ်တော့သည်၊ သွားလျှင် သွားသည် စသည်ဖြင့် ရှုမှတ်မှုမှာ သတိပဋ္ဌာန်လုပ်ငန်းတွင် မည်မျှ အရေးကြီးကျောင်း ထင်ရှားပေါ်လွင် လာတော့သည်၊ သွားလျှင် သွားသည် စသည်ဖြင့် သိရာတွင် သာမန်ပုဂ္ဂိုလ်တို့၏ အသိနှင့် ရှုမှတ်နေသော ယောဂီ ပုဂ္ဂိုလ်၏ အသိတို့ မည်မျှကွာခြားကြောင်း အဋ္ဌကထာ ဖွင့်ဆိုချက်ကို ထောက်ခံ၍ ရေးသားထားသည်မှာလည်း အမြင်မှန်ကို ရစေနိုင်သော ရေးသားချက်ဖြစ်၍ သာသနာတော်အတွက် ကျေးဇူးများလှပေသည်၊ ဤသို့လျှင် မဟာသတိပဋ္ဌာန်သုတ် ပါဠိတော် နိဿယသစ်၌ ဝိပဿနာ ဥာဏ်မျက်စိကို ဖွင့်ပေးသော ရေးသားချက်တို့ ပြည့်နက်နေပေသည်၊

ဆရာတော်သည် ဤနိဿယသစ်ကို ၁၃၁၀-ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၁-ရက် နေ့မှာပင် နိဂုံးကမ္ပတ် အပြီးသတ် ရေးသား၍ တောင်းပန်သူ ဆရာကြဲနှင့် ဆရာကြွက်တို့အား ပေးအပ် ခဲ့လေသည်၊

## ဦးသွင် ၂-ဦးတို့ တွေ့ကြုံခြင်း

မြန်မာနိုင်ငံ၌ ဆာဦးသွင်ဆိုလျှင် မသိသူ မရှိသလောက် ဖြစ်၏၊ ပစ္စည်း ဥစ္စာ ဓန ဘက်ကလည်း အလွန်ကြွယ်ဝချမ်းသာသူဖြစ်၍ သူဌေးကြီးဟုပင် ဘွဲ့တပ်၍ အခေါ်ခံရသူ ဖြစ်၏၊ နိုင်ငံ၏ အကျိုးကိုလည်း မနားမနေ ဆောင်ရွက်ခဲ့သူဖြစ်၏၊ ထို့ကြောင့်ပင် ဗြိတိသျှတို့ လက်ထက်က ဆာဘွဲ့ဖြင့် ဂုဏ်ပြုခံရ၍ လွတ်လပ်ရေး ခေတ်တွင်လည်း "သတိုးသီရိသုဓမ္မာ"ဟူသော အလွန်မြင့်မားသောဘွဲ့ဖြင့် သူကောင်း ပြုခံရသူဖြစ်၏၊ အမျိုး ဘာသာ သာသနာ၏ အကျိုးကိုလည်း အင်တိုက် အားတိုက် ဆောင်ရွက်ခဲ့သူပင် ဖြစ်၏၊ သူဌေးကြီး ဦးသွင်၏ ကောင်းမှုကုသိုလ် စာရင်းကို ကြည့်လျှင် ဤအချက်မှာ လွန်စွာထင်ရှားသည်၊ သာသနာတော်၌ လေးလေးနက်နက် ကြည်ညိုသူ ဖြစ်သဖြင့်လည်း သာသနာတော် စည်ပင် ပြန့်ပွား ရေးကို အရေးတယူ ဆောင်ရွက်ခဲ့သည်ချည်း ဖြစ်သည်၊

မြန်မာနိုင်ငံ၌ ဗြိတိသျှတို့ သာသနာတော်ကို အားပေးခဲ့ပုံကို သူဌေးကြီးသည် အားမရခဲ့ပေ၊ မြန်မာပြည် လွတ်လပ်ရေးရလျှင် မည်သို့ မည်ပုံ သာသနာတော်ကြီး ကို ချီးမြှောက်မည်ဟုလည်း အကြံအစည် ရှိထားသည်၊ ထို့ကြောင့် ဒုတိယကမ္ဘာ စစ်ကြီး ပြီးမြောက်၍ လွတ်လပ်ရေးရရန် သေချာသည့်အခြေသို့ ရောက်သောအခါ

သူဌေးကြီးသည် သူ၏ သာသနာတော် ချီးမြှောက်ရေး စီမံကိန်းကို အကောင်အထည် ဖော်ရန် အသင့်ပြင်တော့သည်။ သူ၏ စီမံကိန်းတွင် သာသနာရေးဆိုင်ရာ အသင်းအဖွဲ့ကြီးတစ်ခု တည်ထောင်ရန်၊ ထိုအသင်းအဖွဲ့ကြီးတွင် အစိုးရပိုင်းမှ သမ္မတ ဝန်ကြီးချုပ်တို့မှစ၍ အာဏာရှိသော ပုဂ္ဂိုလ်များ ပါဝင်စေရန်၊ ထိုအသင်းအဖွဲ့ကြီးကပင် တစ်နိုင်ငံလုံးရှိ သာသနာတော်ဆိုင်ရာ လုပ်ဆောင်ချက်တို့ကို အားပေးချီးမြှောက်သွားရန်တို့ ပါဝင်လေသည်။

သာသနာတော် ချီးမြှောက်ရေးကို စဉ်းစားသောအခါ ပရိယတ္တိသာသနာ ချီးမြှောက်ရန်မှာ မခဲယဉ်းလှ၊ သို့သော် ပဋိပတ္တိသာသနာတော်ကို ချီးမြှောက်ရန်မှာမူ မလွယ်ကူလှသည်ကို တွေ့ရသည်။ ထိုသို့ မလွယ်ကူသည့် အချက်ကား ပဋိပတ်ဆရာရရှိရေးပင် ဖြစ်တော့သည်။ ပဋိပတ်ဆရာသည် ဘုရားဟောနည်းများနှင့် ကိုက်ညီသော မှန်ကန်သည့် တရားအားထုတ်နည်းများကို ပြသနိုင်သူလည်း ဖြစ်ရမည်။ မိမိ အသက်ထက်ဆုံး ကိုးကွယ်သွားမည့် ပုဂ္ဂိုလ်ဖြစ်၍ မိမိအနေဖြင့် အဘက်ဘက်မှ ကြည်ညိုနိုင်သော ပုဂ္ဂိုလ်လည်း ဖြစ်ရမည်။ ဤပုဂ္ဂိုလ်မျိုး ရဖို့ရန်မှာ မလွယ်ကူလှပေ။ ထို့ကြောင့်ပင် သူဌေးကြီးသည် ပဋိပတ္တိ ဆရာတစ်ဦးရရန် မိမိတစ်ဦးတည်း စုံစမ်းလျက်ရှိခဲ့သည်။ ဤသို့ ပဋိပတ္တိဆရာရရန် စုံစမ်းရသည်မှာလည်း နောင်သာသနာရေး အသင်းကြီးဖွဲ့၍ ပဋိပတ် ဆရာရှာရန် တာဝန် ပေါ်လာသောအခါ အဆင်သင့်ဖြစ်စေရန်ပင်ဖြစ်လေသည်။ ဤသို့လျှင် သူဌေးကြီးသည် ဝန်ကြီးချုပ်စသောပုဂ္ဂိုလ် တို့နှင့် သာသနာရေးအဖွဲ့ကြီးတစ်ခု တည်ထောင်ရန် တိုင်ပင်ဆွေးနွေးရင်းပင် တဘက်မှလည်း ပဋိပတ်ဆရာကို ရှာဖွေ စုံစမ်းလျက် ရှိခဲ့လေသည်။

## ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့နှင့် သာသနာ့ရိပ်သာ

ဆာဦးသွင်စသော လူကြီးများက ၁၃၀၉-ခုနှစ်၊ နတ်တော်လဆန်း၁-ရက် (၁၃-၁၁-၄၇) နေ့မှာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို တည်ထောင်ကြလေသည်။ ထိုအဖွဲ့တွင် ဆာဦးသွင်ကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြသည်၊ အဖွဲ့ကြီး၏ ရည်ရွယ်ချက်မှာ ပရိယတ္တိ သာသနာတော်၊ ပဋိပတ္တိသာသနာတော် နှစ်ရပ်စလုံးကို အစွမ်းကုန် အမြင့်မားဆုံး ချီးမြှောက်ရန် ဖြစ်သည်။

ထိုတွင် ပဋိပတ္တိသာသနာတော်ကို ချီးမြှောက်ရန် ကမ္မဋ္ဌာန်းဌာနကြီး တစ်ခု တည်ထောင်ရေးအတွက် စဉ်းစားကြသောအခါ ဥက္ကဋ္ဌကြီး ဆာဦးသွင်ကပင် ၁၃၁၀-ခုနှစ် တော်သလင်းလပြည့်ကျော် ၉-ရက်(၆-၉-၄၈) နေ့တွင် ယခု သာသနာ့ရိပ်သာ တည်ရှိရာ ၅-ဧက ကျော် ခြံမြေကွက်ကို ကမ္မဋ္ဌာန်းဌာန တည် ထောင်ရန် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ကြီးအား အပြီးအပိုင် လှူဒါန်းလေသည်၊ ထို သည့်နောက်တွင် သာသနာ့ရိပ်သာ မြေကွက်၌ အဆောက်အအုံများ ဆောက် ရန် စီမံ စိုင်းပြင်းကြလေသည်၊

၁၃၀၉-ခုနှစ် ဝါခေါင်လတွင် သူဌေးကြီး ဆာဦးသွင်သည် အထက်မြန်မာ နိုင်ငံသို့ ခရီးထွက်ခဲ့သည်၊ မိမိ၏ သမီး (ဒေါ်ခင်ခင်ကြီး) စစ်ကိုင်းမှာ ရှိနေသဖြင့် မန္တလေးမှတစ်ဆင့် စစ်ကိုင်းသို့ သွားလေသည်၊ စစ်ကိုင်း၌ သမီးအိမ်မှာ ခေတ္တနေစဉ် တစ်နေ့သောအခါ စစ်ကိုင်းတောင်ရိုး ချပ်သင်းချောင်သို့ အလည်အပတ် သွား ကြသည်၊ ထိုအချိန်တွင် ရေဦးမြို့မှ စက်ပိုင် သူဌေး ဦးဘသင်လည်း ရောက်ရှိ နေခိုက်ဖြစ်၍ ဆာဦးသွင်သည် ဦးဘသင်နှင့် အလ္လာပ သလ္လာပ ပြောရင်း ပဋိပတ် ဆရာတစ်ဦး အလိုရှိ၍ စုံစမ်းနေသည့်အကြောင်းသို့ ရောက်သွားလေရာ ဦးဘသင် က ရွှေဘိုမြို့ ဆိပ်ခွန်ရွာ၌ သီတင်းသုံးလျက်ရှိသော မဟာစည် ဆရာတော်မှာ သူဌေးကြီး လိုအပ်ချက်များနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ပြောပြသည်၊ ဤသို့ဖြစ်လျှင် ထိုဆရာတော်၏ တရားကို နာလိုပါသည် ဦးဘသင်ကပဲ ပင့်ပေး ပါဟု မေတ္တာရပ်ခံရာ ဦးဘသင်ကလည်း ဝမ်းမြောက် ဝမ်းသာပင် တာဝန်ယူ၍ ပင့်ပေးလေသည်၊

မဟာစည်ဆရာတော် ကိုယ်တိုင် ဟောသော တရားကို မနာရသော်လည်း ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်းကို ဖတ်ရလျှင်ပင် ဆရာတော်သည် ပရိယတ် ပဋိပတ် စွယ်စုံဖြစ်ကြောင်း သိရှိလောက်သည်၊ သို့သော် ဆာဦးသွင်တွင် ဆရာတော် ကို ကိုယ်တိုင် ဖူးတွေ့ အကဲခတ်လိုသော ဆန္ဒရှိသည်၊ ထို့ကြောင့်ပင် ဝါတွင်း ဖြစ်သော်လည်း ဆရာတော်ကို ပင့်ပေးရန် ဦးဘသင်အား တောင်းပန်ခြင်းဖြစ်သည်၊

ဆင်ခြင်တုံဉာဏ်ရှိသော ပုဂ္ဂိုလ်များသည် ဆရာရွေးရာ၌ စံနစ်ကြီးကြသည်၊ ပညာအရည်အချင်း ပြည့်စုံရုံမျှဖြင့် ကျေနပ်လေ့ မရှိကြ၊ ထိုပုဂ္ဂိုလ်၏ ရုပ် ရူပ

ကာယကိုလည်းကောင်း၊ အင်္ဂါ စုံ မစုံကိုလည်းကောင်း စုံစမ်း၍ ေျနပ်မှသာ ဆရာအဖြစ် ကိုးကွယ်လေ့ ရှိကြသည်။ ပုဂံပြည် နရပတိစည်သူမင်းကြီးသည် "အကြားအမြင်များသည်, လိမ်မာသည်, စွမ်းရည်ရှိသည်" ဟု ကျော်စောထင်ရှားသောရဟန်းတစ်ပါးကို အင်္ဂါကြီးငယ်ပြည့်စုံလျှင် ဆရာပြု၍ ဆည်းကပ်မည်ဟု စုံစမ်းစေသောအခါ ခြေမဖျား ပြတ်နေကြောင်း ကြားသိရ၍ အင်္ဂါကြီးငယ် မပြည့်စုံဟု မှတ်ယူ၍ ဆရာရင်းအဖြစ် မကိုးကွယ်ဘဲ ပူဇော်သက္ကာရမျှသာ ပြုပြီးလျှင် ဓမ္မဝိလာသဟူသော ဘွဲ့အမည်ကို လှူ၍ ရာမညတိုင်းသို့ သာသနာပြု ကြွစေတော်မူကြောင်း၊ သာသနာလင်္ကာရ၌ လာ၏။ သူဌေးကြီး ဆာဦးသွင်လည်း နရပတိ စည်သူမင်းကြီးလို စုံစမ်းလိုဟန် တူပေသည်။ ထို့ကြောင့်ပင် ချပ်သင်းချောင် ဓမ္မာရုံ၌ တရားနာရန် စီစဉ်သောအခါ ၎င်းဓမ္မာရုံ၌ တိုင်များသောကြောင့် ဆရာတော်ကို အသေးစိတ် အကဲခတ်ခွင့် ရချင်မှ ရမည်၊ တိုင်စသော အကာအဆည်း ရှင်းသောဓမ္မာရုံ၌ တရားနာရန် စီစဉ်မှသာ မိမိရည်ရွယ်ချက် ပြည့်စုံမည်ဟု ကြံ၍ အခြားကျယ်ကျယ် ပြန့်ပြန့်ရှိသော ဓမ္မာရုံမှာ စီစဉ်ရန် ပြောကြားလေသည်။ ထို့ကြောင့် မဟာစည် ဆရာတော်၏ တရားပွဲကို သမိဒ္ဓေါဒယချောင် ဆရာကြီး ဒေါ်မာလာရီ၏ ခွင့်ပြုချက်အရ ထိုသမိဒ္ဓေါဒယချောင် ဓမ္မာရုံမှာ စီစဉ်ရလေသည်။

ဝါခေါင်လဆုတ် ၂-ရက်နေ့တွင် မဟာစည် ဆရာတော် တရားဟောရန် ကြွတော်မူလာသည်။ ဝါတွင်းပင် ဖြစ်သော်လည်း "တရားနာလို၍ ကြွပါ" ဟု ပင့်လျှင် ညဥ့်အိပ် ကြွကောင်းသောကြောင့် ကြွတော်မူလာခြင်းပင် ဖြစ်သည်။ တရားပွဲ ကျင်းပသောအခါ သူဌေးကြီး ဆာဦးသွင်သည် သူ့ရည်ရွယ်ချက်နှင့် သူဆရာတော်ကို ဖူး၍ အကောင်းဆုံးဖြစ်မည့် နေရာမှာ နေလေသည်။ မဟာစည်ဆရာတော် ကားပေါ်က ဆင်းကတည်းက ဆရာတော်ကို အကဲခတ်လေသည်။ တရားနာရင်းလည်း ဆရာတော်၏ ကိုယ်အမူအရာ နှုတ်အမူအရာကို အကဲခတ်လေသည်။ မဟာစည် ဆရာတော်၏ ဂုဏ်သတင်းကို ဦးဘသင်ထံမှ ကြားပြီးသည်မှစ၍ပင် သဘောကျခဲ့သည်ဖြစ်ရာ မိမိ မနှစ်သက်မည့် ကိုယ်အင်္ဂါဆိုင်ရာ ချို့ယွင်းချက်များ ရှိနေလေမည်လား ဆိုသည်ကို စိုးရွံ့စွာပင် စုံစမ်း ကြည့်ရှုလေသည်။

ထိုသို့ကြည့်သောအခါ ချို့ယွင်းချက်ဟူ၍ တစ်စုံတစ်ရာမျှ မတွေ့ရသည့်အပြင် အလွန်အားရဖွယ် ကျေနပ်ဖွယ်ကောင်းသော ကိုယ်အင်္ဂါ အမူအရာတို့ကိုသာ တွေ့ရလေသည်၊ တရားပလ္လင်၌ ထိုင်သည်မှစ၍ ကိုယ်လက်လှုပ်ရှား ပြုမူခြင်း မရှိဘဲ ငြိမ်သက်စွာ ဟောနေသည်၊ ဘယ်ကိုမျှ မကြည့်ဘဲ တည်ငြိမ်သော ဣန္ဒြေဖြင့် ဟောနေသည်၊ သိမ်ဖျင်းသေးနုတ်သော စကားလုံးဟူ၍မပါဘဲ တရားသားသက်သက်ကိုသာ နက်နဲစွာ ဟောနေသည်၊ ထိုစဉ်အခါက မာလုကျပုတ္တသုတ် တရားတော်ကို ဟောနေခြင်းဖြစ်ရာ၊ ဟောသည့် တရားတော်နှင့် ဆရာတော်၏ အနေအထားမှာ ညီညွတ်နေကြောင်း တွေ့ရလေသည်၊ ဤအကြောင်းအရာများကို မဟာစည် ဆရာတော် ပြန်ကြွပြီးနောက် နီးစပ်သော ပုဂ္ဂိုလ်များအား သူဌေးကြီးက ဖွင့်ဟ ပြောကြားခဲ့သည်၊ ဆရာတော်ကို မြင်လျှင် မြင်ချင်းပင် မြင်ရသူတို့ လေးစား ခန့်ငြားလောက်သော ဆရာတော်၏ အရပ်အမောင်းကို သတိပြုမိသည် ဟု ဆို၏၊ ထို့နောက် ရုံထားသော သင်္ကန်းမှ အပြင်သို့ ထွက်နေသော လက် ခြေ ့ကို ကြည့်ရှု အကဲခတ်သည်၊ ပြည့်ပြည့်ဖြိုးဖြိုးဖြင့် မဟာပုရိသ လက္ခဏာဝင်ဖြစ်ကြောင်း ကျေနပ်စွာ တွေ့ရပြန်သည် ဆို၏၊ မျက်နှာတော်ကို ဖူးမြော်သော အခါမ ၊လည်း ပကတိတည်ငြိမ်သော သမာဓိရှင်ဖြစ်ကြောင်း မှတ်သားမိပြန်သည် ဟူ၏၊ ကားကားစွင့်စွင့်ရှိသော နားရွက်တို့ကိုလည်း သူဌေးကြီးက သဘောကျခဲ့သည် ဆို၏၊ မျက်လုံးများနှင့် ပတ်သက်၍ အလွန်စူးရှနက်နဲသော မျက်လုံးများဖြစ်ကြောင်း ဆုံးဖြတ်ချက် ချသည် ဆို၏၊ စကားသံကို နားထောင်သော အခါမှာလည်း ဤအသံမျိုး ဤဆိုပုံမျိုးသည် ပရိယာယ်မပါ ဝဋ္ဋနာမဖက် သက်သက်ရိုးသားမှုကို ဖော်ပြနေသည့် အသံမျိုး၊ ပြောဆိုနေပုံမျိုး ဖြစ်ကြောင်း တွေ့ရသည် ဆို၏၊ ဆရာတော်၏ ထူးခြားဆန်းကြယ်၍ နက်နဲသော တရားကို နာရသော အခါမှာလည်း သူဌေးကြီးသည် လွန်စွာနှစ်ချိုက် သဘောကျသွားလေသည်၊ ထို့ကြောင့် သူဌေးကြီးသည် "ငါရှာဖွေ စုံစမ်းနေသော ဆရာမှာ ဤအရှင်ပင်ဖြစ်တော့သည်" ဟု မှတ်ယူလေတော့သည်၊

အထက်ပါ အချက်တို့ကို ကြည့်လျှင် သူဌေးကြီး ဆာဦးသွင်သည် သူကိုးကွယ်မည့် ဆရာကို စေ့စေ့စပ်စပ် စစ်ဆေးရွေးချယ်ခဲ့ကြောင်း ထင်ရှားလေသည်၊ စစ်ဆေးသူက စေ့စပ်သေချာသည်နှင့်အမျှ အစစ်အဆေးခံရသော ပုဂ္ဂိုလ်က

လည်း အဘက်ဘက်မှ ပြည့်စုံလျက် ရှိခဲ့သည်၊ စေ့စပ်သော စစ်ဆေးမှုကို ခံနိုင်ခဲ့သည်၊ သူဌေးကြီး လိုချင်ခဲ့သော အရည်အချင်းများ အပြည့်အစုံပင် ရှိခဲ့လေသည်၊ ဤကဲ့သို့ ဒွတိုင်အဖောက်ညီသော ပုဂ္ဂိုလ်များကား သာမန်ပုဂ္ဂိုလ်များ မဟုတ်နိုင်ရာပါ၊ ရှေးဘဝများက ရေစက်ပါလာသော ပုဂ္ဂိုလ်များသာ ဖြစ်ကြတန်ရာပါသည်၊ သီရိမဗ္ဗာသောက မင်းကြီးသည် နိဂြောဓ သာမဏေကလေးကို မြင်လျှင်မြင်ချင်းပင် ကြည်ညိုခဲ့သည်၊ ခင်မင်မှုပင် ဖြစ်ခဲ့သည်၊ ထိုသို့ ဖြစ်ခြင်းမှာ အကြောင်းမဲ့ မဟုတ်၊ ရှေးဘဝက ကောင်းမှုပြုဖက် အစ်ကိုက သာမဏေ, ညီက မင်းကြီးဖြစ်လာကာ ဤသို့ ညီအစ်ကို ဖြစ်ခဲ့ကြသောကြောင့် ဖြစ်လေသည်၊

ယခုလည်း သူဌေးကြီး ဆာဦးသွင်သည် မဟာစည် ဆရာတော်ကို တွေ့လျှင်တွေ့ချင်း အားရ ကြည်ညိုသွားလေသည်၊ ဤပုဂ္ဂိုလ် နှစ်ဦးသည် မြန်မာနိုင်ငံ၏ ပဋိပတ္တိသာသနာကို ပြန်လည် ထွန်းကားအောင် ပြုသွားကြမည်လည်း ဖြစ်သည်၊ ဤသို့သော ပုဂ္ဂိုလ်နှစ်ဦးသည် ရှေးဘဝများက ညီအစ်ကိုဖြစ်စေ အခြားနီးစပ်သော ဆွေမျိုးဖြစ်စေ မတော်ခဲ့ပါဟု အဘယ်သူသည် ငြင်းဆိုနိုင်ပါမည်နည်း၊ ဤမျှ အဆင်ပြေနေသည့်အထဲတွင် ဆရာတော်၏ ငယ်နာမည်နှင့် သူဌေးကြီး၏ အမည်မှာ တိုက်တိုက်ဆိုင်ဆိုင် တူနေရပြန်သေးသည်၊ ဤမျှ တိုက်ဆိုင်ထူးခြားသော ဦးသွင် ၂-ဦးတို့၏ တွေ့ဆုံမှုကား ဗုဒ္ဓသာသနာသမိုင်းတွင် မှတ်တမ်းတင်ရမည့် တွေ့ဆုံမှုပင် ဖြစ်ပါတော့သည်၊

မဟာစည် ဆရာတော်သည် သမိဒ္ဓေါဒယချောင်တွင် သူဌေးကြီး ဆာဦးသွင်အမှူးရှိသော ပရိသတ် ၃၀၀-ကျော်တို့အား ၅-ရက်တိုင်တိုင် ဝိပဿနာလက်တွေ့လုပ်ငန်းတရားများကို ဟောကြားတော်မူသည်၊ ထိုတွင် ပဌမ သုံးရက်မှာ မူလအစီအစဉ်အတိုင်းဖြစ်၍ နောက် ၂-ရက်မှာမူ သမိဒ္ဓေါဒယချောင် ဆရာကြီး ဒေါ်မာလာရီ၏ တောင်းပန်ချက်အရ ထပ်၍ ဟောရသော ၂-ရက်ဖြစ်သည်၊

ထိုသို့ ၅-ရက်တိုင်တိုင် ဟောရသော ဝိပဿနာလက်တွေ့ လုပ်ငန်းတရားတော်ကို ပရိတ်သတ်တို့က အလွန်နှစ်သက်ကြသည်၊ တရားနာပရိတ်သတ်တွင် တရားအခံရင့်ပြီး ပုဂ္ဂိုလ်ကြီးများလည်း ပါလေရာ ထိုပုဂ္ဂိုလ်ကြီးများက ပိုမို

နှစ်သက်သဘောကျကြလေသည်၊ စစ်ကိုင်းတောင်၌ ကမ္မဋ္ဌာန်းတရားဟောရသည်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ၊ တရားနာပရိတ်သတ်မှာ များသောအားဖြင့် သီလရှင်များ ဖြစ်ကြလေသည်၊ ပရိယတ်စာပေ ကျမ်းဂန်များကိုလည်း သင်ကြားလေ့လာထား၍ ပဋိပတ်ကမ္မဋ္ဌာန်းကိုလည်း ကိုယ်တိုင်အားထုတ် ကျင့်ကြံဖူးသူတို့သာ အများအပြားပါဝင်လေသည်၊ ဤသို့သော ပရိသတ်က နှစ်ခြိုက်သည်ဆိုသဖြင့် မဟာစည်ဆရာတော်၏တရားမှာ ပရိယတ်စည်းမျဉ်းနှင့်လည်း ကိုက်ညီ၍ လက်တွေ့လုပ်ငန်း၌လည်း အကျိုးများစေနိုင်သော တရားဖြစ်ကြောင်း သိနိုင်တော့သည်၊ ထို့ကြောင့်ပင် သမိဒ္ဓေါဒယချောင် ဆရာကြီးသည် ၃-ရက်မျှဖြင့် အားမရသေးဘဲ နောက်ထပ် ၂-ရက်ဟောရန် တောင်းပန်ခဲ့ခြင်း ဖြစ်လေသည်၊

ထိုချောင် ဆရာကြီးသည် နာရုံမျှဖြင့် တင်းတိမ်ရောင့်ရဲခြင်း မရှိသေးဘဲ ထိုနှစ် တန်ဆောင်မုန်းလတွင် ဆိပ်ခွန်သို့ သွားရောက်၍ သတိပဋ္ဌာန်ဝိပဿနာတရားကို လက်တွေ့အားထုတ်လေသည်၊ အားထုတ်၍ ကိုယ်တွေ့သိရသော ဝိပဿနာဆိုင်ရာ အတွေ့များကို သူ့ဌေးကြီး ဆာဦးသွင်သို့လည်း အကြောင်းကြားလေသည်၊

ချောင် ဆရာကြီးသည် ကိုယ်တိုင်အားထုတ်ရုံမျှဖြင့် မတင်းတိမ်သေးဘဲ မိမိကဲ့သို့ပင် ဥာဏ်အထူးများကို ရစေလိုသဖြင့် ရင်းနှီးသော ပုဂ္ဂိုလ်များကိုလည်း မဟာစည်ဌာန၌ တရားအားထုတ်ရန် တိုက်တွန်းလေသည်၊ ဤချောင် ဆရာကြီး၏ တိုက်တွန်းလျှောက်ထားချက်ကြောင့်ပင် ဤတောင်ရိုး အောင်မြေဘုံစံချောင် ဆရာတော်လည်း ဆိပ်ခွန် မဟာစည်ဌာနသို့ ကြွသွား၍ ဝိပဿနာအလုပ်ကို ပေါက်ပေါက် ရောက်ရောက် အားထုတ်ခဲ့လေသည်၊ ယင်းဆရာတော်သည် နောင်အခါတွင် မဟာစည် ဆရာတော်၏ လက်ရုံးသဖွယ် အားကိုးရသော ပရိယတ်ပဋိပတ် စွယ်စုံဆရာတော်တစ်ပါး ဖြစ်လာလေသည်၊ ထိုဆရာတော်ကား အခြားပုဂ္ဂိုလ်မဟုတ် လွန်ခဲ့သည့်နှစ်က ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသော ဇမ္ဗူဒီပကျောင်းဆောင် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဗုဒ္ဓသာသနာ တိပိဋက ပါဠိ မြန်မာအဘိဓာန် ကျမ်းပြုဆရာတော်

အရှင်ဉာဏုတ္တမထေရ်ပင် ဖြစ်ပါတော့သည်၊ (ယင်းဆရာတော်၏ အတ္ထုပ္ပတ္တိအကျဉ်း ကို ဤစာအုပ် အဆုံးပိုင်းနား၌ ကြည့်ရှုနိုင်သည်)

## ရန်ကုန်သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူခြင်း

ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က တည်ထောင်ခဲ့သော သာသနာ့ ရိပ်သာသည် ကမ္မဋ္ဌာန်းကျောင်းများ ဆောက်လုပ်ပြီးတန်သလောက် ပြီးနေပြီ ဖြစ်၍ ကမ္မဋ္ဌာန်းပြသမည့်ဆရာတော်ကို တိုင်ပင်ကြသောအခါ သူဌေးကြီး ဆာ ဦးသွင်က သူဖူးတွေ့ခဲ့ရ တရားနာခဲ့ရသော ရွှေဘိုဆိပ်ခွန် မဟာစည်ဆရာတော် ကို တင်ပြပြောကြားရာ အားလုံးသော အမှုဆောင်လူကြီးတို့သည် များစွာ နှစ်ထောင်းအားရကြ၍ ယင်းဆရာတော်ကို ပင့်ဆောင်ကိုးကွယ်ရန် သဘောတူ ညီကြလေသည်။

၁၃၁၁- ခုနှစ်၊ တန်ဆောင်မုန်း လဆန်းတွင် မဟာစည်ဆရာတော်သည် ရွှေဘိုမြို့- မြို့ထောင့်စေတီတော်ခေါ် မော်ဓောမြင်သာ စေတီတော်ခြေရင်းရှိ ကမ္မဋ္ဌာန်းဌာနသို့ သွား၍ ခေတ္တသီတင်းသုံးတော်မူသည်၊ ရည်ရွယ်ချက်ကား ထိုကမ္မဋ္ဌာန်းဌာနကို အားပေးရန်ဖြစ်သည်၊ ထိုဌာန၌ တရားဟော တရားပြလျက် သီတင်းသုံးနေစဉ်မှာပင် ဝန်ကြီးချုပ် မြစ်ကြီးနားသို့အသွားတွင် ရွှေဘိုသို့ ခေတ္တ ဝင်ရောက်၍ မြို့ထောင့်စေတီတော်ကို လာရောက်ဖူးမြော်သည်၊ လိုက်ပို့ကြသော မြို့ခံလူကြီးများအား စကားစပ်မိ၍ မဟာစည်ဆရာတော်အကြောင်းမေးရာ စေတီတော်ခြေရင်းရှိ ကမ္မဋ္ဌာန်းဌာနမှာပင်ခေတ္တသီတင်းသုံးလျက်ရှိနေကြောင်း ပြော ကြားသဖြင့် ချက်ခြင်းပင် မဟာစည်ဆရာတော်ထံသွား၍ ဖူးမြော်ပြီး ရန်ကုန်သို့ တရားဟောကြွပါရန် ပင့်လျှောက်လေတော့သည်၊ ဆရာတော်ကလည်း တရား ဟောခြင်းသည် မိမိ၏ ပဓာနအလုပ်ဖြစ်၍ ကြွမည့်အကြောင်း ဝန်ခံတော်မူလိုက် သည်။ ထိုသို့ ဆရာတော်ထံမှ ပဋိညာဉ်ရပြီးနောက် ဝန်ကြီးချုပ်သည် ဆရာတော် ကို ရွှေဘိုမှ စစ်ကိုင်း မန္တလေးသို့ ပင့်ဆောင်ရန် အစီအစဉ်လုပ်၍ ဆိုင်ရာလူကြီး များအား တာဝန်လွှဲအပ်လေသည်၊ စီစဉ်ထားသည့်အတိုင်း တန်ဆောင်မုန်း လပြည့်ကျော် ၅-ရက်နေ့မှာ မဟာစည် ဆရာတော်သည် တာဝန်ခံပုဂ္ဂိုလ်တို့၏ ပင့်ဆောင်ချက်ဖြင့် ရွှေဘို ဦးမုနိန္ဒကိုပါ ခေါ်ခဲ့၍ ရွှေဘိုမှ စစ်ကိုင်းမြို့ ဆင်များ

ရှင် ကမ္မဋ္ဌာန်းဌာနသို့ ရောက်သည်၊ ထိုနေ့ညက ထိုဌာန၌ တရားဟော၍ ထို ဌာနမှာပင် ကျိန်းရသည်၊ မဟာစည်ဆရာတော်က ရွှေမင်းဝံဆရာတော် ဦးကော သလ္လကိုပါ အတူလိုက်ခဲ့ရန် လျှောက်ထား၍ နောက်တစ်နေ့ (တန်ဆောင်မုန်း လပြည့်ကျော် ၆-ရက်) ၌ မန္တလေးဘက်သို့ ကူးကြသည်၊ ရွှေဘို ဦးမုနိန္ဒ၊ ရွှေမင်းဝံဆရာတော် ဦးကောသလ္လတို့နှင့်တကွ မဟာစည်ဆရာတော်သည် လေ ယာဉ်ဖြင့် မန္တလေးမှ ရန်ကုန်ဘက်သို့ ကြွခဲ့သည်၊ ဆာဦးသွင်စသော ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ လူကြီးများက လေဆိပ်သို့ လာရောက် ကြိုဆိုပင့်ကြသည်။

## ရိပ်သာများပေါ်ပေါက်ခြင်း

မဟာစည်ဆရာတော်သည် ရန်ကုန်မြို့သို့ ကြွစဉ်က သင်္ကန်း သပိတ်စသော ပရိက္ခရာရှစ်ပါးနှင့် ဘိနပ် တို့မှတပါး အပိုပစ္စည်းအသုံးအဆောင်များမပါခဲ့ပေ။ မှတ်စု စာအုပ်ပင် မပါခဲ့၊ ထိုစဉ်ကာလက ရန်ကုန် သာသနာ့ရိပ်သာ၌လည်း အဆောက် အအုံများ မများလှသေးပေ၊ သိမ်၏ အရှေ့တောင်ဘက်၌ ကမ္မဋ္ဌာန်းနည်းပြ ဆရာများ သီတင်းသုံးရန် ဆောက်လုပ်ထားသော သစ်သားကျောင်းငယ် ၄- ဆောင်၊ ဆရာတော်အတွက် ဆောက်လုပ်ထားသော စံကျောင်းနှင့် ဆွမ်းစား ကျောင်း ဤမျှသာ ရှိသေးသည်၊ သိမ်မှာ ၁၃၁၁-ခုနှစ် ဦးတန်ခူးလဆုတ် ၅-ရက်နေ့ကပင် သမုတ်ပြီး ဖြစ်သော်လည်း အဆောက်အအုံတို့ကား မဆောက်ရ သေး၊ သံယာ့ကံ ပြုနိုင်ရုံ ယာယီမျှသာ ရှိသေးသည်၊ ထိုအတူ ဖလ်ယဉ် ဓမ္မာ ရုံနေရာ၌ လည်း သံဖြူမဏ္ဍပ်ကြီးသာ ရှိလေသည်။

တရားအားထုတ်မည့် ယောဂီများလည်း အဆင်သင့် မရှိသေးပေ၊ သို့သော် ရောက်ပြီးလျှင် ပြီးချင်းပင် တရားအားထုတ်လိုသူများ ရှိက တရားပြမည့် အကြောင်း မိန့်ကြားတော်မူသည်၊ တရားအားထုတ်လိုသူများ တစတစ ပေါ် ပေါက်လာရာ နတ်တော်လတွင် ၂၅-ဦးမျှအထိ ရှိလာခဲ့သည်၊ ထို့ကြောင့် နတ်တော်လပြည့် နေ့မှာပင် ထိုယောဂီ ၂၅-ဦးအား ဝိပဿနာ အလုပ်ပေးတရား တော်ကြီးကို ဟောကြား၍ ကမ္မဋ္ဌာန်း ပေးတော်မူသည်၊ နောင်တွင်လည်း ယောဂီအသစ် ရောက်လာတိုင်း ဤတရားတော်ကြီးကိုပင် ဟောကြား၍ ကမ္မဋ္ဌာန်း ပေးတော် မူသည်၊ ယောဂီများ တစ်နေ့တစ်ခြား များပြားလာ၍ ဆရာတော်

ကိုယ်တိုင် မပေးနိုင်သောအခါ ၁၃၁၃-ခုနှစ်၊ ဝါဆိုလမှစ၍ အသံသွင်းကြိုးခွေဖြင့် သွင်း ထားသော တရားတော်ကိုပင် ဖွင့်ပြ၍ ကမ္မဋ္ဌာန်း ပေးတော်မူလေသည်၊ ၁၃၁၆- ခုနှစ်တွင် ထို တရားတော်ကြီးကို အသံသွင်းကြိုးခွေမှ ကူးယူ၍ စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်၊ နောင်တွင်လည်း အခါအားလျော်စွာ ထပ်မံရိုက်နှိပ်ခဲ့ရာ၊ ယခုအခါ ရှစ်ကြိမ်အထိ ရိုက်နှိပ်ပြီး ဖြစ်လေသည်။

ထိုဝိပဿနာ အလုပ်ပေးတရားတော်ကြီးကား အလုပ်ပေးဆိုသည့် အကိုင်းပင် နဂိုက သုတမရှိသူများပင် ကမ္မဋ္ဌာန်းအလုပ်ကို လုပ်တတ်အောင် အသေးစိတ်ညွှန်ကြားထားသော တရားတော်ကြီးဖြစ်သည်၊ ဝိပဿနာရှုနည်းကျမ်း အခန်း-၅ နှင့် တသဘောတည်းဖြစ်၏၊ ဆရာနှင့် လက်တွေ့အားထုတ်ရာ၌ ညွှန်ကြားသော တရားတော်ဖြစ်၍ အစပုဂ္ဂိုလ်များအတွက် လုံလောက်ရုံသာ ဟောထားသဖြင့် အခန်း-၅ လောက်ကား မကျယ်ပေ။

ဤတရားတော်ဖြင့် ကမ္မဋ္ဌာန်းပေးပြီးနောက် ယောဂီများကို နေ့စဉ် စစ်ဆေးတော်မူသည်၊ ယောဂီတို့သည် မိမိတို့ အတွေ့အကြုံများကို မထိမ်မကွယ် အမှန်အတိုင်းလျှောက်ထားကြရသည်၊ သူတို့ အတွေ့အကြုံအလိုက် ပြုပြင်သင့်သည်ကို ပြုပြင်ပေးသည်၊ ဤသို့ နေ့စဉ်စစ်ဆေးခြင်းမှာ မဟာစည်ဆရာတော် ကမ္မဋ္ဌာန်းနည်း၏ အားရစရာအချက်တစ်ချက် ဖြစ်တော့၏၊ ယောဂီ ပုဂ္ဂိုလ်သည် လမ်းမှားသွားမည်ကို လုံးဝမစိုးရိမ်ရ၊ ဤလမ်းကို ကိုယ်တိုင်လျှောက်ဖူး၍ အခြားများစွာသော သူတို့ကိုလည်း ညွှန်ကြားပြသခဲ့၍ အရည်အချင်းပြည့်ဝသည့် ဆရာရှိသဖြင့် အားတက်ဖွယ် ဖြစ်သည်၊ မည်သည့် အဆင့်တွင် မည်သို့ပြုလုပ်ရမည် စသည်အတွက် လည်း မိမိက ကြောင့်ကျစိုက်စရာမလို၊ မိမိတိုးတက်မှုကို ကြည့်၍ ဘာလုပ်ရမည် ဆိုသည်ကို ညွှန်ကြားရန် ဆရာက အမြဲတန်းအဆင့်သင့် ရှိနေသည်၊ ဤသို့ ကမ္မဋ္ဌာန်းပြပုံ စနစ်ကောင်း၍လည်း မဟာစည်ဆရာတော်၏ ကမ္မဋ္ဌာန်းနည်းသည် အောင်မြင်မှုရခြင်းဖြစ်ပေသည်။

မဟာစည်ဆရာတော်ထံ လာရောက်အားထုတ်သော ပုဂ္ဂိုလ်(အထူးသဖြင့် သံဃာတော်များ) တို့တွင် အချို့တို့သည် မိမိတို့ရပ်ရွာသို့ ရောက်သောအခါ တဆင့်ဖြန့်ဖြူးမည့် ပုဂ္ဂိုလ်များလည်း ပါကြသည်၊ ထိုပုဂ္ဂိုလ်များကိုမူ မဟာစည်

ဆရာတော်က အထူးတလည် ဂရုစိုက်၍ ဆရာဖြစ်နည်း ပေးတော်မူသည်၊ ထို ပုဂ္ဂိုလ်တို့သည် မိမိတို့ရပ်ရွာများသို့ ပြန်ရောက်ပြီးနောက် မဟာစည်ဆရာတော် ဩဝါဒခံ ရိပ်သာခွဲများကို ဖွင့်လှစ်၍ ဝိပဿနာ သာသနာပြုကြလေသည်၊ မဟာ စည်ဆရာတော် ရန်ကုန်ရောက်၍ နှစ်များမကြာမီမှာပင် မြန်မာပြည် အနယ်နယ် အရပ်ရပ်၌ ရိပ်သာပေါင်း မြောက်များစွာ ပေါ်ပေါက်လာတော့သည်၊ ဇန်းမော် မြစ်ကြီးနား တို့မှာလည်း မဟာစည်ဩဝါဒခံရိပ်သာများကို တွေ့ရသည်၊ ရှမ်းပြည်နယ် မြောက်ပိုင်း တောင်ပိုင်း တို့မှာလည်း ထို့အတူပင် မြန်မာပြည် အောက်စွန်း ရေး-မြိတ်-ထားဝယ်တို့၌လည်း မဟာစည်ရိပ်သာ ရှိသလို၊ ရခိုင်ပြည်နယ် စစ်တွေစသော မြို့တို့၌လည်း မဟာစည်ရိပ်သာကို တွေ့ရသည်၊ တစ်ပြည်လုံး အနှံ့အပြား နေရာ မလပ်ဆိုသလိုပင် ရိပ်သာများ ပေါ်ထွက်လာတော့သည်။

နောင်အခါတွင် မြန်မာပြည်တွင်သာမက ထိုင်း၊ သီရိလင်္ကာစသော နိုင်ငံ တို့မှာပင် မဟာစည် ဩဝါဒခံ ရိပ်သာများ ပေါ်ပေါက်ခဲ့သည်၊ ၁၃၃၄-ခုနှစ် နယုန်လပြည့်ကျော် ၄-ရက်နေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ကျင်းပ သော ၂၃-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒခံယူ ပူဇော်ပွဲတွင် တင်ပြသော ယောဂီစာရင်းအရ မြန်မာပြည်တွင်း၌ ယောဂီပေါင်း ခြောက်သိန်းကျော်ရှိနေ ကြောင်း သိရသည်၊ ထိုင်းနိုင်ငံ၌လည်း ယခင်နှစ်များကပင် ယောဂီ တစ်သိန်း ကျော် ရှိခဲ့၍ သီရိလင်္ကာနိုင်ငံ၌ တစ်သောင်းကျော် ရှိခဲ့လေပြီ၊ ကမ္ဘောဒီးယား အိန္ဒိယစသော နိုင်ငံများ၌လည်း အနည်းငယ်စီ ရှိကြသည်၊ ထို့ကြောင့် အားလုံး ပေါင်းလိုက်လျှင် ယနေ့ကမ္ဘာ၌ မဟာစည်ဩဝါဒခံ ရဟန်းရှင်လူ ယောဂီပေါင်း မှာ ခုနစ်သိန်းကျော်မျှ ရှိကြောင်း သိရသည်၊ ဤသို့လျှင် မဟာစည်ဆရာတော် ကို အကြောင်းပြု၍ မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာ့အရပ်ရပ်တွင် ဝိပဿနာ မိုးကြီး ရွာသွန်းဖြိုး စေခဲ့လေတော့သည်၊ ဤသို့သော ပဋိပတ္တိသာသနာပြုမှု ဂုဏ်ထူး ဝိသေသများကြောင့် မဟာစည်ဆရာတော်ကို နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့က ကမ္မဋ္ဌာန်းဆိုင်ရာ ဩဝါဒစရိယ ၁၅-ပါးတို့တွင် တစ်ပါးအဖြစ် တင်မြှောက်၍ နှစ်စဉ် ၇၅၀-တန် ဝတ္ထုပစ္စည်းများ လှူဒါန်းပူဇော်လျက်ရှိပေသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ ရတော်မူခြင်း

သာသနာ့ရိပ်သာ သို့ ရောက်ပြီးနောက် ၂-နှစ်ကျော်ကြာ ၁၃၁၃-ခုနှစ် (၁၉၅၂) နှစ်တွင် မဟာစည်ဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ကို ရရှိတော်မူသည်၊ ထိုနှစ်က မဟာစည်ဆရာတော်အပြင် ရန်ကုန် ဗဟန်းကျောင်းတော်ရာ ရွှေကျင်တိုက် မန်းဦးဆရာတော်နှင့် မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် သာသန ဇောတိကာရုံ အုတ်ကျောင်း ဆရာတော် ဦးနာရဒ တို့သည် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့ကို ရတော်မူကြသည်။

မဟာစည်ဆရာတော် ၁၃၀၃-ခုနှစ်က သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဘွဲ့ကို ရတော်မူပြီးဖြစ်သည်၊ ထိုဘွဲ့ရရှိရန်ကိုမူ မဟာစည်ဆရာတော်သည် အစိုးရ စာချတန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုတော်မူရသည်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့မှာကား စာမေးပွဲဝင်၍ ယူရသော ဘွဲ့မျိုးမဟုတ်၊ ဆရာတော်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ် ပညာဂုဏ် တို့ကို ကြည်ညိုလေးစား၍ အစိုးရက ဆက်ကပ်သော ဘွဲ့မျိုးဖြစ်၍ များစွာအဆင့်အတန်းမြင့်သည်၊ သီလသမာဓိပညာလည်း ပြည့်စုံ ကျော်ဇော ကိတ္တိလည်း ရှိသော ဆရာတော်များသာ ရသော ဘွဲ့တည်း၊ အတိုချုံး၍ပြောရလျှင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့မှာ ရှေးအခါက ရာဇဂုရုဘွဲ့နှင့် တန်းတူပင် ဖြစ်လေသည်၊ ဤ ဘွဲ့ကို လက်ခံရရှိတော်မူသဖြင့် မဟာစည်ဆရာတော်သည် မင်းအကိုးကွယ်ခံ မင်းဆရာ ရာဇဂုရု အဆင့်အတန်း သို့ ရောက်ရှိ သွားပါတော့သည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရသော ဆရာတော်တို့အား ဆွမ်းဆန်တော် အဖြစ် နိုင်ငံတော်အစိုးရက တစ်နှစ်လျှင် ကျပ်ငွေ-၇၅၀ လှူဒါန်းလေသည်။ မဟာစည်ဆရာတော်သည် ဆဋ္ဌသံဂါယနာ၌ သော့ချက်နေရာမှ ဆောင်ရွက်တော် မူခြင်း၊ နိုင်ငံခြားတို့၌ သာသနာပြုတော်မူခြင်း၊ သိန်းပေါင်း များစွာသော ပုဂ္ဂိုလ်တို့အား တရားအရသာကို ပါရမီအလျောက် လက်တွေ့ ရရှိခံစားစေခြင်း တို့ဖြင့် သာသနာကော်အကျိုး ဘာသာဝင်တို့ အကျိုးကို သူမတူတန်အောင် ဆောင်ရွက်တော်မူသည်၊ ကျမ်းပေါင်းများစွာကိုလည်း ရေးသားတော်မူခဲ့သည်၊ ထို့ကြောင့် မဟာစည် ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ကပ်လှူရသည်မှာ ကပ်လှူရကျိုး အနပ်ကြီး နပ်ပါပေသည်။

## ထိုင်း ကမ္ဘောဒီးယားသို့ ကြွတော်မူခြင်း

နိုင်ငံတော်အစိုးရတို့သည် လွတ်လပ်ရေး ရရှိပြီးသည်မှစ၍ ဆဋ္ဌသံဂါယနာ တင်ရန် စီမံခဲ့ကြသည်၊ ဆဋ္ဌသံဂါယနာတင်သောအခါလည်း ရှေး သံဂါယနာများ ထက် ထူးခြားအောင် တင်လိုကြသည်၊ ရှေးသံဂါယနာများကို တိုင်းပြည်တစ်ခု တည်းက သံဃာများကသာ တင်ခဲ့ကြသည်၊ ယခု ဆဋ္ဌသံဂါယနာ၌မူ မြန်မာသံဃာ များသာမကဘဲ အခြားထေရဝါဒနိုင်ငံများမှ သံဃာတော်များ ပါဝင်ဆောင်ရွက် စေလိုသည်၊ မြန်မာနိုင်ငံ၏ သံဂါယနာမဟုတ်ဘဲ ထေရဝါဒ ၅ နိုင်ငံတို့ စုပေါင်း တင်သော ထေရဝါဒ သံဂါယနာဖြစ်စေလိုကြသည်၊ ထိုသို့ဖြစ်ရန်မှာလည်း ထိုင်းစသော ထေရဝါဒနိုင်ငံများမှ အစိုးရတို့နှင့် သံဃာတော်တို့က ကူညီ ပါဝင်ဆောင်ရွက်မှသာ ဖြစ်နိုင်မည်၊ ထို့ကြောင့် ဆဋ္ဌသံဂါယနာ၏ ရှေ့ပြေး လုပ်ငန်းတစ်ခုမှာ အခြားသော ထေရဝါဒနိုင်ငံများကို စည်းရုံးရေးပင် ဖြစ်သည်၊

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ၁၃၁၄-ခုနှစ်တွင် ဆဋ္ဌသံဂါယနာ စည်း လုံးရေး သာသနာ့မစ်ရှင်တစ်ခုကို ထိုင်းနိုင်ငံသို့ စေလွှတ်လေသည်၊ ထိုအဖွဲ့ တွင် သံဃာတော်များဘက်မှ ညောင်ရမ်း ဆရာတော်ဘုရားကြီးနှင့် မဟာစည် ဆရာတော်တို့ပါဝင်၍ လူပုဂ္ဂိုလ်များဘက်မှ ဆရာတော်တို့၏ စကားပြန်အဖြစ် ရွှေပြည်တော်ဦးတင်နှင့် ကပ္ပိယအဖြစ် ပါလီမန်အတွင်းဝင် ဦးသန်းစိန်တို့ ပါဝင် ကြသည်၊ ညောင်ရမ်း ဆရာတော်ဘုရားကြီး ခေါင်းဆောင်သော ထို ၄-ဦး အဖွဲ့သည် ၁၃၁၄-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၆-ရက်နေ့တွင် မြန်မာနိုင်ငံမှ ထွက်ခွာလေသည်၊

ဆရာတော်တို့ အဖွဲ့သည် ရှေးဦးစွာ ထိုင်းနိုင်ငံသို့ ကြွ၍ ထိုင်း သာသနာပိုင်နှင့် တွေ့ဆုံပြီး ဆဋ္ဌသံဂါယနာအကြောင်းကို လျှောက်ထားဆွေးနွေး ကြသည်၊ ထိုင်းသာသနာပိုင် ဆရာတော်က မြန်မာနိုင်ငံ၌ ရဟန်းမြှောက်ဘုရင် မရှိသောကြောင့်လည်းကောင်း, သာသနာပိုင် မရှိသောကြောင့် လည်းကောင်း, သံဂါယနာ တင်နိုင်မည် မထင်ကြောင်း အမိန့်ရှိတော်မူသည်၊ ညောင်ရမ်း ဆရာ တော်ဘုရားကြီးကလည်း မြန်မာနိုင်ငံ၌ ဘုရင်မရှိသော်လည်း အများဆန္ဒအရ ရွေးကောက် တင်မြှောက်ထားသော အစိုးရရှိ၍ ထိုအစိုးရ၏ ဥက္ကဋ္ဌအဖြစ်

သမ္ပတိကြီး ရှိနေသဖြင့် ဘုရင်ကဲ့သို့ပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ သာသနာပိုင် မရှိသော်လည်း သာသနာပိုင် ရှိစဉ်က ကဲ့သို့ပင် သာသနာ့ဝန်ထမ်း ရဟန်းတော်များသည် ပရိယတ် ပဋိပတ် ကြိုးစားအားထုတ်လျက် ရှိကြကြောင်း၊ ထိုသို့ကြိုးစားအားထုတ်ကြသဖြင့် ယခုအခါ ပဋိကတ်သုံးပုံကို အာဂုံဆောင်နိုင်သော ပုဂ္ဂိုလ်ပေါ်ထွက်နေပြီ ဖြစ်ကြောင်း၊ ဤအကြောင်းများကြောင့် မြန်မာနိုင်ငံ၌ သံဂါယနာ တင်နိုင်ကြောင်း၊ အချက်ကျကျ ပြန်လည်လျှောက်ထားလေသည်၊ (ထိုအချိန်က အရှင် ဝိစိတ္တသာရဘိဝံသသည် တိပိဋကဘွဲ့ကို မရသေး၊ ဂိနည်း ၅-ကျမ်းကို ပြန်ဆို အောင်မြင်ပြီး ဖြစ်၍ အဘိဓမ္မာ ၇-ကျမ်း ရှေ့ပိုင်းကို ပြန်ဆိုရန် အားထုတ်နေဆဲသာ ဖြစ်သည်။ သို့သော် မချွတ်အာဂုံ အောင်မြင်လတ္တံ့သည်ကို ရည်၍ ပိဋကတ် ၃-ပုံဆောင် ပုဂ္ဂိုလ်ပေါ်နေပြီဟုဆိုခြင်း ဖြစ်ဟန်ရှိပါသည်) မြန်မာပြည်၌ ပိဋကတ် ၃-ပုံ ဆောင် ပုဂ္ဂိုလ်ရှိနေပြီဟု ကြားသောအခါ ထိုင်းသာသနာပိုင် ဆရာတော်က "ဒီလိုဆိုလျှင် မြန်မာပြည်ကသာ သံဂါယနာတင်နိုင်ပါတယ်" ဟု အမိန့်ရှိ၍ မြန်မာပြည်က တင်သော ဆဋ္ဌသံဂါယနာကို ထိုင်းသံဃာက ကန့်ကွက်မည် မဟုတ်သည့်အပြင် အားပင် ပေးဦးမည် ဖြစ်ကြောင်းများကို အမိန့် ရှိလိုက်လေသည်။

ထိုင်း၌ ပြုဘွယ်ကိစ္စ ပြီးသောအခါ ဆရာတော်တို့ အဖွဲ့သည် ကမ္ဗောဒီးယားသို့ ခရီးဆက်လေ့လာသည်၊ ဆရာတော်တို့ ရောက်သည့်နေ့မှာ ဖနွမ်းပင်မြို့၌ အိန္ဒိယမှ ဓာတ်တော်များ ပူဇော်သည့်နေ့ဖြစ်သဖြင့် လေယာဉ်ကွင်းသို့ အကြိုလာသူပင် မရှိဖြစ်နေသည်၊ ထို့ပြင် လေယာဉ်ကွင်း၌ ပြင်သစ် စကားသာ ပြော၍ဖြစ်သည်၊ အင်္ဂလိပ်စကား နားလည်သူမရှိဖြစ်နေသည်၊ ဦးဘတင်လည်း ပြင်သစ်စကား မတတ်၍ အခက်ကြုံနေသည်၊ ထိုနောက်မှ အင်္ဂလိပ်လို တတ်သော လေယာဉ် အရာရှိ တစ်ယောက်က ကူညီပြောဆိုပေး၍ ဟော်တယ်တစ်ခုသို့ ပို့ပေးသည်။ ဟော်တယ်၌လည်း ပြင်သစ် လူမျိုးများပင်ရှိနေသည်၊ ဆွမ်းစားချိန်တန်နေ၍ ဆွမ်းကပ်ရန်လုပ်ကြသောအခါ သူတို့က ကြက်ဥများကိုပြုတ်ပေးကြသည်၊ ညောင်ရမ်း ဆရာတော်ကြီးမှာလည်း အမြဲတမ်း သက်သတ်လွတ်စားသော ဆရာတော် ဖြစ်၏။ မဟာစည် ဆရာတော်သည် အသားလုံးဝ မစားမဟုတ်သော်လည်း ကြက်ဥ ဘဲဥတို့မူ ဥဒ္ဒိဿ ကတမံသ ဖြစ်သည်ဟု ယူဆ၍ မစားပေ၊

ဆရာတော် ၂-ပါး ကြက်ဥ မဘုန်းပေးကြောင်းသိရသောအခါ ဟော်တယ်မှ လူများက တောင်းပန်၍ ကမ္ဘောဒီးယား သာသနာပိုင်ကျောင်းသို့ တယ်လီဖုန်း ဆက်၍ အကြောင်းကြားပေးသည်၊ မကြာမီပင် ကမ္ဘောဒီးယား ကိုယ်တော်များ ကားနှင့် ရောက်လာ၍ သာသနာပိုင် ဆရာတော်ကြီးနေရာ ဥဏ္ဏာလုံကျောင်း တိုက်သို့ ပင့်သွားကြသည်၊ ဆွမ်းချိန် မီသေး၍ ထိုကျောင်းမှာပင် ဆရာတော်၂- ပါး ဆွမ်းဘုန်းပေးတော်မူကြသည်။

ဆရာတော်တို့သည် ကမ္ဘောဒီးယား သာသနာပိုင်ဆရာတော်ကြီးနှင့် တွေ့ ဆုံပြီးနောက် ထိုဆရာတော်ကြီး၏ ကျောင်းမှာပင် တည်းခိုကြ၍ ဆဋ္ဌသံဂါယနာ အကြောင်းကို ဆွေးနွေးကြပြန်သည်၊ ကမ္ဘောဒီးယား သာသနာပိုင် ဆရာတော် ကြီးမှာ နဂိုကပင် ဆဋ္ဌသံဂါယနာတည်မည်ဆိုသည်ကို ကျေနပ်ပြီးဖြစ်နေရာ ထိုင်း သာသနာပိုင်နှင့် တုန်းကလို မြန်မာနိုင်ငံက သံဂါယနာ တင်သင့်ကြောင်း ရှင်းလင်း ပြဖွယ်မရှိတော့ပေ။

ဥဏ္ဏာလုံကျောင်းတိုက်၌ တည်းခိုနေစဉ် တစ်နေ့တွင် မဟာစည်ဆရာတော် သည် တမရွတ် ဓမ္မယုတ္တိဂိုဏ်းမှ ဆရာတော်ကြီး တစ်ပါးထံသို့ သွားရောက် ဖူးမြော်တွေ့ဆုံသည်၊ ညောင်ရမ်း ဆရာတော်ကား သာသနာပိုင် ဆရာတော်ကြီး နှင့် စကားပြောရင်း နေရစ်တော်မူသည်၊ တမရွတ် ဆရာတော်ကြီးထံ ရောက် သောအခါ ဆရာတော်ကြီးက မြန်မာပြည် အကြောင်းများကို မေး၍ လျှောက်ထားရ သည်၊ ဆရာတော်ကြီးအနီးရှိ ကိုယ်တော်တစ်ပါးက မဟာစည်ဆရာတော် ပါဠိ လိုပြောသည်ကို ဆရာတော်ကြီးအား ကမ္ဘောဒီယားဘာသာ ပြန်၍ လျှောက် သည်၊ ထိုကိုယ်တော်နှင့် ပါဠိလို တော်တော်ပြော၍ ဖြစ်သည်ဟု မဟာစည် ဆရာတော်က အမိန့်ရှိပါသည်၊

ထိုဆရာတော်ကြီးထံမှ ပြန်ကြွခဲ့၍ ဥဏ္ဏာလုံကျောင်းတိုက်သို့ ရောက်သော အခါ သာသနာပိုင် ဆရာတော်ကြီးနှင့် ညောင်ရမ်းဆရာတော်ကြီးတို့ အခက် ကြုံလျက် ရှိသည်ကို တွေ့ရသည်၊ ဆရာတော်ကြီး ၂-ပါး ပါဠိ ဘာသာဖြင့် စကားပြောကြသော်လည်း တစ်ပါးကို တစ်ပါး နားမလည်ဘဲ ရှိနေကြသည်၊ ထိုသို့ ဖြစ်ရသည်မှာ မြန်မာတို့၏ ပါဠိအသံထွက်နှင့် အခြားနိုင်ငံသားတို့၏ ပါဠိ အသံထွက်

မတူသောကြောင့် ဖြစ်ပါသည်။ ညောင်ရမ်းဆရာတော်ကြီးက ကမ္ဗောဒီးယား သာသနာပိုင် ဆရာတော်ကြီးထံမှ ဆင်းတုတော် တစ်ဆူ အလိုရှိကြောင်း သာသနာ ပိုင် ဆရာတော်အား ပြောသည်။ သာသနာပိုင် ဆရာတော်ကြီးက နားမလည်ဖြစ် နေသည်။ ဤအခိုက်တွင် မဟာစည် ဆရာတော် ပြန်ရောက်လာသဖြင့် နိုင်ငံခြား ပါဠိသံဖြင့် မဟာစည် ဆရာတော်က လျှောက်ထားပေးမှ သာသနာပိုင် ဆရာတော် ကြီး နားလည်တော့သည်။ ထိုအခါ "အင်း... မဟာစည် ဆရာတော် ပါပေလို့ တော်တော့တယ်" ဟု ညောင်ရမ်းဆရာတော်ကြီးက မှတ်ချက်ချတော်မူလေသည်။ မဟာစည် ဆရာတော်သည် သာသနာ့ရိပ်သာ၌ နိုင်ငံခြား ဘုန်းတော်ကြီးများနှင့် မကြာခဏ တွေ့ဆုံနေရ၍ နိုင်ငံခြားပါဠိ အသံထွက်ကို လေ့ကျင့်မိပြီး ဖြစ်နေ သည်။ သူတို့ပြောသည်ကိုလည်း နားလည်၍ မိမိကလည်း သူတို့နားလည်အောင် နိုင်ငံခြားသံဖြင့် ပြောတတ်သည်။ ထို့ကြောင့် ဤအရေးတွင် မဟာစည် ဆရာတော်က အလွယ်တကူ ဝင်ရောက် ပြောဆိုပေးနိုင်ခြင်း ဖြစ်လေသည်။

သာသနာပိုင် ဆရာတော်ကြီးနှင့် လျှောက်ထားဖွယ် စသော ကိစ္စများ ပြီးစီးပြီးနောက် ဆရာတော်တို့အဖွဲ့သည် ဖနွမ်းပင် မြို့တော်မှ မိုင် ၁၅၀ ခန့်ဝေး သော အံကောဝပ်ခေါ် ကမ္ဘာကျော် ကျောင်းတော်ကြီးသို့ သွားရောက်လည်ပတ် ကြည့်ရှုကြသည်။ ယင်းအံကောဝပ် ကျောင်းတော်ကြီးကား ကျောက်သားများဖြင့် တည်ဆောက်ထားသော အလွန်ကြီးသော ကျောင်းတော်ကြီးဖြစ်သည်။ ခရစ်နှစ် ၁၂-ရာစုလောက်က ဆောက်ခဲ့သည်ဟု အဆိုရှိသည်။ ထိုအံကောဝပ် ကျောင်း တော်ကြီးနှင့်တကွ ယင်းအနီးရှိ အံကောထုံ စသော ရှေးအဆောက်အဦး လက် ရာတို့ကား ခမာအနုပညာ၏ ဂုဏ်ယူဖွယ် တစ်ရပ် အနေဖြင့် ထင်လျားလျက်ရှိ လေသည်။ ရှေးဟောင်း အဆောက်အဦးတို့ ဖြစ်လေ့ဖြစ်ထ ရှိသည့်အတိုင်း များ စွာသော နေရာတို့မှာ ပျက်စီးနေပြီဖြစ်လေသည်။ ဖြစ်နိုင်သမျှ ပြန်လည်ပြင်ဆင်၍ ကမ္ဘောဒီးယား အစိုးရ ရှေးဟောင်းသုတေသနဌာနက ထိန်းသိမ်းစောင့်ရှောက် ထားလေသည်။

ဆရာတော်တို့ အဖွဲ့သည် ကမ္ဘောဒီးယားမှတဆင့် ဗီယက်နမ်သို့ပါ သွား ရောက်လည်ပတ်ခဲ့သေးသည်။ ထိုသို့ လည်ပတ်ဖြစ်သည်မှာလည်း ဒေါ်ဖြူ၏ ပင့်

လျှောက်ချက်ကြောင့် ဖြစ်လေသည်၊ ဒေါ်ဖြူကား မြင်းကွန်းမင်းသားကြီး၏ သမီး ဖြစ်သည်၊ ဒေါ်ဖြူသည် ဗီယက်နမ်မှာပင် စီးပွားဖြစ်နေသော အမျိုးသမီးကြီး ဖြစ်သည်၊ ဗီယက်နမ် အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ကျ၍ သားသမီး မြေးများ ပင်ရှိနေပြီး ဒေါ်ဖြူ၏ စီးပွားရေးလုပ်ငန်းမှာ ပရုပ်ဆီထုတ်လုပ် ရောင်းချခြင်းဖြစ်သည်၊ မြန်မာနိုင်ငံ၌ ကျားဘမ်းနာမည်ကြီးသလို အင်ဒိုချိုင်းနား၌ ဒေါ်ဖြူဘမ်း နာမည်ကြီးလေသည်၊ ကျားဘမ်းမှ အနီရောင်ဖြစ်သော်လည်း ဒေါ်ဖြူဘမ်းမှာ ကား အစိမ်းဖြစ်လေသည်၊ ဒေါ်ဖြူသည် အင်ဒိုချိုင်းနားသူဖြစ်သော်လည်း မြင်း ကွန်းမင်းသားကြီး၏ သမီးဖြစ်၍ မြန်မာစိတ်မပျောက် ဇာတိသွေး ဇာတိမာန် ပြင်းထန်သည်၊ ထို့ကြောင့် မြန်မာဆရာတော်များနှင့် ဒါယကာများ ဖနွမ်းပင်သို့ ရောက်သည် ကြားသောအခါ ဆရာတော်တို့ရှိရာသို့ လာ၍ ဗီယက်နမ်သို့ ကြွရောက် ရန် ပင့်ခြင်းဖြစ်လေသည်၊ ထိုသို့ ပင့်သည်မှာလည်း မိမိခမည်းတော် မြင်းကွန်းမင်း သားကြီး၏ အုတ်ဂူ၌ သရဏဂုံ ပရိတ်ရွတ် ပြုစေလိုသောကြောင့်ပင် ဖြစ်သည်၊ ဆရာတော်တို့ အဖွဲ့သည် လေယာဉ်ဖြင့် ဆိုင်ဂုံသို့ကြွရသည်၊ ဆိုင်ဂုံမြို့သို့ရောက် ပြီးနောက် ယင်းမြို့ သုသာန်အတွင်း မြင်းကွန်းမင်းသားကြီး၏ အုတ်ဂူရှိရာသို့ ကြွကြရသည်၊ သူတို့နိုင်ငံမှ သုသာန်ကား မြန်မာနိုင်ငံမှ သုသာန်လိုမဟုတ်၊ လုလု ပပ သန့်သန့်ဖြစ်အောင် ပြုပြင်ထားသည်ကို ဆရာတော်တို့ တွေ့ရသည်၊ မင်းသား ကြီး အုတ်ဂူ၌ သရဏဂုံတင် ပရိတ်ရွတ် မေတ္တာပို့ အမျှဝေမှုများကို ပြုလုပ်ပြီး နောက် ဆရာတော်ထို့အဖွဲ့သည် ဆိုင်ဂုံမြို့ရှိ ဗုဒ္ဓသာသနာကျောင်းများသို့ လှည့် လည် သွားရောက် ကြည့်ရှုလေသည်၊ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်ကြွ၍ ထိုမှတဆင့် ထိုင်း၌ ခေတ္တဝင်ပြီး မြန်မာနိုင်ငံသို့ ပြန်ကြွတော်မူခဲ့ကြလေသည်၊

## ဆဋ္ဌသံဂါယနာနှင့် မဟာစည်ဆရာတော်

မြန်မာနိုင်ငံလွတ်လပ်ရေးရခါနီး အချိန်လောက်ကစ၍ပင် ဆဋ္ဌသံဂါယနာ ဆိုသော စကားလုံးမှာ ခေတ်စားခဲ့သည်၊ လွတ်လပ်ပြီးစ မြန်မာနိုင်ငံ၏ အစိုးရ တို့သည်လည်း ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို အတတ်နိုင်ဆုံး ချီးမြှောက်သည့် အနေဖြင့် ဆဋ္ဌသံဂါယနာ တင်ပွဲကြီး ကျင်းပရန် ဆုံးဖြတ်ချက်ချခဲ့သည် ဆဋ္ဌသံဂါ ယနာတင်ခြင်းဖြင့် သာသနာတော်ကြီးလည်း တိုးတက်စည်ပင်လာမည်၊ ဘုရားဟော ပါဠိတော်စသော ကျမ်းစာများလည်း မှုကောင်း မှုမှန်ဖြစ်၍ နောင်အဆက်ဆက်

အကျိုးများလာမည်ဟူသော ရည်ရွယ်ချက်ဖြင့် သံဂါယနာတင်ရန် စိုင်းပြင်းကြခြင်း ဖြစ်ဟန်ရှိပါသည်။

သံဂါယနာတင် လုပ်ငန်းမှာ တိတိကျကျ ဆိုရလျှင် သံဃာတော်များ၏ လုပ်ငန်းသာဖြစ်၏။ သို့သော် ဤမျှကြီးကျယ်သော လုပ်ငန်းကြီးကို သံဃာတော်များ ဆောင်ရွက်နိုင်ရန်မှာ လူဒါယကာတို့၏ ပစ္စယာနုဂ္ဂဟရမှုသာ ဖြစ်နိုင်မည်။ ထို့ပြင် ဆဋ္ဌသံဂါယနာကို မြန်မာနိုင်ငံ၏ သံဂါယနာသာမက မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီယား၊ လာအို-ဟူသော ထေရဝါဒ ငါးနိုင်ငံ၏ သံဂါယနာဖြစ်စေရန် ရည်သန်ထားသည်ဖြစ်ရာ လုပ်ငန်းမှာသာ၍ပင် ကျယ်ပြန့်လေတော့သည်။ ထိုတွင် နိုင်ငံတော်အစိုးရက လူဒါယကာများဘက်မှ ဆောင်ရွက်ရမည့် ကိစ္စဟူသမျှကို တာဝန်ယူကြသည်။ ထိုသို့တာဝန်ယူရာတွင် အစိုးရတို့က မိမိတို့က ချည်းအခွင့်အရေး မယူဘဲ၊ တိုင်းသူပြည်သားများကိုပါ သံဂါယနာ ဒါယကာဖြစ်နိုင်ရန် အခွင့်အရေးများကို ပေး၍ ဆောင်ရွက်မည် ဖြစ်သဖြင့် ဆဋ္ဌသံဂါယနာမှာ အစိုးရ၏ သံဂါယနာ မဟုတ်ဘဲ တိုင်းသူပြည်သားတို့၏ သံဂါယနာ ဝါ-လူထု သံဂါယနာဖြစ်စေရန်၊ လျာထားကြသည်။ ထို့ကြောင့်သံဃာယနာတင်ရန် ဆုံးဖြတ်ပြီးလျှင် သံဂါယနာတင်ရာ လိုဏ်ဂူတော် တည်ဆောက်ရေးစသော လုပ်ငန်းကြီးများကို လူထုနှင့် လက်တွဲ၍ အားကြိုးမာန်တက် ဆောင်ရွက်လေတော့သည်။ ထိုသို့ဆောင်ရွက်ခဲ့သဖြင့်ပင် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ဆဋ္ဌသံဂါယနာတင် ပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲနိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

သံဂါယနာ လုပ်ငန်းကြီးကား အလွန်ကြီးကျယ်သော ကမ္ဘာနှင့်ချီ၍ ဆောင်ရွက်ရသော လုပ်ငန်းကြီးဖြစ်၏၊ ဤကဲ့သို့သော လုပ်ငန်းကြီးမျိုးတွင် လုပ်ငန်းဆုံးခန်းတိုင်ရောက် ပြီးမြောက်အောင်ရှေ့ဆောင်မည့် ပုဂ္ဂိုလ်ထူးတို့ကို လွန်စွာ လိုအပ်ပေသည်။ ဆဋ္ဌသံဂါယနာ၏ ဘုန်းကံကြောင့် သို့မဟုတ် သာသနာ၏ တန်ခိုးကြောင့် ဖြစ်ဟန်တူ၏၊ သံဂါယနာ၌ အထူးလိုအပ်သော ပုဂ္ဂိုလ်သုံးဦး ပေါ်ထွက်လာခဲ့လေသည်။ ထိုသုံးဦးတို့ကား (၁)မဟာစည် ဆရာတော်၊ (၂)ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၊ (၃)တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသတို့ ဖြစ်လေသည်။

## သံဃါယနာ ဝန်ဆောင်ဆရာတော်

သံဃါယနာ၌ အရေးကြီးသော လုပ်ငန်းကြီး ၂-ရပ်ရှိ၏၊ ထို ၂-ခုကား သံဃါယနာတင် အခမ်းအနား ဆောင်ရွက်ရေးနှင့် ထိုလုပ်ငန်း၏ အခြေခံဖြစ်သည့် ပိဋကတ်တော်များကို သုတ်သင် ရိုက်နှိပ်ရေးတို့ ဖြစ်၏၊ ထိုလုပ်ငန်း၂-မျိုးစလုံးမှာ ပင် အဆိုပါ ဆရာတော်၃-ပါး ပါဝင်ဆောင်ရွက်တော်မူခဲ့ကြသည်၊ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသသည် ထိုလုပ်ငန်းကြီး ၂-ခုစလုံးမှာပင် အစီအစဉ် ပြုလုပ်ညွှန်ကြားခြင်း၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် ကြိုးပမ်းခဲ့သည်၊ ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသကား ပိဋကတ်တော် ပြင်ဆင်ရေးနှင့် အခမ်းအနား၌ ဝိသဇ္ဇက ဆရာတော်အဖြစ် ဆောင်ရွက်ရေးတို့ကို တာဝန်ယူခဲ့သည်၊ မဟာစည် ဆရာတော် သည်မူကား ပိဋကတ်တော်ပြင်ဆင် ရိုက်နှိပ်ရေးနှင့် အခမ်းအနား၌ ပုစ္ဆက ဆရာ တော်အဖြစ် ဆောင်ရွက်ရေးတို့၌ အထူးအားထုတ် ဆောင်ရွက်တော်မူခဲ့လေသည်၊ ဆဋ္ဌသံဃါယနာ၏ အာဏာပိုင်အဖွဲ့ဟု ဆိုထိုက်သော ဆဋ္ဌသံဃါယနာဝန်ဆောင်သံဃ အဖွဲ့တွင်လည်း မဟာစည်ဆရာတော်၊ ဦးဝိသုဒ္ဓါဘိဝံသတို့မှာ အဖွဲ့ဝင်များ ဖြစ်ကြ ရလေသည်၊

## ဩသာန ဆရာတော်

သံဃါယနာ ဆိုသည်မှာ မှားကောင်း-မှန်မှန်ဖြစ်သော ပိဋကတ်တော်များကို ပြောန်းတော်များ စုပေါင်းရွတ်ဆိုခြင်း ဖြစ်၏၊ မှားကောင်း-မှန်မှန် ပိဋကတ်တော် မရှိလျှင် သံဃါယနာပင် မရှိနိုင်ပေ၊ ထို့ကြောင့် သံဃါယနာလုပ်ငန်း၌ အရေးကြီး သော ပိဋကတ်တော် သုတ်သင် ပြင်ဆင်ရေးကို ရှေးဦးစွာ ဆောင်ရွက်တော်မူကြ သည်၊

ပိဋကတ်တော်ကို ပြင်ဆင်ရာတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အနယ်နယ် အရပ် ရပ်သို့ ပိဋကတ်တော်များပို့ကာ ထိုဆိုင်ရာနယ်၌ သီတင်းသုံးတော်မူကြသော ကျမ်းဂန်တတ် မထေရ်တို့ကို စွမ်းအားရှိသလောက် မူအမျိုးမျိုးနှင့် တိုက်ဆိုင်၍ ပြင်ဆင်စေသည်၊ ထိုပထမ ပြင်ဆင်သော ဆရာတော်များကို မူလ ဝိသောဓက ဆရာတော်များဟု ခေါ်သည်၊ ထို့နောက် ထိုဆရာတော်များ ပြင်ပြီးမူကို တဖန် ဝိသောဓကအဖွဲ့ ဖွဲ့၍ ရန်ကုန်မြို့ ( ပဌမ သာသနာ့ရိပ်သာ၊ နောက်ကမ္ဘာအေး၌ )

ထပ်မံပြင်ဆင်စေပြန်သည်၊ အများကင်းသည်ထက် ကင်းစေရန် ကောင်းသည်ထက် ကောင်းစေရန် ဖြစ်၏၊ ထိုဆရာတော်တို့ကိုပင် ပဋိဝိသောဓက ဆရာတော်များဟု ခေါ်သည်၊ ထိုပဋိဝိသောဓက ဆရာတော်များ ပြင်ပြီးမူကိုမှ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်သို့ ပို့ရသည်၊ ပုံနှိပ်တိုက်၌ တတ်ကျွမ်းသော စာပြင်ဆရာများ ကြီးကြပ်၍ ပုံနှိပ်မူကြမ်း(ပရု) အဖြစ် ရောက်စေသည်၊ ထိုမူကြမ်းကို အထပ်ထပ်စစ်ဆေး၍ နောက်ဆုံးမူကြမ်းကို ဆရာတော်ငါးပါး-ပါဝင်သော အဖွဲ့သို့ ပို့ရသည်၊ ထိုအဖွဲ့က ပြင်ဆင်စရာ ရှိသည် တို့ကို ပြင်ဆင်၍ အတည်ပြုပြီးနောက် စာမူချောအဖြစ် အောင် ရိုက်နှိပ်စေရသည်၊ နောက်ဆုံးပုံနှိပ်မူကြမ်းကို သုတ်သင် ပြင်ဆင်သော အဖွဲ့ကို ဩသာနသောဓေယျ ပတ္တပါဠက အဖွဲ့ဟု ခေါ်လေသည်၊ နောက်တွင် အတိုချုံး၍ ဩသာန အဖွဲ့ဟု ခေါ်ကြလေသည်၊

မဟာစည် ဆရာတော်သည် ဤဩသာနအဖွဲ့တွင် ပါဝင်ဆောင်ရွက်တော်မူသည်၊ အခြားအဖွဲ့ဝင် ဆရာတော်များမှာ ရန်ကုန် ဘုရားကြီး ဆရာတော်၊ ဇာဂရာ ဆရာတော်၊ သီရိလင်္ကာအရှင်ဗုဒ္ဓဒတ္တဆရာတော်နှင့် ဝိဇ္ဇာလင်္ကာရ ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ တို့ဖြစ်လေသည်၊ ဤအဖွဲ့ဝင်များမှာ အစပိုင်း၌ ဖြစ်သည်၊ နောင်အခါအားလျော်စွာ အလယ်၃-ပါး၌ အပြောင်းအလဲ ရှိသည်၊

ဩသာနအဖွဲ့၏ တာဝန်မှာ ကြီးလှသည်၊ မူလဝိသောဓက ပဋိဝိသောဓက ဆရာတော်တို့၏ တာဝန်မှာ ပုဒ်ပါဌ် ပြင်ဆင်ရန်သာဖြစ်သော်လည်း ဩသာနဆရာတော်တို့၏ တာဝန်မှာမူ ပုဒ်ပါဌ်ကိုလည်း သုတ်သင်ရသည်၊ အနေအထား အကျအစိတ်နှင့် တကွ တစ်ချောင်းပိုဒ် ကော်မာ စသော သင်္ကေတများကိုလည်း မှန်မမှန် စစ်ဆေးရသည်၊ စာပိုဒ်များ၏ ခေါင်းစဉ်များကိုလည်း ပါဠိလို ထည့်ပေးရသည်၊ တိုတိုပြောရလျှင် စာတစ်အုပ်လုံး ကောင်းမွန်သန့်ရှင်ရေး အပြစ်ကင်းရေးသည် ဩသာနအဖွဲ့၏ တာဝန်ပင်ဖြစ်တော့သည်၊ ယခုအခါ၌ ဆဋ္ဌသံဂါယနာမူကျမ်းစာများကို ဖတ်ရှုဖူးပြီးလျှင် အခြားရေးရိုက်စာအုပ်များကို မဖတ်ချင်လောက်အောင်ပင် ဖြစ်ကြသည်၊ ဆဋ္ဌမူကို ဖတ်ရသည်မှာ မျက်စိလည်းသက်သာ ဉာဏ်လည်းသက်သာလှသည်၊ ဤသို့ အဖက်ဖက်မှ ရှေးစာအုပ်များနှင့်မတူအောင် ဆဋ္ဌမူကြမ်းစာတို့ တိုးတက်ကောင်းမွန်လာခြင်း၊ ကမ္ဘာ့အဆင့်မီလာခြင်းအတွက် ဩသာန

အဖွဲ့ ဆရာတော်များနှင့် နိုင်ငံတော် ဗုဒ္ဓသာသနာ့ အဖွဲ့ပုံနှိပ်တိုက် စာပြင်ဆရာကြီးများကို စာဖတ်သူများက အထူးကျေးဇူးတင်ရမည် ဖြစ်ပါသည်၊

မဟာစည် ဆရာတော်သည် ဤမျှ တာဝန်ရှိသောအဖွဲ့၌ ပါဝင်ဆောင်ရွက်တော်မူရသည်၊ အစပိုင်းတွင် ဗုဒ္ဓသာသနာ့အဖွဲ့မှာ သာသနာ့ရိပ်သာမှာပင် တည်ရှိခဲ့ရကား ဩသာနအဖွဲ့ ဆရာတော်တို့ အဖွဲ့တည်ရာမှာ မဟာစည် ဆရာတော် သီတင်းသုံးတော်မူသည့် စံကျောင်းဖြစ်လေသည်၊ ထိုစံကျောင်းတွင် အယ်ဒီတာ ဒယကာ တစ်ဦးနှင့်အတူ ဆရာတော်ငါးပါးတို့စုဝေး၍ ဆဋ္ဌသံဂါယနာ ပိဋကတ်တော်များကို အကောင်အထည်ဖော်ကြရလေသည်၊ ပုဒ်ခက်ပါဌ်ခက် အဆုံးအဖြတ်ကြုံလာလျှင် မဟာစည် ဆရာတော်၏ အယူအဆ အဆုံးအဖြတ်ကို အခြားဆရာတော်များက လေးစားနှစ်ခြိုက်တော် မူကြသည်သာ များလေသည်၊ မဟာစည် ဆရာတော်သည် ဤဩသာနလုပ်ငန်းကို အစမှ အဆုံးတိုင်အောင်ဆောင်ရွက်တော်မူခဲ့သည်၊ နောင် သံဂါယနာ အစပြုခါနီး ဗုဒ္ဓသာသနာ့ အဖွဲ့ ကမ္ဘာအေးသို့ ပြောင်းသောအခါ ဩသနအဖွဲ့လည်း ပါသွားရသည်၊ ထိုအခါ မဟာစည် ဆရာတော်လည်း ကမ္ဘာအေးသို့ နေ့စဉ် ကြွ၍ ဩသာနထိုင်ရသည်၊ နောက်ပိုင်း အဋ္ဌကထာ ဋီကာ စာမူများကို စိစစ်ရာတွင် မဟာစည် ဆရာတော်သည် ကမ္ဘာအေးသို့ကြွ၍ အလုပ်ထိုင်ရန် အချိန်မရဖြစ်လာသည်၊ ထိုအခါ ပုံနှိပ်တိုက်က အယ်ဒီတာ တစ်ဦးက မဟာစည် ဆရာတော်ထံသို့ စာမူကြမ်းကို ပို့ထားစေရသည်၊ မဟာစည် ဆရာတော်က မိမိကျောင်းမှာပင် နေရင်း အားလပ်သည့် အချိန်တွင် တစ်နေ့တစ်ဖေါင်ပြီးအောင် စစ်ဆေးကြည့်ရှုထားသည်၊ ထိုစာဖေါင်ကို နောက်တစ်နေ့ နံနက် ထိုအယ်ဒီတာက သွားယူ၍ ဩသာနအဖွဲ့သို့ တင်ပြရသည်၊ ဩသာနအဖွဲ့က ပုဂ္ဂိုလ်တစ်ပါးက မဟာစည် ဆရာတော်ပေးပြင်လိုက်သော ဖောင်ကိုကိုင်၍ ပြင်ဆင်ချက်များကိုသူ့နေရာ ရောက်သည့်အခါ၌ ဩသာနအဖွဲ့ဝင်တို့က ဆွေးနွေး၍ စာမူကို ထိုက်သလို သုဓ်သင်ကြရသည်၊ မဟာစည် ဆရာတော် အကြံပေးတင်ပြချက်တို့ကို ဩသာနအဖွဲ့ဝင် ဆရာတော်များ လက်ခံသည်သာ များပါသည်၊ (စာဖောင်ဆိုသည်မှာ သံဂါယနာ ကျမ်းစာအုပ်ကြီးအရွယ် စာမျက်နှာ ၁၆-မျက်နှာရှိ အုပ်တွဲကလေး ဖြစ်ပါသည်၊ )

ပါဠိတော် သံဂါယနာ တင်ပြီးနောက် အဋ္ဌကထာ ဋီကာတို့ကိုလည်း သံဂါယနာတင်ပြန်ရာ ယင်းတို့ကိုလည်း ပြင်ဆင်ရိုက်နှိပ်ရပြန်သည်၊ ထိုအဋ္ဌကထာ ဋီကာ ဩဿာနအဖွဲ့တွင်လည်း မဟာစည် ဆရာတော် ပါဝင်ဆောင်ရွက်တော်မူခဲ့သည်သာဖြစ်ပါသည်၊ ဤကိစ္စများများအတွက် အစီအစဉ်ပြုလုပ်သော ဆရာတော် ဦး:ဝိသုဒ္ဓါဘိဝံသသည် မဟာစည် ဆရာတော်၏ ပညာအရည်အချင်းကိုလည်းကောင်း၊ စိတ် နေသဘောထားကိုလည်းကောင်း အလွန်အားရသည်ဖြစ်ရကား ကျမ်းစာရိုက်နှိပ်ရန် ကိစ္စရှိတိုင်း မဟာစည် ဆရာတော်ကို အလွတ်မပေးပေ၊ မဟာစည်ဆရာတော် ပါဝင်ပြင်ဆင်မှပင် အားရတော့သည်၊ ဤမျှ မဟာစည် ဆရာတော်ကို အားကိုးသည်၊ မဟာစည် ဆရာတော်ကလည်း မိမိကို အားကိုးမှန်း သိသဖြင့် အလုပ်များသည့် ကြားကပင် ဆရာတော် ဦး:ဝိသုဒ္ဓါဘိဝံသ အပ်နှင်းသော တာဝန်ကို မငြင်းမပယ် ဆောင်ရွက်တော်မူသည်၊ မဟာစည် ဆရာတော် အပေါ်၌ ဆရာတော် ဦး:ဝိသုဒ္ဓါဘိဝံသ ယုံကြည်အားကိုးပုံကို ထင်ရှားစေသောအချက်ကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို သုတ်သင်ရန် အပ်နှင်းခြင်း ဖြစ်၏၊ မဟာစည် ဆရာတော်သည် ကမ္မဋ္ဌာန်းဆရာတော် ဖြစ်သည့် အားလျော်စွာ ဝိသုဒ္ဓိမဂ်ကျမ်းကို အထူးနိုင်နင်းတော်မူသည်ကို သိရကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၂-အုပ်ကို မဟာစည် ဆရာတော် တစ်ပါးတည်း သုတ်သင်ပြင်ဆင်ရန် အပ်နှင်းခဲ့လေသည်၊ မဟာစည် ဆရာတော်လည်း အပ်နှင်းသည့်အတိုင်းပင် တစ်ပါးတည်း ပြင်ဆင်တော်မူသည်၊ သံဂါယနာသမိုင်းတွင် ကျမ်းတစ်ခုကို တစ်ပါးတည်း ပြင်ဆင်ရန် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်မှာ မဟာစည် ဆရာတော်တစ်ပါးသာ ရှိခဲ့ပါသည်၊

မဟာစည် ဆရာတော်သည် ကြီးမားသော ဥာဏ်စွမ်း ကြီးမားသော လုံ့လဝီရိယဖြင့် ဆဋ္ဌသံဂါယနာ ကျမ်းစာတို့ကို ပြင်ဆင်တော်မူခဲ့သည်၊ ထိုသို့ ပြင်ဆင်တော်မူခဲ့ရသော ကျမ်းစာများကား ၁၀-အုပ် ၁၅-အုပ်မျှ မဟုတ်၊ အစိတ်သုံးဆယ်လည်းမဟုတ်၊ ပါဠိတော် အဋ္ဌကထာ ဋီကာ အားလုံးပေါင်းလိုက်လျှင် စာအုပ်ပေါင်း ၁၁၇ အုပ်ဖြစ်လေသည်၊ တစ်အုပ်တစ်အုပ်၌ ပျမ်းမျှ စာမျက်နှာ ၃၅၀-ခန့် ပါဝင်မည်ဖြစ်ရာ စာမျက်နှာအားဖြင့် တွက်လျှင် စာမျက်နှာ ၄သောင်းကျော်ခန့် ဖြစ်သည်၊

ဤမျှ များပြားလှသော ပိဋကတ်တော်ကျမ်းစာတို့ကို သုတ်သင်ပြင်ဆင်ရသော မဟာစည်ဆရာတော်ဘုရားကြီးသည် ကုသိုလ်ထူးတော်မူပါပေစွ၊ နောင်လာနောက်သားတို့အတွက် ကျေးဇူးကြီးမားတော်မူပါပေစွ၊ ဤကား မဟာစည် ဆရာတော်၏ လူသိနည်းသော ဆဋ္ဌသံဂါယနာဆိုင်ရာ လုပ်ငန်းဖြစ်ပါသည်။

## ပုစ္ဆက ဆရာတော်

**မဟာ**စည် ဆရာတော်သည် ပိဋကတ်တော် သုတ်သင် ပြင်ဆင်ရေးလုပ်ငန်းကို **ဆောင်ရွက်**တော်မူရင်းပင် တစ်ဖက်၌လည်း သံဂါယနာဆိုင်ရာ အခြားလုပ်ငန်း တစ်**ခုကိုလ**ည်း တာဝန်ယူ ဆောင်ရွက်တော်မူသည်၊ ထိုလုပ်ငန်းကား လူသိများသော ပုစ္ဆက ဆရာတော်အဖြစ် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပါသည်။

သံဂါယနာဆိုင်ရာ စုပေါင်းရွတ်ဆိုရခြင်း ဖြစ်ကြောင်း ရေးခဲ့ပြီး၊ သံဂါယနာ အစဉ်အလာအရ ထိုသို့မရွတ်ဆိုမီ ပါဠိတော်များကို တစ်ခုစီ စစ်ဆေးရသည်၊ ဤသုတ်ကို မြတ်စွာဘုရား ဘယ်ဌာနမှာ ဟောခဲ့ပါသနည်း၊ အဘယ်ပုဂ္ဂိုလ်ကို **အ**ကြောင်းပြု၍ ဟောခဲ့ပါသနည်း၊ အဘယ်အကြောင်းကြောင့် ဟောခဲ့ပါသနည်း၊ **အစ**ရှိသည်ဖြင့် ဘုရားဟော အစစ်ဖြစ်ကြောင်း ခိုင်လုံသေချာအောင် အထပ်ထပ် **စိစစ်**ရသည်၊ ဤသို့ အထပ်ထပ်မေးစိစစ်၍ ကျေနပ်မှသာ ပိဋကတ်တော်အဖြစ် **လ**က်ခံအတည်ပြု၍ အတည်ပြုလက်ခံကြောင်း ထင်ရှားရန် သံဃာတော်အားလုံး **ရွတ်**ဆိုတော်မူကြသည်၊ ထိုကိုပင် သံဂါယနာ တင်သည်ဟု ခေါ်လေသည်၊ ပထမသံဂါယနာ တင်စဉ်က အရှင်မဟာကဿပက မေးစိစစ်သူအဖြစ်ဆောင်ရွက်၍ အရှင်ဉပါလိ၊ အရှင်အာနန္ဒာတို့က ဖြေဆိုသူများအဖြစ် ဆောင်ရွက်တော်မူကြသည်၊ ထိုအစဉ်အလာအတိုင်းပင် ဆဋ္ဌမသံဂါယနာ၌ မေးစိစစ်မည့် ဆရာတော်အဖြေဆိုမည့် ဆရာတော်အားဖြင့် ပုဂ္ဂိုလ်ထူး ၂-ပါး လိုအပ်နေသည်၊ သံဃာ့ပရိတ်သတ် လူပရိသတ် အလယ်တွင် အမေးအဖြေ ပြုလုပ်ရမည်ဖြစ်၍ ထိုလုပ်ငန်းမှာ မလွယ်ကူလှ၊ ပရိသတ်တိုးဖူး၍ ဝါရင့်သော ပုဂ္ဂိုလ်များသာ ဖြစ်နိုင်မည်၊ အများရှေ့မှာ လုပ်ရမည့် အလုပ်ဖြစ်၍ စာရွက်ပေါ်မှာ ရေးယူလာပြီး စာကိုဖတ်၍ မေးဖြေရန်လည်း မလျော်၊ မေးသူ ဖြေသူ ၂-ပါးလုံး အလွတ်မေးဖြေရမည်ဖြစ်သည်၊ ထို့ထက်သာ၍ ခက်သည်မှာ မေးဖြေလုပ်သောအခါ ပါဠိ မြန်မာ ၂-ဘာသာဖြင့် လုပ်ရမည်ဖြစ်ရာ

၂-ပါးစလုံးသည် ပါဠိတို့ကိုလည်း ကျေပွန်စွာလေ့လာ ပြီးသူဖြစ်ရမည်၊ ပါဠိဘာသာကိုလည်း ပြောဆိုနိုင်သည်အထိ ကျွမ်းကျင်သူ ဖြစ်ရမည်။ သို့ဖြစ်၍ ဆိုပြီးအရည်အချင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ရရန်မှာ မလွယ်ကူလှသော အလုပ် ဖြစ်တော့သည်။

ထို အမေးအဖြေပြုမည့် ၂-ပါးတွင် ဖြေဆိုသူ ဆရာတော်ကို ရှာရန်မှာ ကံကောင်းထောက်မသဖြင့် လွယ်ကူလျက်ရှိခဲ့သည်၊ အဘယ်ကြောင့်ဟူမူ ပိဋကတ်သုံးပုံ အာဂုံဆောင် တိပိဋကဓရဘွဲ့ရ အရှင်ဝိစိတ္တသာရာ ဘိဝံသ ဆရာတော်ရှိသောကြောင့်တည်း၊ ထိုဆရာတော်သည် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးက စတင်၍ ကျင်းပပြုလုပ်အပ်သော ပိဋကတ်သုံးပုံ အာဂုံရေးဖြေ စာမေးပွဲကြီးတွင် ၁၃၁၂ ခုနှစ်၌ ဝိနည်းပိဋကတ်ကိုင်း၊ ၁၃၁၄-ခုနှစ်၌ အဘိဓမ္မာပိဋကတ်ကိုင်း၊ ၁၃၁၅-ခုနှစ်က သုတ္တန္တပိဋကတ်၊ ဒီဃနိကာယ်ကိုင်း ပြန်ဆို ရေးဖြေ နှစ်ထွေလုံးမှာပင် ဂုဏ်ထူးနှင့်ချည်းအောင်မြင်ခဲ့သဖြင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဟူသော ဘွဲ့တံဆိပ်တော်ကို ရပြီးစအခါ ဖြစ်လေသည်၊ ထိုဆရာတော်ကိုပင် သံဂါယနာဖြေ ဆိုသူအဖြစ် ဆောင်ရွက်ရန် ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃာ့အဖွဲ့ဝင် ဆရာတော်တို့က ရွေးချယ်တော်မူကြလေသည်၊ သံဂါယနာ၏ ဘုန်းတော်ကြောင့် အခန့်သင့် ပေါ်လာရသော ဆရာတော်ပါပေ။

မေး စိစစ် တာဝန်ကို ဆောင်ရွက်ရမည့် ပုစ္ဆက ဆရာတော်ကို ရွေးချယ်ရာ၌ကား ဝန်ဆောင်ဆရာတော်တို့သည် ပုစ္ဆက လုပ်ငန်းနှင့် အထိုက်အတန်ဆုံး လည်းဖြစ် လက်လှမ်းလည်း မှီသော မဟာစည် ဆရာတော်ကိုပင် ရွေးချယ်ထားကြသည်။

သံဂါယနာပုစ္ဆက အဖြစ်ဖြင့် မဟာစည် ဆရာတော် ဆောင်ရွက်တော်မူရသည်၊ အတိုင်အဖောက်ညီသော ဆရာတော်များ ဖြစ်ကြ၍ လွန်စွာ အဆင်ပြေတော့သည်၊ သံဂါယနာဂုဏ်နှင့် လိုက်လျောအောင်ပင် ခမ်းခမ်းနားနား ဖြစ်အောင် ဆောင်ရွက်တော်မူသွားကြသည်၊ နောက်ရက်များမှစ၍ ပါဠိတော် သံဂါယနာပြီးဆုံးသည့်တိုင်အောင်ပင် ၂-နှစ်ပတ်လုံး ဤဆရာတော် ၂-ပါးသာ ပုစ္ဆက ဝိသဇ္ဇက အဖြစ်ဖြင့် သံဂါယနာတင် အခမ်းအနားကို ဆောင်ရွက်သွားကြလေသည်။

## အဋ္ဌကထာ သံဂါယနာ စိစစ်ခန်း

ပါဠိတော် သံဂါယနာ တင်ပြီးနောက် ဆရာတော် သံဃာတော်တို့နှင့် နိုင်ငံတော် အစိုးရတို့သည် အဋ္ဌကထာသံဂါယနာ ဋီကာသံဂါယနာတို့ကိုပါ ဆင်နွှဲကျင်းပရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်၊ ထို့ကြောင့်ပင် ပါဠိတော်သံဂါယနာ ပြီးဆုံးသည့် နောက် ၁၃၁၈-ခုနှစ်၊ ပြသိုလဆန်း ၂-ရက်နေ့မှာပင် အဋ္ဌကထာ သံဂါယနာကို စတင်ကျင်းပလေသည်၊ အဋ္ဌကထာ ဋီကာတို့ကို သံဂါယနာ၏ ထူးခြားချက်ပင် ဖြစ်တော့သည်၊ ရှေးသံဂါယနာများ၌ကား ပါဠိတော်ကိုသာ သံဂါယနာ တင်ခဲ့ကြသည်၊ ပါဠိတော်များကိုသာမက အဋ္ဌကထာ ဋီကာတို့ကိုပါ သံဂါယနာတင်ထားလျှင် အဋ္ဌကထာ ဋီကာတို့လည်း ဆဋ္ဌသံဂါယနာက အတည်ပြုလက်ခံအပ်သော ကျမ်းစာများအဖြစ်ဖြင့် ပို၍ ခိုင်မာမှု ရှိလာမည်၊ မူကောင်းမူမှန် အဋ္ဌကထာဋီကာများလည်း ပေါ်ထွက်လာမည်ဟု ရည်ရွယ်၍ တင်ခဲ့ကြခြင်းလည်း ဖြစ်ပေသည်၊ ရည်ရွယ်ခဲ့သည့် အတိုင်းလည်း ယနေ့ ကမ္ဘာက ဆဋ္ဌသံဂါယနာတင် အဋ္ဌကထာဋီကာများကိုသာ စံအဖြစ် လက်ခံနေပြီ ဖြစ်ပါသည်၊

အဋ္ဌကထာတို့ကို သံဂါယနာ တင်သောအခါ ပါဠိတော်များကဲ့သို့ နေ့စဉ်ဒဒ ပြေပြုဖွယ်မလို၊ ကြည်ညိုဖွယ် မှတ်သားဖွယ်ကောင်းသော အချက်များကိုသာ ထုတ်ဆောင်၍ **စိစစ်**ပြောဆိုရမည်ဟု ဝန်ဆောင်သံဃာ့အဖွဲ့က ဆုံးဖြတ်ချက်ချလေသည်၊ အဋ္ဌကထာတို့ကို စိစစ်စေရန် လျှောက်ထားရမည့် လုပ်ငန်းမှာ လွယ်ကူသောလုပ်ငန်းမဟုတ် ပါဠိတော် အဋ္ဌကထာ ဋီကာများကို ပိုင်နိုင်စွာ လေ့လာပြီးသော ပုဂ္ဂိုလ်များနှင့်သာ ထိုက်တန်သော အလုပ်ဖြစ်သည်၊ ထို့ကြောင့် အဋ္ဌကထာစိစစ်ရေးကို ဆောင်ရွက်ရန် ပခုက္ကူမြို့ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မဟာဝိဇယာရာမ ဆရာတော်ဘုရားကြီး ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတ (နောင်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ) ဘွဲ့တံဆိပ်တော်ရ မဟာဝိသုတာရာမ ဆရာတော်ဘုရားကြီးနှင့် မဟာစည် ဆရာတော်ဘုရားကြီးတို့အား တာဝန်ပေးအပ်လေသည်၊ ထိုတွင် မဟာ ဝိဇယာရာမ ဆရာတော်ဘုရားကြီးနှင့် မဟာဝိသုတာရာမ ဆရာတော်ဘုရားကြီးတို့သည် အဋ္ဌကထာဆိုင်ရာ ပဌမ၊ ဒုတိယ၊ တတိယ ဆဋ္ဌသံဃာယနာဆိုင်ရာ အကြောင်းအချက်တို့ကို မိန့်မြွက်တော်မူကြပါသည်၊ ထိုဆရာတော်ကြီးတို့၏ နောက်တွင်မှ မဟာစည် ဆရာတော်ဘုရားကြီးက တတိယ သံဂါယနာတင်ပြီး

နောက် ကိုးတိုင်း ကိုးဌာန သာသနာပြု ပေလွှတ်ခန်းမှစ၍ အဋ္ဌကထာ စိစဉ်ခန်း ကို နေ့စဉ် လျှောက်ထား ပြောဟောတော်မူသည်။

အဋ္ဌကထာ သံဂါယနာ ပဌမသန္နိပါတကို ၁၃၁၈-ခုနှစ်၊ ပြာသိုလဆန်း ၂-ရက်နေ့တွင် စတင်ကျင်းပသည်၊ မဟာစည် ဆရာတော်သည် မိမိအလှည့် ကျသည့် နေ့မှစ၍ ပဌမသန္နိပါတ ပြီးဆုံးသည့်တိုင်အောင် အဋ္ဌကထာ သံဂါယနာ စိစစ် လျှောက်ထားမှုကို နေ့စဉ်ဆောင်ရွက်တော်မူသည်၊ ထိုအတွင်း၌ မဟာစည် ဆရာ တော်သည် ဝိနည်းအဋ္ဌကထာ ဒီဃနိကာယ် အဋ္ဌကထာနှင့် အဘိဓမ္မာ အဋ္ဌကထာ တို့ကို စိစစ်လျှောက်ထားသည်၊ ဒုတိယသန္နိပါတကား အစီအစဉ် တစ်မျိုး ပြောင်း ပြန်သည်၊ ရှေးဦးစွာ ဒီဃနိကာယ် မဟာပဒါနသုတ္တ အဋ္ဌကထာကို ပါဠိတော်မှာ တုန်းကကဲ့သို့ မဟာစည် ဆရာတော်နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသတို့ အမေးအဖြေပြုတော် မူကြသည်၊ နောက်မှ မဟာစည် တစ်ပါးတည်း ဆက်လက်၍ ပဌမသန္နိပါတတုန်းကကဲ့သို့ မဟာပဒါနသုတ် အဋ္ဌကထာ စိစစ်ခန်း လျှောက်ထားနေစဉ်မှာပင် ဆရာတော်၏ ခမည်းတော်ဒကာကြီး ဆိပ်ခွန်ရွာ မှာ ကွယ်လွန်လေသည်၊ ထို့ကြောင့် မဟာစည် ဆရာတော်သည် မဟာပဒါနသုတ် အဋ္ဌကထာ စိစစ်အပြီးတွင် ခမည်းတော်ကြီး ဈာပနကျင်းပရန် ဆိပ်ခွန်ရွာသို့ ပြန် ကြွရသည်၊ မဟာစည် ဆရာတော် ဆိပ်ခွန်ရွာသို့ ကြွရောက်သွားပြီးနောက် မဟာ ပရိနိဗ္ဗာနသုတ် အဋ္ဌကထာမှ အစပြုသော စိစစ်ခန်းကို စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာ ပဏ္ဍိတ အနီးစခန်း ဆရာတော်က ဆက်လက် ဆောင်ရွက်တော်မူလေသည်။

ပါဠိတော် သံဂါယနာ အမေးအဖြေ ပြုစဉ်က မဟာစည် ဆရာတော်၏ စွမ်း ရည်မှာ ပေါ်သင့်သလောက် မပေါ်သေးဟု ဆိုရမည်ဖြစ်၏၊ ထိုစဉ်က ဆရာတော် ၏ တာဝန်မှာ ပါဠိတော်မှ ကောင်းနိုးရာရာ သုတ်များကို ရွေးချယ်၍ မေးမြန်းရ သည့် တာဝန်သာရှိသည်၊ အဋ္ဌကထာ သံဂါယနာ စိစစ်ခန်းတွင်မူကား ဤသို့မဟုတ် တော့ပေ၊ တစ်ပါးတည်း အစွမ်းပြရသော အလုပ်ဖြစ်လာလေတော့သည်၊ ဤအဋ္ဌက ထာ စိစစ်ခန်းကျမှ မဟာစည် ဆရာတော်၏ စွယ်စုံစွမ်းရည်မှာ ထင်ထင်ရှားရှား ပေါ်လာလေတော့သည်၊ မဟာသမုဒ္ဒရာရောက်မှ ယူဇနာ ၅၀၀ ရှိသည့် ငါးကြီးများ အလိုရှိသည့် အတိုင်းသွားလာပျော်မြူး ကျက်စားနိုင်သလို ဖြစ်တော့သည်၊ အဋ္ဌ

ကထာ စိစစ်ခန်းကို ကြားနာရမှပင် စာတတ် ဆရာတော်များလည်း မဟာစည် ဆရာတော်၏ အရည်အချင်းကို အမှန်အတိုင်း တစိတ်တဒေသအားဖြင့် သိခွင့်ရသွားကြတော့သည်၊ အသင့်အတင့်မျှ စာတတ်မည့် ကမ္ဘဋ္ဌာန်းဘုန်းကြီးကလေးဟု အထင်သေး ခဲ့ကြသော ဆရာတော်များလည်း ထိုအခါမှစ၍ အထင်သေးနိုင်ကြမည်မဟုတ်တော့ပါ။

အဌကထာတို့၌ မဟာစည် ဆရာတော် မည်သို့မည်ပုံ စိစစ်ခဲ့သည်ကို သိလိုလျှင် ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ်ထုတ်ဝေသော အဌကထာ သံဂါယနာ စိစစ်ခန်းကို ဖတ်ပါဟုပင် ညွှန်ကြားရပါမည်၊ မဟာစည် ဆရာတော်သည် ထိုစိစစ်ခန်း၌ အဌကထာ၌ လာသမျှလောက်ကို တင်ပြခြင်းသာ မဟုတ်ပဲ စိစစ်ခန်းဆိုသော စကားနှင့် လိုက်လျောစွာ အဌကထာတို့လာ စိစစ်ထိုက်သော မိန့်ဆိုချက်တို့ကို အချက်ကျကျ စိစစ်လျှောက်ထား သွားပါသည်၊ ပုဒ်ပါဌ်ရေးမှာ အဌကထာများ ရိုက်နှိပ်သုတ်သင်စဉ်ကပင် ဆုံးဖြတ်ပြီး ဖြစ်၍ ဆရာတော်သည် စိစစ်ခန်း၌ ပုဒ်ပါဌ် အရေးထက် အဓိပ္ပါယ်အယူအဆကို ဦးစားပေး၍ စိစစ်သွားပါသည်။ မျက်မှောက်ခေတ် ဗဟုသုတနှင့် ညှိနှိုင်းစရာရှိလျှင် ယင်းဖြင့် ညှိနှိုင်းပြ၍ ဘာသာခြားတို့ စကားစပ်၍ ဝေဖန်စရာရှိလျှင် ဝေဖန်ပြပါသည်၊ အဌကထာတစ်ကျမ်းနှင့်တစ်ကျမ်း မညီသကဲ့သို့ ရှိနေရာတွင်လည်း ကျမ်းညှပ်စိစစ်၍ ဝေဖန်စရာ ရှိလျှင်လည်း ဝေဖန်ပြသွားပါသည်၊ ဋီကာအဆိုနှင့်ဟပ်၍ အချို့နေရာတွင်လည်း ရှင်းလင်းပြသပါသည်၊ အချို့နေရာတွင် ဆိုင်ရာဋီကာဆိုပင် သူ့ခေတ်ဖြင့် ဝေဖန်၍ ဋီကာအဆိုကို စစ်ဆေးပြသွားပါသည်။ စာမြဲ(မြည်း) သဘောအနေဖြင့် ထုတ်ပြရပါလျှင် သုဝဏ္ဏဘူမိဆိုင်ရာ စိစစ်ချက်၊ သာသနာငါးထောင်နှင့် ယုဂ် ၅-ပါးဆိုင်ရာ ညှိနှိုင်းစိစစ်ချက်၊ ဓမ္မပဋိကာကို စိစစ်ချက်၊ ကထာဝတ္ထုကျမ်း ဟောဆရာ သက္ကရာဇ် စိစစ်ချက်၊ ဇမ္ဗူပတိချွတ်ခန်းစိစစ်ချက်၊ မြတ်စွာဘုရား တရား ဟောစဉ် ဘာသာစကားစိစစ်ချက်၊ အက္ခရာ တစ်လုံး ဘုရားတစ်ဆူ စိစစ်ချက် တို့မှာ ပိဋကတ်တော်မှ ခက်ခဲသော အချက်များကို ဖြေရှင်းထားသော အချက်များဖြစ်၍ အလွန်အဖိုးတန်သော စိစစ်ချက်များဖြစ်ပါသည်၊ စာဖတ်သူသည် မိမိကိုယ်၌က အထူးအားမထုတ်ရဘဲ ဤစစ်ခန်းကို ဖတ်ရုံဖြင့်ပင် ပိဋကတ်တတ် ပုဂ္ဂိုလ်များပင် မဝေခွဲနိုင်ဖြစ်ရသော အချက်များကို ရှင်းလင်းစွာ သိနားလည်မည်ဖြစ်ပါသည်၊ အချုပ်အားဖြင့် ဆိုရလျှင်

မဟာစည် ဆရာတော်၏ အဌကထာ တို့ကို ဤသို့ စိစစ်ရသည်ဟု နောက်သား တို့အား နည်းပေးလမ်းညွှန် ပြသနေသော မီးရှူးသဖွယ် ဖြစ်ပါတော့သည်။

## ဂျပန်နိုင်ငံသို့ ထေရဝါဒ သာသနာပြု ကြွတော်မူခြင်း

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သော ဂျပန်စစ်မှုထမ်း တို့သည် မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာကို အနည်းအကျဉ်း လေ့လာခွင့် ရခဲ့ကြသည်၊ ထိုသူတို့တွင် ထေရဝါဒ ဗုဒ္ဓသာသနာ၌ စိတ်ဝင်စား၍ ဂျပန်ပြည်၌ ထေရဝါဒ ဗုဒ္ဓသာသနာ တည်ထွန်းပြန့်ပွားရေးကို အလိုရှိကြသော သူများလည်း ပါဝင်သည်၊ ထိုသူများ၏ ဆောင်ရွက်ချက်ကြောင့်ပင် ဆဋ္ဌသံဂါယနာ တင်နေစဉ် ၁၉၅၅ခုနှစ်က ဂျပန်ဘုန်းကြီး ၁၂-ပါးနှင့် ဂျပန်အမျိုးသမီး တစ်ယောက်တို့ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်၊ မြန်မာနိုင်ငံသို့ ရောက်ပြီးနောက် မဟာယာန ဘုန်းတော်ကြီး ၁၂-ပါးသည် ထေရဝါဒ သာမဏေများ အဖြစ်သို့ ကူးပြောင်း၍ ၎င်း၊ အမျိုးသမီးသည် သီလရှင် အဖြစ်သို့ ကူးပြောင်း၍၎င်း ထေရဝါဒ ဗုဒ္ဓသာသနာကို လေ့လာသင်ယူကြသည်။

၎င်း တို့ ပြန်သွားပြီးနောက် ဂျပန်နိုင်ငံ မိုဂျီမြို့ ဗုဒ္ဓသာသနာ အသင်း၏ ကြိုးပမ်းမှုကြောင့် မိုဂျီမြို့ ကမ္ဘာ့အေးစေတီပုံစံ စေတီတော်တစ်ဆူကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က တည်ရန်နှင့် ထိုစေတီအနီး၌ ဘုန်းကြီးကျောင်းဆောက်၍ သာသနာပြု ရဟန်းတော် ၅-ပါးကို အမြဲနေထိုင်ရန်အတွက် စေလွှတ်ရန် ဗုဒ္ဓသာသနာအဖွဲ့က သဘောတူသည်၊ ဤသဘောတူချက်ကို ရုပ်လုံးဖော်သည့်အနေဖြင့် နိုင်ငံတော်ဗုဒ္ဓသာသနာ့ အဖွဲ့က သာသနာရေးမစ်ရှင် အဖွဲ့တစ်ဖွဲ့ကို ၁၉၅၆-ခုနှစ်တွင် စေလွှတ်ခဲ့သည်၊ ထိုအဖွဲ့တွင် ဆရာတော်များဘက်က ဝေဠုဝန် ဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာ ပဏ္ဍိတ အနီးစခန်း ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်၊ အဂ္ဂ မဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၊ မြင်းခြံကိုးဆောင်တိုက် ဆရာတော် အရှင်သောဘိတ၊ ဂျပန်သာသနာပြုဆရာတော် အရှင်ခေမိန္ဒတို့ပါဝင်၍ လူပုဂ္ဂိုလ်များဘက်မှ တရားဝန်ကြီး ဦးချန်ထွန်း၊ ဇနီး ဒေါ်ခင်သိန်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ချုပ် အုပ်ချုပ်ရေးအရာရှိဦးဆိုင်ကျော် တို့ ပါဝင်သည်။

သာသနာရေး မစ်ရှင်အဖွဲ့သည် ၁၃၁၉ခုနှစ်၊ ဝါဦး:ပိုင်း နယုန်လဆန်းတွင် ဂျပန်နိုင်ငံသို့ ကြွရောက်တော်မူကြသည်၊ တိုကျို, အိုဆာကာ, နာရာ စသောမြို့ကြီးများသို့လှည့်လည်၍ ထိုမြို့များရှိဘုရားကျောင်းများကို သွားရောက်ကြည့်ရှု၍ သာသနာရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသည်၊ အထူးသဖြင့် မိုဂျီ မြို့ မေရိုဥယျာဉ်၌ ကမ္ဘာအေးစေတီတည်ရန် မြေနေရာကိုရင်း, သိမ်သမုတ်ရန် မြေနေရာကိုရင်း ရှေးဦးစွာ ရွေးချယ်ကြသည်၊ ထိုမြေနေရာတို့၌ ပရိတ်ရွတ်မှုစသော ပရိကမ်တို့ကို ပြုတော်မူပြီးနောက် သာသနာတော်၏ အသက်၊ ဝါ- ရေသောက်မြစ်ဟု ဆိုရသည့် သိမ်တစ်လုံးကို သမုတ်တော်မူကြသည်၊ သိမ်သမုတ်ချိန်တွင် မိုဂျီမြို့နယ် တစ်လုံး၌လည်းကောင်း, မိုဂျီ မြို့တည်ရာ ကျူးရှူး တစ်ကျွန်းလုံး၌လည်းကောင်း ထေရဝါဒရဟန်းတော်ဆို၍ ဆရာတော်များ အပြင်မရှိရကား ဆရာတော်တို့သည် နယ်သိမ်းရခြင်း, ဝိသုံဂါမ အမိန့်ခံရခြင်းစသော ဒုက္ခတို့မှ ကင်းလွတ်ကာ ချမ်းသာစွာဖြင့်ပင် သိမ်ကို သမုတ်တော်မူခဲ့ကြရသည်၊ သိမ်သမုတ်ကိစ္စ ပြီးပြီးနောက် မိုဂျီမြို့ရှိ ဗုဒ္ဓသာသနာ အသင်းခေါင်းဆောင်တို့နှင့် ထေရဝါဒ သာသနာ တည်ထောင်ပြုစုရေးကို ဆွေးနွေးကြပြီးနောက် ဂျပန်နိုင်ငံရှိ ထိုထိုအရပ်တို့သို့ လှည့်လည်ကြည့်ရှုကြသည်၊ မဟာစည်ဆရာတော်သည် အမေရိကန်စသော နိုင်ငံတို့သို့ပင် ပြန့်ပွားကျော်ကြားလျက်ရှိသော ဇင်ဂိုဏ်း၏ သဘောတရားနှင့် လက်တွေ့တရား အားထုတ်ပုံတို့ကို အချိန်နှင့်အခြေအနေက ပေးသလောက် လေ့လာတော်မူခဲ့သည်၊

မဟာစည် ဆရာတော်ပါဝင်သော ထေရဝါဒ သာသနာရေးမစ်ရှင်အဖွဲ့သည် ဂျပန်နိုင်ငံ၌ ပြုလုပ်ဆောင်ရွက်ဖွယ်များ ပြီးဆုံးပြီးနောက် ထိုနှစ်ဝါဆိုလတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့လေသည်၊

## ဝိသုဒ္ဓိမဂ်နိဒါန်းရေးသားတော်မူခြင်း

၁၃၁၉-ခုနှစ်၊ ကမ္ဘာအေးဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်၌ ဝိသုဒ္ဓိမဂ်ကျမ်းကို ရိုက်နှိပ်ရန် မဟာစည်ဆရာတော်တည်းဖြတ်ပြင်ဆင်ချိန်က ဖြစ်၏၊ တစ်နေ့သ၌ ကမ္ဘာအေး တိပိဋက ပါဠိမြန်မာ အဘိဓာန်ဌာန ကျမ်းပြုအရှင် သီလာနန္ဒသည် အမေရိကန်နိုင်ငံ ဟာဗဒ် တက္ကသိုလ်က ရိုက်နှိပ်ထုတ်ဝေသော ရောမအက္ခရာခေါ်

အင်္ဂလိပ် စာလုံးများဖြင့် ပုံနှိပ်ထားသော ဝိသုဒ္ဓိမဂ် စာအုပ်ကြီးကို ဝန်ဆောင် သံဃာ့အဖွဲ့ အကျိုးတော်ဆောင် ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ အထံမှ ခေတ္တယူ၍ ဖတ်ခဲ့သည်၊ ဝိသုဒ္ဓိမဂ်ကို တည်းဖြတ်သူမှာ ဟင်နရီကလပ်ခ် ဝါရင်. ဆိုသူဖြစ်၏၊

သို့သော် ထိုပုဂ္ဂိုလ်ကြီးမှာ အချောသတ်တည်းဖြတ်မှု မပြီးမီ ၁၈၉၉-ခုမှာ ပင် ကွယ်လွန်ခဲ့သည်၊ သူ၏ မပြီးပြတ်သော အလုပ်ကို အိန္ဒိယနိုင်ငံသား(မြန်မာ ပြည်၌လည်း နှစ်အတော်ကြာနေဖူးသော ) ပါမောက္ခ ဓမ္မာနန္ဒကောသမ္ဗီ ဆိုသူက ဆက်လက်လုပ်ကိုင်ရသည်၊ ထိုဝိသုဒ္ဓိမဂ် တည်းဖြတ်မှုမှာ ၁၉၂၇-ခု နှစ်ကပင် ပြီး စီးခဲ့သော်လည်း ၁၉၅၀-ခုနှစ်ကျမှပင် ရိုက်နှိပ်နိုင်တော့သည်၊

ထိုစာအုပ်တွင် ထပ်မံတည်းဖြတ်ရသူ ပါမောက္ခ ဓမ္မာနန္ဒကောသမ္ဗီက နိဒါန်း စကားကိုရေးသည်၊ ထိုစကားတွင် ဗုဒ္ဓဃောသ ဘဝအကြောင်းခေါ် ခေါင်းစဉ်ဖြင့် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ အကြောင်းကို ဝေဖန်ရေးသားလေသည်၊ ထိုရေးသားချက်မှာ အရှင်မဟာဗုဒ္ဓဃောသကို မတရားစွပ်စွဲပုတ်ခတ်၍ ရေးသား ချက်များဖြစ်လေရာ ယင်းတို့ကိုဖတ်ရသော အရှင်သီလာနန္ဒမှာ ဖြေရှင်းချေပလို သောစိတ် များစွာပင်ဖြစ်လေသည်၊ ဤရေးသားချက်တို့ကို တစ်နည်းနည်းဖြင့်ချေ ပသင့်သည်ဟုယူဆသည်၊ ထို့ကြောင့် ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသအား ဤ အကြောင်းကိုလျှောက်ထားသည်၊ ဆရာတော်လည်း ထိုနိဒါန်းစကားကို ဖတ်ရသော အခါ ချေပသင့်သည်ဟုပင် ထင်မြင်မှတ်ယူလေသည်၊ ဤချေပရန် ကိစ္စမှာ သေးငယ် သော ကိစ္စမဟုတ် ဓမ္မာနန္ဒကောသမ္ဗီမှာ ကမ္ဘာ့အသိအမှတ်ပြု ပညာရှိကြီးဖြစ်သည်၊ ထို့ကြောင့် သူ့စကားကို ချေပလိုလျှင် အလွန်ခိုင်မာသော ယုတ္တိသာဓကတို့ဖြင့် ချေပမှသာ ခရီးရောက်မည်၊ ဤသို့ကြံမိ၍ ဆရာတော်သည် အရှင်သီလာနန္ဒအား ထိုနိဒါန်းစကားကို မြန်မာပြန်ရန် အမိန့်ပေးတော်မူသည်၊ အရှင်သီလာနန္ဒ မြန်မာ ပြန်ပြီးနောက် ထိုမြန်မာပြန်ကို စာကူးစက်ဖြင့် မူပွား၍ ဆဋ္ဌသံဃာယနာ ဝန်ဆောင် သံဃာ့အဖွဲ့ဆရာတော်များထံ သို့ တင်ပို့၍ ဆရာတော်တို့၏ ဩဝါဒကိုနာခဲ့သည်၊

၁၃၁၉-ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၄-ရက်နေ့တွင် ကမ္ဘာအေး၌ ဝန်ဆောင် သံဃာ့အဖွဲ့ အစည်းအဝေးတစ်ခု ကျင်းပ၍ ဓမ္မာနန္ဒကောသမ္ဗီ၏ စွပ်စွဲ

ချက်များကို ချေပလျက် အရှင်ဗုဒ္ဓဃောသ၏ စစ်မှန်သော အကျိုးအကြောင်း ဂုဏ်သတ္တိတို့ကို ပေါ်လွင်စေသော နိဒါန်း တစ်ခုကိုရေးသားရန် ဆုံးဖြတ်၍ ထိုသို့ ရေးသားသည့် တာဝန်ကို အနီးစခန်း ဆရာတော်၊ မဟာစည် ဆရာတော်၊ အရှင် ဝိစိတ္တသာရာဘိဝံသ ဆရာတော်နှင့် အရှင်သီလာနန္ဒတို့အား တာဝန်လွှဲအပ်ရန် တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။ နိဒါန်းရေးအဖွဲ့ဝင် ဆရာတော်၃-ပါး တို့လည်း မဟာစည် ဆရာတော်အား နိဒါန်း မူကြမ်းကို ရေးသားရန် တာဝန်လွှဲ အပ်ကြပြန်သည်။

နိဒါန်းရေးရမည့် တာဝန်မှာ မသေးလှပါ။ ပါဠိလိုရေးရမည်ဖြစ်၍ နိဒါန်း ရေးမည့် ပုဂ္ဂိုလ်သည် ပါဠိဘာသာကို ရေးနိုင်သားနိုင်လောက်အောင် ကျွမ်းကျင် သူဖြစ်ဖို့လိုသည်၊ ပါဠိရေးသားရာ၌လည်း ကာ၊ကတ္တား အထားအသို မှန်ကန်ရုံ ရေးတတ်ရုံမျှဖြင့် မလုံလောက်သေးပါ။ အရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာ ရှေ့၌ထည့် မည့် နိဒါန်းဖြစ်၍ အရှင်ဗုဒ္ဓဃောသ ရေးဟန်ကဲ့သို့ ဆင်တူရိုးမှား လိုက်နိုင်မည့် ချောမွေ့ ခန့်ငြားသော ရေးဟန် ဖြစ်ဖို့လိုသည်၊ အများဖတ်ရှု နားလည် သိမြင် နိုင်ရန် ရေးရမည့် နိဒါန်းဖြစ်၍ အသိခက် အနက်ထင်ရန် ခက်သော ရေးဟန်မျိုးလည်း မဖြစ်စေရ၊ ခေတ်အမြင် သမိုင်းအမြင်နှော၍ ဝေဖန်ထားသော စာကို ချေပရမည် ဖြစ်၍ နိဒါန်းရေးသူသည် ခေတ်အမြင်လည်း ရှိရမည်၊ သမိုင်းကြောင်း ဆိုင်ရာ တို့၌လည်း လေ့လာပွန်းတည်းသူဖြစ်ရမည်၊ ထို့ပြင် ဝန်ဆောင်သံဃာ့အဖွဲ့ ဆုံးဖြတ် ချက်၌ အခြားဘာသာများဖြင့် ရေးသားထားသော နိဒါန်းတို့ကိုလည်း လေ့လာ၍ ရေးရန် ညွှန်ကြားထားပြန်ရာ နိဒါန်းရေးမည့် ပုဂ္ဂိုလ်သည် ဘာသန္တရတို့၌လည်း ကျွမ်းကျင်ရမည် ဖြစ်ပေသည်၊ ဤသို့သောအရည် အချင်းမျိုးရှိသည့် ပုဂ္ဂိုလ်ကို ရရန်မှာ လွယ်ကူသည် မဟုတ်ပါ၊ သို့သော် ဤအရေးကို တွေးတော စိုးရိမ်ဖွယ် မရှိပါ၊ မဟာစည် ဆရာတော်၌ ဆိုခဲ့ပြီး အရည်အချင်းများ အပြည့်အဝ ရှိနေပါ သည်၊

မဟာစည် ဆရာတော်ဘုရားသည် နိဒါန်းရေးရန် တာဝန်ယူပြီးနောက် သက်ဆိုင်ရာ ပါဠိအဋ္ဌကထာ ဋီကာတို့ကိုလည်းကောင်း၊ သာသနာ့သမိုင်းဆိုင်ရာ ဒီပဝင် မဟာဝင် ဗူဠဝင် နိကာယသင်္ဂဟ စသောကျမ်းတို့ကိုလည်းကောင်း၊ ဤနိ

ဒါန်းနှင့် သက်ဆိုင်မည့် ရှေးဟောင်းသုတေသနာ ဆိုင်ရာ ရေးသားချက်တို့ကို လည်းကောင်း၊ များစွာသော အင်္ဂလိပ် ဘာသာရေးကျမ်းတို့ကို လည်းကောင်း အထပ်ထပ် ကြည့်ရှုစီစစ်လေ့လာ၍ အချိန်ယူကာ ရေးသားတော်မူလေသည်။ ထိုသို့ ရေးသားတော်မူပြီးနောက် စာမူကြမ်းကို ဆရာတော်သည် နိဒါန်း ပြုစုရေးအဖွဲ့သို့ တင်ပြတော်မူသည်။ ဆရာတော်အပါအဝင် အဖွဲ့ဝင်တို့လည်း ရှုထောင့်အမျိုးမျိုးမှ ကြည့်ရှုသုံးသပ်ဝေဖန်၍ သေချာစွာ စိစစ်ဆေး တည်းဖြတ်ကြလေသည်၊ နိဒါန်းမူကြမ်းမှာ အလွန်ပြည့်စုံနေပြီးဖြစ်ရာ ပြင်ဆင်နုတ်ပယ် ဖြည့်စွက်ဖွယ် မရှိဖြစ်၍ ဆရာတော်ရေးသားတော်မူသည့် အတိုင်းပင် အတည်ပြုလိုက်ကြလေသည်။

ဆရာဟော်သည် ဤမျှဖြင့် ကျေနပ်တော်မမူသေးဘဲ ပါဠိအရေးအသားတွင် နာမည်ကြီးလှသည့် သပြေကန် မဟာဓမ္မိကာရာမတိုက် အရှင်ဝါသေဋ္ဌာဘိဝံသ အနုနာယက ဆရာတော့်ထံ သို့ပို့၍ ပြင်ဆင်လိုသည်များကို ပြင်ဆင်၍ အနုဂီတိ ဂါထာများပါ ရေးသားပေးပါရန်တိုက်တွန်းခဲ့လေသည်။ ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသသည် နိဒါန်းမူကြမ်းကို ဖတ်ရသောအခါ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူသည်၊ ပြင်စရာဟူ၍လည်း မတွေ့ရ၊ ထိုသို့ ဝမ်းမြောက်ဝမ်းသား ဖြစ်တော်မူလှသဖြင့် အထူးရွှင်ပြ သွက်လက်သော ဉာဏ်ဖြင့် အနုဂီတိ ဂါထာများကို ရေးသားတော်မူလေသည်၊ အနုဂီတိ ဆိုသည့်အတိုင်း စုဏ္ဏိယ မူကြမ်းကို ခြုံငုံ၍ လိုရင်း အဓိပ္ပါယ်ပါအောင် ရေးသားတော်မူသည်ဖြစ်ရာ ဂါထာပေါင်း ၇၄-ဂါထာမျှ ဖြစ်သွားတော့သည်၊ ထိုထက် ထူးခြားသည်မှာကား ထိုဂါထာတို့တွင် အရေးလွယ်သော ရှစ်လုံးဖွဲ့ ဂါထာဟူ၍ တစ်ပုဒ်မျှ မပါ၊ ဂိုဏ်း ဂရု လဟု စည်းကမ်းကို တိကျစွာလိုက်နာ၍ ရေးရသော အစရခက်သည့် ၁၁-လုံးဖွဲ့ ၁၂-လုံးဖွဲ့ ၁၄-လုံးဖွဲ့ ဂါထာချည်းသာ ဖြစ်နေခြင်း၊ ရက်အနည်းငယ်အတွင်းမှာပင် ထိုဂါထာတို့ကို ရေးသား၍ နိဒါန်းမူကြမ်းနှင့်အတူ ပေးပို့လိုက်ခြင်းပင် ဖြစ်ပါသည်။

နိဒါန်း ပြုစုရေးအဖွဲ့ဝင်တို့သည် ထိုဂါထာများကိုလည်း ဖတ်ရှုတည်းဖြတ်ကြရပြန်သည်၊ ဂါထာများမှာ လက်စွမ်းပြ သဘောမျိုးဖြစ်ရာ အချို့အရာတွင် ဖတ်ရသည်မှာပင် မလွယ်၊ ဂါထာရေးရှင်း ပုဂ္ဂိုလ်၏ နှလုံးသွင်းကို မမှန်းဆနိုင်သော နေရာများလည်း ရှိသည်၊ ထိုနေရာများကို အတိအကျမသိရလျှင် ရိုက်နှိပ်သော

အခါ အထားအသို အဖြတ်အတောက် လွဲမှားသွားနိုင်သည်၊ ထို့ကြောင့် ယင်းဂါထာများကို ဖတ်ရှုစစ်ဆေးပြီး ဂါထာရေးရှင်း ဆရာတော်နှင့် အပြန်အလှန် စာဖြင့် ဆွေးနွေးရပြန်သည်၊ ဂါထာရေး ဆရာတော်၏ အာဘော်ကို အတိအကျသိရပြီးမှသာ ဂါထာများကို အတည်ပြုကြလေသည်၊ ထိုသို့ မိမိတို့ စိတ်ကြိုက် တည်းဖြတ်၍ ပြီးသောအခါ နိဒါန်း မူကြမ်းကို အကျိုးဆောင် ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသလက်သို့ အပ်နှံလိုက်ကြသည်၊

ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသလည်း မူကြမ်းကို ဖတ်ရသောအခါ လွန်စွာအားရနှစ်သက် ဖြစ်တော်မူလေသည်၊ ထို့ကြောင့်ပင် မူကြမ်းကို အဖွဲ့ပုံနှိပ်တိုက်သို့ ပို့ကာ အရိုက်ခိုင်းလေသည်၊ ရိုက်နှိပ်ပြီး မူကိုမှ ဝန်ဆောင် ဆရာတော်များထံသို့ ကြည့်ရှုသုံးသပ်၍ ပြင်ဆင်လိုသည်တို့ကို ပြဆင်ရန် ဆက်ကပ်လေသည်၊ ဝန်ဆောင် သံဃာ့အဖွဲ့ ဆရာတော်များထံမှ အတည်ပြုလက်ခံကြောင်းပြင်ဆင်စရာမရှိကြောင်း၊ ထုတ်ဝေနိုင်ပြီဖြစ်ကြောင်း အမိန့်ရမှပင် ဂိသုဒ္ဓိမဂ္ဂနိဒါန ကထာကို ဆဋ္ဌသံဃာယနာ ဝန်ဆောင် သံဃာ့အဖွဲ့က ထုတ်ဝေ၍ ကမ္ဘာအနှံ့ဖြန့်ဝေလေသည်၊ ၁၃၁၉-ခုနှစ်ကပင် တာဝန်ပေးခြင်းခံရသော်လည်း မဟာစည် ဆရာတော်သည် မိမိ၏ အခြားများစွာသော တာဝန်များအကြားမှာ အချိန်ကို မရ အရ ဖဲ့ယူ၍ ရေးသားခဲ့ရသည် ဖြစ်သောကြောင့် ၁၃၂၂-ခုနှစ်မှာမှ နိဒါနကထာကို ဖြန့်ဝေနိုင်တော့သည်၊ ထိုအချိန်တွင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၂-တွဲကို ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိပြီး ဖြစ်နေပြီဖြစ်ရာ ဝိသုဒ္ဓိမဂ္ဂနိဒါနကထာကို သီးခြားစာအုပ်အဖြစ် ထုတ်ဝေရလေသည်၊

ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ၏ ပဓာန ဦးထည်မှုမှာ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ အပေါ် မဟုတ်မမှန် စွပ်စွဲထားသော ရေးသားချက်များကို ဖြေရှင်းချေပရန်ဖြစ်၏၊ သို့သော် မဟာစည် ဆရာတော်သည် ထိုမျှဖြင့် တင်းတိမ်တော်မမူဘဲ အရှင်ဗုဒ္ဓဃောသ အကြောင်းနှင့် ဆက်စပ်၍ ပြသင်ပြထိုက်သော အချက်အလက်မှန်သမျှကို ကျမ်းအမျိုးမျိုးမှ ရှာဖွေစုဆောင်း၍ ဂုဏ်မြောက်စွာ ရေးသားတော်မူခဲ့သည်၊

ရှေးဦးစွာ ဓမ္မာနန္ဒကောသမ္ဗိ၏ စွပ်စွဲချက်များကို ခိုင်လုံသော ယုတ္တိသာဓကတို့ဖြင့် ချေပပြီးနောက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည်၏ နောက်

အရှင်ဗုဒ္ဓဃောသ ကာလတိုင်အောင်သော သာသနာအစဉ် အဆက်ကို ဖော်ပြထားသည်၊ ဒုတိယ သံဃာယနာ၏နောက်၌ ဂိုဏ်းကွဲများ ပေါ်ပေါက်လာပုံ၊ နောင် သီရိလင်္ကာကျွန်း၌ အဘယဂိရိ ဓမ္မရုစိ စသော အဂိုဏ်းတို့ ပေါ်ပေါက်လာပုံ၊ သီရိလင်္ကာ၌ အများ၏ စက်ဆုပ်ခြင်းခံသော ဝေတုလ္လဝါဒအကြောင်း၊ ဇေတဝန ဝါသီဂိုဏ်း ပေါ်ပေါက်လာပုံ အကြောင်းတို့ကိုလည်း အကိုးအကားများဖြင့် ဖော်ပြထားပါသည်၊ ထို့နောက် အရှင်ဗုဒ္ဓဃောသ၏ ထေရုပ္ပတ္တိစိစစ်၍ ရေးသားထားလေသည်၊ ထိုသို့ ရေးသားရင်းပင် ယခုအခါ အသံကြားဖြင့် အထင်ကြီးခံနေရသည့် ဝိမုတ္တိကျမ်း အကြောင်းကို ဝိသုဒ္ဓိမဂ်နှင့် နှိုင်းယှဉ်၍ ရေးသားထားသည်၊ အချို့သော ပုဂ္ဂိုလ်တို့ကား အရှင်ဗုဒ္ဓဃောသ ရေးဟုဆိုသော အချို့သောအဋ္ဌကထာများသည် အရှင်ဗုဒ္ဓဃောသ၏ လက်ရာမဟုတ်၊ အခြားမထေရ်တစ်ပါးပါး၏ လက်ရာသာ ဖြစ်သည်ဟု ဆိုကြ၏၊ ထိုအဆိုများကိုလည်း သမာသမတ်ကျသော **စိစစ်**ချက်တို့ဖြင့် ဝေဖန် ပြဆိုထားပါသည်၊ ထို့ကြောင့် အချုပ်အားဖြင့်ဆိုရလျှင် ဝိသုဒ္ဓိမဂ် နိဒါနကထာသည် ဆဋ္ဌသံဂါယနာက လက်ခံ အတည်ပြုအပ်သော အရှင်ဗုဒ္ဓဃောသ အတ္ထုပ္ပတ္တိအသစ်ပင် ဆိုထိုက်ပါတော့သည်၊

ဆဋ္ဌသံဂါယနာတင်သည့်အတွက် မြန်မာနိုင်ငံက အမြတ်တော်တော်များများ ရရှိခဲ့သည်၊ ဗုဒ္ဓသာသနာရေးနှင့် ပတ်သက်လာလျှင် ကမ္ဘာကမြန်မာကို လေးစားလာရသည်၊ အများလေးစားလောက်သည့် မူကောင်းမူမှန်အဖြစ် ရောက်အောင် သုတ်သင်၍ ခေတ်မီသော အဆင်အပြင်တို့ဖြင့် ရိုင်ရှကတ် ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို ရိုက်နှိပ် ထုတ်ဝေနိုင်သဖြင့်လည်း မြန်မာနှင့်တကွ ကမ္ဘာ့အဝှန်းရှိ ပါဠိပညာရှင်တို့အဖို့ ဆုလာဘ်ကြီး တစ်ပါးပင် ဖြစ်တော့သည်၊ ဤသို့ ပြည့်ပြည့်စုံစုံ အကြည့်ရ အရှုရအရှာရလွယ်သော ပိဋကတ်ကျမ်းအစုံကား ယနေ့မြန်မာပြည်မှာလွဲ၍ အခြားနိုင်ငံများမှာ မရှိသေးပေ၊ ဆဋ္ဌသံဃာ ယနာမူများမှာ အလွန်နှစ်သက်စရာကောင်းကြောင်း အခြားမူများထက် ကြည့်ရ ရှုရ ကောင်းကြောင်းကို အနောက်နိုင်ငံ ပါဠိပညာရှင်များလည်း ချီးကျူးစကားပြောကြားကြသည်၊ ပါဠိတတ် မဟုတ်သူများဖက်မှ ကြည့်လျှင်လည်း ယခုအခါ ပါဠိတော်လာ အနက်အဓိပ္ပါယ်တို့ကို မြန်မာဘာသာ သက်သက်ဖြင့် အလွယ်တကူဖတ်ရှုနိုင်ကြပြီဖြစ်၏၊ ပိဋကတ်တော်မှာ ရှေးအခါက ပါဠိနားလည်နိုင်သည့် အဖြစ်သို့ ရောက်နေပေပြီ၊

ဗုဒ္ဓဝင် သက်သက်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာလိုသူတို့အဖို့လည်း မဟာဗုဒ္ဓဝင် ကျမ်းကြီး အပြည့်အစုံ ရှိနေလေပြီ၊ ပါဠိတော်၊အဋ္ဌကထာ၊ဋီကာလာ ပုဒ်တို့ကို တစ်ခုမကျန် ထုတ်၍ တခမ်းတနား ရေးသားပြုစုထားသော တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးများနှင့် ပါဠိပဒ အဘိဓာန် အညွှန်းကျမ်းများလည်း ထွက်ပေါ် နေဆဲပင် ဖြစ်သည်၊ ဆိုခဲ့ပြီး အားလုံးက အကောင်အထည်ဖြင့် လက်ညှိုးထိုး၍ ပြနိုင်သော ဆဋ္ဌသံဃာယနာ၏ အမြတ်များတွင် တစ်စိတ်တစ်ဒေသဖြစ်တော့သည်၊ ဤနိဒါနကထာဖြင့် မျက်မှောက်ခေတ် မြန်မာနိုင်ငံတွင် အရှင်ဗုဒ္ဓဃောသဆရာတော် တို့ရေးမူ ရေးဟန်ကို အမီလိုက်နိုင်အောင် ရေးစွမ်းနိုင်သော ပုဂ္ဂိုလ်များထင်ရှား ရှိကြောင်း ကြေငြာပြီးဖြစ်သည်၊ မြန်မာနိုင်ငံ ဆရာတော်များသည် ပိဋကတ်ကျမ်း သက်သက်မှာသာ ကျွမ်းကျင်ကြသည်မဟုတ်သေး၊ အခြား သမိုင်းဆိုင်ရာ အယူဝါဒ စသည့် ဆိုင်ရာကျမ်းတို့၌လည်း ကျွမ်းကျင်သော ဆရာတော်များဖြစ်ကြောင်း၊မည် သည့်အယူအဆမဆို သမာသမတ်စိတ်ထားဖြင့် မျှမျှတတ သဘာဝကျအောင် ဝေ ဖန် စီစစ်နိုင်သော ဆရာတော်များ ဖြစ်ကြောင်းလည်း ပြသပြီးဖြစ်လေသည်၊ (ဤ စကားကို အပြောကြီးသည် ဟုထင်လျှင် ဝိသုဒ္ဓိမဂ္ဂနိဒါနကထာကို မင်းတုန်းမင်းကြီး လက်ထက်ရေး သာသနာ့ဝံသပ္ပဒီပ်စာနှင့် နှိုင်းယှဉ်၍ ကြည့်ရှုပါဟု တိုက်တွန်းလို ပါသည်) ထို့ကြောင့်ပင် ဝိသုဒ္ဓိမဂ္ဂနိဒါနကထာကို အိန္ဒိယနိုင်ငံရှိ ပါဠိပညာရှင် တို့ကပင် ချီးကျူးစကား ပြောကြားကြသည်ဟု တဆင့်ကြားသိရပါသည်၊ မြန်မာ နိုင်ငံ ဆရာတော်များအတွက် ဂုဏ်ယူဖွယ် တစ်ရပ်ပင် ဖြစ်ပါတော့သည်၊

ဤ နိဒါနကထာကို ရိုက်နှိပ်ဖြန့်ဝေရန် ဆုံးဖြတ်သော ဝန်ဆောင်သံဃာ့ အဖွဲ့ကပင် ဤ နိဒါန်းကို မြန်မာသက်သက်ပြန်ရန် မဟာစည် ဆရာတော်အား တာဝန်ပေးအပ်တော် မူခဲ့ကြသည်၊ မဟာစည် ဆရာတော်လည်း မြန်မာပြန်ပြီး နောက် မိမိတာဝန်ကျသဖြင့် ရေးသားရသော ဝိသုဒ္ဓိမဂ် မြန်မာပြန်အသက်(အခြေခံ များနှင့်တကွ ဝိပဿနာပိုင်း) ၌လည်းကောင်း၊ မိမိသဘောအလျောက် ရေးသား အပ်သော ဝိသုဒ္ဓိမဂ် မြန်မာပြန် ပဌမတွဲ၌လည်းကောင်း၊ ထည့်သွင်း ရိုက်နှိပ်၍ ဖြန့်ချိစေတော်မူလေသည်၊ ဝိသုဒ္ဓိမဂ်နိဒါနကထာ အကြောင်းကို တစ်ဆင့်သိမဟုတ် ဘဲ ကိုယ်တိုင်သိဖြစ်အောင် ပါဠိမတတ်သူများလည်း ထိုဝိသုဒ္ဓိမဂ် မြန်မာပြန် ကျမ်းသစ်တို့မှာ ရှုကြပါဟု တိုက်တွန်းလိုက်ရပါသည်၊

၁၃၂၄-ခုနှစ်၌ ရိုက်နှိပ်သော ဝိသုဒ္ဓိမဂ် မြန်မာပြန် (အခြေခံများနှင့်တကွ ဝိပဿနာပိုင်းတွင် ဝိသုဒ္ဓိမဂ် နိဒါန်း၏ မြန်မာပြည်သာမက) ဂါထာရေးရင်း ဆရာတော်ကိုယ်တိုင် ရေးသားပေးသည့် အနုဂီတိဂါထာ ၇၄-ဂါထာ၏ နိဿယ ကိုပါ နောင်လာနောက်သား ပါဠိသုတေသီတို့အတွက် ထည့်သွင်းရိုက်နှိပ်ထား လေသည်။

အနုဂီတိဂါထာတို့ကို ရေးသားသော ဆရာတော်က အောက်ပါဂါထာဖြင့် အရှင်ဗုဒ္ဓဃောသကို ချီးကျူးရင်း နိဂုံးချုပ်ခဲ့သည်။

ခီယေထ ဝဏ္ဏော န သမုဒ္ဒရေ့ာပိ၊
နန္တဿ နေကာဟိ ဂုဏာ အနန္တာ။
ကော နုဒ္ဓရေယျာ ခိလသာဂရောဒေ၊
ထထာပိ မညန္တု မုခီ သဒါတေ ။

"ကုန်စင်အောင်စု ရွေးစုယ်နုတ် ထုတ်အပ်ပါသော်လည်း ထိုအရှင် ဗုဒ္ဓ ဃောသ၏ ဂုဏ်ကျေးဇူးသည် ကုန်နိုင်ဖွယ်ရာ မရှိပါပေ၊ အဘယ့်ကြောင့်ဟူမူ ထို အရှင်ဗုဒ္ဓဃောသ၏ ဂုဏ်တော်တို့သည် များပြားလှ၍ အဆုံးမရှိ ကုန်သည်မဟုတ် တုံလော၊ အဘယ်သူသည် သမုဒ္ဒရာရေတို့ကို ကုန်စင်အောင် ထုတ်တင် ဆောင် ယူနိုင်ပါမည်နည်း၊ ထိုသို့ပင် မကုန်နိုင်အောင် များမြောက်လှသော်လည်း ဂုဏ် ကျေးဇူးကို အထူးသိမြင်တတ်သော ပညာရှိတို့သည် ထိုဗုဒ္ဓဃောသ ဆရာမြတ်၏ ဂုဏ်တော်တို့ကို အမြဲတမ်း အမှတ်တရ အောင့်မေ့နိုင်ကြပါစေကုန်သတည်း"။

အထက်ပါဂါထာသည် အရှင်ဗုဒ္ဓဃောသ၏ ဂုဏ်တော်တို့ကို ချီးကျူးရေး သားအပ်သော ဂါထာဖြစ်၏၊ သို့သော် ထိုဂါထာသည် မဟာစည်ဆရာတော်၏ ဂုဏ်ကို ထုတ်ဖော်ချီးကျူးသော ဂါထာ မဖြစ်နိုင်ပါသလော၊ မဖြစ်နိုင်ဟု အဘယ် သူသည် ပြောဆိုနိုင်ပါမည်နည်း။

## သီရိလင်္ကာ၌ သာသနာပြုခြင်း

"ကျွန်ုပ်တို့ သာသနာတော်ကြီးမှာ ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ ဟူ၍ သုံးပိုင်းခွဲခြားထားပါသည်၊ ပဌမနှစ်ပိုင်းဖြစ်သည့် ပရိယတ္တိနှင့် ပဋိပတ္တိ တို့မှာ

ထေရဝါဒ နိုင်ငံတိုင်းမှာပင် အတော်အသင့် ကျေနပ်စရာ တွေ့ရှိကြရပါသည်။ တတိယပိုင်း ဖြစ်သည့် ပဋိဝေဓ အခြေအနေမှာမူကား ချို့တဲ့ ချို့ယွင်းလျက်ရှိသည်ကို တွေ့ရပါသည်။ ဤမြန်မာပြည်၌ ပရိယတ္တိနှင့် ပဋိပတ္တိသာသနာတို့သည် ပြည့်စုံတိုးတက်သည်သာမက ပဋိဝေဓ သာသနာလည်း ဖွံ့ဖြိုးလျက်ရှိကြောင်းများကို ကျွန်ုပ်က အတိအလင်း ရဲရဲကြီးပြောဝံ့ပါသည်၊ အရိယာ ပုဂ္ဂိုလ်များလည်း အဆွေတော်တို့ ပြည်၌ အနှံ့အပြားတွေ့ရှိရမည်ဟု ကျွန်ုပ်စိတ်ချယုံကြည်ပါသည်။ ဤ ပဋိဝေဓ သာသနာမှာ မြန်မာနိုင်ငံ၌ တခြားနိုင်ငံများထက် ထူးကဲစွာတိုးတက်ကြောင်း တွေ့ရှိရပါသည် ”

အထက်ပါစကားမှာ ဆဋ္ဌသံဂါယနာ ဖွင့်ပွဲ ဒုတိယနေ့၌ သီရိလင်္ကာအာနန္ဒမေတ္တေယျ ဆရာတော်ကြီး၏ မိန့်ခွန်းမှ တစိတ်တဒေသဖြစ်ပါသည်၊ ဆရာတော်ကြီးသည် ဤကဲ့သို့ မိန့်ခွန်းပြောကြားသည်မှာ မြှောက်လုံးမဟုတ်ပါ၊ တကယ်ပင် အားရ ကျေနပ်လှသဖြင့် ကမ္ဘာ့ပရိသတ်အလယ်မှာ ထုတ်ဖော်ချီးကျူးလိုက်ခြင်း ဖြစ်ပါသည်၊ အဘယ်ပုဂ္ဂိုလ်၏ အဘယ်သို့သော လုပ်ငန်းတို့ကို ရည်ရွယ်၍ အထက်ပါအတိုင်း ပြောကြားတော်မူသည်ကို စာဖတ်သူများ ရိပ်မိပြီး ဖြစ်လောက်ပါပြီ။

ဆရာတော်သည် ဆဋ္ဌသံဂါယနာအတွက် ပိဋကတ်တော်များ သုတ်သင်ပြင်ဆင်ရေး ကိစ္စကို ဆောင်ရွက်ရန် သံဂါယနာမတိုင်မီ အတော်စောစောကပင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပါသည်၊ ထိုစဉ်က ဗုဒ္ဓသာသနာအဖွဲ့သည် သာသနာ့ရိပ်သာမှာပင် ရှိသေးသည်ဖြစ်ရာ ဆရာတော်ကြီးသည်လည်း သာသနာ့ရိပ်သာမှာပင် တည်းခိုနေထိုင်တော်မူရသည်၊ ဩသာနအဖွဲ့ဝင် သီရိလင်္ကာဆရာတော် အရှင်ဗုဒ္ဓဒတ္တ သီရိလင်္ကာသို့ ပြန်ကြွသွားသဖြင့် ထိုဆရာတော်၏ နေရာတွင် အစားထိုးလုပ်ကိုင်ရန် ရောက်လာခြင်း ဖြစ်၏၊ ဤဆရာတော်သည် ယခင်ကလည်း မြန်မာပြည်သို့ ရောက်လာဖူးသည်၊ မြန်မာများအပေါ်မှာ စေတနာကောင်းထားသော ဆရာတော်ကြီး ဖြစ်၏၊ ဆရာတော်ကြီးသည် မဟာစည်ဆရာတော် အကြောင်းကို ကြားဖူးပြီး ဖြစ်၍ မိမိကြားဖူးသည်နှင့် လက်တွေ့ ကိုက်မကိုက် စုံစမ်းရန်လည်း အကြံရှိဟန်တူသည်၊ စာတော်ပြင် လုပ်ငန်းကိုဆောင်ရွက်ရင်း မဟာစည်ဆရာတော်

နှင့် နေ့စဉ်တွေ့ဆုံရ၍လည်း ဆရာတော်ကြီးအဖို့ မဟာစည် ဆရာတော်ကို အကဲ ခတ်ရသည်မှာ ခက်လှသည် မဟုတ်ပါ၊ ထို့ပြင် စာတော်ပြင် အလုပ်နားရက် ဥပုသ်နေ့တိုင်းလည်း မဟာစည် ဆရာတော်နှင့် ဆွေးနွေး၍ မဟာစည်ဆရာတော် အပေါ်၌ ပရိယတ္တိဘက်ကရော ပဋိပတ္တိဘက်ကပါ အလွန်ကျေနပ်လျက် ရှိခဲ့ သည်၊ ဤသို့ မိမိစိတ်က လိုက်လိုက်လဲလဲ ကျေနပ်လှသဖြင့်ပင် ကမ္ဘာ့ပရိသတ် အလယ်မှာ နိုင်ငံခြားသားတို့အထူးသဖြင့်( သီရိလင်္ကာ )တို့ ချီးကျူးနိုင်ခဲ့သောစကား လုံးတို့ဖြင့် မြန်မာပြည်ကို တိုက်ရိုက် ချီးကျူးရင်း မဟာစည် ဆရာတော်ကိုပါ သွယ် ဝိုက်သောနည်းဖြင့် ချီးကျူးခဲ့ခြင်း ဖြစ်ပေသည်၊

ဆဋ္ဌသံဂါယနာတင် မတိုင်မီကပ မဟာစည်ဆရာတော်၏ ဂုဏ်သတင်းမှာ နိုင်ငံခြားများသို့ ပြန့်နှံ့လျက်ရှိခဲ့သည်၊ စိတ်ဓာတ်ငြိမ်းချမ်းမှုဆီသို့ ပို့ဆောင်နိုင် သော စိတ်ဓာတ်ထိန်းချုပ်မှု နည်းစနစ်များ၊ဝါ- သတိပဋ္ဌာန်နည်းစနစ်များ၌ စိတ်ပါဝင်စားသော နိုင်ငံခြားသားတို့လည်း မဟာစည် ဆရာတော်အထံသို့ လာ၍ ဆရာတော် ညွှန်ကြားသည့်အတိုင်း တရားအားထုတ်လျက် ရှိခဲ့ကြသည်၊ ထိုပုဂ္ဂိုလ် တို့တွင် ဂျာမန်ရဟန်းတော် အရှင်ဉာဏပေါနိကနှင့် အင်္ဂလိပ် လူမျိုး ဒေါက်တာ- အီးဂရေဟမ်ဟောင် ( Dr, Graham Howe )ဆိုသူတို့လည်းပါသည်၊ ဒေါက်တာ သည် သီရိလင်္ကာ၌ အရှင်ဉာဏပေါနိကတွင် တွေ့၍ ထိုအရှင်ထံမှ သတိပဋ္ဌာန်နည်း များကို ကြားနာလေ့လာရ၍ ထိုအရှင်၏ မိတ်ဆက်ပေးမှုဖြင့်ပင် ရန်ကုန်သာသနာ့ ရိပ်သာ မဟာစည်ဆရာတော်ထံသို့ ရောက်လာ၍ တရား အားထုတ်ခဲ့လေသည်၊ တရားအားထုတ်၍ လွန်စွာကျေနပ်မှု ရခဲ့သည်၊ အနေ့ရှေ့တိုင်း၌ ပေါ်ပေါက်ခဲ့သော ဤသတိပဋ္ဌာန်နည်းသည် အနောက်တိုင်းသားတို့အဖို့လည်း နည်းတူပင် ကျေးဇူးပြု နိုင်သော နည်းဖြစ်ကြောင်း ထုတ်ဖော်ခဲ့သည်၊ အရှင် ဉာဏပေါနိကသည် မဟာ သတိပဋ္ဌာန်သုတ်ကို အခြေခံ၍ သတိပဋ္ဌာန်ကမ္မဋ္ဌာန်း အကြောင်း ကျမ်းစာ တစ်အုပ် ရေးသားတော်မူသည်၊ ထိုကျမ်းစာတွင် ထိုအရှင်သည် မဟာစည် ဆရာတော်၏ နည်းစနစ်များ အကြောင်းကိုပါ ထည့်သွင်း၍ ရေးသားထားလေသည်၊ ထိုကျမ်းစာ ၏ မိတ်ဆက်စကား ( Fore word )ကို ဒေါက်တာ ဟောင်းက ရေးသားလေ သည်၊ ထိုကျမ်းစာကို ဆဋ္ဌသံဂါယနာအမှီ ၁၉၅၄-ခုနှစ် မတ်လတွင် သီရိလင်္ကာ၌

ထုတ်ဝေသည်၊ ထိုကျမ်းစာ၏ ကျေးဇူးကြောင့် မဟာစည် ဆရာတော်၏ သတိပဋ္ဌာန် နည်းကို ကမ္ဘာက ပို၍ သိလာကြသည်။

ထိုသို့ ကမ္ဘာက စိတ်စိုက်နေသည့်အချိန်မှာပင် သီရိလင်္ကာအစိုးရက သီရိလင်္ကာနိုင်ငံသို့ ဝိပဿနာ သာသနာပြုရန် ကမ္မဋ္ဌာနာစရိယတစ်ပါး စေလွှတ်ပါရန် ဝန်ကြီးချုပ်ထံ စာရေးသည်၊ ထို့ကြောင့် ဝန်ကြီးချုပ်သည် သီရိလင်္ကာကျွန်း၌ ဝိပဿနာ သာသနာပြုပါရန် မဟာစည် ဆရာတော်အား လျှောက်ထားသည်၊ ထိုအချိန်မှာ ဆဋ္ဌသံဂါယနာ တင်နေချိန်ဖြစ်၍ မဟာစည် ဆရာတော်သည် သီရိလင်္ကာသို့ ကိုယ်တိုင် မကြွရောက်နိုင်ပေ၊ ထို့ကြောင့်ပင် ဆရာတော်သည် အားကိုးရ စိတ်ချရသော တပည့်ကြီးများဖြစ်သည့် ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်သုဇာတ, အရှင်ဥတ္တရာဘိဝံသ, အရှင်ဇဝန မထေရ်တို့ကို ၁၃၁၇-ခုနှစ်တွင် သီရိလင်္ကာသို့ ဝိပဿနာ သာသနာပြု စေလွှတ်တော်မူသည်၊ ဆရာတော်များ လမ်းခရီးတွင် အခက်အခဲ မတွေ့စေရန် ဗုဒ္ဓသာသနာအဖွဲ့ နိုင်ငံခြားဆက်သွယ်ရေးအရာရှိ ဦးသိန်းဟန်က မြန်မာနိုင်ငံအစိုးရကိုယ်စား ဆရာတော်သုံးပါး၏ ကပ္ပိယအဖြစ် သီရိလင်္ကာကျွန်း ကိုလံဘိုသို့ ရောက်အောင် လိုက်ပို့ရသည်။

ဆရာတော် အရှင်သုဇာတ ခေါင်းဆောင်သော ဝိပဿနာ သာသနာပြု အဖွဲ့သည် ၁၃၁၇-ခု၊ ဒုတိယဝါဆိုလဆန်း ၂-ရက်နေ့ မြန်မာနိုင်ငံ၌ လေကြောင်းခရီးဖြင့် ထွက်ခွာ၍ ၎င်းလဆန်း ၁၀-ရက်နေ့တွင် သီရိလင်္ကာကျွန်း ကိုလံဘိုမြို့သို့ ဆိုက်ရောက်သည်၊ ကိုလံဘိုလေဆိပ်သို့ သီရိလင်္ကာနိုင်ငံအစိုးရ ပြည်ထဲရေးဝန်ကြီး, စားနပ်ရိက္ခာဝန်ကြီး အတွင်းဝန်များ, မြန်မာသံအမတ်ကြီး ဦးဘလွင်နှင့် ဇနီး ဒေါ်သန်း, ဝိပဿနာပြန့်ပွားရေး အသင်းသူ အသင်းသားများနှင့် သီရိလင်္ကာ မြန်မာသံယာတော်များ လာရောက်ကြိုဆိုကြသည်၊ ထိုနေ့ညတွင် ကိုလံဘိုတက္ကသိုလ် ဂျော့ဘုရင် ခန်းမဆောင်၌ ကန်တော့ပွဲ ကျင်းပသည်၊ ထိုပွဲ၌ နိုင်ငံခြားဆက်သွယ်ရေး အရာရှိ ဦးသိန်းဟန်က မဟာစည်ဆရာတော်၏ သန္ဒေသကထာ, ဗုဒ္ဓသာသနာ့အဖွဲ့၏ သဝဏ်လွှာတို့ကို အင်္ဂလိပ်လို ဖတ်ကြားတင်ပြသည်၊ ထို့နောက် စားနပ်ရိက္ခာ ဝန်ကြီး, ဝန်ကြီးချုပ်, သံအမတ်ကြီး ဦးဘလွင်တို့က အသီးသီး မိန့်ခွန်းများပြောကြပြီးနောက် သာသနာပြု အဖွဲ့ခေါင်းဆောင် ဆရာတော် အရှင်သုဇာတက နှုတ်

ခွန်းဆက် စကားကို မြန်မာလို မိန့်ကြား၍၊ ဝိသုဒ္ဓါရာမတိုက် ဆရာတော် အရှင် ဥာဏဝံသက ဘာသာပြန်ပေးသည်၊

သာသနာပြု အဖွဲ့ ဆိုက်ရောက်ချိန်တွင် ကိုလံဘိုမြို့၌ ဝိပဿနာပြု ာဆောက်အဦ သီးခြားမရှိသေးပေ၊ သို့သော် သဒ္ဓါတရား ထက်သန်လှသော နိ်စံက ( **Mrs. Nissania** )အမည်ရှိ ဒါယိကာမကြီးက ၎င်းတို့မိသားစု နေသော တိုက်ကို ခေတ္တကျောင်းအဖြစ် လှူဒါန်းသဖြင့် ာိုဒါယိကာမကြီး၏ တိုက်မှာပင် သာသာနာပြု ဆရာတော်များ ဝါဆိုတော်မူကြရသည်၊ ဆရာတော် တို့တွင် အရှင်ဇဝန ဆရာတော်တစ်ပါးသာ အင်္ဂလိပ်လိုတတ်သည်၊ သီရိလင်္ကာ လိုကား ဆရာတော် သုံးပါးလုံးပင် မတတ်ကြပေ၊ ထို့ကြောင့် ဆရာတော်သုံးပါးအား အကူအညီပေးရန် ကိုလံဘို မြန်မာကျောင်းမှ အရှင်ဇာဂရမထေရ်လည်း ဆရာတော် သုံးပါးနှင့်အတူ ဝါဆိုတော်မူလေသည်၊ နိစံက ဒါယိကာမကြီး၏ တိုက်မှာ ကိုလံဘိုမြို့ မာယာလမ်းတွင် ရှိ၍ တိုက်ရှိရာ ဝင်းခြံကို "ယမုနာ" ဟု အမည် မှည့်ထားသည်၊ ဆရာတော်များ သီတင်းသုံးသည့်နေ့မှ စ၍ ယမုနာမှာ ကမ္မဋ္ဌာန်း ရိပ်သာ ဖြစ်သွားရကား ယမုနာဟုဆိုလိုက်လျှင်ပင် မြန်မာ ဝိပဿနာ ကမ္မဋ္ဌာန်း ရိပ်သာမှန်း သိနေကြတော့သည်၊

မဟာစည် ဆရာတော်ကိုယ်တိုင် မကြွရောက်သော်လည်း သီရိလင်္ကာကျွန်း ဝိပဿနာ သာသနာပြုလုပ်ငန်းမှာ လွန်စွာအောင်မြင်လေသည်၊ ထိုအချိန်တွင် သီရိလင်္ကာ ကျွန်း၌ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းနည်းမှာ ကွယ်သလောက်ရှိနေသည်၊ အားထုတ်လိုသော ယောဂီတို့အား စနစ်တကျကမ္မဋ္ဌာန်း ပြနေသော ဌာနဟူ၍ မရှိခဲ့ပေ၊ ထို့ကြောင့် မြန်မာရဟန်းတော်များ ရောက်လာပြီးနောက် သတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို လက်တွေ့ညွှန်ပြသောအခါ လွန်စွာနှစ်ခြိုက်ကြသည်၊ တရားအားထုတ် မိ၍ ဥာဏ်အထူးများကို ကိုယ်တွေ့ကြုံလာသောအခါ လွန်စွာအားတက်သရော ရှိကြလေသည်၊တပည့်တော် တရားအားမထုတ်မီက ( **Seeing is Believing** ) (မျက်မြင်မှ ယုံရသည်) ဟူသော အင်္ဂလိပ်စကားပုံကို အတော်သဘောကျခဲ့ပါ သည်၊ ယခု တရား အားထုတ်လိုက်တော့ အဲဒီစကားပုံမှာ မမှန်တော့ ကြောင်း တွေ့ရှိပါသည်၊ ရုပ်နာမ်တရားတို့ကို ဖြစ်ပျက်နေပုံကို မျက်စိဖြင့်

မမြင်နိုင်ပါ၊ ဝိပဿနာ ဉာဏ်ဖြင့်သာ မြင်နိုင်ပါသည်၊ ယခု တပည့်တော်လက်ကို ကြည့်လျှင် အမြဲ တည်မနေဘဲ ခဏမစဲ ဖြစ်ပျက်နေသည်ကို တွေ့ရပါသည်၊ ထို့ကြောင့် ( Seeing is Deceiving ) (မျက်မြင်သည် လှည့်ပတ်တတ်သည်) ဟု စကားပုံကို ပြင်လိုက်ပါပြီဟု တရားအားထုတ်ပြီးစ သီရိလင်္ကာ အမျိုးသား ယောဂီ တစ်ဦးက ပြောပါသည်၊ သီရိလင်္ကာ ယောဂီများတွင် ဤအမျိုးသားလို လူများ များစွာ ရှိနေမည်မှာ ယုံမှားဖွယ်မရှိပါ၊

မြန်မာ ဝိပဿနာသာသနာပြုအဖွဲ့ ဆရာတော်များသည် သီရိလင်္ကာကျွန်း၌ တစ်နှစ်ကျော်ကျော်မျှသာ သီတင်းသုံးတော်မူကြသည်၊ ဝါအားဖြင့် ပြောရလျှင် ၂-ဝါမျှ သာ ဆိုခဲ့သည်၊ သို့သော် ဤတစ်နှစ်သာသာမျှသာ အချိန်အတွင်းတွင် သီရိလင်္ကာကျွန်း အနယ်နယ် အရပ်ရပ်၌ အမြဲတမ်းဌာန ၁၂-ဌာနနှင့် ယာယီဌာန ၁၇-ဌာန ခန့် ပေါ်ပေါက်ခဲ့သည်၊ ထို့ကြောင့် ဆရာတော် အရှင်သုဇာတတို့၏ ဝိပဿနာ သာသနာပြု လုပ်ငန်းမှာ ကျေနပ်စရာ အပြည့်အဝ ရှိသည် ဆိုရပါမည်၊

အဘယ်ကြောင့် ဤမျှတိုတောင်းလှသော အချိန်အတွင်း ဤမျှကြီးမားသော အောင်မြင်မှု ရခဲ့သနည်းဟု စူးစမ်းသော်.... မဟာစည်ဆရာတော်၏ ညွှန်ကြားမှုနှင့် သာသနာပြု ဆရာတော်သုံးပါးတို့၏ နည်းမှန်လမ်းကျ ဆောင်ရွက်မှုကြောင့် ဤမျှအောင်မြင်မှုရသည်ဟု ဆိုရပါမည်၊ ဆရာတော် သုံးပါးတွင်လည်း ခေါင်းဆောင်ဖြစ်သော အရှင်သုဇာတဆရာတော်၏ စွမ်းရည်ကို အထူး ချီးကျူးရမည် ဖြစ်ပါသည်၊ ဆရာတော်၏ လုံ့လဝီရိယ ရှိရှိဖြင့် တရားဟောမှု တရားပြသမှုတို့ကြောင့် သီရိလင်္ကာ ဝိပဿနာတရား ပြန့်ပွားရခြင်း ဖြစ်ပါသည်၊ ဆရာတော် အရှင်သုဇာတ၏ ဟောပြချက် သွန်သင်ညွှန်ပြချက်တို့လည်း သီရိလင်္ကာဘာသာ ပြန်ပေးသူ အရိယရတနမည်သော ဆရာကြီးမရှိလျှင် ဤမျှ လွယ်လွယ်ကူကူဖြင့် ပြန့်ပွားမည် မဟုတ်ပါ၊ ထို့ကြောင့် ဤဆရာကြီး၏ ဆောင်ရွက်ချက်ကိုလည်း ဤသမိုင်း၌ မှတ်တမ်း တင်လိုက်ပါသည်၊ ဤဆရာကြီးမှာ စာတတ်ရဟန်းလူထွက် ဖြစ်သည်၊ သူ့ကိုယ်တိုင်က ပါဠိတော် အဋ္ဌကထာ စာပုဒ်တို့ကို အတော်ရထားသည်၊ ထို့ကြောင့်ပင် ဆရာတော် အရှင်သုဇာတ တရားဟောရင်း ရွတ်ပြသွားသောပါဠိပါဌ်သားများကို သူ့ဘာသာ ပြန်သောအခါမှာလည်း ရွတ်ဆိုပြနိုင်ခြင်း ဖြစ်လေသည်၊

ဘာသာပြန်ရာ၌လည်း တစ်ဝါကျတစ်ခါ အဓိဿာပြန်သည်မဟုတ်ဘဲ ၁၅-မိနစ် လောက်မှ တစ်ခါဘာသာပြန်ရသည်၊ သာမန်မှတ်ဉာဏ်ရှိသူဖြစ်ပါမူ ဘာသာပြန်နိုင် မည် မဟုတ်ပေ၊ မိမိဟောမည့် တရားဟောမည့် စကားများကို ဆရာတော်က ရေးပေးထားသည်လည်းမဟုတ်၊ ထို့ကြောင့် အရိယရတန ဆရာကြီး၏ စွမ်းရည်မှာ လည်း ချီးကျူးလောက်ပါပေသည်။

ဤပုဂ္ဂိုလ်ကို ဘာသာပြန်အဖြစ် အသုံးပြုခွင့်ရခြင်းမှာ သီရိလင်္ကာနိုင်ငံ ဝိပဿနာ သာသနာအဖို့ ကံကောင်းခြင်းပင် ဖြစ်ပါပေသည်၊ အရိယ ရတန ဆရာကြီး ကဲ့သို့ပင် ကျေးဇူးများသော အခြားပုဂ္ဂိုလ်တစ်ဦးကား သီရိလင်္ကာဆရာတော် အရှင် သုမတိပါလ ဖြစ်ပါသည်၊ ထိုမဟာစည် ဆရာတော်သည် အရိယ ရတနဆရာ ကြီးကဲ့သို့ပင် မြန်မာလိုတတ်သည်၊ ထိုဆရာတော်၏ ဟောပြောပြသမှုသည်လည်း ဝိပဿနာ ပြန့်ပွားရေးကို များစွာအထောက်အကူပေးခဲ့သည်၊ သာသနာပြုဆရာ တော်တို့ မည်မျှပင် အစွမ်းရှိစေ၊ မည်သို့ပင်ဘာသာပြန် ပုဂ္ဂိုလ်ကောင်းရသည်ဖြစ်စေ၊ မြန်မာသံအမတ်ကြီး ဦးဘလွင်၏ အားတက်သရော ကူညီမှု မရခဲ့လျှင်လည်း ဤမျှ လျှင်မြန်စွာ ပြန့်ပွားနိုင်မည် မဟုတ်ဟုပင် ဆိုရပါမည်၊ မှန်၏၊ သံအမတ်ကြီး သည် သီရိလင်္ကာမြန်မာ အစိုးရတို့ ဝိပဿနာ သာသနာပြုရန် စကားကမ်းလှမ်းခဲ့ သည့် အချိန်မှစ၍ မြန်မာပြည်သို့ ပြန်ခဲ့သည့်တိုင်အောင် ဝိပဿနာပြန့်ပွားရေး အတွက် မနားမနေနိုးဆော် ဟောပြောခဲ့သည်၊ အပြောကောင်းသူဖြစ်၍လည်း သူ့ မိန့်ခွန်းများကို ပရိသတ်က သဘောကျသည်၊ သူ့အရှိန်အဝါကြောင့် အထက် တန်းစားပိုင်းမှ ပုဂ္ဂိုလ်များ ကမ္မဋ္ဌာန်းဌာနများသို့ လာရောက်ကြခြင်း ဖြစ်သည် ဟုဆိုလျှင် မှားမည်မထင်ပါ၊ ထို့ကြောင့် ထိုအချိန်တွင် သံအမတ်ကြီး ဦးဘလွင် သီရိလင်္ကာ၌ ရှိနေခြင်းသည်လည်း သီရိလင်္ကာကျွန်း၌ ဝိပဿနာ ပြန့်ပွားရန် ကြီးစွာသော အထောက်အပံ့ ဖြစ်ပါတော့သည်။

ဤသို့လျှင် အမြဲတမ်း ကမ္မဋ္ဌာန်းဌာန ၁၂ ဌာန၊ ယာယီဌာန ၁၇-ဌာနခန့် ကို ဖြစ်စေကြပြီးနောက် သာသနာပြု ဆရာတော် ၃-ပါးတို့သည် ၁၃၁၈-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၂-ရက်နေ့တွင် သင်္ဘောဖြင့် သီရိလင်္ကာကျွန်းမှ ထွက်ခွာ တော်မူခဲ့ကြလေသည်။

## သီရိလင်္ကာသို့ မဟာစည်ဆရာတော် ကြွတော်မူခြင်း

သီရိလင်္ကာကျွန်း၌ ဆရာတော် အရှင်သုဇာတတို့ သာသနာပြုခဲ့ကြသည်မှာ နိစံက ဒါယိကာမကြီး၏ နေအိမ်ဖြစ်သော ယာယီကျောင်း၌ သီတင်းသုံး၍ ပြုခဲ့ကြရခြင်းဖြစ်၏၊ သဒ္ဓါတရား ထက်သန်လှသော နိစက ဒါယိကာမကြီးသည် မိမိ၏ အိမ်ကြီးကို ဆရာတော်အား လှူဒါန်းပါသည်၊ ဆရာတော် သဘောရှိ သာသနာပြုတော်မူပါဟု လျှောက်ထားသော်လည်း ဆရာတော်က လမ်းနှင့်နီး ကပ်၍ ဆိတ်ငြိမ်မရခြင်း၊ နေရာကျဉ်းမြောင်းခြင်း တို့ကြောင့် အမြဲတမ်း ကမ္မဋ္ဌာန်း တစ်ခုအဖြစ် မသင့်တော်ဟုယူဆ၍ အလှူမခံခဲ့ပေ၊ အရှည်သဖြင့် သာသနာပြု နိုင်ရန်မှာလည်း အမြဲတမ်းဌာနချုပ်တစ်ခုရှိမှ ဖြစ်မည်ဖြစ်ကြောင်း ဝိပဿနာပြန့် ပွားရေးအသင်းအား ဆရာတော်က မိန့်ကြားသဖြင့် ထိုအသင်းက ကိုလံဘိုမြို့၌ နေရာတစ်ခုပေးပါရန် အစိုးရထံတောင်းကြသည်၊ ဝန်ကြီးချုပ် "ကောတလာဝလ" လက်ထက်က မရခဲ့ပေ၊ နောင် "ဗန္ဒရာနာယကေ"၏ အစိုးရသစ် တက်လာမှရ လေသည်၊ ရသောနေရာမှာ အင်္ဂလန်သံရုံးအနီး မက်သာသီလမ်းဘေး တစ်ဧကရှိ မြေကွက်ဖြစ်သည်၊ ဆိတ်ငြိမ်သော နေရာဖြစ်၍ သင့်လျော်လှပေသည်၊ ထိုနေရာ၌ ၁၃၁၈-ခု၊ သီတင်းကျွတ်လဆန်း ၂-ရက်နေ့တွင် ဝန်ကြီးချုပ် ကိုယ်တိုင် အဆောက်အဦတို့ကို အုတ်မြစ်ချသည်၊ ထိုအဆောက်အဦ ဆောက်နေဆဲမှာပင် ဆရာတော်များ မြန်မာနိုင်ငံသို့ ပြန်ကြွတော်မူခဲ့ကြသည်။

လံကာ ဝိပဿနာ ဘာဝနာ ပြန့်ပွားရေးအဖွဲ့သည် ကမ္မဋ္ဌာန်း အဆောက် အဦများကို ကြိုးစားဆောက်ခဲ့ရာ ၁၃၂၀-ခုနှစ်တွင် ၂-သိန်းတန် တရားတိုက် တစ်ခုနှင့် ယောဂီများနေရန် ၂-ဆောင်းတန်တိုက်၂-ခု ပြီးစီးခဲ့သည်၊ ထိုနှစ် မှာပင် ထိုအသင်းက မဟာစည်ဆရာတော်, ဆရာတော် အရှင်သုဇာတ နှင့် နောက်ပါ ရဟန်းတစ်ပါး ပေါင်း ၃-ပါး သီရိလင်္ကာသို့ ကြွရောက်ပါရန် ပင့်လေ သည်၊ ထိုပင့်စာအရပင် မဟာစည်ဆရာတော်သည် နောက်ပါများနှင့်အတူ ၁၃၂၀- ခုနှစ်၊ နတ်တော်လဆုတ် ၁၂-ရက်တွင် ၊အိန္ဒိယမှတဆင့် သီရိလင်္ကာသို့ ကြွရန် လေကြောင်းဖြင့်ထွက်ခွာတော်မူလေသည်၊ ဆရာတော်၏ အဖွဲ့တွင် ဆရာတော်အပြင် သာသနာ့ရိပ်သာမှ ဆရာတော်အရှင်သုဇာတ, အရှင်နန္ဒဝံသ, အရှင်အာလောက,

အရှင်ပဏ္ဍိတ,ပဲခူးရိပ်သာ ဆရာတော်အရှင် ပညာဝါနှင့် ကပ္ပိယ ဒါယိကာ ဒါယိကာမများ ပါဝင်ကြသည်။

## အိန္ဒိယ ခရီး

မဟာစည်ဆရာတော် အိန္ဒိယသို့ ဤအကြိမ် ကြွတော်မူခြင်းကား ပဌမအကြိမ် မဟုတ်ပါ၊ ရှေးကလည်း ဌာနအတော်များများသို့ ရောက်ဖူးပြီး ဖြစ်ပါသည်၊ သို့သော် မိမိနှင့် အတူပါလာသော သံဃာတော်များနှင့် ဒါယိကာ ဒါယိကာမများမှာ မရောက်ဖူးကြသူများဖြစ်၍ ၎င်းတို့အား ရောက်စေလိုသည်က တစ်ကြောင်း၊ သံဝေဇနီယဌာန စသည်တို့ကို ထပ်မံဖူးမျှော် ကြည့်ရှုတော်မူလိုသည်က တစ်ကြောင်း၊ မရောက်ဖူးသေးသော သွားရောက်ဖို့လည်း ကောင်းသော ဌာနများသို့လည်း သွားရောက်လိုသည်ကတစ်ကြောင်းကြောင့် နေရာဌာနတော်တော် စုံအောင်ပင် သာသနာရေးအတွက် အမြတ်ထုတ်သည့် အနေဖြင့် များစွာသော ဌာနတို့၌ တရားဟောခြင်း၊ တရားဆွေးနွေးခြင်းများကို ပြုတော်မူခဲ့ပါသည်၊ ထိုဌာနများသို့ သွားရောက်ဖူးမျှော် ကြည့်ရှုသော အခါလည်း အမှုမဲ့ အမှတ်မဲ့ မဟုတ်ဘဲ အထူးမှတ်သားသင့်သော အချက်တို့ကို ဂရုပြု မှတ်သားတော်မူခဲ့သည်။

ရန်ကုန်မှ ထွက်ပြီးနောက် ရှေးဦးစွာ ကလကတ္တားမြို့သို့ ရောက်တော်မူသည်၊ ကလကတ္တား၌ ဗုဒ္ဓသာသနာဆိုင်ရာ ရှေးဟောင်း အဆောက်အဦဟူ၍မရှိ၊ ထိုကြောင့် ဗဟုသုတ အလို့ငှါ ပြတိုက်နှင့် ဂျိမ်းဘုရားကျောင်းတို့သို့ ကြွရောက်တော်မူသည်၊ ပြတိုက်တွင် လွန်ခဲ့သည့် အနှစ် ၄၀၀၀-ကျော်က ဆေးစိမ်ထားသော လူသေအလောင်း တစ်ခုကို ဂရုပြု၍ လေ့လာတော်မူခဲ့သည်။ ရှေးခေတ်ကလူများ ယခုခေတ်လူများထက် များစွာ အရပ်မြင့်သည်ဟု ယူဆလျက်ရှိကြပါသည်၊ သို့သော် ယခု အနှစ် ၄၀၀၀-ကျော်က လူ၏ အရပ်မှာ ၅ပေ၄လက်မလောက်သာ ရှိသည်ကို ဆရာတော် တွေ့ရသည်၊ ဆရာတော်လောက်ပင် အရပ်မထွားပေ၊ ထိုကြောင့် ရှေးခေတ်လူများသည် ယခုခေတ်လူများနှင့် အရပ်အမောင်းအားဖြင့် များစွာ မကွာနိုင်ဟု မှတ်ချက်ချတော်မူသည်၊ နောက် ဇေ

တဝန် ကျောင်းတော်, နာဠန္ဒ ကျောင်းတော် စသည်တို့ကို တွေ့မြင်ရသောအခါ ထိုမှတ်ချက်မှာ ပိုမို၍ ခိုင်မြဲလာတော့သည်။

ကလကတ္တားမှ တဆင့် ဆရာတော်တို့အဖွဲ့သည် ဗုဒ္ဓဂယာသို့ ခရီးဆက်သည်၊ ဘုရားအဖြစ်သို့ ရောက်တော်မူရာအရပ်၌ တည်ထားသော ဗုဒ္ဓဂယာ မဟာဗောဓိစေတီ နေရဉ္ဇရာမြစ် သေနနိဂုံးတို့သို့ သွားရောက်ကြသည်၊ မြတ်စွာဘုရား ရွှေခွက်မျှောရာ မြစ်အဖြစ်ဖြင့် နေရဉ္ဇရာဖြစ်သည် စာပေ၌ကျော်ကြားလှသည်၊ စာတွေဖြင့် မျှော်မှန်း၍ လွမ်းရသောမြစ်ကြီးဖြစ်၏၊ ဇရာဝတီဖြစ်ကြီးလို ၁၂-ရာသီ ရေသွင်သွင် စီးနေသော မြစ်ကြီးဟု မှန်းဆရသည်၊ သို့သော် ဆရာတော်တို့ ရောက်သော ပြာသိုလတွင်မူကား ရေတစ်စက်မှမရှိ သဲသောင်ပြင်ကြီးသာ ဖြစ်နေတော့သည်၊ မိုးတွင်း၌သာ ရေရှိသော မြစ်ဖြစ်လေသည်။

## တစ်ယူဇနာ ရှစ်မိုင်

ဆရာတော်တို့ ဗုဒ္ဓဂယာမှ ရာဇဂြိုလ်သို့ သွားကြသည်၊ ခြေလျင်ခရီး မိုင်၄၀-ခန့် မျှသာဝေးသဖြင့် တစ်နာရီခွဲမျှဖြင့် ရာဇဂြိုလ်သို့ ရောက်တော်မူကြသည်၊ ဤတွင် ဆရာတော်သည် မိုင်နှင့်ယူဇနာတို့ကို ညှိနှိုင်းကြည့်တော်မူသည်၊ အဘိဓာနပ္ပဒီပိကာ ကျမ်း၌ လာသည့်အတိုင်း တွက်ပါက တစ်ယူဇနာလျှင် ၁၂-မိုင်ခွဲမျှ ရှိလေသည်၊ အချို့ကလည်း ၈-မိုင်လျှင်တစ်ယူဇနာဟု ဆိုကြသည်၊ တချို့ကလည်း တာတစ်ထောင်လျှင် တစ်ယူဇနာဟုဆိုကြပြန်သည်၊ ကျမ်းဂန်တို့၌ ယူဇနာတွေ့လျှင် မည်သည့်ယူဇနာဖြင့် တွက်ရမည်ကို မဆုံးဖြတ်နိုင်အောင် ရှိရသည်၊ ယခု သွားရင်းဟန်ယွဲ့ဆိုသလို ခရီးသွားရင်း အက္ခာအဝေးတို့ကို ကျမ်းဂန်အဆိုများနှင့် ညှိနှိုင်းကြည့်ရာ အဋ္ဌကထာ၌ ဂယာနှင့် ရာဇဂြိုလ် ၅-ယူဇနာ ဝေးသည်ဟု အဆိုရှိရာ အင်္ဂလိပ်မိုင် ၄၀-နှင့် တွက်သောအခါ တစ်ယူဇနာလျှင် ၈-မိုင်ဆိုသော စကားနှင့် ကိုက်ညီသည်ကို တွေ့တော်မူသည်၊ ဗောဓိပင်နှင့် ဂယာသည် ၃-ဂါဝုတ် ဝေးသည်ဟု အဋ္ဌကထာ၌ ဆို၏၊ တစ်ယူဇနာလျှင် ၄-ဂါဝုတ်ရှိသဖြင့် ယူဇနာ၏ ၅-ပုံ ၃-ပုံဝေးသည်၊ ယခုမိုင်အားဖြင့် ၆မိုင်သာသာ ဝေးသည်ဖြစ်ရာ တစ်ယူဇနာလျှင် ၈-မိုင်ဟုပင် ဖြစ်တော့သည်၊ ရာဇဂြိုလ်နှင့် နာဠန္ဒသည် တစ်ယူဇနာဝေးသည်ဟု အဋ္ဌကထာ၌ ဆို၏၊ ယင်းတို့ကား ယခု

မိုင်အားဖြင့် ၈-မိုင်ပင် ဝေးလေသည်၊ ထို့ကြောင့် မြို့ရွာ အကွာအဝေးတို့ကို ပြရာ အဋ္ဌကထာ၀သော စကားရပ်တို့၌ တစ်ယူဇနာ ၈-မိုင်ဟုသာ ယူသင့်ကြောင်း မဟာစည်ဆရာတော် မှတ်ချက်ချတော်မူသည်။

ရာဇဂြိုလ်မှတဖန် ဆရာတော်တို့သည် နာမည်ကျော် ရှေးဟောင်းဗုဒ္ဓသာသနာ တက္ကသိုလ်ကြီး ရှိရာ နာဠန္ဒာမြို့သို့ သွားရောက်တော်မူသည်၊ နာဠန္ဒာမြို့ကား မြတ်စွာဘုရား လက်ထက်တော်ကပင် ထင်ရှားသောမြို့ ဖြစ်သည်၊ ဤမြို့သည် မြတ်စွာဘုရားထံ ဝါဒပြိုင်ရန် လာခဲ့၍ မြတ်စွာဘုရားနှင့် တွေ့သောအခါ မြတ်စွာဘုရား၏ ဟပည့်သာဝက ဖြစ်သွားသော နဂိုက နိဂဏ္ဌ(ဂျိမ်း)တို့ကို ကိုးကွယ်ခဲ့သော ဥပါလိမည်သော ဒကာကြီးနေရာ မြို့လည်းဖြစ်၍ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူခါနီး နောက်ဆုံးကြွသော ခရီးစဉ်တွင် ပါဝင်သောမြို့လည်းဖြစ်၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အနှစ် ၇၀၀-ခန့်တွင် ပေါ်ပေါက်ထင်ရှားခဲ့သော ဗုဒ္ဓသာသနာ တက္ကသိုလ်ကျောင်းတော်ကြီးကြောင့်လည်း **ယနေ့** တိုင်ပင် ထင်ရှားသောမြို့ဖြစ်၏၊ ထို့ကြောင့် မဟာစည်ဆရာတော်လည်း ကြွရောက်တော်မူလေသည်။

ထိုမှတဖန် ဆရာတော်တို့သည် ဗာရာဏသီသို့ ကြွတော်မူကြသည်၊ ဗာရာဏသီ မြို့မှ တဆင့် တရားဦးဟောတော်မူရာ မိဂဒါဝုန်တောသို့ ကြွကြ၍ ထိုမှ ကုသိနာရုံသို့ကြွကြသည်၊ ကုသိနာရုံမှ အပြန် ဂေါရက်ပူမြို့တွင်း ရှိ အသင်းတိုက်တစ်ခု၌ မဟာစည်ဆရာတော်သည် ဝိပဿနာ တရားတော်ကို ဟောကြားတော်မူသည်၊ ဦးဘစန်းက အင်္ဂလိပ်လို ဘာသာပြန် ပြောသည်၊ ထိုမှတဖန် လုမ္ဗိနီ၊ ထိုမှ သာဝတ္ထိမြို့သို့ ကြွပြန်သည်၊ သာဝတ္ထိ၌ ဇေတဝန်ကျောင်းတော်စသည်ကို ကြည့်ရှုပြီးနောက် လက်ခနောင်း အဲဂရာတို့မှ တဆင့် နယူးဒေလီမြို့သို့ ကြွတော်မူသည်၊

## ဝန်ကြီးချုပ်နေရူးနှင့် တွေ့ခြင်း

နယူးဒေလီရောက်ပြီး နောက်တစ်နေ့တွင် ဇာတ်နိမ့် အိန္ဒိယလူမျိုး ဗုဒ္ဓသာသနာဝင်တို့အား ၈-ပါးသီလပေးပြီးနောက် နံနက် ၉-နာရီခွဲအချိန် နိုင်ငံခြားရေး ဌာနတွင် အိန္ဒိယ နိုင်ငံ ဝန်ကြီးချုပ် ရှရီနေရူးနှင့် တွေ့ဆုံ၍ စကားပြောတော်

**ဆရာတော်** ။ ။ ဆရာတော်က သဘောကျ၍ ကမ္ဘာကြီးတွင် လောဘ, ဒေါသ မောဟ တရားများသည် ခိုက်ရန်ဒေါသ ဖြစ်ခြင်း၏ မူလ အကြောင်းများဖြစ်သည်၊ သာသနာရေးအလုပ် အားလုံးသည် ဤတရားဆိုး အဝဇ္ဇမှုတွေကို ချေမှုန်းဖျက်ဆီးရန်ဖြစ်ပါသည်၊ ဝန်ကြီးချုပ်သည် သာသနာပြု လုပ်ငန်းကို အားပေးလိမ့်မည် ဟု တောင်းတမျှော်လင့်ပါသည် ဟု မိန့်ကြားတော်မူ၏။

**နေရှုး** ။ ။ (ဘုရားရှင် လက်ထက်တော်ကပင်) ဤကမ္ဘာကြီးတွင် လူသူ တော်ကောင်းနှင့် အမျိုးကောင်း သားသမီးဖြစ်ဖို့ရန် ကြိုးပမ်း အားထုတ်သူများနှင့် ရင်းပြင်တည့်တည့် ဆန့်ကျင်သော အယူ ဝါဒ ရှိသူများလည်း ရှိခဲ့ဖူးသည်မှာ အနှောင့်အယှက်ဒုက္ခပင် ဖြစ်ပါသည်၊ ဘုရား၏ တရားတော်များကို ကိုယ်တိုင်များစွာ လေးစားကြည်ညိုပါသည်၊ သို့ရာတွင် ဝန်ကြီးချုပ်အနေနှင့် သီးခြားအယူဝါဒတစ်ပါးကို မျက်နှာလိုက်၍ ဦးစားပေးမည် မဟုတ်ပါ၊ သို့သော် ဤနိုင်ငံတွင် ခံယူကိုးကွယ်နေကြသော ဟိန္ဒူ ,မူဆလင်, ခရစ်ယာန်, ဗုဒ္ဓသာသနာနှင့် အခြားဘာသာ အားလုံးတို့သည် လူတို့၏ ကောင်းကျိုးအတွက် ကြိုးစား ဆောင်ရွက် လုပ်ကိုင်နေကြသောကြောင့် ဘာသာတရားများ ကို အားပေးရပါလိမ့်မည်၊ တရားတော် ပြန့်ပွားရေးကိစ္စမှာ သာသနာပြု ပုဂ္ဂိုလ်များ အတွက်သော်လည်းကောင်း၊ သို့မဟုတ် ဆရာတော်ကဲ့သို့ ရဟန်းတော်များ အတွက်သော်လည်းကောင်း၊ ဖြစ်ပါသည်။

**ဆရာတော်** ။ ။ ဝန်ကြီးချုပ်ကို မေတ္တာပို့၍ ဝန်ကြီးချုပ်နှင့်တကွ တိုင်းပြည် အတွက် ချမ်းသာကြွယ်ဝစေကြောင်း ဆုတောင်းပါသည်ဟု နောက်ဆုံး အမိန့်ရှိလိုက်ပါသည်။

(မဟာစည် ထေရ်မြတ် အတ္ထုပ္ပတ္တိ-နှာ၊ ၂၄၇-၉ မှ)

**ဆရာတော်** ။ ။ ဆရာတော်က သဘောကျ၍ ကမ္ဘာကြီးတွင် လောဘ, ဒေါသ မောဟ တရားများသည် ခိုက်ရန်ဒေါသ ဖြစ်ခြင်း၏ မူလ အကြောင်းများဖြစ်သည်၊ သာသနာရေးအလုပ် အားလုံးသည် ဤတရားဆိုး အဓမ္မမှုတွေကို ချေမှုန်းဖျက်ဆီးရန်ဖြစ်ပါသည်၊ ဝန်ကြီးချုပ်သည် သာသနာပြု လုပ်ငန်းကို အားပေးလိမ့်မည် ဟု တောင်းတမျှော်လင့်ပါသည် ဟု မိန့်ကြားတော်မူ၏။

**နေရူး** ။ ။ (ဘုရားရှင် လက်ထက်တော်ကပင်) ဤကမ္ဘာကြီးတွင် လူသူတော်ကောင်းနှင့် အမျိုးကောင်း သားသမီးဖြစ်ဖို့ရန် ကြိုးပမ်းအားထုတ်သူများနှင့် ရင်းပြင်တည့်တည့် ဆန့်ကျင်သော အယူဝါဒ ရှိသူများလည်း ရှိခဲ့ဖူးသည်မှာ အနှောင့်အယှက်ဒုက္ခပင် ဖြစ်ပါသည်၊ ဘုရား၏ တရားတော်များကို ကိုယ်တိုင်များစွာ လေးစားကြည်ညိုပါသည်၊ သို့ရာတွင် ဝန်ကြီးချုပ်အနေနှင့် သီးခြားအယူဝါဒတစ်ပါးကို မျက်နှာလိုက်၍ ဦးစားပေးမည် မဟုတ်ပါ၊ သို့သော် ဤနိုင်ငံတွင် ခံယူကိုးကွယ်နေကြသော ဟိန္ဒူ,မူဆလင်, ခရစ်ယာန်, ဗုဒ္ဓသာသနာနှင့် အခြားဘာသာ အားလုံးတို့သည် လူတို့၏ ကောင်းကျိုးအတွက် ကြိုးစားဆောင်ရွက် လုပ်ကိုင်နေကြသောကြောင့် ဘာသာတရားများကို အားပေးရပါလိမ့်မည်၊ တရားတော် ပြန့်ပွားရေးကိစ္စမှာ သာသနာပြုပုဂ္ဂိုလ်များ အတွက်သော်လည်းကောင်း၊ သို့မဟုတ် ဆရာတော်ကဲ့သို့ရဟန်းတော်များ အတွက်သော်လည်းကောင်း၊ ဖြစ်ပါသည်၊

**ဆရာတော်** ။ ။ ဝန်ကြီးချုပ်ကို မေတ္တာပို့၍ ဝန်ကြီးချုပ်နှင့်တကွ တိုင်းပြည် အတွက် ချမ်းသာကြွယ်ဝစေကြောင်း ဆုတောင်းပါသည်ဟု နောက်ဆုံး အမိန့်ရှိလိုက်ပါသည်၊

(မဟာစည် ထေရ်မြတ် အတ္ထုပ္ပတ်-နှာ၊ ၂၃၇-၉ မှ)

ညနေပိုင်းတွင် ကမ္ဘာ့ဥာန်ဥာန ပြုလုပ်ရန်ဖြစ်သော အသောကဝိဟာရကျောင်းသို့ ကိုယ်ကိုင်ကြွရောက်ကြည့်ရှုတော်မူသည်၊ နောက်တစ်နေ့ နံနက်တွင် ခေတ်သစ်ကျောင်းမှပင်၍ ကြွရောက်၍ ကျောင်းသား ကျောင်းသူတို့အား မေတ္တာတရားနှင့် ကိုယ်ချင်းစာ တရားကို ဟောကြားတော်မူသည်၊ ထိုနေ့ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ သမ္မတကြီး ဒေါက်တာရာဂျေန္ဒြာပရာဆဒ် (ရေဇေန္ဒြပြသာဒ)နှင့် ကြွရောက်တွေ့ဆုံ၍ ညနေ ၅-နာရီခွဲ အချိန်တွင် မြန်မာသံရုံး၌ ဝိပဿနာ တရားကို ဟောကြားတော်မူသည်၊ နောက်နေ့တွင် ဒုတိယ သမ္မတကြီးက ပင်ပြန်သဖြင့် ကြွရောက်၍ စကားပြောတော်မူရသည်၊

ဒုတိယ သမ္မတကြီးကား အိန္ဒိယ အဘိဓမ္မာကို အနောက်တိုင်းသို့ ပြန့်နှံ့အောင် လုပ်ရေးတွင် အရေးပါသောအခန်းမှ ဆောင်ရွက်ခဲ့သော ဒေါက်တာ-ဆရဝေ ပလ္လိရာဓကရိသျှဏန် မည်သော ပညာရှိကြီးဖြစ်လေသည်၊ အိန္ဒိယဒဿနခေါ် ၂-တွဲရှိ ကျမ်းကြီးနှင့်တကွ အခြားများစွာသော ဒဿနဆိုင်ရာ ကျမ်းများကို ရေးခဲ့သည့်ပြင် "ဂေါတမဗုဒ္ဓ" ဓမ္မပဒပါဠိတော် အင်္ဂလိပ် မြန်မာပြန်ကျမ်းတို့ကိုပါ ရေးသားခဲ့သော ပုဂ္ဂိုလ်ကြီးပင်ဖြစ်သည်၊ ပါဠိပိဋကတ် ကိုလည်းအတော်လေ့လာထားသူဖြစ်သည်၊ သို့သော် ထိုပညာရှိကြီးမှာ ဟိန္ဒူအစွဲကြီးသူပီပီ ဗုဒ္ဓဝါဒဟူသည်မှာ ဥပနိသျှဒ်ကျမ်းတို့လာ အတွေးအခေါ်တို့ကို အသစ်ဖြစ်သော အလေးပေးမှုဖြင့် ထပ်မံပြုဆိုထားချက်သာဖြစ်သည်၊ ဝါ-ဗုဒ္ဓဝါဒဆိုသည်မှာ အသစ်အဆန်းမဟုတ် ဥပနိသျှဒ်ကျမ်းလာ အယူအဆတို့ကိုပင် တစ်မျိုးတစ်ဖုံတင်ပြထားသော ဝါဒသာဟု စွဲမြဲယုံကြည်၍ ယုံကြည်သည့် အတိုင်းလည်း ရေးသားခဲ့သောပုဂ္ဂိုလ်ကြီး ဖြစ်လေသည်၊ ဤသို့ရေးသားမှုကြောင့်ပင် ရာဟုလာသံကိစ္စည်း၏ ချက်ပိုင်ပိုင်ထိုးနက်ချက်ကိုလည်း ခံရသူဖြစ်လေသည်၊( ရာဟုလာသံကိစ္စည်း၏ ဗုဒ္ဓအမြင်ကျမ်းမှာ ကြည့်ပါ) သို့သော် ထိုပုဂ္ဂိုလ်ကြီးမှာ ပါးနပ်ပေသည်၊ မဟာစည်ဆရာတော်ကိုပင့်၍ စကားပြောသောအခါ ပါဠိ ပိဋကတ်မှ အချို့သော ပါဠိတို့ကို နှစ်ဦးနှစ်ဝ သဘောတူနိုင်မည့် စကားများကိုသာ ပြောလေသည်၊ တရားဆွေးနွေးမှုကိုကား မပြုပေ၊ မဟာစည်ဆရာတော်သည် ဗုဒ္ဓသာသနာ့ဝါ ပေဒ္ဓ ကျမ်းကျင်သူဖြစ်ကြောင်း သိထားဟန်တူသည်၊ အကယ်၍ ဥပနိသျှဒ်နှင့် ဗုဒ္ဓဝါဒကိုစပ်၍ ပြောမိလျှင် မဟာစည်ဆရာတော် အထံမှ မိမိမကြားလိုသော

ပြန်ပွားရေးအသင်းက ဤဌာနချုပ်ကို တည်ထောင်ခဲ့ခြင်းဖြစ်ပေသည်။ ယခု ဆရာတော်များ ကြွလာတော်မူကြခြင်းမှာ ဤဌာနချုပ်ဖွင့်ပွဲ ကျင်းပရန်နှင့် သာသနာဆက်လက် ပြုရန်အတွက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ၃-ပါး ထားခဲ့ရန်ဖြစ်လေသည်။

မဟာစည်ဆရာတော်နှင့် အတူ ဆရာတော် အရှင်သုဇာတ ဘာဝနာဌာနချုပ်သို့ ရောက်သည်ဆိုလျှင်ပင် ယောဂီဟောင်း ဒကာ-ဒကာမများ တဖြည်းဖြည်းရောက်လာကြသည်။ အားလုံး တစ်ရာကျော် နှစ်ရာခန့်ရှိသည်။ ထိုပရိသတ် ငြိမ်သက်စွာနေသည်ကို မြင်သောအခါ မဟာစည်ဆရာတော်သည် တရားဟောချင်စိတ်ဖြစ်လာသည်။ ထိုစိတ်ဖြစ်နေစဉ်မှာပင် မြန်မာလိုတတ်သော ရဟန်းတစ်ပါး ရောက်လာသဖြင့် ထိုရဟန်းကိုပင် ဘာသာပြန်စေပြီး ၁-နာရီကျော်မျှတရား ဟောတော်မူသည်။ နောက်တစ်နေ့တွင် နိစ်ံက ဒကာမကြီး အိမ်သို့ ကြွ၍ ကျမ်းစာ အမျိုးမျိုးကို ကြည့်ရှုတော်မူလေသည်။

ပြာသိုလဆုတ် ၉-ရက် တနင်္ဂနွေနေ့တွင် ဘာဝနာဌာနချုပ် ဖွင့်လှစ်ပွဲကို ကျင်းပကြသည်။ ဂိုဏ်းပေါင်းစုံမှ ဆရာတော်များ အသီးသီး မိန့်ခွန်းပြောကြသည်။ ထို့နောက် ကမ္ဘာ့ဗုဒ္ဓသာသနာအသင်းဥက္ကဋ္ဌ တရားဝန်ကြီး ဦးချန်ထွန်း၊ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ-ဗန္ဒရာ နာယကတို့ ပြောကြသည်။ ထို့နောက်မှ မဟာစည် ဆရာတော်က ပါဠိဘာသာဖြင့် မိန့်ခွန်း မြွက်ကြား၍ အရှင်သုဇာတ ဆရာတော်က စကားအနည်းငယ် ပြောကြားပြီး ဖွင့်ပွဲကို ရုပ်သိမ်းလိုက်ကြသည်။

ဘာဝနာဌာနချုပ် ဖွင့်လှစ်လိုက်သော်လည်း ယောဂီများကို လက်ခံ၍ တရားပြနိုင်လောက်အောင် အသင့်မရှိသေးသဖြင့် ထိုဌာန၌ နေ့ယောဂီများကိုသာ လက်ခံနိုင်ခဲ့သည်။ ယင်း ဘာဝနာဌာနချုပ်ဖွင့်ပွဲ ပြီးသည့်နောက်တွင် မဟာစည်ဆရာတော်၏ လုပ်ငန်းမှာ ဘုရားဖူးကြွခြင်းနှင့် ထိုထို အရပ်ရပ်ရှိ ကမ္မဋ္ဌာန်းဌာနတို့၌ တရားဟောရခြင်းပင် ဖြစ်လေသည်။ ဖွင့်ပွဲပြီးသည့်နောက် ပြာသိုလဆုတ် ၁၂-ရက်နေ့မှစ၍ပင် ထိုမက်ကာသီဌာန၌ ဝိပဿနာနှင့် သတိပဋ္ဌာန်တရားတို့ကို ဟောတော်မူသည်။ အင်္ဂလိယ ဧထနဆရာကြီးပင် သီရိလင်္ကာလို ပြန်သည်။ တရားဟောချိန်မှာ

ဘုံဘေမှတဖန် ဆရာတော်တို့အဖွဲ့သည် မဒရပ်မြို့သို့ ကြွတော်မူ၍ မဒရပ်၌ ၃-ရက်ခန့် အနားယူသည်၊ ထိုသို့ အနားယူနေသည့်အခိုက် ဆရာတော်တို့သည် မဒရပ်မှ ၄၅-မိုင်ဝေးသော အဋ္ဌကထာဆရာ အရှင်ဗုဒ္ဓဃောသ, အရှင်ဓမ္မပါလ, သင်္ဂြိုလ်ဆရာ အရှင်အနုရုဒ္ဓါတို့ သီတင်းသုံးသွားဖူးသော ကဉ္စိပူရမြို့သို့ သွားရောက်လည်ပတ် ကြည့်ရှုတော်မူသည်၊ အဋ္ဌကထာ ဆရာစသည်တို့ သီတင်းသုံးသွားဖူးသည် ဆိုသဖြင့် ရှေးက အလွန်စည်ကား ကြီးကျယ်သော ဗုဒ္ဓသာသနာဌာနကြီး ဖြစ်ခဲ့သော်လည်း ယခုအခါမှာမူ ဗုဒ္ဓသာသနာဆိုင်ရာဟူ၍ မရှိတော့ချေ၊ ဟိန္ဒူ သို့မဟုတ် ဘုရားကျောင်းကြီးများသာ ခမ်းနားစွာ တည်ရှိကြသည်ကို ဝမ်းနည်းဖွယ်ရာ ဆရာတော်တို့ တွေ့မြင်၍ သံဝေဂယူရတော့သည်၊ မဒရပ်၌ ၃-ရက်မျှအနားယူပြီးနောက် ဆရာတော်တို့ အဖွဲ့သည် သီရိလင်္ကာကျွန်းသို့ လေယာဉ်ဖြင့် ထွက်ခွာ ခဲ့လေသည်၊

ဆရာတော်တို့သည် အိန္ဒိယခရီးစဉ် တစ်လျှောက်၌ ဘုရားဖူးခြင်း, တရားဟောခြင်း, ဒေသန္တရဗဟုသုတ ဆည်းပူးခြင်းစသော စိတ်ချမ်းသာဖွယ်ရာများကို ပြုလုပ်ခဲ့ကြသလို ဇာတ်မြင့်ဟိန္ဒူတို့၏ နှောင့်ယှက်မှုကိုလည်း ကြုံခဲ့ကြရသည်၊ ၎င်းတို့၏ နှောင့်ယှက်မှုများမှာ ထိရောက်သည်ကားမဟုတ်၊ သို့သော် ခရီးသွားရာတွင် ကြိုတင်စီစဉ်ထားချက်များ ပျက်ကုန်သဖြင့် ကသီကအောက်ကား ဖြစ် ခဲ့ရသည်၊ ယင်းသို့ အနှောင့်အယှက်ခံရခြင်း၏ အကြောင်းမှာ ဗုဒ္ဓသာသနာဝင် ဇာတ်နိမ့် အိန္ဒိယအမျိုးသားတို့နှင့် ဆက်သွယ်ခြင်းပင် ဖြစ်လေသည်၊

အိန္ဒိယနိုင်ငံတွင် အလွန်စက်ဆုပ်ဖွယ်ကောင်းသော လူလူချင်း ဇာတ်ခွဲခြားမှုကြီး ရှိခဲ့သည်၊ ဗြဟ္မဏ ဆိုသူတို့က သူတို့သာ လူတို့တွင် အမြတ်ဆုံးဖြစ်သည်၊ အခြားသူများမှာ အယုတ် အညံ့များသာ ဖြစ်သည်၊ ဗြာဟ္မဏ, ခတ္တိယ, ဝေဿ, သုဒ္ဒဟု အမြင့် အနိမ့်အစဉ်အတိုင်း ဇာတ်(၄)မျိုးဟု သူတို့က ခွဲခြားထားကြသည်၊ ထိုတွင် အညံ့ဆုံးဖြစ်သောသူ သုဒ္ဒဇာတ်ဝင်တို့၏ အခြေအနေကား ဆိုးဝါးလှတော့သည်၊ အခြားဇာတ်တို့က သူကိုကို ဆေးဖော်ကြောဖက် မလုပ်ကြ၊ အလုပ်အကိုင်တွင်လည်း ယုတ်ညံ့သော အလုပ်မျိုးကိုသာ သူတို့လုပ်ကြရသည်၊ ဟိန္ဒူဘာသာဝင် ဖြစ်သော်လည်း ဝေဒကျမ်း(ဘုရားစာ)တို့ကို နားမထောင်ရ စသည်ဖြင့်

ကန့်သတ်ချက် များစွာရှိ၏၊ ၎င်းသုဒ္ဒတို့အောက်တွင် လူချင်းမထိရသော အနိမ့်ကျဆုံး အဆင့်တစ်ခု ရှိပြန်သည်၊ ၎င်းတို့၏ ကိုယ်နှင့် အခြားပြာဟ္မဏစသော သူတို့ ထိမိလျှင် သနသွားသည်၊ လမ်းသွားရင်း ထိမိလျှင် ရှေ့ဆက်မသွားရဘဲ အိမ်ပြန်၍ ရေချိုးရသည်ဟူ၏၊ အချုပ် ဆိုရလျှင် မထိရသော အမျိုးတို့သည် လူဖြစ်ပါလျက် လူ့အခွင့်အရေး ဆုံးနေသူ များတည်း၊ ဇာတ်မြင့်များသုံးသော ရေတွင်းမှရေကို သူတို့ မခပ် မယူရ၊ တိုတွင်းမှ ရေလိုလျှင် ရေတွင်းမှာ သွားစောင့်နေရသည်၊ ဇာတ်မြင့်သူ တစ်စုံတစ်ယောက် ရေတွင်းသို့ဖြစ်စေ, ရေတွင်းနားသို့ ဖြစ်စေ လာမှ တောင်းပန် တိုးလျှိုး၍ တွင်းမှ ရေခပ်ပြီး သူတို့ အိုးခွက်ထဲ ထည့်ပေးရန် အသနားခံကြရသည်၊

ကြင်နာတတ်သော ဇာတ်မြင့်နှင့်တွေ့လျှင် ထည့်ပေးသွားသည်၊ အသနားမဲ့သူနှင့် တွေ့လျှင် ရေခပ်မပေးသည့်အပြင် သူတို့ကိုပင် ဆဲဆိုသွားသေးသည်၊ ဤမျှ နှိမ်ထားသည်၊ ဤအဖြစ်ကို အိန္ဒိယခေါင်းဆောင်ကြီး ဂန္ဒီ မနှစ်သက်ခဲ့၊ ဝန်ကြီးချုပ် နေရူးစသော အမြင်ကျယ်သော ပုဂ္ဂိုလ်များလည်း သဘောမကျခဲ့၊ ထို့ကြောင့် လွတ်လပ်ရေး မရမီကပင် ဇာတ်ဝါဒ ကွယ်ပျောက်ရေးကို ကြိုးစားခဲ့ကြသည်၊ လွတ်လပ်ရေး ရပြီးသည့်နောက်တွင်ကား ဇာတ်ခြားမှုကို ထိထိ ရောက်ရောက် ဥပဒေဖြင့် နှိမ်ခဲ့သည်၊ သို့သော် နှစ်ပေါင်း ထောင်နှင့်ချီ၍ လာသော အစွဲဖြစ်၍ လွယ်လွယ်ကူကူနှင့်ကား ပျောက်မည် မဟုတ်ပေ၊

ဤဇာတ်မြင့် ဇာတ်နိမ့် ခွဲခြားမှုကို အပြင်းအထန် ဖိုက်ခိုက်ခဲ့သူကား သူကိုယ်တိုင် မထိကောင်း ဇာတ်နိမ့်မျိုးဖြစ်သူ ဒေါက်တာ အမ်ဘတ်ဒ်တာ ဆိုသူပင် ဖြစ်လေသည်၊ အမ်ဘတ်ဒ်တာသည် အိန္ဒိယ၌ အခြေခံ ပညာကို ကြိုးစားသင်ကြားပြီးနောက် အမေရိကန်, အင်္ဂလန်တို့သို့ သွား၍ ဒေါက်တာဘွဲ့ ဝတ်လုံဘွဲ့ရသည်အထိ ထူးချွန်အောင် ကြိုးစားခဲ့သည်၊ ထို့နောက် အိန္ဒိယသို့ ပြန်၍ မိမိနှင့်ဘဝတူ ဇာတ်နိမ့်တို့ကို ပညာရေးဖြင့် မြှင့်တင်ခဲ့သည်၊ နောင်အိန္ဒိယနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် တရားရေးဝန်ကြီးဖြစ်လာ၍ အိန္ဒိယနိုင်ငံ၏ အခြေခံ ဥပဒေကို ရေးဆွဲရသည်၊ ယင်းအခြေခံဥပဒေတွင် ပုဒ်မ ၁၁-အဖြစ်ဟု ထည့်သွင်းရေးသား တင်သွင်းခဲ့ရာ ဥပဒေပြုလွှတ်တော်က ကောင်းချီးသြဘာပေး၍ တညီတညွတ်တည်း လက်ခံ အတည်ပြုခဲ့သည်၊

ကန့်သတ်ချက် များစွာရှိ၏၊ ၎င်းသုဒ္ဒတို့အောက်တွင် လူချင်းမထိရသော အနိမ့်ကျဆုံး အဆင့်တစ်ခု ရှိပြန်သည်၊ ၎င်းတို့၏ ကိုယ်နှင့် အခြားပြာဟ္မဏစသော သူတို့ ထိမိလျှင် သနသွားသည်၊ လမ်းသွားရင်း ထိမိလျှင် ရှေ့ဆက်မသွားရဘဲ အိမ်ပြန်၍ ရေချိုးရသည်ဟူ၏၊ အချုပ် ဆိုရလျှင် မထိရသော အမျိုးတို့သည် လူဖြစ်ပါလျက် လူ့အခွင့်အရေး ဆုံးနေသူ များတည်း၊ ဇာတ်မြင့်များသုံးသော ရေတွင်းမှရေကို သူတို့ မခပ် မယူရ၊ ထိုတွင်းမှ ရေလိုလျှင် ရေတွင်းမှာ သွားစောင့်နေရသည်၊ ဇာတ်မြင့်သူ တစ်စုံတစ်ယောက် ရေတွင်းသို့ဖြစ်စေ, ရေတွင်းနားသို့ ဖြစ်စေ လာမှ တောင်းပန် တိုးလျှိုး၍ တွင်းမှ ရေခပ်ပြီး သူတို့ အိုးခွက်ထဲ ထည့်ပေးရန် အသနားခံကြရသည်၊

ကြင်နာတတ်သော ဇာတ်မြင့်နှင့်တွေ့လျှင် ထည့်ပေးသွားသည်၊ အသနားမဲ့သူနှင့် တွေ့လျှင် ရေခပ်မပေးသည့်အပြင် သူတို့ကိုပင် ဆဲဆိုသွားသေးသည်၊ ဤမျှ နိမ့်ထားသည်၊ ဤအဖြစ်ကို အိန္ဒိယခေါင်းဆောင်ကြီး ဂန္ဒီ မနှစ်သက်ခဲ့၊ ဝန်ကြီးချုပ် နေရူးစသော အမြင်ကျယ်သော ပုဂ္ဂိုလ်များလည်း သဘောမကျခဲ့၊ ထို့ကြောင့် လွတ်လပ်ရေး မရမီကပင် ဇာတ်ဝါဒ ကွယ်ပျောက်ရေးကို ကြိုးစားခဲ့ကြသည်၊ လွတ်လပ်ရေး ရပြီးသည့်နောက်တွင်ကား ဇာတ်ခြားမှုကို ထိထိ ရောက်ရောက် ဥပဒေဖြင့် နှိမ်ခဲ့သည်၊ သို့သော် နှစ်ပေါင်း ထောင်နှင့်ချီ၍ လာသော အစွဲဖြစ်၍ လွယ်လွယ်ကူကူနှင့်ကား ပျောက်မည် မဟုတ်ပေ၊

ဤဇာတ်မြင့် ဇာတ်နိမ့် ခွဲခြားမှုကို အပြင်းအထန် ဖိုက်ခိုက်ခဲ့သူကား သူကိုယ်တိုင် မထိကောင်း ဇာတ်နိမ့်မျိုးဖြစ်သူ ဒေါက်တာ အမ်ဘတ်ဒ်တာ ဆိုသူပင် ဖြစ်လေသည်၊ အမ်ဘတ်ဒ်တာသည် အိန္ဒိယ၌ အခြေခံ ပညာကို ကြိုးစားသင်ကြားပြီးနောက် အမေရိကန်, အင်္ဂလန်တို့သို့ သွား၍ ဒေါက်တာဘွဲ့ ဝတ်လုံဘွဲ့ရသည် အထိ ထူးချွန်အောင် ကြိုးစားခဲ့သည်၊ ထို့နောက် အိန္ဒိယသို့ ပြန်၍ မိမိနှင့်ဘဝတူ ဇာတ်နိမ့်တို့ကို ပညာရေးဖြင့် မြှင့်တင်ခဲ့သည်၊ နောင်အိန္ဒိယနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် တရားရေးဝန်ကြီးဖြစ်လာ၍ အိန္ဒိယနိုင်ငံ၏ အခြေခံ ဥပဒေကို ရေးဆွဲရသည်၊ ယင်းအခြေခံဥပဒေတွင် ပုဒ်မ ၁၁-အဖြစ်ဟု ထည့်သွင်းရေးသား တင်သွင်းခဲ့ရာ ဥပဒေပြုလွှတ်တော်က ကောင်းချီးဩဘာပေး၍ တညီတညွတ်တည်း လက်ခံ အတည်ပြုခဲ့သည်၊

ပရိသတ်ကြီးကား လက်ခုပ် တဖြောင်းဖြောင်းတီးကာ ကောင်းချီး ဩဘာ ပေးကြလေသည်။

ထိုအချို့သော အယူသီး ဇာတ်မြင့်တို့သည် မဟာစည် ဆရာတော်အဖွဲ့ ကြိုဆိုရေး ဇာတ်နိမ့် ဗုဒ္ဓသာသနာဝင် တို့အား ဤနည်းမျှဖြင့်ပင် ကသိကအောက် ဖြစ်လျှင်လည်း ဖြစ်စေတော့ သဘောမျိုးဖြင့် တတ်နိုင်သမျှ ဒုက္ခပေးလိုက်ခြင်း ဖြစ်ပေသည်။ သူတို့ လုပ်ပိုင်ခွင့်အတွင်း ကျရောက်နေသဖြင့် ခံရသူများမှာ မည်သို့မျှ မတတ်နိုင်ပေ၊ "လူမိုက်တို့ပေတကား" ဟု သံဝေဂယူကာ သည်းခံကြ သည်သာ ဖြစ်ပေသည်။ ဤကဲ့သို့ နှောင့်ယှက်ရသဖြင့် သူတို့သည် အနည်းအကျဉ်း ဝမ်းသာအားရ ဖြစ်ကြမည်ကား မှန်ပါ၏၊ သို့သော် ဤသို့ နှောင့်ယှက်လိုက်သဖြင့် ဇာတ်နိမ့် ပုဂ္ဂိုလ်တို့၏ သူတို့အပေါ်သာ၍ပင် မေတ္တာပျက်သွားကြသည့်အဖြစ်ကား တခဏမျှဝမ်းသာမှုနှင့် မကာမိပါပေ၊ ရေရှည်တွင်များစွာအကျိုးမဲ့ဖြစ်စေနိုင်သော အပြုအမူမျိုးပေတကား။ သဘာဝ မကျ တရားမျှတမှု မရှိသည့် ဇာတ်ခွဲခြားမှု ဝါဒဆိုးကြီး အိန္ဒိယနိုင်ငံတွင် လုံးဝကွယ်ပျောက်ပါစေသတည်း။

### သီရိလင်္ကာခရီး

နောက်က ဖော်ပြပြီးသည့်အတိုင်း မဟာစည် ဆရာတော်သည် သီရိလင်္ကာ သို့ ကြွရန်ဟူသော ပဓာနဦးတည်ချက်ဖြင့် နိုင်ငံခြားသို့ ထွက်တော်မူခဲ့ခြင်း ဖြစ်သည်၊ အိန္ဒိယခရီးမှာ လမ်းကြုံသဖြင့် သွားယင်းဟန်လွှဲမျှသာ ဖြစ်လေသည်၊ ထို့ကြောင့်ပင် ၁၃၂၃-ခု၊ ပြာသိုလဆုတ် ၆-ရက်နေ့တွင် မဒရပ်မှ သီရိလင်္ကာသို့ လေယာဉ်ဖြင့် ထွက်ခွာတော်မူခဲ့လေသည်၊ ထိုနေ့ည ၇-နာရီခန့်တွင် ကိုလံဘိုလေဆိပ်သို့ ရောက်၍ မက်ကာသိဌာနသို့ ၇-နာရီခွဲခန့်တွင် ရောက်တော်မူလေသည်၊

မက်ကာသိဌာနကား မဟာစည်ကမ္မဋ္ဌာန်း ဗဟိုဌာနအဖြစ် ဆည်ဆောက်ထားသော ဌာနဖြစ်သည်၊ သီရိလင်္ကာလို ဘာဝနာမဓျဆထာနဟု ခေါ်သည်၊ ပါဠိလို ဘာဝနာ မဇ္ဈဌာနပင် ဖြစ်၏၊ ဆရာတော် အရှင်သုဇာတတို့ ပဌမအကြိမ် သာသနာပြုကြွစဉ်က ဌာနချုပ်မရှိသဖြင့် အကျွန်ကျယ်ပြန့်အောင် သာသနာမပြုနိုင်ခဲ့ကြပေ၊ ထို့ကြောင့် ဆရာတော်များ ကျယ်ပြန့်စွာ သာသနာပြုနိုင်ရန် လံကာဝိပဿနာ

ပြန်ပွားရေးအသင်းက ဤဌာနချုပ်ကို တည်ထောင်ခဲ့ခြင်းဖြစ်ပေသည်။ ယခု ဆရာတော်များ ကြွလာတော်မူကြခြင်းမှာ ဤဌာနချုပ်ဖွင့်ပွဲ ကျင်းပရန်နှင့် သာသနာ ဆက်လက် ပြုရန်အတွက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ၃-ပါး ထားခဲ့ရန်ဖြစ်လေသည်။

မဟာစည်ဆရာတော်နှင့် အတူ ဆရာတော် အရှင်သုဇာတ ဘာဝနာဌာနချုပ်သို့ ရောက်သည်ဆိုလျှင်ပင် ယောဂီဟောင်း ဒကာ-ဒကာမများ တဖြည်းဖြည်း ရောက်လာကြသည်။ အားလုံး တစ်ရာကျော် နှစ်ရာခန့်ရှိသည်။ ထိုပရိသတ် ငြိမ်သက်စွာနေသည်ကို မြင်သောအခါ မဟာစည်ဆရာတော်သည် တရားဟောချင်စိတ် ဖြစ်လာသည်။ ထိုစိတ်ဖြစ်နေစဉ်မှာပင် မြန်မာလိုတတ်သော ရဟန်းတစ်ပါး ရောက်လာသဖြင့် ထိုရဟန်းကိုပင် ဘာသာပြန်စေပြီး ၁-နာရီကျော်မျှ တရား ဟောတော်မူသည်။ နောက်တစ်နေ့တွင် နိစံက ဒကာမကြီး အိမ်သို့ ကြွ၍ ကျမ်းစာ အမျိုးမျိုးကို ကြည့်ရှုတော်မူလေသည်။

ပြာသိုလဆုတ် ၉-ရက် တနင်္ဂနွေနေ့တွင် ဘာဝနာဌာနချုပ် ဖွင့်လှစ်ပွဲကို ကျင်းပကြသည်။ ဂိုဏ်းပေါင်းစုံမှ ဆရာတော်များ အသီးသီး မိန့်ခွန်းပြောကြသည်။ ထို့နောက် ကမ္ဘာ့ဗုဒ္ဓသာသနာအသင်းဥက္ကဋ္ဌ တရားဝန်ကြီး ဦးချန်ထွန်း၊ သီရိလင်္ကာ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ-ဗန္ဓရာ နာယကတို့ ပြောကြသည်။ ထို့နောက်မှ မဟာစည် ဆရာတော်က ပါဠိဘာသာဖြင့် မိန့်ခွန်း မြွက်ကြား၍ အရှင်သုဇာတ ဆရာတော်က စကားအနည်းငယ် ပြောကြားပြီး ဖွင့်ပွဲကို ရုပ်သိမ်းလိုက်ကြသည်။

ဘာဝနာဌာနချုပ် ဖွင့်လှစ်လိုက်သော်လည်း ယောဂီများကို လက်ခံ၍ တရားပြနိုင်လောက်အောင် အသင့်မရှိသေးသဖြင့် ထိုဌာန၌ နေ့ယောဂီများကိုသာ လက်ခံနိုင်ခဲ့သည်။ ယင်း ဘာဝနာဌာနချုပ်ဖွင့်ပွဲ ပြီးသည့်နောက်တွင် မဟာစည် ဆရာတော်၏ လုပ်ငန်းမှာ ဘုရားဖူးကြွခြင်းနှင့် ထိုထို အရပ်ရပ်ရှိ ကမ္မဋ္ဌာန်းဌာနတို့၌ တရားဟောရခြင်းပင် ဖြစ်လေသည်။ ဖွင့်ပွဲပြီးသည့်နောက် ပြာသိုလဆုတ် ၁၂-ရက် နေ့မှစ၍ပင် ထိုမက်ကာသီဌာန၌ ဝိပဿနာနှင့် သတိပဋ္ဌာန်တရားတို့ကို ဟောတော်မူသည်။ အင်္ဂလိပ် ဓမ္မဒူတ ကျန ရှောင်ပြီးပင် သီရိလင်္ကာလို ပြန်သည်။ တရားဟောချိန်မှာ

ညနေပိုင်းတွင် ကမ္ဘာ့ဌာန်းဌာန ပြုလုပ်ရန်ဖြစ်သော အသောကဝိဟာရ ကျောင်းသို့ ကိုယ်တိုင်ကြွရောက်ကြည့်ရှုတော်မူသည်၊ နောက်တစ်နေ့ နံနက်တွင် ခေတ်သစ်ကျောင်းမှုပင်၍ ကြွရောက်၍ ကျောင်းသား ကျောင်းသူတို့အား မေတ္တာတရားနှင့် ကိုယ်ချင်းစာ တရားကို ဟောကြားတော်မူသည်၊ ထိုနေ့ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ သမ္မတကြီး ဒေါက်တာရာဂျေန္ဒြာပရာဆဒ် (ရေဇေန္ဒြပြသာဒ)နှင့် ကြွရောက်တွေ့ဆုံ၍ ညနေ ၅-နာရီခွဲ အချိန်တွင် မြန်မာသံရုံး၌ ဝိပဿနာ တရားကို ဟောကြားတော်မူသည်၊ နောက်နေ့တွင် ဒုတိယ သမ္မတကြီးက ပင့်ပြန်သဖြင့် ကြွရောက်၍ စကားပြောတော်မူရသည်၊

ဒုတိယ သမ္မတကြီးကား အိန္ဒိယ အဘိဓမ္မာကို အနောက်တိုင်းသို့ ပြန့်နှံ့အောင် လုပ်ရေးတွင် အရေးပါသောအခန်းမှ ဆောင်ရွက်ခဲ့သော ဒေါက်တာ-**ဆာရဓေ** ပလ္လိရာဓကရိသျှဏန် မည်သော ပညာရှိကြီးဖြစ်လေသည်၊ အိန္ဒိယဒဿ**နံခေါ်** ၂-တွဲရှိ ကျမ်းကြီးနှင့်တကွ အခြားများစွာသော ဒဿနဆိုင်ရာ ကျမ်းများကို ရေးခဲ့သည့်ပြင် "ဂေါတမဗုဒ္ဓ" ဓမ္မပဒပါဠိတော် အင်္ဂလိပ် မြန်မာပြန်ကျမ်းတို့ကိုပါ ရေးသားခဲ့သော ပုဂ္ဂိုလ်ကြီးပင်ဖြစ်သည်၊ ပါဠိပိဋကတ် ကိုလည်း **အတော်**လေ့လာထားသူဖြစ်သည်၊ သို့သော် ထိုပညာရှိကြီးမှာ ဟိန္ဒူအစွဲကြီးသူပီပီ ဗုဒ္ဓဝါဒဟူသည်မှာ ဥပနိသျှဒ်ကျမ်းတို့လာ အတွေးအခေါ်တို့ကို အသစ်ဖြစ်သော အလေးပေးမှုဖြင့် ထပ်မံပြဆိုထားချက်သာဖြစ်သည်၊ ဝါ-ဗုဒ္ဓဝါဒဆိုသည်မှာ အသစ်အဆန်းမဟုတ် ဥပနိသျှဒ်ကျမ်းလာ အယူအဆတို့ကိုပင် တစ်မျိုးတစ်ဖုံတင်ပြထားသော ဝါဒသာဟု စွဲမြဲယုံကြည်၍ ယုံကြည်သည့် အတိုင်းလည်း ရေးသားခဲ့သောပုဂ္ဂိုလ်ကြီး ဖြစ်လေသည်၊ ဤသို့ရေးသားမှုကြောင့်ပင် ရာဟုလာ **သံကိစ္စည်း၏** ချက်ပိုင်ပိုင်ထိုးနက်ချက်ကိုလည်း ခံရသူဖြစ်လေသည်၊ ( ရာဟုလာ သံကိစ္စည်း၏ ဗုဒ္ဓအမြင်ကျမ်းမှာ ကြည့်ပါ) သို့သော် ထိုပုဂ္ဂိုလ်ကြီးမှာ ပါးနပ်ပေသည်၊ မဟာစည်ဆရာတော်ကိုပင့်၍ စကားပြောသောအခါ ပါဠိ ပိဋကတ်မှ အချို့သော ပါဠိတို့ကို နှစ်ဦးနှစ်ဝ သဘောတူနိုင်မည့် စကားများကိုသာ ပြောလေသည်၊ တရားဆွေးနွေးမှုကိုကား မပြုပေ၊ မဟာစည်ဆရာတော်သည် ဗုဒ္ဓသာသနာစာပေ၌ ကျွမ်းကျင်သူဖြစ်ကြောင်း သိထားဟန်တူသည်၊ အကယ်၍ ဥပနိသျှဒ်နှင့် ဗုဒ္ဓဝါဒကိုစပ်၍ ပြောမိလျှင် မဟာစည်ဆရာတော် အထံမှ မိမိမကြားလိုသော

ဝိနည်း အဋ္ဌကထာ၏ အဖွင့် သာရတ္ထဒီပနီ ဋီကာစသော ကျမ်းများကို ရေးသား ခဲ့သော အရှင်သာရိပုတ္တရာ, ထိုအရှင်၏ တပည့်တစ်ဦးဖြစ်သော ဋီကာကျော်ကျမ်း ပြုဆရာ အရှင်သုမင်္ဂလသာမိ, အခြားတပည့်တစ်ဦးဖြစ်သော ဆန်း, အလင်္ကာ, သမ္ဗန္ဓစိန္တာ, ခုဒ္ဒသိက္ခာ ဋီကာသစ် စသော ကျမ်းတို့ကို ပြုခဲ့သော အရှင်သံဃ ရက္ခိတ, အခြားတပည့် တစ်ဦးဖြစ်သော ကင်္ခါဋီကာသစ် ကျမ်းပြု အရှင်ဗုဒ္ဓနာဂ, အဘိဓာနပ္ပဒီပိကာ ကျမ်းပြု အရှင်မောဂ္ဂလ္လာန်စသော များစွာသော ကျမ်းပြု မထေရ်တို့ သီတင်းသုံးခဲ့ရာ ဌာနလည်း ဖြစ်သည်။ ထိုကျမ်းတို့ကား ယနေ့တိုင် အောင် ရဟန်းတော်များ သင်ကြားပို့ချနေသော သာသနာစောင့်ကျမ်းများပင် ဖြစ်သည်။ ဤအကြောင်းများကို မဟာစည် ဆရာတော်သည် နောက်ပါအရှင်တို့အား မိန့်ကြားရင်း ထိုမထေရ်တို့၏ ဂုဏ်ကျေးဇူးတို့ကို သတိရလျှက် အဖန်ဖန် ဦးညွှတ် တော် မူခဲ့ သည်။ တစ်ချိန်က မည်မျှပင် ကြီးကျယ်ခဲ့သော်လည်း ယခုအခါမှာမူ သင်္ခါရ ဒုက္ခချက်ကြောင့် အပျက်အဆီးများသာ ကြွင်းကျန်နေသော အဆောက် အဦတို့ကို ရှု၍လည်း သံဝေဂ ယူတော်မူလေသည်။

ပုလတ္ထိမြို့တော်မှ ညနေ ၆–နာရီတွင် ထွက်ခဲ့၍ ည ၈–နာရီကျော်ကျော် တွင် ပုလတ္ထိမြို့တော်မှ ၆၃– မိုင်ဝေးသော အနုရာဓမြို့သို့ ရောက်တော်မူသည်။ အနုရာဓပုရမြို့ကား သီဟိုဠ်လင်္ကာရာဇဝင်တွင် ရှေးအကျဆုံး နီးနီးဖြစ်သော မြို့တော် ဖြစ်၍ အနှစ် ၁၂၀၀– ကျော် မြို့တော်အဖြစ် တည်ရှိခဲ့သဖြင့် မြို့တော်သက် အလွန်ရှည်သော မြို့လည်းဖြစ်သည်။ ထိုမြို့ကို သာသနာနှစ် ၁၀၇– ခုနှစ်တွင် နန်းတက်သော ပဏ္ဍုကာဘယမင်း မြို့တော်အဖြစ် တည်ထောင်ခဲ့သည်ဟု မဟာဝန် အရ သိရသည်ဖြစ်၍ ယင်း၏ မြို့သက်မှာ အနှစ် ၂၄၀၀– ကျော်နေပြီ ဖြစ်လေ သည်။ သီဟိုဠ်လင်္ကာနိုင်ငံ့ ဗုဒ္ဓသာသနာ သမိုင်းတွင်လည်း ဤမြို့သည် ထိပ်တန်း အရေးကြီးသောမြို့ ဖြစ်ပေသည်။ အိန္ဒိယနိုင်ငံမှ အရှင်မဟိန္ဒ ကြွလာ၍ ပဌမဆုံး ဗုဒ္ဓသာသနာဝင် ဖြစ်သူမှာ ဤမြို့၌ ထီးနန်းစိုက်နေသော ဒေဝါနံပိယတိဿမင်းကြီး ပင် ဖြစ်သည်။ ဤမြို့မှ အစပြု၍သာ သီဟိုဠ်လင်္ကာကျွန်း အခြား အရပ်ရပ် တို့သို့ ဗုဒ္ဓ သာသနာတော် ပြန့်ပွားသွားခြင်း ဖြစ်လေသည်။ ထေရဝါဒ သာသနာတွင် ကျော် ကြားလှသော မဟာဝိဟာရ ကျောင်းတိုက် ဟူသည်လည်း ဤမြို့၌ အရှင်မဟာ မဟိန္ဒ ပဌမဆုံး တည်ထောင်ခဲ့သော ကျောင်းတိုက်ကြီးဖြစ်၍ နောင်တွင် ထေရဝါဒ

သာသနာ၏ ဌာနချုပ်ကြီး ဖြစ်ခဲ့သည်၊ အရှင်မဟာမဟိန္ဒ သီရိလင်္ကာသို့ ဆောင်လာသော မူလအဋ္ဌကထာမှ သီရိလင်္ကာဘာသာ ပြန်ထားသော မဟာအဋ္ဌကထာကို အထည်ကို(ကျမ်းရင်း) ပြု၍ အဋ္ဌကထာသစ်များကို အရှင်ဗုဒ္ဓဃောသ မထေရ် ပြုစုရာဝယ် ဤမြို့ မဟာဝိဟာရကျောင်းတိုက်ကြီး၌ပင် သီတင်းသုံးတော်မူလျက် ပြုစုတော်မူခဲ့သည်၊ သာသနာနှစ် ၉၀၀ - ကျော်က အရှင်ဗုဒ္ဓဃောသ ပြုစုခဲ့သော ထိုအဋ္ဌကထာတို့သည်ပင် ယနေ့ ထေရဝါဒ ပိဋကတ်၏ ပမာဏမြောက်သော အဖွင့်ကျမ်းများအဖြစ် ရပ်တည်လျက် ရှိကြသည်၊ ထိုအဋ္ဌကထာများကိုပင် ဘုရားပမာ လေးစား၍ မြန်မာပြည် သံဃာတော်တို့လည်း လေ့လာ သင်ယူကြရသည်၊ ယခုအခါမှာမူ ဆဋ္ဌသံဂါယနာတင်ရာမှာပင် သံဂါယနာတင်ခဲ့ပြီး ဖြစ်သည်၊ ထို့ကြောင့် အနုရာဓပုရမြို့သည် သီရိလင်္ကာအမျိုးသားတို့အဖို့သာမက ထေရဝါဒဗုဒ္ဓသာသနာဝင်အားလုံးအတွက်ပင် စိတ်ဝင်စားစရာကောင်းသော ဌာနတစ်ခုဖြစ်လေသည်၊ ထို့ကြောင့်လည်း မဟာစည်ဆရာတော်တို့အဖွဲ့သည် ဤမြို့သို့ ကြွရောက်လာခဲ့ခြင်း ဖြစ်လေသည်၊

ပုလတ္တိမြို့၌ သံဝေဂယူဖွယ် များစွာရှိသော်လည်း သာသနာရေးအရ စိတ်ကြည်နူးစရာ ဘုရားစေတီမှာကား နည်းလှသည်၊ ဤအနုရာဓ မြို့၌ကား သံဝေဂ ယူစရာတွေ ရှိသည်နှင့်အမျှ စိတ်ကြည်နူးစရာတွေလည်း များလှသည်၊ မဟာစည် ဆရာတော်တို့ အဖွဲ့သည် အနုရာဓမြို့သို့ ရောက်၍ တည်းခိုရာဌာန၌ ခေတ္တမျှနားပြီး ထူပါရုံ စေတီတော်သို့ သွားရောက်၍ မီးပူဇော်ကြ ရှိခိုးဖူးမြော်ကြသည်၊ ထူပါရုံ စေတီတော်ကား သီရိလင်္ကာကျွန်းတွင် ပဌမဆုံးတည်သော စေတီတော် ဖြစ်သည်၊ ရှင်မဟိန္ဒ၏ ကြီးကြပ်မှုဖြင့် တည်ဆောက်အပ်သော စေတီတော် ဖြစ်၍ တစ်ကြောင်း ကကုသန်စသော လေးဆူသော ဘုရားရှင်တို့၏ ခါပန်းတော် ရေစစ်တော် ရေသနုတ်တော် ညှပ်ရိုးတော်ဟူသော ပရိဘောဂ သရီရဓာတ်တော်တို့ ဌာပနာရာဖြစ်၍ ဓာတ်တော်စုံသော စေတီတော်ဖြစ်၍ တစ်ကြောင်း၊ ဤ စေတီတော်ကို ဖူးမြော်၍ မဝနိုင်အောင် ရှိလေသည်၊ နေရာ ဌာနလည်း လူသူ ကင်းဆိတ်သည်၊ အချိန်ကလည်း ညအချိန်ဖြစ်၍ အသံများ တိတ်ဆိတ်ချိန် သည် ဘုရားအာရုံပြုသော ပီတိကလည်း တဖွားဖွားဖြစ်ပေါ်လျက်ရှိရာ ကြည်နူး မဆုံးပင် ရှိတော့သည်၊ မဟာစည် ဆရာတော်သည် မိမိကဲ့သို့ အခြားပုဂ္ဂိုလ်များလည်း ကုသိုလ်ပွားစိမ့်သောငှါ ဤအကြောင်းများကို နောက်ပါ ပုဂ္ဂိုလ်တို့အား ပြောပြ၍ ကြည်ညိုစေတော်မူသည်၊

နောက်တစ်နေ့တွင် မြန်မာနိုင်ငံက လှူသော စိန်ဖူးတင်ထားသဖြင့် မြန်မာနိုင်ငံတိုင်အောင် ကျော်ကြားသော မဟာစေတီကိုလည်းကောင်း၊ သဃမိတ္တာထေရီ ပင့်ဆောင်လာသော ဒက္ခိဏသာခါ မဟာဗောဓိပင်ကိုလည်းကောင်း၊ ဂိုဏ်း ၃–ဂိုဏ်း ကွဲမှုနှင့်စပ်၍ ထင်ရှားသော အဘယဂိရိစေတီ၊ ဇေတဝနစေတီကိုလည်းကောင်း၊ အဋ္ဌကထာတို့ ဖြစ်ပေါ်ရာ မဟာဝိဟာရကျောင်းတိုက်နှင့် လောဟပါသာဒကြေးပြာသာဒ်ရှိရာ အရပ်တို့ကိုလည်းကောင်း သွားရောက်ဖူးမြော် ကြည့်ရှုတော်မူကြသည်။

ထိုနေ့မွန်းလွဲ ၂ – ချက်တီးကျော် အချိန်တွင် အနုရာဓပုရမြို့ အရှေ့ ၈–မိုင်ခန့်ဝေးသော အရပ်ရှိ သီရိလင်္ကာလို မိဟိန္တလေခေါ် အရှင်မဟိန္ဒတောင်သို့ ကြွရောက်တော်မူသည်။ ပါဠိစာပေတွင် ထိုတောင်သည် စေတီယပဗ္ဗတဟုလည်းကောင်း၊ စေတီယဂိရိဟုလည်းကောင်း၊ မိဿကပဗ္ဗတဟုလည်းကောင်း ထင်ရှားသည်။ ဤတောင်ကား အရှင်မဟိန္ဒထေရ် ပဌမ သီတင်းသုံးရာ တောင်ပင် ဖြစ်ယည်။ ဤတောင်ပေါ်မှာပင် သမင်လိုက်လာသော ဒေဝါနံပိယတိဿမင်းသည် အရှင်မဟိန္ဒနှင့်တွေ့၍ ဗုဒ္ဓသာသနာဝင် ဥပါသကာ တစ်ဦး ဖြစ်ခဲ့သည်။ နောက်အခါတွင် ဒေဝါနံပိယတိဿ မင်းကြီးသည် ထိုနေရာ၌ အမ္ဗတ္ထလခေါ် စေတီတော် တည်၍ အရှင်မဟိန္ဒ၏ ဓာတ်တော်များကို ဌာပနာလေသည်။ အရှင်မဟိန္ဒတောင်သည် ထိုအချိန်မှစ၍ များစွာသော ရဟန်းတော်တို့၏ သီတင်းသုံးရာ တောင်ပေါ်ရိပ်သာအဖြစ် တည်ရှိခဲ့လေသည်။ မဟာစည် ဆရာတော်တို့ အဖွဲ့သည် ထိုတောင်ပေါ်၌ အရှင်မဟိန္ဒသီတင်းသုံးခဲ့သော နေရာများ၊ သီတင်းသုံးခဲ့ရာဖြစ်သော ကျောင်းများ၊ စေတီပုထိုးများကို ကြည့်ရှု ဖူးမြော်ခဲ့ကြသည်။ သစ္စကပရိဗိုဇ် ဝင်စားသူ ဖြစ်သော ကာဠ ဗုဒ္ဓ ရက္ခိတမထေရ်သီတင်းသုံးရာ တရားဟောရာဌာနတို့ကိုလည်းကောင်း သွားရောက် ကြည့်ရှုတော်မူခဲ့သည်။ အနုရာဓပုရသို့ အပြန်တွင်လည်း လမ်းမှာရှိသည့် မြတ်လေးပန်း ဥယျာဉ်၌ တည်ရှိသော ကျောင်းတစ်ခုကို ဝင်ရောက်ကြည့်ရှု မှတ်သားတော်မူခဲ့သည်။ ထိုကျောင်းသို့ ဝင်ရောက်ခြင်းမှာကား ရှေးက အရှင် မဟိန္ဒတောင်၌ သီတင်းသုံးသော မဟာတိဿ မထေရ်သည် အနုရာဓမြို့ဆီသို့ ဆွမ်းခံသွားစဉ် လင်နှင့်ရန်ဖြစ်၍ မိမိကိုယ်ကို ကျနစွာ ပြင်ဆင်ပြီး ထွက်လာသော မာတုဂါမ တစ်ယောက်၏ ရယ်သံကို ကြား၍ ကြည့်လိုက်ရာတွင် သွားတို့ကို မြင်၍ အဋ္ဌိကအသုဘ နိမိတ်ထင်လျက် ဈာန်ရပြီးလျှင် ဝိပဿနာကို ပွားစေ၍ မဂ်လေးပါးအစဉ်ဖြင့် ရဟန္တာအဖြစ်သို့ ရောက်သွားဖူးသော ဌာနဖြစ်ကြောင်း ကြားသိရ၍ အမှတ်တရ ဖြစ်စေရန် ဖြစ်လေသည်။

တပို့တွဲလဆန်း ၂-ရက်နေ့တွင် ဆရာတော်တို့သည် ကန္ဒီမြို့သို့ ဦးတည်၍ နံနက် ၈-နာရီ အနုရာဓမြို့မှ ထွက်ခဲ့ကြသည်၊ အဝုကနခေါ် အရပ်၌ နေ့ဆွမ်းဘုဉ်းပေးကြရသည်၊ ထိုအရပ်၌ ပေ ၃၀-ခန့်မြင့်သော ကျောက်ဆင်းတု မတ်ရပ်တစ်ဆူရှိသည်၊ ပေါလောနရုဝခေတ် လက်ရာဟု ဆိုသည်၊ ဆင်းတုတော်ကြီး အနီးမှာပင် နေ့ဆွမ်းဘုဉ်းပေးတော် မူကြသည်၊ နေ့ ၂-နာရီခန့်တွင် ဒမ္ဗုလခေါ် အရပ်သို့ ရောက်သည်၊ ထိုအရပ်တွင် တောင်ကမ္ဘားယံ၌ လိုဏ်ဂူကြီးတစ်ခုရှိ၍ ထိုအတွင်းတွင် ဘုရားဆင်းတုတော်များ ရှိသည်၊ ထိုအရပ်မှ ၎င်းဖန် ၄-နာရီ အချိန်တွင် ထွက်ခဲ့ရာ ပေထက်အက္ခရာ တင်ရာဖြစ်သော အာလောကလိုဏ်ဂူသို့ ၅-နာရီအချိန်တွင် ရောက်ကြသည်၊ အာလောက လိုဏ်ဂူကား မြင့်မားသော တောင်ကမ္ဘားယံတွင် ပြုပြင်ဆောက်လုပ်ထားသော လိုဏ်ဂူကြီးဖြစ်သည်၊ ဤလိုဏ်ဂူကြီးမှာပင် သီတင်းသုံးတော်မူကြ၍ ငါးရာသော ရဟန္တာတို့သည် ပိဋကတ်တော်တို့ကို ပေထက်အက္ခရာတင်တော်မူခဲ့ကြလေသည်၊ လာလတ္တံ့သောကာလ၌ ရဟန်းတို့သည် သတိပညာ နည်းကုန်သည်ဖြစ်၍ ပါဠိတော်တို့ကို အာဂုံဆောင်နိုင်ကြမည် မဟုတ်၊ ထိုသို့ဖြစ်လျှင် ပါဠိတော်များ ပျောက်ပျက်ကုန်ရာသည်ဟု အရှည်မျှော်တွေး၍ ပေရေးအက္ခရာ တင်တော်မူကြသော ထိုရဟန္တာတို့၏ ကျေးဇူးကား ကြီးမားလှပါသည်၊ ဗုဒ္ဓမြတ်စွာသာသနာတော် တည်ရှိနေသရွေ့ ထိုရဟန္တာတို့၏ ကျေးဇူးကို မမေ့နိုင် မမေ့ကောင်းပါပေ၊ မဟာစည် ဆရာတော်တို့သည် ထိုရဟန္တာ အရှင်မြတ်ကြီးတို့၏ သာသနာတော် တည်တံ့ရေးလုပ်ငန်းကို အာရုံပြုကာ ထိုမထေရ်ကြီးတို့၏ ကျေးဇူးတော်တို့ကို အောက်မေ့တော်မူကြသည်၊ ၅-နာရီခွဲခန့်တွင် အလုဝိဟာရခေါ် အာလောကလိုဏ်ဂူမှ ထွက်ခဲ့ကြရာ ၆-နာရီခွဲခန့်တွင် ကန္ဒီမြို့ မြန်မာကျောင်းသို့ ရောက်တော်မူကြသည်၊

နောက်တစ်နေ့ နံနက် ၆-နာရီအချိန်တွင် စွယ်တော်ကို ဖူးမြော်ကြရသည်၊ နေ့ဆွမ်းကို ထိုမြို့ရှိ မြန်မာသီလရှင်ကျောင်း၌ ဘုဉ်းပေးကြရသည်၊ ထိုမြန်မာသီလရှင်ကျောင်းကို တည်ထောင်သူကား မြန်မာသီလရှင် ဆရာကြီး ဒေါ်ဝိစာရီဖြစ်၏၊ စကားပြောကောင်း တရားဟောကောင်းဖြစ်၍ ဆရာကြီးမှာ တပည့်သီလရှင်များစွာ ရှိနေသည်၊ ကိုလံဘိုမှ ဆရာတော်နှင့် အတူပါလာသော ဘိက္ခုကဿပခေါ် သီရိလင်္ကာရဟန်းတော်က သီရိလင်္ကာလို ပြန်သည်၊ ညနေ ၄-နာရီ

၁၅ – မိနစ်ခန့်တွင် ထိုဌာနမှ ထွက်ခဲ့၍ ည၈–နာရီ အချိန်တွင် ကိုလံဘို မင်္ဂကာ သီဌာနသို့ ပြန်လည်ဆိုက်ရောက်ကြသည်၊

တပို့တွဲ လဆန်း ၄–ရက်နေ့တွင် နောက်ပါတပည့်များနှင့်တကွ မဟာစည် ဆရာတော်ကို သီရိလင်္ကာ ဒကာ – ဒကာမများက ကန္ဒုဗောဝသို့ ပင့်ဆောင်ကြ သည်၊ ထိုဌာန၌ တရားအစည်းအဝေးပွဲ ဖွင့်၍ သီရိလင်္ကာဆရာတော်များက ရှေး ဦးစွာ ဟောကြသည်၊ ထိုနေ့က အချိန်နည်းသွားသောကြောင့် မဟာစည် ဆရာ တော်သည် အနည်းငယ်မျှသာ ဟောပြော၍ နောက်တစ်နေ့ ချိန်းပြီး အစည်းအဝေး ကို ရုပ်သိမ်းလိုက်သည်၊

နောက်တစ်နေ့၌ မဟာစည် ဆရာတော်သည် ညနေ ၃–နာရီမှ ၅–နာရီ အထိ သစ္စာလေးပါး ကမ္မဋ္ဌာန်း တရားကို ဟောကြားတော်မူသည်၊ အရိယရတန ဆရာကြီးက ဘာသာပြန်သည်၊ အားထုတ်နေသော ယောဂီတို့၏ ဌာန၌ ဟောရ သောကြောင့် တရားဟောရသည်မှာ အားတက်သရော ရှိလှပါသည်၊

ကန္ဒုဗောဝဌာနကား မြန်မာနှင့် နီးစပ်သည်ဟု ဆိုရမည်ဖြစ်သည်၊ အဘယ် ကြောင့်နည်းဟူမူ ယင်းဌာနသည် ရှေးခေတ် မြန်မာဆရာတော်တစ်ပါး လာရောက် ၍ သာသနာပြုရင်း သီတင်းသုံးသွားသော နေရာနှင့် မဝေးလှသောကြောင့် ဖြစ် သည်၊ အင်းဝခေတ် ထူပါရုံ ဒါယကာ နရပတိကြီး လက်ထက် သာသနာနှစ် ၁၉၉၀ – ပြည့် ( မြန်မာသက္ကရာဇ် ၈၀၈ ခုနှစ် )တွင် ဆပ္ပဒထေရ်ဟု ကျော်စော သော အရှင်သဒ္ဓမ္မဇောတိပါလထေရ်သည် သီရိလင်္ကာကျွန်းသို့ ကြွတော်မူသည်၊ ထိုစဉ်၌ သီရိလင်္ကာကျွန်း ဇယဝဍ္ဎနမည်သောမြို့၌ ဆဋ္ဌပရက္ကမဗာဟုမင်းကြီး နန်း စံနေခိုက်ဖြစ်သည်၊ ဇယဝဍ္ဎနမြို့ကား ကိုလံဘို၏ အရှေ့မြောက်ဘက် ကိုတေး ( **Tay**)ခေါ် နေရာတွင်ဖြစ်သည်၊ ဆပ္ပဒမထေရ်ထိုမင်း၏ အချီးအမြှောက်ခံ ယူလျက် ထိုမြို့၌ သီတင်းသုံးတော်မူ၍ သီရိလင်္ကာ ရဟန်းတော်တို့အား ဝိနည်း,အဘိဓမ္မာ တို့ကို ပို့ချတော်မူသည်၊ ဝိပ္ပတ္တိ အမျိုးမျိုးမှ ကင်းစင်၍ ဝိနည်းနှင့် အလျော် ဖြစ်သော သိမ်တစ်လုံးကိုလည်း သမုတ်တော်မူခဲ့သည်၊ ထိုသိမ်သည် ကန္ဒုဗောဝဌာန နှင့် များစွာမဝေးသော နေရာတွင် ရှိလေသည်၊ ထို့ကြောင့် ထိုနေရာသည် မြန်မာ နှင့် ရေစက်ပါသောနေရာ ဖြစ်တော့သည်၊ ကိုလံဘို မင်္ဂကာသီလမ်းရှိ ဌာနကို

ဘာဝနာ ဌာနချုပ်ဟုခေါ်ရသော်လည်း အမှန်အားဖြင့်မူ ဤကန္ဒူဗောဝဌာနသည်သာ သီရိလင်္ကာတွင် အကြီးဆုံး အခိုင်မာဆုံး အပြည့်အစုံဆုံး ကမ္မဋ္ဌာန်းဌာနကြီးဖြစ်လေသည်။

တပို့တွဲလဆန်း ၆-ရက်နေ့တွင် မဟာစည် ဆရာတော်ကို ဂန္ဒူဗောဝမှ ဒနဂုကန္ဒခေါ် အရပ်သို့ ပင့်ဆောင်ကြသည်၊ ထိုအရပ်တွင် အုန်းခြံကြီးတစ်ခုရှိ၏၊ ထိုအုန်းခြံပိုင်ရှင် ဇနီးမောင်နှံတို့သည် အလွန်သဒ္ဓါတရား ကောင်းကြသည်၊ အုန်းခြံကြီးထဲ၌ ရဟန်းရှောလူပါ တရားအားထုတ်ရန် အဆောက်အဦများ ဆောက်လုပ်ထားသည်၊ သူတို့ကိုယ်တိုင်လည်း တရားအားထုတ်၍ အလုပ်သမားများကိုလည်း ကျွေးမွေး၍ အားထုတ်စေသည်၊ ထိုဌာန၌ မဟာစည် ဆရာတော် ၂-ရက်မျှ သီတင်းသုံး၍ တရားဟောတော်မူသည်၊ တပို့တွဲလဆန်း ၈-ရက်နေ့တွင် ထိုမှတစ်ဖန် နာဂဥယျာဉ် တောကျောင်းသို့ ပင့်ဆောင်ကြသည်၊ ထိုတောကျောင်းမှာ သစ်တောကြီးအတွင်းဖြစ်၍ တိတ်ဆိတ်ငြိမ်သက်သည်၊ တောင်မှာ စမ်းရေယဉ်တို့ တသွင်သွင် ထွက်နေသဖြင့် စိတ်ကြည်နူးဖွယ် ကောင်းလှသည်၊ ထိုဌာနမှ တစ်ဆင့်ထွက်ခဲ့ရာ ကုရုနေဂလခေါ် မြို့သို့ရောက်ပြန်သည်၊ ထိုမြို့၌ တရားနာရန် စုဝေးနေနှင့်ကြသော ပရိသတ်အား နတ်ပြည်မှ မှာတမ်း၃-ခွန်းကို အရင်းခံ၍ ဝိပဿနာ တရား ဟောကြားတော်မူသည်၊ ထိုဌာနမှ ကိုလံဘိုသို့ပြန်ခဲ့ရာ ညနေ ၇ နာရီခန့်တွင် မက်ကာသီဌာန သို့ ပြန်ရောက်သည်၊

တပို့တွဲ လဆန်း ၁၀ ရက်နေ့တွင် တပည့်များနှင့်တကွ မဟာစည်ဆရာတော်ကို တိဿမဟာရာမသို့ ပင့်ဆောင်ကြသည်၊ နံနက် ၇ နာရီခန့်က ထွက်ခဲ့ရာ ၁၀ နာရီကျော်ကျော်တွင် ဂေါလ်မြို့သို့ ရောက်သည်၊ ထိုမြို့ ဒိသာနာယကခေါ် ဒကာ၏ အိမ်၌ ဆွမ်းကပ်ကြသည်၊ ထိုဒကာကား သဒ္ဓါတရားကောင်းလှသည်၊ တောကျောင်းတစ်ခုဆောက်လုပ်၍ ထိုကျောင်း၌ တရားအားထုတ်သူတို့ကို တစ်ဦးတည်းတာဝန်ယူ၍ ထောက်ပံ့နေသည်၊ အချိန်မရ၍ ထိုဒကာအား အနမောဒနာ တရားလောက်သာ ဟောခဲ့သည်၊

နေ့ ၁ နာရီခန့် ထိုမြို့မှထွက်ခဲ့ရာ ၃ နာရီခန့် မာတရ(မဟာတိတ္ထ)မြို့သို့ ရောက်သည်၊ ထိုမြို့၌ ယောဂီတော်တော်များများရှိရာ တရားနာရန် စာသင်

ကျောင်းတစ်ခု၌ အသင့်စောင့်နေကြသည်ကို တွေ့ရသည်၊ ထိုင်နေကြပုံမှာလည်း အမျိုးသမီး သပ်သပ် အမျိုးသားသပ်သပ်ဖြစ်သည်၊ ထိုအပြင် အချင်းချင်းစကား မပြောဘဲ အလွန်ငြိမ်ငြိမ်သက်သက် တွန့်ရွှေ့ရစွာ ထိုင်နေကြသည်၊ ထိုတွန့်ရွှေ့၍ ငြိမ်သက်လှသော ပရိသတ်ကို မြင်သောအခါ မဟာစည်ဆရာတော်သည် "အာရဒ္ဓေါသွံ ဘိက္ခဝေ တုမှာယ ပဋိပဒါယ၊ အာရဒ္ဓဝိတ္တော သွံ ဘိက္ခဝေ တုမှာယ ပဋိပဒါယ၊ တသ္မာ တိဟ ဘိက္ခဝေ ဘိယျောသောမတ္တာယ ဝီရိယံ အာရဘတ အပ္ပတ္တဿ ပဋိပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယ" ဟူသော အာနာပါနဿတိသုတ်လာ နိဒါန်းစကားကို အမှတ်ရတော်မူသည်၊ ထို့ကြောင့် ထိုစကားကိုပင် အခြေခံ၍ ဝိပဿနာတရားကို တစ်နာရီခန့် ဟောတော်မူသည်၊ ထိုမြို့မှ ၄ နာရီ မိနစ် ၂၀ တွင် ထွက်ခဲ့ရာ ၇ နာရီခန့်တွင် မာဂမရွာ တိဿမဟာ ရာမကျောင်းတိုက်သို့ ရောက်လေသည်၊

တိဿမဟာရာမကား ကိုလံဘို၏ အရှေ့တောင် မိုင် ၁၆၀ ကျော်ဝေးသော အရပ်၌ တည်ရှိသည်၊ ထိုအရပ်သို့ရောက်ရန် ကိုလံဘိုမှ ကားဖြင့် တောင်ဖက်သို့ ပင်လယ်ကမ်းခြေတလျှောက် သွားရ၍ ဂေါလ်မြို့သို့ ရောက်သောအခါ ကမ်းအတိုင်း အရှေ့ဖက်သို့ ဆက်လက်သွားရသည်၊ ဟမ်ဘောတခေါ် မြို့သို့ ရောက်သောအခါ အတွင်းဘက်သို့ အနည်းငယ်ချိုးဝင်၍ သွားရသည်၊ ထို့ကြောင့် ပင်လယ်ကမ်းတလျှောက် လာခဲ့ရသော်လည်း တိဿမဟာရာမသည် ပင်လယ်ကမ်းနှင့် ၆ မိုင်ခန့်ဝေးသော အရပ်မှာဖြစ်လေသည်၊ ယင်းကျောင်းတိုက်ကြီး တည်ရာ မာဂမရွာကား ရောဟဏတိုင်း၏ မြို့တော် ကာကဝဏ္ဏတိဿမင်းကြီးစံရာဖြစ်၍ ဒုဋ္ဌဂါမဏိမင်းကြီးဖွားရာလည်းဖြစ်သော မဟာဂါမခေါ် ရွာမဖြစ်ခဲ့သည်၊ ဗြာဟ္မဏတိဿ သူခိုးကြီး ဘေးဖြစ်စဉ်က သံဃာ ၁ သောင်း ၂ ထောင်မျှ သီတင်းသုံးခဲ့ဖူးသည်၊ အဋ္ဌကထာတို့၌ ထင်ရှားသော မဟာဘိဒမထေရ် ပိဋကတ်ပို့ချ၍ ဆုံးမဩဝါဒပေးခဲ့ရာ နေရာလည်းဖြစ်သည်၊ တစ်ခါက ဤတိဿမဟာဝိဟာရမှာပင် သုမနာမည်သော အမျိုးသမီးသည် ဘိက္ခုနီပြုပြီးနောက် မဟာသတိပဋ္ဌာနသုတ်ကို ကြားနာရပြီး သောတပန်အဖြစ်သို့ ရှိခဲ့ဘူးသည်၊

ထို **တိဿမဟာဝိဟာရကျောင်းတိုက်အတွင်း၌** ဒုဋ္ဌဂါမဏိမင်းကြီး ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီး တည်ထားခဲ့သော စေတီတော်ပုံစံ တိဿမည်

သော စေတီတော်ကြီးတစ်ဆူ ရှိသည်၊ ထို စေတီတော်ကြီး၏ အနောက်မြောက်ဘက်၌ ဘုရားဖူးလာသူတိုင်း အရွက်ကိုဝါး၍ စုံစမ်းကြည့်ခြင်း ခံရသော တမာပင်တစ်ပင်ရှိသည်၊ ထိုအပင်၏ အမြစ်သည် စေတီတော်အောက် ဌာပနာထားသော ဓာတ်တော်ကြုတ်ကို သွား၍ ရစ်ပတ်နေသည်ဖြစ်၍ စေတီတစ်ဖက်သို့ သွားသော အကိုင်းမှအရွက်သည် မခါးဘဲ ချိုနေသည်ဟု ဆိုကြသည်၊ မဟာစည်ဆရာတော်သည် ထိုတမာပင်အနီးသို့ ရောက်သောအခါ သီရိလင်္ကာ ကပ္ပိယတစ်ယောက်က ထိုကိုင်းမှ တမာရွက်ကို ခူးပေး၍ ဆရာတော်ကိုယ်တိုင် စုံစမ်းကြည့်ရာ ချိုနေသည်ကို တွေ့ရသည်၊ ကျောင်းတိုက်နှင့် စေတီတော်မှာ ဆိတ်ငြိမ်သောနေရာတွင် တည်ရှိသဖြင့် များစွာ ကြည်နူးဖွယ်ကောင်းသော နေရာဌာန ဖြစ်လေသည်။

မျက်မှောက်ခေတ် ထိုကျောင်း၌ သီတင်းသုံးသော သီရိလင်္ကာဆရာတော်သည် သဒ္ဓါတရားကောင်းလှသည်၊ ကျောင်းဝတ္ထုကံမြေများမှ ရသဖြင့် လာလာသမျှသော ဘုရားဖူးတို့ကို ကျွေးမွေးပြုစုလေ့ရှိသည်၊ မဟာစည်ဆရာတော်တို့ အဖွဲ့လည်း အရာရာ လိုလေသေးမရှိအောင် ပြုစု စောင့်ရှောက်လိုက်သည်ကို မဟာစည်ဆရာတော်သည် ယနေ့တိုင် အမှတ်ရ ကျေးဇူးတင်လျက် ရှိလေသည်။

နောက်တစ်နေ့ မဟာစည်ဆရာတော်တို့အဖွဲ့ကို စိတ္တလပဗ္ဗတသို့ ပို့ဆောင်ကြသည်၊ စိတ္တလပဗ္ဗတကား တောကြီးအလယ်၌ရှိသော တောင်တစ်ခု၏ အမည်တည်း၊ ထိုတောင်ပေါ်၌ ကာကဝဏ္ဏတိဿမင်းကြီးသည် ကျောင်းတစ်ကျောင်းဆောက်လုပ် လှူဒါန်းခဲ့ဖူး၍ ဝသဘမင်းသည် စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့ဖူးသည်၊ ယခုအခါတွင် နေသူမရှိသလောက် ဖြစ်သော်လည်း ရှေးအခါကမူ သံဃာပေါင်း ၁ သောင်း ၂ သောင်းခန့် သီတင်းသုံးခဲ့သော နေရာပင် ဖြစ်သည်ဟု အဆိုရှိသည်၊ ရှေးကစာပေ၌ ထင်ရှားခဲ့သော တောကျောင်းလည်းဖြစ်, အရောက်အပေါက်လည်း နည်းသောကြောင့် ဆရာတော်တို့ကို လိုက်ပို့ကြဟန်ရှုသည်၊ လမ်းမှာ တောစခန်း တောလမ်းဖြစ်၍ တောနက်ကြီးကို ဖြတ်၍ သွားရသည်၊ သမင်, မျောက်, ဒေါင်း, ကျွဲရိုင်းစသော တောတိရစ္ဆာန်များကို လမ်းမှာတွေ့ရသည်၊ တစ်ခါတစ်ရံ ဆင်များကိုပင် တွေ့တတ်သည်ဟုဆိုသည်၊ မော်တော်ကား အကောင်းစားများ သွားသင့်သောလမ်းပင်မဟုတ်၊ သို့သော် သဒ္ဓါတရား

တက်နေသော ဒကာများကား ကားအကောင်းများကိုပင် အတင်း ဒရကြမ်း မောင်းနှင်စေ၍ ဆရာတော်ကို အရောက်ပို့ကြသည်၊ ထိုတောင်သို့ ရောက်ပြီးနောက် လိုဏ်ဂူကြီး အတွင်းရှိ ဆင်းတုတော်များကို ဖူးမြော်ကြပြီး ရှေးရှေးက သီတင်းသုံး၍ အရဟတ္တဖိုလ်သို့ ရောက်သွားသော ရဟန္တာပေါင်းများစွာကို အာရုံပြုကြသည်၊ နေ့ ၂ နာရီခွဲ စိတ္တလပဗ္ဗတမှ ပြန်ခဲ့၍ ၄ နာရီတွင် တိဿမဟာရာမသို့ ပြန်ရောက်ပြီး ထိုမှတစ်ဆင့် ထွက်ခဲ့ရာ ဂေါလ်မြို့အနီးတောကျောင်းသို့ ည ၇ နာရီခန့်တွင် ရောက်ကြသည်၊ ထိုတောကျောင်းကား ဂေါလ်မြို့မှ ကားဖြင့် လိုက်ပို့သော ဒိသာနာယက ဒကာကြီး၏ တောကျောင်းဖြစ်သည်၊

ထိုတောကျောင်းတွင် တစ်ညအိပ်၍ နောက်တစ်နေ့ နံနက် ၈ နာရီ အချိန် ထိုတောကျောင်းမှ ထွက်ခဲ့၍ ပါနဒူရခေါ်မြို့သို့ ၁၀ နာရီခန့်တွင် ရောက်ကြသည်၊ နေ့ ၂ နာရီခွဲတွင် ထိုမြို့ မြို့တော်ခန်းမ၌ ဩဝါဒကထာတရား ဟောကြားသည်၊ ၃ နာရီခွဲတွင် ထိုမြို့မှထွက်ခဲ့၍ ၄ နာရီကျော်ကျော် အချိန်တွင် ကိုလံဘိုမက်ကာသီ ဌာနသို့ ပြန်ရောက်တော်မူသည်၊ ခရီးရောက်မဆိုက်ပင် ၅ နာရီခွဲ၌ ထိုဌာနတွင် သတိပဋ္ဌာန်တရားကို ဆက်၍ ဟောတော်မူသည်၊ ကိုလံဘိုသို့ ပြန်ရောက်ပြီးနောက်လည်း မဟာစည်ဆရာတော်သည် နေ့စဉ်ပင် မက်ကာသီဌာန၌လည်းကောင်း, ထိုထိုဌာနသို့ကြွ၍လည်းကောင်း, တရားဟောတော်မူသည်၊ ထိုဌာနတို့တွင် မိနဝံဂေါဒ ကမ္မဋ္ဌာန်းဌာန, ကိုလံဘိုအကျဉ်းထောင်, အနုဋ္ဌာဝိဇ္ဇာလယခေါ် အမျိုးသမီးကျောင်း ကလဂလကမ္မဋ္ဌာန်းဌာနတို့ ပါဝင်လေသည်၊

တပို့တွဲလပြည့်ကျော် ၃ ရက်နေ့တွင် ဗဋ္ဋန်ဂေါဍသို့ ဆရာတော်ကို ပင့်ကြသည်၊ ဗဋ္ဋန်ဂေါဍကား ကိုလံဘို၏ အရှေ့တောင်ဘက် ၈၄ မိုင်ခန့်ဝေးသော တောင်ပေါ်မြို့ကလေးဖြစ်၍ သံဂါယနာဖွင့်ပွဲတွင် မြန်မာနိုင်ငံသာသနာတော်ကို ချီးကျူးပြောဆိုခဲ့သော အာနန္ဒမေတ္တေယျ ဆရာတော်ကြီး၏ ဇာတိမြို့ သီတင်းသုံးရာ မြို့လည်းဖြစ်သည်၊ အာနန္ဒမေတ္တေယျ ဆရာတော်ကြီးသည် မဟာစည်ဆရာတော်နည်းအတိုင်း သတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို ကိုယ်တိုင်အားထုတ်၍ သဘောကျလှရကား မိမိသီတင်းသုံးရာ ကျောင်းမှာပင် ကမ္မဋ္ဌာန်း ဌာနတစ်ခု တည်ထောင်ထားခဲ့သည်၊ ယခု ဆရာတော်က တရားဟောပင့်၍ မဟာစည်ဆရာတော် ကြွ

တော်မူရခြင်း ဖြစ်သည်၊ ကိုလံဘိုမှ နေ့ ၂ နာရီတွင် ကားဖြင့်ထွက်ခဲ့ရာ ညနေ ၆ နာရီကျော်မှ ဗဋုန်ဂေါ်ဋ သို့ ရောက်လေသည်၊ ထိုဌာန၌ မင်္ဂလသုတ်ပါးတရားကို ဟော၍ ည ၉ နာရီခွဲတွင် ပြန်ထွက်ခဲ့ရာ ည ၁ နာရီခွဲတွင် ကိုလံဘို မက်ကာ သိဌာနသို့ ပြန်ရောက်တော်မူလေသည်၊ ထိုနေ့ တရားဟောကြွရသည့် ခရီးကား ပြင်းလှသည်၊ နေ့ ၂ နာရီထွက်၍ ည ၁ နာရီခွဲမှ ပြန်ရောက်သည်ဖြစ်ရာ ခရီး သွားချိန်မှာ ၁၂ နာရီ နီးပါးခန့် ဖြစ်၏၊ ထိုများစွာသော နာရီတို့တွင် သက်သက် သာသာနေရသော အချိန်ဟူ၍ မရှိလှ၊ ကျောင်းမှထွက်လျှင် ကားပေါ် တက်၊ ကားပေါ်မှာ ၄ နာရီကျော်ကျော် ထိုင်လိုက်၍ ကားပေါ်မှ ဆင်းပြီး အချိန် အနည်းငယ်မျှသာ နား၍ တရားဟောရသည်၊ တရားဟောပြီးနောက် ကားပေါ် တက်၍ ၄ နာရီမျှ ကားပေါ်မှာ ထိုင်၍ လိုက်ရပြန်သည်၊ ထိုညက ဆရာတော် သည် အိပ်ချိန်ပင် သိပ်မရလိုက်၊ သို့သော် ရှေးက သာသနာပြုမထေရ်များ လည်း ဤကဲ့သို့ပင် ဆင်းရဲခံ၍ သာသနာပြုခဲ့ကြပုံကို အာရုံပြုကာ ငါလည်း ရှေး ဆရာတော်များကဲ့သို့ အပင်ပန်း အဆင်းရဲခံကာ သာသနာပြုရပေပြီ"ဟု အောက် မေ့ရင်း ဝမ်းမြောက်ဝမ်းသာပင် ဖြစ်တော်မူလေသည်၊

မဟာစည်ဆရာတော်တို့ မြန်မာနိုင်ငံသို့ ပြန်ဖို့ရက်မှာ တဖြည်းဖြည်း နီးကပ် လာခဲ့သည်၊ ဤရက်များအတွင်း မဟာစည်ဆရာတော်သည် ကိုလံဘိုမြို့ ဂျာမန် ဓမ္မဒူတဌာန၌ တစ်ကြိမ်, မက်ကာသိဌာန၌မူ နေ့တိုင်းပင် ဝိပဿနာ တရားကို ဟောကြားတော်မူသည်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်နေ့၌ကား ဆရာတော် သည် မက်ကာသိဌာနဆိုင်ရာ လင်္ကာဝိဖဿနာဘာဝနာ အသင်းသူ အသင်းသား တို့အား ပဋိပတ်သာသနာပြုလုပ်ငန်းနှင့်စပ်သော ဩဝါဒကထာတရားကို ဟော ကြားတော်မူသည်၊

နောက်တစ်နေ့(၁၃၂၀-ခု တပို့တွဲလပြည့်ကျော် ၁၂- ရက်) နေ့ ၂- နာရီ တွင် မြန်မာနိုင်ငံသို့ ပြန်လိုက်ကြမည့် တပည့်ပရိတ်သတ်များနှင့်အတူ မဟာစည် ဆရာတော်သည် သီရိလင်္ကာကျွန်းမှ ထွက်ခွာတော်မူလေသည်၊ မဟာစည်ဆရာ တော်နှင့်အတူ ကြွလာသော တပည့်များထဲမှ ဆရာတော် အရှင်သုဇာတ, အရှင်အာ လောက, အရှင်ပဏ္ဍိတ, ကမ္မဋ္ဌာနာစရိယ ၃ ပါးတွင်ကား သီရိလင်္ကာတွင် ဆက်

လက်၍ ဝိပဿနာပြုရန် ထားခဲ့ရသည်၊ ထို ဆရာတော် ၃ ပါးနှင့်တကွ သီရိလင်္ကာ ဆရာတော်များ, လင်္ကာဝိပဿနာဘာဝနာ အသင်းသူ အသင်းသားများစွာ တို့က ကိုလံဘိုသင်္ဘောဆိပ်သို့ လိုက်ပို့ကြသည်၊ လိုက်ပို့သူတို့၏ ကန်တော့နှုတ်ဆက်မှုကို ခံယူပြီးနောက် မဟာစည်ဆရာတော်သည် ဘစ်ဘီလိုင်းသင်္ဘောကြီးရှိရာသို့ သင်္ဘောငယ်တစ်စင်းဖြင့် ကြွတော်မူသည်၊ ၉ နာရီအချိန် သင်္ဘောပေါ်သို့ ရောက်၍ ညနေ ၆ နာရီအချိန် သင်္ဘောထွက်လေသည်၊ သင်္ဘောစ၍ ထွက်ချိန်သည် မှောင်စပျိုးသော အချိန်ဖြစ်၍ မြို့ပေါ်မှ မီးများကို မြင်ရသည်၊ ကိုလံဘိုမြို့သည် သီရိလင်္ကာကျွန်း၏ အနောက်ဖက်ကမ်းမှာ တည်ရှိသောမြို့ ဖြစ်၏၊ ထို့ကြောင့် မြန်မာပြည်ဘက်သို့လာသောသင်္ဘောသည် ကိုလံဘိုမှ အနောက်ဘက်ကမ်းတလျှောက် ခုတ်မောင်း၍ ဂေါလ်မြို့နှင့် တူရူအရပ်သို့ရောက်သောအခါ အရှေ့ဘက်သို့ ဦးလှည့်ပြီး မာတရမြို့နှင့် တူရူရောက်သောအခါ အရှေ့မြောက်ဆီသို့ ဦးတည်ခုတ်မောင်းရသည်၊ တစ်ညလုံး ကျွန်းကိုပတ်၍ ခုတ်နေရသဖြင့် နောက်တစ်နေ့ နံနက် ၈ နာရီလောက်တိုင်အောင် ကမ်းကို မြင်နေရသေးသည်၊ ၉ နာရီလောက်ကျမှ ကမ်းနှင့်တောင်များ တဖြည်းဖြည်း ပျောက်ကွယ်ကျန်ရစ်တော့သည်၊ မဟာစည်ဆရာတော်သည် သင်္ဘောထွက်ပြီးနောက် ကမ်းပေါ်တွင် မှိတ်တုတ်မှိတ်တုတ် မြင်နေရသော မီးများကိုရှုကာ သီရိလင်္ကာကျွန်းသူကျွန်းသားတို့အား မေတ္တာပို့တော်မူသည်၊ အထူးသဖြင့် မိမိ သီရိလင်္ကာကျွန်းမှာ နေစဉ် အဘက်ဘက်မှ လိုလေသေးမရှိအောင် ပြုစုလှူဒါန်းကြသော နိဝ်က ဒကာမကြီးနှင့်တကွ ဝိပဿနာသာသနာပြန့်ပွားရေးအဖွဲ့ဝင်တို့အား မေတ္တာပို့၍ သီရိလင်္ကာကျွန်း၌ ဝိပဿနာပြန့်ပွားရေးအတွက်လည်း အထူး ဆုတောင်းတော်မူလေသည်၊ ဝိပဿနာသာသနာပြုရန် ချန်ထားခဲ့သော ဆရာတော်များ အောင်မြင်မှုရစေရန်လည်း အထူးအာရုံပြုတော်မူလေသည်၊

မဟာစည်ဆရာတော် သီရိလင်္ကာသို့ ဤအကြိမ်ကြွရောက်ခဲ့ခြင်းမှာ ပဌမအကြိမ်မဟုတ်ပါ၊ ဆရာတော်သည် ၁၃၁၄ ခုနှစ်က ဆဋ္ဌသံဂါယနာအတွက် သာသနာရေးမစ်ရှင်အဖွဲ့ဝင်အဖြစ်ဖြင့် သီရိလင်္ကာသို့ ပဌမအကြိမ် ကြွရောက်တော်မူခဲ့သည်၊ သို့သော် ထိုစဉ်က ဆဋ္ဌသံဂါယနာအတွက် ဆော်ဩရေးမစ်ရှင်ဖြစ်၍ ယခုအကြိမ်လောက် သီရိလင်္ကာမှာ ကြာကြာမနေခဲ့ရ၊ ယခုအကြိမ်လောက်လည်း

ဌာနစုံအောင် မရောက်ခဲ့ရပေ၊ ဤအကြိမ်မှာမူ ဝိပဿနာသာသနာပြု သက်သက် ကြွသော အခေါက်ဖြစ်၍ သီရိလင်္ကာမှာ တစ်လကျော်ကျော်နေရသည်၊ ထိုတစ်လကျော်ကျော်မှာလည်း နေ့တိုင်းလိုပင် ခရီးသွားခြင်း, တရားဟောခြင်းလုပ်ငန်းများဖြင့် ပြည့်ကြပ်လှသော တစ်လကျော်ကျော်ဖြစ်သည်၊ ဘုရားဖူးဒေသန္တရ ဗဟုသုတအတွက် ရောက်ထိုက်သော ဌာနများအပြင် ကမ္မဋ္ဌာန်းဌာနများရှိရာသို့လည်း ကြွတော်မူရသဖြင့် ဌာနတော်တော်စုံအောင် ရောက်တော်မူခဲ့ရသည်။ အဋ္ဌကထာ, ဋီကာနှင့် ဒီပဝင်စသော ကျမ်းတို့၌လာသော သီရိလင်္ကာကျွန်း ထိုထို ဌာနများဆိုင်ရာ အကြောင်းအရာတို့ကို လေ့လာသိရှိထားပြီး ဖြစ်၍လည်း ဆရာတော်အဖို့ ထိုထိုဌာနသို့ရောက်ရသည်မှာ အဓိပ္ပါယ်ရှိလှသည်၊ စာတွေ့ဗဟုသုတကို မျက်မြင်လက်တွေ့နှင့် ဟပ်၍ အရသာခံနိုင်ခဲ့သည်၊ ထို့ကြောင့် ဤသီရိလင်္ကာ ခရီးမှာ ဆရာတော်အဖို့ ကျေးဇူးများလှပေသည်။

ဆရာတော်၏ သီရိလင်္ကာခရီးမှာ ဘုရားဖူး အလည်သက်သက် ခရီးမဟုတ်၊ ဓမ္မလက်ဆောင်ပေးခရီး ဖြစ်သည်၊ ထေရဝါဒသာသနာ, ထေရဝါဒပါဠိ စာပေနှင့် ပတ်သက်လာလျှင် အခြားတိုင်းပြည်များအပေါ်တွင် သီရိလင်္ကာနိုင်ငံက ကျေးဇူးရှိနေသည်၊ ယနေ့အထိ မြန်မာနိုင်ငံ၏ အားကိုးတစ်ခုပြု၍ သင်ကြားနေကြရသော အဋ္ဌကထာ, ဋီကာများမှာ သီရိလင်္ကာကျွန်းဖြစ်တို့သာ များလေသည်၊ ထိုသို့ မိမိတို့အပေါ် ကျေးဇူးများလှသော သီရိလင်္ကာကျွန်းကို မြန်မာကလည်း အခါအားလျော်စွာ ကျေးဇူးတုံ့ပြန်ခဲ့သည်ပင် ဖြစ်ပါသည်၊ ကျမ်းဂန်အနေအားဖြင့် ပုဂံပြည် အရှင်အဂ္ဂဝံသထေရ်ပြုစုသော သဒ္ဒနီတိခေါ် ပါဠိသဒ္ဒါကျမ်းကို မြန်မာပြည်က သီရိလင်္ကာကျွန်းသို့ တုံ့ပြန်သော ဓမ္မလက်ဆောင်တစ်ခုအနေ ယူဆကြပါသည်၊ ထို့အတူ သီရိလင်္ကာကျွန်း ရာမညဂိုဏ်းနှင့် အမရပူရဂိုဏ်းတို့သည်လည်း မြန်မာနိုင်ငံ၏ ဓမ္မလက်ဆောင်တုံ့ပြန်မှုတို့ ဖြစ်သည်၊ ဤသို့ စာပေအနေ သာသနာဆက်အနေဖြင့် ဓမ္မလက်ဆောင် တုန့်ပြန်ခဲ့ဖူးသော်လည်း ကမ္မဋ္ဌာန်းအနေဖြင့်ကား မတုန့်ပြန်ခဲ့ဘူးသေးပေ၊ သီရိလင်္ကာမှလာသော အဋ္ဌကထာစသော ကျမ်းတို့တွင် ကမ္မဋ္ဌာန်းဆိုင်ရာ နည်းတွေ များစွာပါပေသည်၊ ထိုနည်းနာတို့ကို လိုက်နာ၍ပင် မြန်မာနိုင်ငံက ကမ္မဋ္ဌာန်းဆရာတော်တို့သည် ကမ္မဋ္ဌာန်းနည်းများကို ထုတ်ဖော်တော်မူခဲ့ကြသည်၊ မဟာစည်ဆရာတော် ဝိပဿနာ သာသနာမပြုမီက သီရိလင်္ကာ

တွင် လက်တွေ့ကမ္မဋ္ဌာန်းနည်းများ ကွယ်ပျောက်လုမတတ် ရှိခဲ့သည်၊ လက်တွေ့စနစ်တကျ ဝိပဿနာရှုနည်းကို ပြသနိုင်သည့်ဆရာများ မရှိသလောက်ပင် ဖြစ်ခဲ့သည်၊ ထို့ကြောင့် မဟာစည် ဆရာတော် ပြခဲ့သော လက်တွေ့ ဝိပဿနာသာသနာမှာ သီရိလင်္ကာကျွန်းတွင် တကယ်လိုအပ်နေသော သာသနာရေးဆိုင်ရာ ဟာကွက်တစ်ခုကို ဖြည့်ပေးသော တန်ဖိုးမဖြတ်နိုင်သည့် မဟာဝမ္မလက်ဆောင်ကြီးပင် ဖြစ်ပါတော့သည်၊ အလွန်လိုလားအပ်သော ဓမ္မလက်ဆောင် ဖြစ်၍လည်း ခံယူကြသူတို့က အားတက်သရော လက်ခံကြ၍ အမြတ်တနိုး ပြုစုပျိုးထောင် ဖြန့်ဝေကြခြင်း ဖြစ်သည်၊ ခံယူသူတို့ နှစ်သက်မှု ရှိကြသည်ကိုလည်း သီရိလင်္ကာကျွန်း၌ ယခုအခါ မဟာစည် ဩဝါဒခံ ယောဂီ တစ်သောင်းကျော်ရှိနေခြင်းက သက်သေခံလျက် ရှိပါသည်၊

အရှင်မဟိန္ဒမထေရ်သည် သီရိလင်္ကာကျွန်း၌ ဗုဒ္ဓသာသနာတော်အမြစ်တွယ်အောင် စွမ်းဆောင်တော်မူခဲ့ပါသည်၊ အရှင်မဟိန္ဒ၏ ကျေးဇူးကြောင့်ပင် ယနေ့တိုင်အောင် ထေရဝါဒသာသနာတော်သည် သီရိလင်္ကာမှာသာမက မြန်မာ, ထိုင်းစသော နိုင်ငံများ၌ပင် ထွန်းပြောင်နေနိုင်ခြင်း ဖြစ်ပါသည်၊ သီရိလင်္ကာ၌ အရှင်မဟိန္ဒမထေရ် အမြစ်တွယ်ပေးခဲ့သော သာသနာတော်သစ်ပင်ကြီး၌ ဝိပဿနာသာသနာအကိုင်းကြီးတစ်ကိုင်းမှာ ကာလအလျောက် ညှိုးနွမ်းနေခဲ့သည်၊ လုံးဝခြောက်သွေ့သွားမည့် အရိပ်အရောင်များကိုပင် ပြလျက်ရှိခဲ့သည်၊ မဟာစည် ဆရာတော်သည် ထိုဝိပဿနာသစ်ကိုင်းကြီးကို ပြန်လည် ရှင်သန်လာအောင် ဆောင်ရွက်တော်မူခဲ့သည်၊ မဟာစည်ဆရာတော်နှင့်( ဝိပဿနာ သာသနာပြု ဆရာတော် ) တို့၏ ဆောင်ရွက်မှုကြောင့် ဝိပဿနာကိုင်းကြီးမှာ ပြန်လည်စိုပြည်လာကာ ကြီးထွားသန်မာလာမည့် အရိပ်နိမိတ်များကိုပင် ပြနေပေပြီ၊ ထေရဝါဒ သာသနာ၏ ကျေးဇူးရှင်အဖြစ် အရှင်မဟိန္ဒမထေရ်ကို သာသနာသမိုင်းတွင် မှတ်တမ်းမတင်၍ မဖြစ်သလိုပင်၊ မဟာစည်ဆရာတော်ကိုလည်း မျက်မှောက်ခေတ် သီရိလင်္ကာ၌ ဝိပဿနာသာသနာ၏ မီးရှူးတန်ဆောင်အဖြစ် အသိအမှတ်မပြု၍ မဖြစ်နိုင်ပါ၊ အရှင်မဟိန္ဒကဲ့သို့ပင် မဟာစည်ဆရာတော်သည်လည်း ဗုဒ္ဓသာသနာ အပေါ်ဝယ် တာဝန်ကျေသော ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်ပါသည်၊

မိမိစိုက်ပျိုးအပ်သော သစ်ပင် အမြစ်စွဲ ရှင်သန်နေသည်ကို မြင်ရသော ဥယျာဉ်မှူး၏ နှစ်သိမ့်ခြင်းမျိုးဖြင့်ပင် မဟာစည်ဆရာတော်သည် သီရိလင်္ကာကျွန်းမှ ထွက်ခွာတော်မူခဲ့သည်၊ ကိုလံဘိုနှင့် ရန်ကုန်သည် ပင်လယ်ခရီးအားဖြင့် မိုင်ပေါင်း ၁၂၃၄ မိုင်မျှ ဝေးသည်၊ ဘစ်ဘီလိုင်း သင်္ဘော ၄ ည ၅ ရက် ခုတ်ရသည်၊ ကိုလံဘိုမှ ထွက်ခွာခဲ့ရာ ၂ ရက်မြောက်သောနေ့သည်ကား တပို့တွဲ လကွယ်နေ့ ဖြစ်သည်၊ ထိုနေ့ ရဟန်းတော်များ ဥပုသ်ပြုရမည့်နေ့ဖြစ်ရာ မဟာစည်ဆရာတော်သည် အတူပါလာသော ပဲခူးသာသနာ့ရိပ်သာ ဆရာတော်ဦးပညာဝါနှင့်သင်္ဘောကြီး ဦးဘက်တွင် ညနေ ၆ နာရီအချိန်တွင် ရေသိမ်ကို ရည်ရွယ်၍ အချင်းချင်း ပါရိသုဒ္ဓိ ကိုပြောလျက် ပါရိသုဒ္ဓိဥပုသ် ပြုတော်မူသည်၊ ထိုနေ့မှ ၂ ရက်မြောက်ဖြစ်သော ၁၃၂၀ ခု၊ တပေါင်းလဆန်း ၂ ရက်နေ့ မဟာစည် ဆရာတော်နှင့် နောက်ပါ ရဟန်းရှင်လူအားလုံးသည် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ဆိုက်ရောက်တော်မူကြလေသည်၊

သာသနာ့ရိပ်သာ စံကျောင်းတော်သို့ ရောက်သောအခါ မဟာစည်ဆရာတော်သည် လာရောက် ဆီးကြိုနှုတ်ဆက်ကြသော တပည့် ရဟန်း ဒကာ ဒကာမတို့အား စကားမပြောသေးဘဲ မြတ်စွာဘုရားဆင်းတုတော်ရှိရာသို့ ကြွသွား၍ ရတနာသုံးပါး၏ ဂုဏ်ကို အာရုံပြုကာ ဦးသုံးကြိမ်ချ၍ဝတ်ပြုတော်မူသည်၊ ထိုနောက်မှ ရောက်လာသည့် ပရိတ်သတ်အား စကားအနည်းငယ်ပြောတော်မူသည်၊ ထိုနေ့ညတွင် သီရိလင်္ကာ၌ သာသနာပြုရန် ချန်ထားခဲ့သော ဆရာတော် ၃ ပါးတို့အားလည်းကောင်း, နီစံက ဒကာမကြီးနှင့်တကွ လင်္ကာဝိပဿနာ အသင်းသူ အသင်းသား တို့နှင့် ယောဂီတို့အားလည်းကောင်း, အထူးမေတ္တာပို့တော်မူသည်၊

၎င်း အထူးမေတ္တာပို့ခြင်းဖြင့်ပင် မဟာစည်ဆရာတော်ကိုယ်တိုင် ကြွရောက်၍ ဆောင်ရွက်ခဲ့သော သီရိလင်္ကာကျွန်း ဝိပဿနာ သာသနာပြု ကိစ္စတစ်ရပ်သည် အပြီး သတ်ခဲ့ပါတော့သည်၊ မြတ်စွာဘုရားသည် သာသနာတော်၌ ရှေးဦးစွာ ရဟန္တာ ဖြစ်သော ခြောက်ကျိပ်သော ရဟန္တာအရှင်မြတ်တို့ကို "ရဟန်းတို့ လူအများ၏ အစီးအပွားအလို့ငှာ လူအများချမ်းသာဖို့ရာ ဒေသစာရီ လှည့်လည်ကြကုန်လော့" စသည်ဖြင့် လူများ ကျေးဇူးများဖို့ရာ ဒေသစာရီလှည့်လည်ရန် အစ အလယ်

အဆုံး ၃ ပါးလုံး၌ ကောင်းခြင်းရှိသော တရားကို ဟောရန် တိုက်တွန်းတော်မူခဲ့သည်၊ ရဟန္တာတို့၏ ဒေသစာရီလှည့်လည်ခြင်းသည် အများအကျိုးအတွက် တရားတော် ပြန့်ပွားရေးအတွက် ဖြစ်ရမည်ဟု ဆိုလိုပေသည်၊ ယခု မဟာစည် ဆရာတော် ကြွချီခဲ့သော အိန္ဒိယ, သီရိလင်္ကာ, ဒေသစာရီကား မြတ်စွာဘုရားအလို တော်နှင့် အတိအကျကိုက်ညီသော ဒေသစာရီပင် ဖြစ်ပါတော့သည်၊ တရားတော် အတွက် အောင်မြင်မှုရှိခဲ့သော ဒေသစာရီဖြစ်၍ "ဓမ္မဝိဇယဒေသစာရီ" ဟုပင် အမည်ပေးထိုက်သော ဒေသစာရီ ဖြစ်ပါတော့သည်၊

## အင်ဒိုနီးရှားသို့ သာသနာပြု ကြွတော်မူခြင်း

ဆဋ္ဌသံဂါယနာမတိုင်မီ ၁၃၁၅ ခုနှစ် နောက်ပိုင်း ပြာသို, တပို့တွဲလများတွင် ရန်ကုန်မြို့သာသနာ့ရိပ်သာသို့ သွားရောက်ကြည့်ရှုပါက ပန်းသေးတရုတ်ကလေး ဟု ထင်ရသော လူရွယ်တစ်ယောက် တရားအားထုတ်နေသည်ကို တွေ့ရမည်ဖြစ်၏၊ လူရွယ်ကလေးမှာ အသားအရေဖြူစင်၍ ရုပ်ရည်သန့်ပြန့်သည်၊ သတိပဋ္ဌာန်ကမ္မဋ္ဌာန်း အားထုတ်နေသူပီပီ သွားပုံလာပုံ ယဉ်ကျေးသိမ့်မွေ့သည်၊ သူဝတ်သော အဝတ် ရောင်မှာ အဖြူဖြစ်သဖြင့် ကမ္မဋ္ဌာန်းဌာနနှင့်လိုက်လျောသည်၊ သူဝတ်သော ဘောင်းဘီမှာ ရှမ်းဘောင်းဘီကဲ့သို့ဖြစ်၍ ပန်းသေးတရုတ်ကလေးဟု ထင်မှတ်ရခြင်း ဖြစ်သည်၊ သို့သော် သူကား ပန်းသေးတရုတ်မဟုတ်၊ အင်ဒိုနီးရှားနိုင်ငံမှ မဟာစည် ဆရာတော်ဘုရားထံ လာရောက်တရားအားထုတ်နေသော မစ္စတာ ဘွန်အန်ခေါ် အင်ဒိုနီးရှားအမျိုးသား တရုတ်ကျောင်းဆရာကလေးတစ်ဦး ဖြစ်လေသည်၊

အင်ဒိုနီးရှား အမျိုးသားတစ်ဦး သတိပဋ္ဌာန်ကမ္မဋ္ဌာန်း အားထုတ်နေသည် ဆို သဖြင့် ဆန်းသကဲ့သို့ ရှိပေသည်၊ အင်ဒိုနီရှားနိုင်ငံဆိုလျှင် မူဆလင်နိုင်ငံဟုပင် အသိများကြသည်၊ လူဦးရေ ၈၂ သန်းကျော်(၁၉၅၆-ခုနှစ် ခန့်မှန်းချေ) ရှိသည့် အနက် မူဆလင် ဘာသာဝင်များမှာ အများစုဖြစ်သည်၊ နိုင်ငံတော်သမ္မတမှစ၍ အစိုးရပိုင်းဆိုင်ရာတို့၌လည်း မူဆလင်ဘာသာဝင်များသာ များလေသည်၊ ဤမျှ မူဆလင်ကြီးစိုးသော နိုင်ငံမှ အမျိုးသားတစ်ဦးက ဗုဒ္ဓသာသနာတရားတော် ဖြစ် သည့် ဝိပဿနာကမ္မဋ္ဌာန်းကို လက်တွေ့လာရောက်ကျင့်သုံးနေသည် ဆိုသည်မှာ အံ့ဖွယ်တစ်ပါးပင် ဖြစ်တော့သည်၊

သို့သော် အင်ဒိုနီးရှားနိုင်ငံ၏ ရှေးသမိုင်းကို ပြန်ကြည့်မည်ဆိုလျှင်ကား ယခု မူဆလင်နိုင်ငံ ဖြစ်နေခြင်းကပင် အံ့ဩဖွယ်ဖြစ်နေပါတော့သည်၊ အင်ဒိုနီးရှားနိုင်ငံ၏ ကျွန်းကြီးဖြစ်သော ဂျာဗားကျွန်းတွင် ဗောရောဗုဒူးခေါ် ကမ္ဘာကျော် စေတီကြီး တစ်ဆူရှိသည်၊ အမြင့်ဉာဏ်တော် ၁၃၈ ပေရှိ၍ ဖိနပ်တော်အကျယ်မှာ အလျား ဘန် ၃၉၄ ပေစီ ရှိလေသည်၊ ဖိနပ်တော်မှာ ရွှေတိဂုံစေတီတော်၏ ဖိနပ်တော်လောက်ပင်ရှိ၍ ဉာဏ်တော်မှာမူ ရွှေတိဂုံစေတီတော်ကြီး၏ သပိတ်မှောက် ရင်စီးခန့်ရှိသည်၊ ဖိနပ်တော်မှာ ၄ ထောင့်ဖြစ်၍ ထိုမှ အထက်ပစ္စယံ ၄ ဆင့်တက်ထား၍ တဖန် ပစ္စယံ ၃ ဆင့်တစ်ခါ တက်ထားပြန်သည်၊ တတိယပိုင်း ပစ္စယံအလယ်တွင် ခေါင်းလောင်းပုံ စေတီတော်ရှိသည်၊ စေတီတော်ကြီး ဆိုသော်လည်း အလွန်မကြီးလှ၊ ထို့ပြင် ခေါင်းလောင်းပုံဖြစ်၍ မြင့်လည်းမမြင့်လှ၊ ထို့ကြောင့် ရွှေတိဂုံစေတီတော်၏ တစ်ဝက်မရှိတရှိလောက်သာ ဉာဏ်တော်ရှိခြင်း ဖြစ်လေသည်၊ ပစ္စယံ ၇ ဆင့်တွင် စေတီယ်ကလေးပေါင်း ၅၀၄ ဆူရှိသည်၊ ထို စေတီယ်ကလေး တစ်ဆူတစ်ဆူအတွင်းတွင် တစ်ကိုယ်လောက်နီးပါးရှိသော ကျောက်ဆင်းတု တစ်ဆူစီ ရှိလေသည်၊ ပစ္စယံများမှစ၍ အားလုံး ကျောက်ဖြင့် တည်ဆောက်ထားသည်၊ အောက်ပစ္စယံ ၄ ဆင့်၏ အတွင်းအပြင်နံရံများ၌ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုမှ ရုပ်ပုံများ နောက်ဆုံးဘဝမှ ဘုရားလောင်းအကြောင်းအရာ ရုပ်ပုံများ ဘုရားဖြစ်ပြီးနောက် ရုပ်ပုံများကို ရုပ်လုံးကားအဖြစ် ထွင်းထုထားသည်၊ ဤစေတီတော်ကြီးကို ကြည့်လျှင်ပင် အင်ဒိုနီးရှားနိုင်ငံ၌ ရှေးက မည်မျှ ဗုဒ္ဓသာသနာထွန်းကားခဲ့ကြောင်း ခန့်မှန်းနိုင်ပေသည်၊ ဤအကြောင်းကို မဟာစည်ဆရာတော်ဘုရားက အင်ဒိုနီးရှား သာသနာပြု မှတ်တမ်းတွင် အောက်ပါအတိုင်းဖော်ပြထားပါသည်၊

" ၎င်းစေတီတော်ကြီးကို ခရစ်သက္ကရာဇ် ၈ ရာစုနှစ်က တည်ထောင်ခဲ့သည်ဟူ၍ လည်းကောင်း, ၇၇၅ ခုနှစ်မှာ ပြီးစီးသည်" ဟူ၍ မင်းဗောရောဗုဒူး အတ္ထုပ္ပတ္တိ မှတ်တမ်းစာများ၌ ပြဆိုထားသည်၊ ဤမျှများပြားသော ကျောက်တုံးများကို ပြုပြင် သယ်ဆောင်၍လည်းကောင်း, ဤမျှ များပြားသော ဆင်းတုတော်များနှင့် ဇာတ်ကားရုပ်လုံးများကို ထုထွင်း၍လည်းကောင်း, ဤမျှ ကြီးကျယ်ခမ်းနားလှစွာသော ဗုဒ္ဓစေတီတော်ကြီးကို တည်ဆောက်ခဲ့သူ ဒါယကာ မည်သူဟူ၍ ယခုအခါ ထင်ရှားမသိရသော်လည်း ထိုရာစုနှစ်ခေတ်ကာလက ဘုန်းတန်ခိုးကြီးမား

သော ပြည့်ရှင်မင်းပင်ဖြစ်မည်မှာ ယုံမှားဖွယ်မရှိပေ၊ မင်းပင်ဖြစ်သော်လည်း တိုင်းသူပြည်သားများက အားမပေးလျှင် ဤမျှ ကြီးကျယ်ခမ်းနားသော စေတီတော်ကြီးကိုအပြီးတိုင် တည်ဆောက်နိုင်မည် မဟုတ်သောကြောင့် ထိုစဉ်ကာလ ဂျာဗားတစ်ကျွန်းလုံးမှာ ဗုဒ္ဓသာသနာဝင်တွေ ချည်းလိုလိုပင်ဖြစ်ခဲ့မည်မှာလည်း ယုံမှားဖွယ် မရှိပေ၊ (မှတ်တမ်း၊ နှာ-၄၆-၇) နှာ ၁၃၄

ဤစေတီတော်ကြီးကို ထောက်၍လည်းကောင်း, အခြား အမှတ်အသားများကို ထောက်၍လည်းကောင်း, အင်ဒိုနေးရှားနိုင်ငံ၌ ခရာဇ်နှစ် ၇-ရာစုလောက်မှ ၉-ရာစုတိုင်အောင် ဗုဒ္ဓသာသနာ ထွန်းကားခဲ့သည်ဟု မှတ်ယူနိုင်လေသည်၊

အင်ဒိုနေးရှားတွင် ဗောရောဗုဒ္ဒူး သာမက ဟိန္ဒူဆိုင်ရာ ရှေးဟောင်းအဆောက်အဦများလည်း ရှိသည်ပင်၊ ယနေ့တိုင်လည်း အထူးသဖြင့် ဗာလီကျွန်းတွင် ဟိန္ဒူဘာသာဝင်များ ရှိနေသေးသည်၊ ထို့ကြောင့် အင်ဒိုနေးရှား၌ ရှေးက ဟိန္ဒူဘာသာလည်း ထွန်းကားခဲ့သည်ကို သိနိုင်သည်၊

ဟိန္ဒူဘာသာ ထွန်းကားနေသော ၁၃-ရာစုနှစ် အတွင်းမှာပင် အာရေဗျ, ပါရှား, အိန္ဒိယ အနောက်ဘက် ကမ်းခြေတို့မှ မူဆလင်ကုန်သည်များ အင်ဒိုနေးရှားသို့ ရောက်လာရာမှ အစပြု၍ မူဆလင်တို့ တစတစ ကြီးစိုးလာခဲ့ရာ ယနေ့တိုင်အောင်ပင် ဖြစ်တော့သည်၊

မျက်မှောက်ခေတ် အင်ဒိုနေးရှားတွင် ဗုဒ္ဓသာသနာ လုံးဝမရှိကား မဟုတ်ပါ၊ ဆဋ္ဌသံဂါယနာဖွင့်ပွဲသို့ ဆက်သွင်းသော အရှင်ဇိနရက္ခိတ(မစ္စတာဘွန်အန်)၏ သန္ဒေသ ကထာအရဆိုရလျှင် အင်ဒိုနေးရှား၌ ဗုဒ္ဓသာသနာဝင်ပေါင်း ၂၀-သန်း ရှိကြောင်းသိရသည်၊ သို့သော် ထို ဗုဒ္ဓသာသနာဝင်များမှာ မဟာယာန ဗုဒ္ဓသာသနာဝင်များသာ ဖြစ်ရကား၊ ထေရဝါဒ ဗုဒ္ဓသာသနာဝင်ဆို၍ မရှိသလောက်ပင် ဖြစ်တော့သည်၊ ထို့ကြောင့် သာသနာ့ရိပ်သာ၌ ထေရဝါဒတရားလာရောက် အားထုတ်နေသော မစ္စတာဘွန်အန်ကို တွေ့မြင်ရခြင်းမှာ အံ့ဖွယ်တစ်ခုဟု ဆိုရခြင်း ဖြစ်ပါသည်၊

မစ္စတာဘွန်အန်သည် မဟာစည်ဆရာတော်နှင့် ဆရာတော် ဦးဉာဏုတ္တရတို့၏ ညွှန်ကြားပြသချက်အတိုင်း လိုက်နာ၍ လေးလေးစားစား အားထုတ်သဖြင့် မကြာမီမှာပင် ဝိပဿနာ ဉာဏ်စဉ်တရားကို ကိုယ်တွေ့နှင့် တိုက်ဆိုင်နားလည်ဆုံးဖြတ်နိုင်သော အခြေအနေသို့ ရောက်ခဲ့သည်၊ သို့ဖြစ်၍ ၁၃၁၅-ခု တပေါင်းလဆန်း ၃-ရက်နေ့တွင် မဟာစည်ဆရာတော်သည် မစ္စတာဘွန်အန်အား ဝိပဿနာ ဉာဏ်စဉ် တရားကို အပြည့်အစုံ ရှင်းလင်း ဟောပြတော်မူသည်။

ထိုနောက် မစ္စတာဘွန်အန်သည် ရဟန်းအဖြစ်ကို ခံယူရန် စိတ်ထက်သန်လာသည်၊ ထို့ကြောင့် သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသွင်-ဒေါ်သိန်းတို့ကပင် ရဟန်းဒါယကာအဖြစ် ခံယူ၍ ၁၃၁၅-ခုနှစ်၊ တပေါင်းလဆုတ် ၁၅ ရက် (၅.၄.၅၄) နေ့တွင် သာသနာ့ရိပ်သာရှိ သိမ်တော်၌ မဟာစည်ဆရာတော် အမှူးရှိသော ဆရာတော်များအား ချီးမြှောက်စေ၍ ရဟန်းအဖြစ်သို့ ပို့ဆောင်ပေးခဲ့သည်၊ မစ္စတာ ဘွန်အန် ၏ ကမ္မဋ္ဌာန်းဆရာတော်ဖြစ်တော်မူသော မဟာစည်ဆရာတော်ကပင် ဥပဇ္ဈာယ်အဖြစ်ဖြင့် ချီးမြှောက်တော်မူသည်။

အင်ဒိုနေးရှား ရဟန်းသစ်အား မဟာစည်ဆရာတော်က ဇိနရက္ခိတဟု ဘွဲ့ပေးတော်မူသည်၊ အောင်တော်မူသော မြတ်စွာဘုရားက စောင့်ရှောက်အပ်သူဟု အဓိပ္ပါယ်ရသည်၊ မှန်ပေသည်။ အရှင် ဇိနရက္ခိတသည် မြတ်စွာဘုရားနှင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့၏ စောင့်ရှောက်မှုကို ရမှပင် သူရည်မှန်းထားသော အင်ဒိုနေးရှားမြေ၌ ထေရဝါဒ ဗုဒ္ဓသာသနာ အမြစ်တွယ်ရေးကို အားထုတ်နိုင်မည် ဖြစ်ပေသည်။

မစ္စတာဘွန်အန်သည် အရှင်ဇိနရက္ခိတ ရဟန်းအဖြစ်ဖြင့်ပင် ဆဋ္ဌသံဂါယနာ ပဌမ သန္နိပါတဖွင့်ပွဲ အခမ်းအနားကြီးကို တက်ရောက်ကြည်ညိုခဲ့၍ သဒ္ဒေသကထာပင် တင်ဆက်ခဲ့သေးသည်၊ အရှင်ဇိနရက္ခိတသည် မဟာစည် ဆရာတော်ထံ၌ တစ်နှစ်ကျော်ကျော်မျှ သာသနဓမ္မကို ဆည်းပူးလေ့လာပြီးနောက် ဇာတိရင်းဖြစ်သော အင်ဒိုနေးရှားသို့ ပြန်ကြွသွားလေသည်။

အရှင်ဇိနရက္ခိတသည် အင်ဒိုနေးရှားမှ ထွက်ခွာစဉ်က မစ္စတာဘွန်အန်အဖြစ်ဖြင့် ထွက်ခွာလာခဲ့၍ ယခုပြန်လာသောအခါ ဝါညိုရောင် သင်္ကန်းဝတ် မြတ်

ရဟန်းအဖြစ်ဖြင့် အသွင်ပြောင်းလာခဲ့ရာ ထိုအရှင်အဖို့ တစ်နေ့ဝ... မျှ တည်းခိုရန်ပင် ခက်ခဲလျက် ရှိခဲ့လေသည်၊ ထေရဝါဒဆိုသည်ကို ကြားဖူးသူပင် အလွန်နည်းသော မူဆလင်တို့ ကြီးစိုးသောနိုင်ငံဖြစ်ရာ ဗုဒ္ဓသာသနဝင် ဘုန်းကြီးကျောင်းဟူ၍ အဘယ်မှာ ရှိပါမည်နည်း၊ အရှင်ဇိနရက္ခိတသည် မဟာစည် ဆရာတော်ထံ၌ ဝိနည်းကိုလည်း တတ်ကျွမ်းအောင် လေ့လာသွားခဲ့သည်ဖြစ်ရာ ဝိနည်းနှင့် မလျော်သည့် လူတို့နှင့် အတူနေထိုင်ခြင်းကိုလည်း မပြုနိုင်ပေ၊ ထို့ကြောင့် အစ၌ မာလာယု စက်ာပူရှိ သီရိလင်္ကာဗုဒ္ဓသာသနာ ဘုန်းကြီးကျောင်းများ၌ တည်းခိုနေထိုင်လျက် ရံဖန်ရံခါသာ အင်ဒိုနေးရှားသို့ သွားရောက်၍ စပ်ဆိုင်ရာ ပုဂ္ဂိုလ်များအား ဗုဒ္ဓသာသနာတရားဓမ္မကို တစတစ ဟောပြောပြသရသည်၊ အရှင်ဇိနရက္ခိတသည် ၅ နှစ်မျှ မဆုတ်မနစ် ဇွဲလုံ့လဖြင့် သာသနာပြုခဲ့ရာ အင်ဒိုနေးရှား၌ ဝိဟာရခေါ် သာသနာ့အဆောက်အဦး ကျောင်းပေါင်း ၂-ကျောင်းမျှ ရှိခဲ့၍ သရဏဂုံ ၃ ပါးနှင့် ငါးပါးသီလကို ခံယူကျင့်သုံးသူ ၆၀၀ ကျော်ရှိလာခဲ့သည်၊ ထိုပုဂ္ဂိုလ်များထဲတွင် ရှစ်ပါးသီလ အမြဲတမ်း ဆောက်တည်သူများလည်းပါ၍ သမထ ဝိပဿနာ အားထုတ်သူများလည်း ပါသည်၊ ထို့ပြင် ဗုဒ္ဓသာသနာဝင်အဖြစ် မခံယူကြသေးသော်လည်း ဗုဒ္ဓသာသနာကို ကြည်ညိုလေးစား ညွတ်ကိုင်း နေသူတို့လည်း ရှိနေသည်၊ ဗုဒ္ဓသာသနာတော်ကို အားပေးရန်တည်ထောင်ထားသော သာသနာရေးအသင်းအဖွဲ့တို့လည်း ရှိနေသည့်ပြင် ရှင်ရဟန်းအဖြစ်ဖြင့် သာသနာတော်သို့ ဝင်ရောက် လိုသူများပင် ရှိနေသည်၊ ထို့ကြောင့် သီရိလင်္ကာ, မြန်မာ, ထိုင်း, လာအို, ကမ္ဘောဒီးယား ဟူသော ထေရဝါဒ ငါးနိုင်ငံမှ သာသနာပြု မထေရ်များကို ပင့်ဆောင်ရန် အရှင်ဇိနရက္ခိတ အမှူးရှိသော အင်ဒိုနေးရှား ဗုဒ္ဓသာသနာအသင်းအဖွဲ့များက စီမံအားထုတ်ကြသည်၊

ထို အဖွဲ့တို့ကပင် အင်ဒိုနေးရှားသို့ သာသနာပြု မထေရ်တစ်ပါးလွှတ်ပါရန် မေတ္တာရပ်ခံစာကို အင်ဒိုနေးရှားရှိ မြန်မာသံရုံးမှတစ်ဆင့် နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့သို့ ပို့လိုက်သည်၊ အဖွဲ့ကလည်း ထိုကိစ္စနှင့် စပ်လျဉ်း၍ စဉ်းစားကြရာတွင် အင်ဒိုနေးရှားသို့ ကြွရန်မှာ အရှင်ဇိနရက္ခိတ၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော မဟာစည်ဆရာတော်ကိုပင် အသင့်တော်ဆုံးဖြစ်သည်ဟု သဘောတူညီကြသဖြင့် မဟာစည်ဆရာတော်ပင် အင်ဒိုနေးရှားသို့ သာသနာပြုကြွပါရန် လျှောက်ထား

သည်၊ ဆရာတော်ကလည်း မိမိမှာ ဘာသာခြားစကားဖြင့် တရားဟောရန် မစွမ်းနိုင်သော်လည်း အင်ဒိုနေးရှားနိုင်ငံရှိ ဗုဒ္ဓသာသနာဝင်များက အရှင်ဇိနရက္ခိတ၏ ဆရာအဖြစ်ဖြင့် ကြားသိထားပြီးဖြစ်နေသည့်အတွက် မိမိကိုယ်တိုင် သွားရောက်၍ အားပေးရလျှင် သာသနာပြုကိစ္စအတွက် သာ၍ကျေးဇူးများဖွယ်ရှိသည်ဟု မြော်မြင်လျက် လျှောက်ထားချက်ကို လက်ခံ၍ အင်ဒိုနေးရှားသို့ ကြွတော်မူသည်၊

မြန်မာနိုင်ငံမှ မဟာစည်ဆရာတော် တစ်ပါးတည်း ကြွတော်မူသော်လည်း အခြားနိုင်ငံများမှမူ တစ်ပါးမက ကြွကြသည်၊ ထိုကြောင့် ထိုစဉ်က အင်ဒိုနေးရှား၏ ဂျာကာတာမြို့တော်ရှိရာ ဂျာဗားကျွန်း၌ မဟာစည်ဆရာတော်အပါအဝင် ထေရဝါဒ ရဟန်းတော် ၁၄ ပါးတို့ စုဝေးမိကြသည်၊ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀၀-အတွင်း ထိုကျွန်း၌ ဤမျှများပြားသော ထေရဝါဒ ရဟန်းတော်တို့ စုဝေးမိဖူးမည် မဟုတ်ရကား အံ့ဖွယ်တစ်ပါးအဖြစ် မှတ်တမ်းတင်ရမည့် ထေရဝါဒ ရဟန်းတော် အစုအဝေးဖြစ်တော့သည်၊ မဟာစည်ဆရာတော်အပါအဝင် ထိုထေ ဝါဒ ရဟန်းတော်တို့သည် အင်ဒိုနေးရှားနိုင်ငံ ထိုထိုမြို့ရွာတို့သို့ ကြွရောက်၍ သာသနာ ပြုတော်မူခဲ့ကြသည်၊ ကမ္ဘာကျော် ဗောရောဗုဒ္ဓူး စေတီတော်ကြီးကိုလည်း သွားရောက်ဖူးမြော်ကြသည်၊ ဂျာဗားကျွန်းအပြင် မဒုရာကျွန်း, ဗာလီကျွန်းတို့ကိုလည်း သာသနာပြု ရောက်တော်မူကြသည်၊ လူအမျိုးမျိုးနှင့်တွေ့ ဗုဒ္ဓသာသနာဆိုင်ရာ မေးခွန်းအမျိုးမျိုးကိုလည်း သူတို့က မေးကြ မြန်းကြသည်၊ ဆရာတော်တို့သည် ထိုထိုအရပ်တို့၌ တရားလည်း ဟောတော်မူကြရသည်၊

မဟာစည်ဆရာတော်အပါအဝင်ဖြစ်သော ထေရဝါဒ သာသနာပြုဆရာတော်တို့ ဆောင်ရွက်ခဲ့သော သာသနာတော်အတွက် အရေးကြီးဆုံးလုပ်ငန်းများကား သိမ်သမုတ်ခြင်း, ရှင်ပြုပေးခြင်း, ရဟန်းခံပေးခြင်းတို့ပင် ဖြစ်လေသည်၊

ဒေဝါနံပိယ တိဿမင်းကြီးသည် မိမိကိုယ်တိုင် ဗုဒ္ဓသာသနာဝင်ဖြစ်ပြီးနောက် မဟာမေဃဝန်ဥယျာဉ်ကို သာသနာပြုအရှင်မဟိန္ဒမထေရ်အားလှူဒါန်းခဲ့၏၊ ထိုအခါတွင် အနုဠာဒေဝီမိဖုရားနှင့်တကွ အမျိုးသမီး၅၀၀ ရာတို့ သကဒါဂါမိတည်ပြီးဖြစ်၏၊ အရှင်မဟိန္ဒထေရ်၏ တရားကိုပင် နာရ၍ အခြားများစွာသော ယောကျ်ားတို့လည်း သောတပန်အဖြစ်သို့ ရောက်ခဲ့ကြ၏၊ ထိုသို့ဖြစ်ပြီးနောက် မင်းကြီး

သည် "သီရိလင်္ကာကျွန်း၌ ဘုရားရှင်သာသနာတည်ပါပြီလား" ဟုမေးလျှောက်သည်၊ ထိုအခါ အရှင်မဟိန္ဒက " ဘုရားရှင် အာဏာတော်ဖြစ်သော ဉာတ်ကမ္မဝါစာဖြင့် သိမ်သမုတ်ပြီးမှသာလျှင် ဘုရားရှင်သာသနာတော်တည်လိမ့်မည်" ဟု ဖြေကြားတော်မူခဲ့သည်၊ တရားထူးရပြီးသော လူဝတ်ကြောင်များ မည်မျှပင် များပြားစွာရှိနေသော်လည်း ထိုသူတို့သည် သာသနာတော်တည်တံ့ရေးကို မဆောင်ရွက်နိုင်ကုန်၊ ရဟန်းတော်များသာ ဆောင်ရွက်နိုင်သည်၊ ရဟန်းအဖြစ်ရောက်ရန်မှာလည်း ကံပြုရာ သိမ်ရှိမှ ဖြစ်နိုင်မည်၊ ထို့ကြောင့် သိမ်သည် သာသနာတော်တည်ရေးတွင် အရေးကြီးလှသည်ဟု အရှင်မဟိန္ဒမထေရ်ဆိုလိုရင်းဖြစ်ပေသည်၊ ထို့ကြောင့် ဤအဖြေအရမည်သည့် နိုင်ငံမှာဖြစ်စေ သိမ်မရှိသေးသမျှ သာသနာတော်တည်ပြီဟု မဆိုနိုင်ကြောင်း မှတ်ယူရမည်ဖြစ်ပါသည်၊ ထို့ကြောင့်ပင် မဟာစည်ဆရာတော်တို့အဖွဲ့သည် အင်ဒိုနေးရှားမြေတွင် ပဌမဆုံးဟု ခေါ်ဆိုရမည် ဗဒ္ဓသိမ်ကို သမုတ်ခဲ့လေသည်၊ ထိုသိမ်ကို ဂျာကာတာမြို့တော်မှ ၂၂၈-မိုင်ဝေးသော ဆမာရစ်မြို့မှ ၁၁-မိုင်ခန့်အရပ်ရှိ ဗုဒ္ဓဇယန္တိဝိဟာရခေါ် ဌာန၌ ၁၃၂၂-ခုနှစ် ကဆုန်လဆန်း ၁၃-ရက်(၁၉-၅-၅၉)နေ့တွင် သမုတ်ခဲ့သည်၊ အရှင်မဟိန္ဒမထေရ်မိန့်ခွန်းတော်အရဆိုလျှင် ထိုနေ့မှစ၍ အင်ဒိုနေးရှား၏ ဗုဒ္ဓသာသနာ အမြစ်တွယ်သွားပြီဟု ဆိုရမည် ဖြစ်ပါသည်။

နိုင်ငံတစ်ခု၌ သာသနာတော် အရှည်တည်တံ့ရေးသည် ထိုနိုင်ငံသား ရဟန်းများ ပေါ်ပေါက်ရေးပေါ်တွင် တည်လျက်ရှိ၏၊ အင်ဒိုနေးရှား၌ သာသနာတော်အရှည်တည်တံ့စေလိုလျှင် အင်ဒိုနေးရှား တိုင်းရင်းသားရဟန်းများ ပေါ်ပေါက်အောင် ဆောင်ရွက်ရန်လည်း အရေးကြီး၏၊ ဤအရေးကြီးသော ကိစ္စကိုလည်း မဟာစည်ဆရာတော်အဖွဲ့သည် ဆောင်ရွက်ခဲ့သည်ပင် ဖြစ်သည်၊ မိမိတို့ သမုတ်ခဲ့သော ဗဒ္ဓသိမ်၌ပင် ဆရာတော်တို့သည် ကဆုန်လဆုတ် ၁-ရက်နေ့၌ အင်ဒိုနေးရှား အမျိုးသားသာမဏေ ရှင်ဇိနပုတ္တကို ရဟန်းအဖြစ်သို့ ရောက်အောင် ချီးမြှောက်တော်မူခဲ့ကြသည်၊ ထို့ပြင် ကဆုန်လဆုတ် ၁၃-ရက်နေ့၌လည်း ဗာလီကျွန်း ဗေသာခိ နတ်ကွန်းသို့ကြွကာ ဗာလီကျွန်းသား သာမဏေ ရှင်ဇိနပိယအား ရဟန်းခံပေးခဲ့သည်၊ ယင်းဇိနပိယကို ရဟန်းခံပေးရာ သိမ်မှာ ဗဒ္ဓသိမ်မဟုတ်၊ ဂါမသိမ် ဖြစ်သည်၊ ဂါမအတွင်း၌ ရှိသမျှ ဟန်းများကို တစ်နေရာတည်း၌ စုနိုင်လျှင်

ထိုနေရာတွင် ရဟန်းခံစသော သံဃာ့ကံများကို ပြုနိုင်တော့သည်သာ ဖြစ်သည်၊ ထို့ကြောင့် ဂါမသိမ်မှာပင် ရဟန်းခံပေးရုံသာမက သာသနာ့ဘောင်သို့ ဝင်ရောက်လိုသော အမျိုးသားများကိုလည်း သာမဏေအဖြစ် ရှင်ပြုပေးသေးသည်၊ ဆရာတော်တို့အဖွဲ့သည် အင်ဒိုနေးရှား၌ ရှင်ပြုပွဲ ၃-ကြိမ်တိုင်တိုင် ကျင်းပခဲ့ကြသည်၊ ပဌမဆုံးအကြိမ်အဖြစ် ကဆုန်လဆန်း ၁၁-ရက်နေ့တွင် ဂျာကာတာမြို့၌ သာရိပုတ္တစက္ကူလ်ကျောင်း ကျောင်းအုပ်ဆရာကြီး မစ္စတာအောင်ကို ရှင်သာမဏေပြုပေး၍ ကဆုန်လပြည့်နေ့တွင် ဆာမာရမ်မြို့၌ ဝါတုဂုံအရပ် ဝိဟာရဗုဒ္ဓဃာကျောင်း၌ ဆမာရမ်မှ ဒကာတစ်ဦးနှင့် ဗာလိမှ ဒကာတစ်ဦး ပေါင်း ၂-ဦးတို့အား ရှင်သာမဏေ ပြုပေးသည်၊ ၎င်းတို့အား ဇိနာနန္ဒ, ဇိနပ္ပိယဟု အစဉ်အတိုင်း ဘွဲ့ပေးတော်မူကြသည်၊ ဤသို့ မဟာစည်ဆရာတော်၏ ရှေးဦး ဆောင်ရွက်တော်မူခြင်းကြောင့်လည်းကောင်း, ယခု ဆရာတော် အပါအဝင် ထေရဝါဒ သာသနာပြုဆရာတော်တို့၏ ဆောင်ရွက်မှုကြောင့်လည်းကောင်း အင်ဒိုနေးရှားမြေပေါ်၌ အင်ဒိုနေးရှား တိုင်းရင်းသားရဟန်းတော် ၂-ပါး၊ သာမဏေ ၃-ပါးအားဖြင့် သာသနာ့ ဝန်ထမ်း ၅ ပါး ထွက်ပေါ်ခဲ့ပြီ ဖြစ်လေသည်၊

မဟာစည် ဆရာတော်သည် ၁၃၂၁-ခုနှစ် ကဆုန်လဆန်း ၈-ရက် (၁၄-၅-၅၉)နေ့တွင် မြန်မာပြည်မှ ထွက်ခွာ၍ ထိုနှစ် နယုန်လဆုတ် ၁၀-ရက် (၃၀-၆-၅၉)နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် "အင်ဒိုနေးရှား သာသနာပြုဆိုင်ရာ ခရီးသွားမှတ်တမ်း"ကို ရေးသားတော်မူသည်၊ ထိုမှတ်တမ်းတွင် အင်ဒိုနေးရှား သာသနာပြုခရီးကို အသေးစိတ်အကျဉ်း ရေးသားတော်မူသည်၊ စာအုပ်အစ၌ "အကျဉ်းချုပ် ဖော်ပြချက်ဖြစ်သည်" ဟု ဆိုသည်၊ သို့သော် ထိုမှတ်တမ်းစာအုပ်မှာ ကရောင်း ၈-ချိုးဆိုက် စာမျက်နှာ ၁၈၅-မျက်နှာရှိသဖြင့် ခရီးသွား မှတ်စုမျှ မဟုတ်ကြောင်း သိနိုင်သည်၊ ထိုမှတ်တမ်းတွင် ဆရာတော်သည် အင်ဒိုနေးရှားဆိုင်ရာ သိသင့်သိထိုက်သော အချက်အလက်တို့ကိုလည်းကောင်း, သာသနာပြု ခရီးတလျှောက် အတွေ့အကြုံတို့ကိုလည်းကောင်း, သာသနာပြုတရားများနှင့် မိန့်ခွန်းအကျဉ်းများကိုလည်းကောင်း ဖတ်ချင်စဖွယ် ဖြစ်အောင် ရေးသားထားသည်ကို တွေ့နိုင်သည်၊ တရားဟောပြီးနောက် သူတို့နိုင်ငံ ထုံးစံအတိုင်း ပြုလုပ်ခွင့်ပေးရသော အမေးအဖြေကား စိတ်ဝင်စားဖွယ်

လည်းကောင်း၊ သာသနာပြု ပုဂ္ဂိုလ်တို့အဖို့ သတိပြုဖွယ်လည်း ဖြစ်ပေသည်၊ ဟောရသော တရားများမှာ နက်နဲခက်ခဲသော တရားများကားမဟုတ်ကြ၊ သို့သော် တရားနာပြီးနောက် မေးကြသော မေးခွန်းများမှာကား အမျိုးလည်းစုံကြ၍ "ရဟန်းများ ဘာကြောင့် ခေါင်းတုံးရိတ်ထားသလဲ" စသော မေးခွန်းမျိုးများလည်း ပါသည်၊ ထိုမေးခွန်းများကိုလည်း အဖြေများနှင့်တကွ မှတ်တမ်းတွင် ပြထားလေသည်၊ မှတ်တမ်းကို ဖတ်ကြည့်လျှင်ပင် မဟာစည်ဆရာတော်သည် စေ့စပ်သေချာသော ဆရာတော်ဖြစ်ကြောင်း ထင်ရှားသိမြင်နိုင်သည်၊

မဟာစည်ဆရာတော်နှင့်တကွ အခြား ထေရဝါဒ ဆရာတော်တို့ သာသနာပြုခဲ့ပုံ စသည့်အကျယ်ကို သိလိုပါလျှင် ဆရာတော်၏ အင်ဒိုနေးရှား သာသနာပြု မှတ်တမ်းကိုပင် ဖတ်ပါဟု တိုက်တွန်းလိုပါသည်၊ အချုပ်အားဖြင့် ဆိုရလျှင်ကား အင်ဒိုနေးရှားသို့ သာသနာပြုရန် မဟာစည်ဆရာတော် ကြွသွားတော်မူခဲ့ခြင်းသည် ဗုဒ္ဓသာသနာအတွက်သာမက တိုင်းပြည်အတွက်ပါ အကျိုးများသော လုပ်ငန်းတစ်ရပ် ဖြစ်ပါတော့သည်၊ သာသနာပြုနှင့်လည်းကောင်း, တိုင်းပြည်နှင့်လည်းကောင်း, စပ်၍ ရရှိပေါ်ပေါက်ခဲ့သော ထိုအကျိုးကျေးဇူးများကို မင်္ဂလာဦးအောင်မြင့်က ထိုမှတ်တမ်းစာအုပ် နိဒါန်းတွင် ဖော်ပြထားပါသည်၊ ထို့ကြောင့် မဟာစည်ဆရာတော်၏ အင်ဒိုနေးရှား သာသနာပြုခရီးမှာ သိရိလက်ာ့နှိုပင် အောင်မြင်မှုရှိသော "ဝိဇယခရီး" တစ်ခုပင် ဖြစ်ပါတော့သည်၊

## ထိုင်း၌ သာသနာပြုခြင်း

မဟာစည်ဆရာတော်သည် ထိုင်းနိုင်ငံသို့ သာသနာရေး မစ်ရှင်အဖြစ်ဖြင့်လည်းကောင်း၊ သာသနာ ၂၅၀၀-ပြည့် ဗုဒ္ဓဇယန္တီ ပွဲတော်၌ အားပေးသည့် အနေဖြင့်လည်းကောင်း ကြွရောက်တော်မူခဲ့ဖူးသည်၊ ဝိပဿနာသာသနာပြု အနေဖြင့် ကြွရောက်တော်မမူဘူးပေ၊ သို့သော် ထိုင်းနိုင်ငံမှ သံဃာ့အုပ်ချုပ်ရေး သံဃာ့ဝန်ကြီးဖြစ်သော အရှင်ဝိမလဓမ္မ ဆရာတော်က ဝိပဿနာပြု ကမ္မဋ္ဌာနစရိယ တစ်ပါး စေလွှတ်ပေးရန် တောင်းပန်သောကြောင့် မဟာစည်ဆရာတော်သည် ၁၃၁၄-ခုနှစ်ကပင် အစပြု၍ တပည့် ကမ္မဋ္ဌာနာ စရိယဖြစ်သော ဆရာတော် ဦးအာသဘကို နောက်ပါ ဦးဣန္ဒဝံသနှင့်တကွ စေလွှတ်၍ ဝိပဿနာသာသနာကို ပြုစေ

တော်မူသည်၊ ထိုဆရာတော် ၂-ပါး၏ ကြိုးပမ်းချက်ကြောင့် မဟာစည်ဆရာတော်၏ သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းနည်းသည် ထိုင်းနိုင်ငံ အနှံ့အပြား သွားတော့သည်၊ ကမ္မဋ္ဌာန်း ရိပ်သာပေါင်း ၃၀၀-ကျော် ပေါ်ထွန်းခဲ့၍ တရားအားထုတ်ပြီး သူပေါင်း ၁၃၂၉ ခုနှစ် မတိုင်မီကပင် တစ်သိန်းကျော်ရှိခဲ့သည်၊ (ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အတ္ထုပ္ပတ္တိ သမိုင်းစာအုပ် ၁၃၂-စသည်၌ ကြည့်လျှင် သာ၍ ပြည့်စုံစွာ သိနိုင်သည်) ယခုအခါမှာမူ ထိုထက်ပင် များပြားနေလေပြီ နောက်၌ ထိုင်းလင်းသာသနာပြု ဆရာတော် အရှင်အာ...ဘ၏ အတ္ထုပ္ပတ္တိကို ဖတ်ရှုလျှင် တိုးတက်ပုံကို သိနိုင်ပါသည်၊

## ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ ရေးသားတော်မူခြင်း

ပဋ္ဌမသံဂါယနာတင်ပွဲ ကျင်းပစဉ်က ဝိနည်းပိဋကတ်ကို သံဂါယနာ တင်အပြီးတွင် သံဂါယနာတင် ရဟန္တာအရှင်မြတ်တို့က ဝိဝိ(အရှင်ဥပါလိ) တပည့်များအား ပို့ချပေးရန် အရှင်ဥပါလိအား အပ်နှင်းတော်မူကြသည်၊ ထိုအတူ ဒီဃနိကာယ် သံဂါယနာတင်အပြီးတွင် ဒီဃနိကာယ်ကို အရှင်အာနန္ဒာအားလည်းကောင်း၊ ထိုအတူ မဇ္ဈိမနိကာယ်ကို အရှင်သာရိပုတ္တရာ၏ တပည့်တို့အားလည်းကောင်း (ထိုအချိန်တွင် အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံပြီး ဖြစ်သည်) သံယုတ္တနိကာယ်ကို အရှင် မဟာကဿပအားလည်းကောင်း၊ အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါအားလည်းကောင်း ဆိုင်ရာတပည့်များအား ပို့ချရန် အပ်နှင်းတော်မူခဲ့ကြသည်၊ သံဂါယနာတင်ပြီးနောက် ကြောင့်ကြမဲ့ ဖြစ်မည်စိုး၍လည်းကောင်း၊ ပိဋကတ်တော်များ အဆက်မပြတ် တည်တံ့သွားရန်လည်းကောင်း အရှည်ကို မျှော်ကိုး၍ ပြုလုပ်ခဲ့သော အလွန်ကောင်းမြတ်သော အစဉ်အလာဖြစ်ပေသည်၊

ပဋ္ဌမသံဂါယနာတင် မထေရ်တို့၏ အရှည်ကို မြော်မြင်၍ ချမှတ်ခဲ့သော လမ်းစဉ်ကို အလွန် ကြိုက်နှစ်သက်တော်မူသော ဆဋ္ဌသံဂါယနာ သံဃ နာယက ဝန်ဆောင် သံဃာ့အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် ဘုရားကြီးသည်လည်း ရဟန္တာအရှင်တို့၏ ထုံးကို အတုယူ၍ ဆဋ္ဌသံဂါယနာပွဲကြီး ပြီးသောအခါ သံဂါယနာတွင် ပါဝင်သော ဆရာတော်တို့အား နိကာယ်တို့ကို အသီးသီး တာဝန်ယူ၍ မပြတ်ပို့ချကြရန် တိုက်တွန်း နှိုးဆော်တော်မူလေသည်၊

ထိုအခါ မဟာစည်ဆရာတော်ဘုရားသည် "ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာ, ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့် ၎င်းအဋ္ဌကထာ, မိလိန္ဒပဉှာပါဠိတော်" ဟူသော ဤ ၅-ကျမ်းကို မိမိ၏ သာသနာ့ရိပ်သာ၌ မပြတ်ပို့ချရန် တာဝန်ယူတော်မူခဲ့သည်၊ အဆိုပါကျမ်းတို့သည် ကမ္မဋ္ဌာန်းနှင့်လည်းကောင်း၊ ဗုဒ္ဓဝါဒဆိုင်ရာ ပြဿနာတို့နှင့်လည်းကောင်း၊ တိုက်ရိုက်သက်ဆိုင်သော ကျမ်းတို့ဖြစ်၍ ဤကျမ်းတို့ကို လေ့လာကျေပွန်ထားပါလျှင် ကမ္မဋ္ဌာန်းနှင့်ပတ်သက်၍ အရှုပ်အထွေး ပေါ်လာသောအခါ ဖြစ်စေ, ဗုဒ္ဓဝါဒ နှင့်ပတ်သက်သော ပြဿနာပေါ်လာသောအခါ ဖြစ်စေ အလွယ်တကူဖြင့် ခိုင်လုံသော အဆုံးအဖြတ် ပေးနိုင်မည်ဖြစ်သည့်ပြင် ကမ္မဋ္ဌာန်းဆိုင်ရာ, ဗုဒ္ဓဝါဒဆိုင်ရာ ဗဟုသုတလည်း တိုးပွားမည်ဖြစ်၏၊ မိမိ၏ဩဝါဒကို ခံယူ၍ ကမ္မဋ္ဌာနာစရိယပြုလုပ်ကြမည့် ပုဂ္ဂိုလ်တို့အဖို့ ဤကျမ်းတို့သည် အလွန်လိုအပ်သော ကျမ်းတို့ ဖြစ်၏၊ မကြည့်ရှု မလေ့လာလျှင် မဖြစ်သော ကျမ်းတို့ဖြစ်၏၊ ထို့ကြောင့်ပင် ကမ္မဋ္ဌာနာစရိယတို့အဖို့ မယူမနေရ ဘာသာသဘောဖြင့် ပြဋ္ဌာန်း၍ ပို့ချရန် ရည်ရွယ်တော်မူကာ ဤကျမ်းတို့ကို တာဝန်ယူခဲ့ခြင်း ဖြစ်ပေသည်၊

ဤသို့ တာဝန်ယူတော်မူပြီးနောက် ၁၃၂၂-ခုနှစ် တပို့တွဲလဆန်း ၃-ရက် ကြာသပတေးနေ့မှစ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို မဟာဋီကာနှင့်တွဲ၍ နေ့စဉ် တစ်နာရီခွဲ နှစ်နာရီခန့် ပို့ချတော်မူခဲ့လေသည်၊ ပို့ချသောအခါ ရှေးဦးစွာ အနက်အဓိပ္ပာယ်ကို သဘောပေါက်လောက်အောင် ရှင်းလင်း ပြောကြားပြီးမှ နိဿယမူ ရေးသားရန် ရည်ရွယ်ချက်ဖြင့် နိဿယနက်ကို ပို့ချပေးတော်မူသည်၊ ထိုအနက်ကို စာလိုက်ပုဂ္ဂိုလ်တို့က မှတ်ယူပြီးနောက် လက်နှိပ်စက်ဖြင့် ရိုက်၍ နိဿယမူကြမ်းကို ဆရာတော်ထံ တင်ပြကြသည်၊ ထိုမူကြမ်းကို မဟာစည်ဆရာတော်သည် အထပ်ထပ်ကြည့်ရှုသုတ်သင် ပြင်ဆင်၍ အဆုံးအဖြတ်, အမှာအထားထည့်သွင်းသည့် နေရာတို့၌ ထည့်ကာ တည်းဖြတ်တော်မူသည်၊ ဆရာတော်တည်းဖြတ်ပြီး ထိုမူကိုမှ မူချောအဖြစ် လက်နှိပ်စက်ဖြင့် တဖန် ရိုက်ရသည်၊ ဤသို့ဖြင့် ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယသည် သန္ဓေတည် ပေါက်ဖွားခဲ့ရသည်၊

၁၃၂၂-ခု တပို့တွဲလဆန်း ၃-ရက်နေ့မှစတင်၍ ရေးသားခဲ့သော မဟာဋီကာနိဿယသည် ၁၃၂၈-ခု တပို့တွဲလဆန်း ၁၄-ရက်နေ့ကျမှ ပြီးဆုံးခြင်းသို့ ရောက်

ခဲ့သည်၊ နှစ်အားဖြင့် ကြည့်လျှင် ၆-နှစ်မျှ ကြာလေသည်၊ သို့သော် ၆-နှစ်အတွင်း၌ သီတင်းနေ့များ အခြားအရပ်တို့သို့ တရားဟောထွက်ရသော ရက်များလည်း ပါဝင်ရာ ထိုမပို့ချနိုင်သော ရက်တို့ကို နုတ်လျှင် မဟာဋီကာကို အဆုံးရောက်အောင် ပို့ချသော ရက်များမှာ ၈၃၀-ဖြစ်လေသည်၊ ဤအကြောင်းကို ဆရာတော်သည် နိဿယနိဂုံးတွင် အသေအချာ ဖော်ပြထားပါသည်။

နိဿယစာမူချောကို ၁၃၂၈-ခုနှစ်မှ စ၍ ပုံနှိပ်စေခဲ့သည်၊ ပုံနှိပ်တိုက်သို့ ပို့ကာနီး၌လည်း အထပ်ထပ်ကြည့်ရှု၍ ပြင်သင့်သည်တို့ကို ပြင်တော်မူသည်၊ ပုံနှိပ်တိုက်မှ ပေးပို့သော ပုံနှိပ်မူကြမ်း(ပရူ)ကိုလည်း ကျနစွာ ကြည့်ရှုစစ်ဆေး၍ ပြင်သင့်သမျှတို့ကို ပြင်တော်မူသည်၊ ဝိသုဒ္ဓိမဂ် မဟာဋီကာပါဠ်သည် ၂-တွဲရှိ၏၊ ပါဠ်တစ်တွဲအတွက် နိဿယ ၂-တွဲဖြစ်ရကား နိဿယမှာ အားလုံး ၄-တွဲဖြစ်သည်၊ ထိုတွင် ပဌမတွဲကို ၁၃၂၈-ခုနှစ်၌လည်းကောင်း၊ ဒုတိယတွဲနှင့် တတိယတွဲကို ၁၃၂၉-ခုနှစ်၌လည်းကောင်း၊ စတုတ္ထတွဲကို ၁၃၃၀-ပြည့်နှစ်၌လည်းကောင်း ထုတ်ဝေနိုင်ခဲ့သည်။

## နိဿယ၏ အဝ

မဟာစည်ဆရာတော်သည် မစိုးရိမ်ဆရာတော်ဘုရားကြီးထံ တာဝန်ခံပြီးသည့် နောက်မှ ဝိသုဒ္ဓိမဂ်မဟာဋီကာကို ကြည့်ရှုလေ့လာခဲ့သည်မဟုတ်၊ ရဟန်းဖြစ်ပြီးခါစ ဆိပ်ခွန်မှာ နေခဲ့စဉ်ကပင် ဆရာတော်ဦးပရမထံ ဝိသုဒ္ဓိမဂ်ကို တက်ရင်းလည်း လေ့လာခဲ့သည်၊ သူတစ်ပါးတို့အား ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာကို ပို့ချစဉ်ကလည်း လေ့လာခဲ့သည်၊ (ထိုသို့ပို့ချစဉ်က ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသသမယန္တရပိုင်း မဟာဋီကာ ပြဆိုချက်များတွင် မိမိပိုင်နိုင်သလောက်သာ အနက်ပြန်ဆို ပို့ချ၍ မပိုင်နိုင်သော ဒြဗျာဒိ, ဇီဝါဒိ, ကာယာဒိဝါဒိ ပြဆိုချက်များကိုမူ အနက်ပြန်ဆို ပို့ချခြင်းမပြုဘဲ ချွင်းချန်ထားခဲ့သည်၊ အကြောင်းမှာ ထိုစဉ်အခါက သမယန္တရဝါဒဆိုင်ရာ မူရင်းကျမ်းများကို မတွေ့ရသဖြင့် အနက်ပြန်၍ ပို့ချသော်လည်း သဘာဝကျမည်ဟု မထင်သောကြောင့်လည်းကောင်း၊ သဘာဝမကျသော အနက်များကို တပည့်များ မှတ်သားထားလျှင် အကျိုးမရှိဟု ယူဆသောကြောင့်လည်းကောင်း ဖြစ်သည်ဟု မဟာစည်ဆရာတော်က အမိန့်ရှိပါသည်)၊ တောင်ဝိုင်း

ကလေးတိုက်ကျောင်း၌ နေစဉ်ကလည်း အထပ်ထပ် ကြည့်ရှုလေ့လာ သုံးသပ်လျက် ကျေပွန်ပြီး ဖြစ်ခဲ့သည်၊ ထိုသို့ ကျေပွန်ခဲ့သဖြင့်ပင် မည်သည့်နေရာ၌ ခက်ခဲသော အချက်များ ရှိသည် ဆိုသည်ကို သိမြင်ပြီး ဖြစ်သည်၊ (အဘယာရာမ ဆရာတော်နှင့် တွေ့ခန်း ပြန်ကြည့်ပါ) ခက်ခဲသည်ဆိုသော နေရာများ မှာလည်း အထူးသဖြင့် ပရသမယ ဝါ-သမယန္တရခေါ် ဟိန္ဒူဒဿနများနှင့် တိုက်ဆိုင်ထားသော နေရာများ ဖြစ်လေသည်၊ ထိုနေရာများကား ပါဠိသက်သက် တတ်သူတို့ အဖို့ ဖြေရှင်းရန် မဖြစ်နိုင်သော နေရာများ ဖြစ်သည်၊ သက္ကတ တတ်သည်ပင် ဆိုဦး သဒ္ဒါကျမ်း, ကောသကျမ်း, ကာဗျ ကျမ်း, ဆန်းကျမ်းများကို တတ်ရုံဖြင့် ဖြေရှင်းနိုင်သော နေရာများ မဟုတ်ပြန်ပေ၊ ဒဿနဆိုင်ရာ ကျမ်းရင်း ကျမ်းများ တို့ကို ကြည့်ရှုလေ့လာပိုင်နိုင်မှသာ ဖြေရှင်းနိုင်ပေသော နေရာမျိုး ဖြစ်သည်၊ မြန်မာနိုင်ငံတွင် အိန္ဒိယ ဒဿနတို့ကိုပါ လေ့လာ တတ်မြောက်တော်မူခဲ့သော ဆရာတော်မှာ အဘယာရာမ ဆရာတော်ပင် ဖြစ်လေသည်၊ ဆရာတော်သည် အဘိဓာန်နိဿယသစ်၌ ဟိန္ဒူဒဿနများမှ အချို့ကို ရှင်းလင်း ရေးသားတော်မူခဲ့သည်၊

သို့သော် ထိုမျှဖြင့် ဝိသုဒ္ဓိမဂ်မဟာဋီကာလာ သမယန္တရပိုင်းဆိုင်ရာ အခ အခဲတို့ကို ဖျက်ခွဲရှင်းလင်းရန် မလုံလောက်သေးပေ၊ ထို့ကြောင့် မဟာ ဆရာတော်ဘုရားသည် ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာကို ပို့ချနေရင်း အိန္ဒိယဒ ဆိုင်ရာ သက္ကတကျမ်းရင်းကိုလည်းကောင်း၊ အင်္ဂလိပ်ဘာသာရေး ကျမ်း လည်းကောင်း ရနိုင်သမျှ ရှာဖွေ၍ ကြည့်ရှုလေ့လာသည်မှာ နှီးနှောသည်၊ ဝိဝိကိုယ်တိုင် ဒဿနတို့ကို နားလည်အောင် အားထုတ်ပြီးသောအခါ မ ဆရာတော်သည် ဝိသုဒ္ဓိမဂ်မဟာဋီကာလာ သမယန္တရပိုင်းကို ပို့ချ၍ နိ ရေးသားတော်မူသည်၊ ထိုနိဿယမှ သမယန္တရပိုင်းကို ထုတ်နုတ်၍ "ဝ မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယ" ဟူသော အမည်ဖြင့် ၁၃၂၄ ခု ထုတ်ဝေတော်မူခဲ့သည်၊ ဂဏ္ဌိနိဿယဆိုသည့်အတိုင်း အမှာအထားမျှသည်း ချက်များဖြင့် တန်ဆာဆင်၍ အဆင့်အတန်းမြင့်မြင့် ရေးသားထားသည်လုံး ကလေး ထွက်ပေါ်လာပြီးနောက် ကျမ်းဂန်တတ် ဆရာတော်များအာင ထည်းကောင်း၊ တခြင့်လည်းကောင်း ချီးကျူးခြင်းများကို ခံယူခဲ့ရသည်၊

ဆရာတော်များကလည်း ထိုစဉ်ကပင် ဋီကာတစ်ကျမ်းလုံး နိဿယရေးရန် တိုက်တွန်းခဲ့ကြပါသည်၊ ထိုကျမ်းကလေး ထွက်လာသောအခါမှ မဟာစည်ဆရာတော်သည် အိန္ဒိယဒေသနတို့၌လည်း ကျွမ်းကျင်တော်မူကြောင်း ပေါ်လွင်ထင်ရှားလာပါတော့သည်၊ ထိုကျမ်းကလေးက မဟာစည်ဆရာတော်၏ ဂုဏ်ကို များစွာမြှင့်တင်ပေးခဲ့သည်ဟု ဆိုရမည် ဖြစ်ပါသည်၊ ထိုကျမ်းကလေးသည်ပင် ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ ကျမ်းကြီး ထွက်ဖြစ် ပေါ်လာခြင်း၏ ရှေ့ပြေးအစ ဗီဇမျိုးစေ့ပင် ဖြစ်ပါတော့သည်၊

## ရှေးနိဿယများ

မဟာစည်ဆရာတော်သည် ရှေးဆရာတော်များ, ကျမ်းပြု ပုဂ္ဂိုလ်များရေးသားခဲ့သော မဟာဋီကာ၏ ရှေးနိဿယများ ရှိခဲ့သည်ဆိုသည်ကို ကြားဖူး သိဖူးသူပင် ဖြစ်ပါသည်၊ ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ တစ်စောင်ကို မင်းတုန်းမင်းကြီးလက်ထက် ပိဋကတ်တော်အုပ် ဦးယံနှင့် စာတော်ပြင် နေမျိုးဝဏ္ဏကျော်သူတို့ စီရင်ကြောင်း, နိဿယထုပ်ရေ ၂-ထုပ် ရှိကြောင်း တွေ့ရသည်၊ စစ်ကိုင်းဝတ်ချက်မင်းကျောင်း ဆရာတော်၏ ထေရုပတ္တိတွင်လည်း တောင်ဘီလူးဆရာတော်တောင်းပန်၍ ရှေးက အပြီးမသတ် ကြွင်းကျန်လျက်ရှိသော ဝိပဿနာပိုင်း၏ နိဿယကို မင်းကျောင်းဆရာတော်ဘုရားကြီးသည် ဒုးပဆစ်၌ ပေကို တင်လျက်
ာညစ်ဖြင့် တစ်ကြိမ်တည်း အပြီးအဆုံး နိဂုံးချုပ်သို့တိုင်အောင် ရေးသားတော်
ခဲ့ကြောင်း၊ ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော နိဿယမှာ
ကဂီါသုံးဆယ်မျှရှိသော စတုတ္ထအုပ်ဖြစ်ကြောင်း, ကျမ်းပြီး သက္ကရာဇ်မှာ
၇-ခု တပို့တွဲလပြည့်ကျော် ၁၃-ရက် တနင်းလာနေ့ ဖြစ်ကြောင်း တွေ့ရ
ည်၊ သို့သော် ထိုနိဿယများမှာ ပေအဖြစ်ဖြင့်သာ ရှိခဲ့ကြရကား ရှာဖွေရယူ
ခ်လွယ်ကူလှပေ၊ ကြိုးကြိုးစားစား ရှာဖွေလျှင် အလုံးစုံ မဟုတ်သည့်တိုင်
ဝါ တလေ ရနိုင်စရာကား ရှိသည်၊
သာ
များ၊သော် မဟာစည်ဆရာတော်သည် ထိုနိဿယဟောင်းများကို ကြည့်ရှုရန်
ကော တော်မူဟန် မတူပါ၊ ထိုသို့ မပြင်းပြခြင်းမှာလည်း မာန်မာနကြောင့်
ထူးမည်မထင်သောကြောင့် ဖြစ်ဟန်တူပါသည်၊ ဝိသုဒ္ဓိမဂ်ဋီကာ၌

ခက်သည်ဟု ဆိုရသော နေရာများမှာ သမယန္တရပိုင်းဆိုင်ရာတို့ ဖြစ်၏၊ သတ္တတ မတတ်လျှင်, တတ်သော်လည်း ဆိုင်ရာကျမ်းတို့ကို မကြည့်ရလျှင်, ထိုနေရာများကို ကျေနပ်လောက်အောင် ဖြေရှင်းနိုင်မည်မဟုတ်၊ ထိုဆရာတော်များလည်း ဒဿနကျမ်းများ၌ ကျွမ်းကျင်သည်ဟု အမှတ်မသားမရှိ၊ ထို့ကြောင့် ပင်ပန်းကြီးစွာ ရှာဖွေရသော်လည်း ပင်ပန်းကျိုးနပ်လိမ့်မည်ဟု မဟာစည်ဆရာတော် ယူဆဟန် မတူပါ။

ဤသို့ ယူဆနိုင်လောက်အောင်လည်း အထောက်အထားများ ရှိနေပါသည်၊ ရှေးဆရာတော်များသည် များသောအားဖြင့် ပါဠိသက်သက်၌ သူမတူအောင် ကျွမ်းကျင်တော်မူခဲ့ကြပါသည်၊ ရှိသမျှ ပါဠိကျမ်းတို့၏ နိဿယတို့ကိုလည်း ပြုစုတော်မူခဲ့ကြပါသည်၊ ဤနိဿယများ၏ ကျေးဇူးကြောင့်ပင် မြန်မာနိုင်ငံက အခြားနိုင်ငံများထက် ပါဠိ, အဋ္ဌကထာ, ဋီကာ ဂန္ထရအရာတွင် သာနေခြင်းဖြစ်ပါသည်၊ မြန်မာနိဿယနှင့် တန်းတူယှဉ်နိုင်သော ကျမ်းဟူ၍ အခြားနိုင်ငံများတွင် ရှိမည် မဟုတ်ပါ၊ ဤမျှ ကျေးဇူးများကြပါသည်၊ (ထို့ကြောင့်ပင် မဟာစည်ဆရာတော်က ဝိသုဒ္ဓိမဂ်မဟာဋီကာကို ပို့ချရာ, နိဿယရေးရာတွင် ပြည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ် နိဿယသည် အလွန်ကျေးဇူးများသည်ဟု အမိန့်ရှိဖူးပါသည်၊) သို့သော် မြန်မာဆရာတော်တို့သည် သတ္တတကို အလေ့အလာ နည်းခဲ့ကြပါသည်၊ ထို့ကြောင့် သတ္တတနှင့်ဝပ်သော နေရာများမှာမူ အမှန်သို့မရောက်ဘဲ တိမ်းယိမ်းလျက်ရှိသော နေရာများကို ထိုထိုနိဿယတို့၌ တွေ့ရပါသည်။)

ပုံစံတစ်ခုကို ပြပါအံ့၊ သမယသဒ္ဒါအဖွင့် အဋ္ဌသာလိနီ အဋ္ဌကထာ "ဧဝံ ဒီပေန္တေန ဇာနေန ဧကေသော ဓမ္မဿ ဥပ္ပတ္တိ ပဋိသေဓိတာ ဟောတိ နှာ-၁၁၃" ဟူသော ဝါကျကို မူလဋီကာ နှာ-၆၃၌ "ပကတိဝါဒီနံ မဟတော ဝိယ အဏုဝါဒီနံ ဒွိအဏုကဿ ဝိယ စ ဧကေသော" ဟု ဖွင့်ပြထား၏၊ ထိုဋီကာ ပါဠိကို မူလဋီကာနိဿယ၌ အနက်ပေးထား၏၊ အဋ္ဌသာလိနီနိဿယ၌လည်း ယင်းပါဌ်ကိုပင် ယူ၍ အနက်ပေးထားသည်၊ သို့သော် နိဿယ ၂-စောင်လုံးမှာပင် ပကတိဝါဒီနံ အဏုပါဒီနံ ပုဒ်တို့၏ အနက်ကို အမှန်သို့ ရောက်အောင် ပေးတော်မမူခဲ့ကြပါ၊ အဋ္ဌသာလိနီနိဿယ၌ အနုဝါဒီနံဟုပင် ရှိနေသေးသည်၊

စာကူးသူ၏ အမှားဖြစ်ကောင်း ဖြစ်ပါမည်၊ ထို့ပြင် "မဟတော"ကို အများဟေ
အဖြစ် အနက်ပေးထားရာ "ဓကသာ"နှင့် စပ်သောအခါ "များစွာသော တစ်
သောအကျိုး"ဟု အဆင်မပြေဖြစ်လျက် ရှိသည်ကို အဆင်ပြေအောင် ဆရာတေ
များ ရှင်းပြတော် မူခဲ့ကြပါ၊ အမှန်မှာ "မဟတော"ကို "အများ" ဟု ဖေ
ခြင်းကစ၍ပင် ချွတ်ယွင်းလျက် ရှိပါသည်၊ ဤဝါကျကလေးမှာ ဆဋ္ဌသံဂါယနာမူ
စာကြောင်း တစ်ကြောင်းသာသာမျှသာ ရှိပါသည်၊ ဤမျှ တိုတောင်းသေ
ဝါကျကလေး၌ပင် အကျော်အမော်ဖြစ်သော နိဿယဆရာတော်ကြီး ၂-ပါးတို
ပေးသော အနက်မှာ ကျေကျေနပ်နပ်လက်ခံနိုင်စရာမရှိ ဖြစ်နေပါသည်၊ အမှ
အားဖြင့် ဤ ဝါကျကလေးမှာ တိုပင်တိုသော်လည်း သန္ဓိဒဿနနှင့် ဝေသေသိက
ဒဿနခေါ် ဟိန္ဒူဒဿန ၂-ခုကို ရည်ညွှန်းရေးသားထားသော ဝါကျ ဖြစ်ရာ
ထိုဒဿန ၂-မျိုးကို နားလည်မှသာ ဤ ဝါကျကလေးကို ပိုင်နိုင်မည်ဖြစ်ပါ
သည်၊ အဘိဓာန်နိဿယသစ်ဆိုင်ရာ အခန်းကို ဖြစ်စေ, ဤ ဝိသုဒ္ဓိမဂ်မဟာဋီကာ
နိဿယ အိန္ဒိယ သစ္စနိဒ္ဒေသ, ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသပိုင်းတို့လာ အမှာအထားတို့ကို
ဖြစ်စေ ကြည့်ရှုပြီးလျှင်ကား ထိုဝါကျကလေး၏ အဓိပ္ပာယ်မှာ အလိုလိုရှင်း
သွားပါတော့သည်၊

ဤသို့ သက္ကတနှင့်စပ်လာလျှင်(အထူးသဖြင့် အိန္ဒိယ ဒဿနနှင့်စပ်လာလျှင်)
များသောအားဖြင့် ရှေးနိဿယများမှာ စိတ်မချရသောကြောင့် မဟာစည်ဆရာ
တော်သည် ရှေးနိဿယများကို မရှာဖွေတော့ဘဲ မိမိကိုယ်ပိုင် အစွမ်းကိုသာ
များစွာ အသုံးပြု၍ မဟာဋီကာနိဿယကို အစမှအဆုံးတိုင် ရေးသားတော်မူ
လေသည်၊ ဤမျှဖြင့် "မဟာစည်ဆရာတော်သည် ရှေးမဟာဋီကာနိဿယတို့ကို
မကြည့်ရှုခဲ့ပါ" ဆိုသည်ကို ဘဝင်မကျနိုင်သေးဆိုပါမူ ထိုပုဂ္ဂိုလ်တို့သည် ရှေးမဟာ
ဋီကာနိဿယ ပေမူကို ရအောင်ရှာ၍ မဟာစည်ဆရာတော်၏ နိဿယနှင့် တိုက်
ဆိုင်ကြည့်ရှုရန်သာ ရှိပါတော့သည်၊ ထိုသို့ ကြည့်သောအခါ ခဲရုပ်ခဲဆစ်ဖြစ်
သည့် သမယန္တရပိုင်း ဆိုင်ရာကို ကြည့်ရှုတော်မူကြပါဟုလည်း အမှာစကားပါးလို
ပါသည်၊

## နိဿယ၏ အဆင့်အတန်း

မဟာဋီကာနိဿယ ပဌမအုပ်ထွက်ပြီးနောက် ဆရာတော်သည် ပရိယတ်ကျွမ်းကျင်တော်မူသော ထိုထိုဆရာတော်များအား ကျမ်းစာအုပ်များကို ဓမ္မဒါနအဖြစ်ဖြင့် လှူဒါန်းတော်မူခဲ့သည်၊ ဒုတိယအုပ် စသည် ထွက်သောအခါမှာလည်း ထိုအတူပင် လှူဒါန်းတော်မူခဲ့သည်၊ ဓမ္မဒါန လက်ခံရရှိသော ဆရာတော်များထံမှ ပြန်ကြားစာ ချီးကျူးစာများ ရရှိခဲ့ရာ ထိုစာများအနက် စာ ၂-စောင်မှ ကောက်နုတ်ချက်တို့ကို ဆရာတော်သည် နိဿယနိဂုံး၌ ထည့်သွင်းပြလေသည်၊ ထို ချီးကျူးစာပို့သော ဆရာတော်များမှာ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမထေရ်နှင့် သပြေကန်ပရိတ်ကြီး နိဿယကျမ်းပြု သပြေကန် အရှင်ဝါသေဋ္ဌာဘိဝံသမထေရ်တို့ ဖြစ်လေသည်၊ ဆရာတော် ၂-ပါးလုံးပင် ပါဠိတော်, အဋ္ဌကထာ, ဋီကာ စသောကျမ်းတို့၌လည်း အထပ်ထပ်ကြည့်ရှုလေ့လာ ပို့ချကျွမ်းကျင်တော်မူပြီး ဖြစ်ကြသည်၊ ဤဆရာတော် ၂-ပါး၏ ချီးကျူးမှုကို ခံရသည်ဆိုသဖြင့်ပင် ဤမဟာဋီကာနိဿယသည် နိဿယမည်ကာ မတ္တကျမ်းမျိုးမဟုတ် တကယ်အဆင့်အတန်းမြင့်သော ကျမ်းဖြစ်ကြောင်း ကျမ်းကို မကြည့်ရှုရဘဲပင် ခန့်မှန်းသိနိုင်လောက်ပါသည်၊ ကျမ်းကို ကြည့်ရှုရလျှင်ကား ဧကန်အဆင့်အတန်းမြင့်သော ကျမ်းဖြစ်ကြောင်း ကိုယ်တိုင်သိမြင်၍ ဝန်ခံမည်သာဖြစ်ပါသည်။

## ကြိုးပမ်းတော်မူချက်

ဝိသုဒ္ဓိမဂ်မဟာဋီကာသည် သာမညကျမ်း မဟုတ်ကြောင်း မဟာစည်ဆရာတော်သည် ကောင်းစွာသိတော်မူသည်၊ ထို့ကြောင့်ပင် ဆရာတော်သည် အတတ်နိုင်ဆုံး ကြိုးပမ်းချက်ဖြင့် ဤနိဿယကို ပြုစုတော်မူသည်၊ မဟာဋီကာကို ဆဋ္ဌသံဂါယနာမူအဖြစ် ရိုက်နှိပ်ထားပြီးဖြစ်၏၊ ထို့ကြောင့် မဟာဋီကာမူသည် အမှားကင်းသော မူဖြစ်သည်ဟု သာမန်အားဖြင့် မှတ်ယူရမည်ကဲ့သို့ရှိ၏၊ သို့သော် အသေအချာ ကြည့်ရှုသောအခါမှာမူ ထိုသို့မဟုတ်ဘဲ အမှားကလေးများကို တွေ့နေရသည်ပင် ဖြစ်သည်၊ အချို့အရာ၌ ကျေနပ်စရာ အားရစရာ မကောင်းသော ပါဠိများကို တွေ့နေရ၏၊ ထိုနေရာတို့၌ မှတ်ချက်ပြထားခြင်းမရှိ

အခြားမှုတို့နှင့် တိုက်ဆိုင်နိုင်ရန်လည်း ထိုမူများ အပြည့်အစုံ ဆရာတော် လက်ဝယ်မရှိ၊ အထူးသဖြင့် သီရိလင်္ကာမူ၌ မည်သို့ရှိသည်ကို ဆရာတော် သိလို သည်၊ ထို့ကြောင့် ဆရာတော်သည် မိမိသံသယရှိသော နေရာများကို မှတ်သား ၍ သီရိလင်္ကာကျွန်း ကိုလံဘိုမြို့ မဟာဝိသုဒ္ဓါရာမ၌ သီတင်းသုံးနေသော မြန်မာဆရာတော် အရှင်ဉာဏိန္ဒမထေရ်ထံ စာဖြင့် အကူအညီ တောင်းတော် မူရသည်၊ ပုံနှိပ်ပြီး စာအုပ်ရှိလျှင်လည်း ထိုစာအုပ်နှင့် တိုက်ဆိုင်ပေးရန်, မရှိ လျှင်လည်း ပေမူရှာ၍ တိုက်ဆိုင်ပေးပါရန် ပန်ကြားတော်မူရသည်၊ ဆရာတော် အရှင်ဉာဏိန္ဒလည်း ခက်ခက်ခဲခဲ ရှာဖွေ၍ အချို့ကို ပုံနှိပ်မူနှင့် အချို့ကို ပေမူနှင့် တိုက်ဆိုင်၍ မဟာစည်ဆရာတော်ထံသို့ ပြန်လည် ပေးပို့တော်မူသည်၊ ဤသို့ စာပေးပို့ရသည်မှာ(အသွားသက်သက်)ပင် ၁၀-ကြိမ်ခန့်မျှရှိကြောင်း မဟာဋီကာ နိဿယနိဒါန်း(ဂ)အရ သိရပေသည်၊ မဟာစည်ဆရာတော်သည် မူမှန်ရရှိရေး အတွက် ဤမျှ အားထုတ်တော်မူခဲ့ရသည်၊ သီရိလင်္ကာ၌ ရှိသမျှ မူမှန်ချည်း မဟုတ်သော်လည်း မူကွဲများကို တိုက်ဆိုင်ကြည့်ရှုရသဖြင့် မူမှန်ဆုံးဖြတ်ရေး၌ ကျေးဇူးများလှပေသည်၊

ထို့ပြင် မဟာဋီကာ၌ သမယန္တရဆိုင်ရာ စကားများစွာပါ၏၊ သမယန္တရ ဆိုင်ရာ မူရင်းဒဿနကျမ်းများမှာ သက္ကတဘာသာ သုတ္တန်ရေးနည်းမျိုးဖြင့် ရေး ထားသော ကျမ်းတို့သာ များလေသည်၊ သုတ္တရေးနည်းဆိုသည်မှာ ကစ္စည်းသဒ္ဒါ ကဲ့သို့ သုတ်များဖြင့် ရေးသည့် နည်းဖြစ်သည်၊ ကစ္စည်းသဒ္ဒါ၌ သုတ် အနက် မထင်လျှင် ဝုတ္တိကိုကြည့်ပါက သုတ်နက်ထင်တော့သည်၊ ထိုဒဿနကျမ်းများမှာ ကား သဒ္ဒါကျမ်းကဲ့သို့မဟုတ်၊ ဝုတ္တိမရှိသည်သာ များသည်၊ ဘဿခေါ် အဖွင့် ကျမ်းများ, အခြား အဖွင့်ကျမ်းများ ရှိသော်လည်း ထိုကျမ်းတို့ ဖွင့်နည်းမှာ ဝုတ္တိဖွင့်သကဲ့သို့ မဟုတ်ဘဲ ခက်ခဲသည်ထင်သောပုဒ်များနှင့် သဘောတရားများ ကိုသာ ဖွင့်ဆိုသည့် နည်းဖြစ်၍ သုတ်နက်ထင်ရန်ပင် များစွာခက်လှသည်၊ မဟာစည်ဆရာတော်သည် ဤခက်ခဲလှသော ဒဿနကျမ်းများကိုပင် နားလည် ပိုင်နိုင်အောင် လေ့လာတော်မူရသည်၊ သက္ကတဘာသာရေးကျမ်းတို့ကို သာမ က အင်္ဂလိပ်ဘာသာရေး ကျမ်းတို့ကိုပါ ကြည့်ရှုတော် မူခဲ့ရသည်၊ ပုဒ်တစ်ပုဒ်မျှ ဝါ-အဓိပ္ပာယ်တစ်ခုမျှကို နားလည်နိုင်ရန်အတွက် ဆိုင်ရာအခန်း တစ်ခန်းလုံးကို

ဖတ်ရှုခဲ့ရသည်တို့လည်း ရှိ၏၊ မဟာစည်ဆရာတော်သည် အနက်မှန်, အဓိပ္ပာယ်မှန် ရရှိရေး၌လည်း ဤမျှ ကြိုးပမ်းတော်မူခဲ့ရသည်၊ ဤကဲ့သို့ အဘက်ဘက်မှ ပြည့်စုံအောင် ကြိုးပမ်းတော်မူခဲ့သဖြင့်လည်း မဟာဋီကာနိဿယသည် သမန္တဘဒ္ဒ၊ အဘက်ဘက်မှ ကောင်းသော ကျမ်းတစ်ကျမ်းအဖြစ် သာသနာတော်၌ တင့်တယ်ထယ်ဝါစွာ ရပ်တည်နိုင်ခြင်း ဖြစ်ပေသည်။

## ကျမ်းဂုဏ်ရည်

ဤ ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယသည် ထူးခြားသည့် အချက်အလက်တို့နှင့် ပြည့်နှက်နေသော ကျမ်းဖြစ်သည်၊ ထို့ကြောင့် ထိုကျမ်း၏ ထူးခြားချက်များကို သိလိုပါသည် ဆိုသူအား တစ်ကျမ်းလုံးကို ကြည့်ရှုပါဟု ညွှန်ကြားရန်သာ ရှိပါတော့သည်၊ ထိုအထူးများထဲမှ သာ၍ထူးသော အချက်များကို ညွှန်ပြပါ ဆိုလျှင်ကား သမယန္တရဆိုင်ရာ ရှင်းလင်းရေးသားချက်တို့ကိုပင် ပြရမည်ဖြစ်ပါသည်၊ သမယန္တရဆိုင်ရာ စကားလုံးများမှာ သာမန်ပုဂ္ဂိုလ်တို့ သက်ဝင်နိုင်သည့် စကားများ မဟုတ်ပါ၊ ထိုစကားများကို ကျမ်းရင်းလာ စကားဖြင့် ညှိနှိုင်းချဲ့ထွင် ပြဆိုထားခြင်းဖြင့်ပင် ဤကျမ်း၏ တောက်ပြောင်သော ဂုဏ်ရည်ကို ဖော်ပြပြီး ဖြစ်နေပါတော့သည်။

ဝိသုဒ္ဓိမဂ်ဋီကာ ကျမ်းပြု အရှင် ဓမ္မပါလာမထေရ်သည် သမယန္တရတို့၌ လွန်စွာ ကျွမ်းကျင်တော်မူသည်၊ ထို့ကြောင့်ပင် ထိုနေရာတို့၌ သမယန္တရမှ အယူအဆတို့ကို ထုတ်ဖော်ရေးသားတော်မူခဲ့သည်၊ အထူးအားဖြင့်ကား ဒိဋ္ဌိဝိသုဒ္ဓိ နိဒ္ဒေသ၌ သမယန္တရတို့၌ လာသော(Tattva) ခေါ်သော တရားတို့ကို (၁) ပကတိအာဒိ (၂) ဒြဗျာဒိ (၃) ဇီဝါဒိ (၄) ကာယာဒိဟု ၄-မျိုး ပိုင်းခြား၍ အကျယ်ရေးသားပြီးလျှင် ဗုဒ္ဓဝါဒရှုထောင့်မှ ထိုတရားတို့ကို စစ်ဆေးဝေဖန်၍ ထိုတရားတို့သည် နာမ်ရုပ်တရား ပညတ်တရားတို့၌ ထိုက်သည့် အားလျော်စွာ အကျုံးဝင်သော တရားတို့သာဖြစ်၍ သီးခြား တတ္တအမှန်တရားများ မဟုတ်ကြောင်း ဆုံးဖြတ် ပြတော်မူခဲ့သည်၊ ထိုရေးသားထားချက်တို့မှာ ဗုဒ္ဓသာသနာဝင်တို့အဖို့ အဖိုးတန်လှသည်၊ သို့သော် ပါဠိပျက်များဖြင့် ပြွမ်းနေသော ကြောင့်လည်းကောင်း, သမယန္တရဆိုင်ရာ ဝေါဟာရထူးများ ပါဝင်နေသောကြောင့်

လည်းကောင်း, များစွာသော ပုဂ္ဂိုလ်တို့မှာ အရှင်ဝမ္မပါလမထေရ် ဆိုလိုရင်းကို နားမလည်နိုင် ရှိခဲ့ကြပါသည်၊ အဓိပ္ပာယ်မှန်မဖော်နိုင်သော သိုက်စာတစ်ခုကို ရရှိထားသကဲ့သို့ ရှိခဲ့ကြသည်။ ဤစာပိုဒ်များ၏ အဓိပ္ပာယ်ကို အမှန်အကန်သိဖို့ရန် မဖြစ်နိုင်တော့ဟုပင် အချို့က လက်လျော့ခဲ့ကြပါသည်၊ ထိုကဲ့သို့ အခြေအနေမျိုးတွင် သိုက်စာ၏ အဓိပ္ပာယ်မှန်ကို ဖော်ထုတ်ပေးသကဲ့သို့ မဟာစည်ဆရာတော်ဘုရားသည် ထိုစာပိုဒ်တို့၏ အနက်အဓိပ္ပာယ်ကို ဆိုင်ရာကျမ်းရင်း စကားတို့ဖြင့် အကျယ်တဝင့် ရှင်းလင်းဖော်ပြတော်မူသည်၊ ဤနိဿယကျမ်း ထွက်ပေါ်မှပင် ထိုစာပိုဒ်တို့၏ ဆိုလိုရင်းအမှန်ကို နားလည်ခွင့်ရကြတော့သည်၊ ထိုဝါဒများမှာ ရှေးဟောင်း အိန္ဒိယဒဿနတို့လာ ဝါဒများဖြစ်ကြောင်း၊ ထိုဒဿနများဆိုင်ရာကျမ်းစာများသည်လည်း ယနေ့တိုင် ရှိသေးကြောင်းကိုလည်း သိမြင်ကြရလေသည်၊ အများ နားလည်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့သည် ဖြစ်ပါလျက် ထိုရေးသားချက်တို့ကို အများက နားမလည်နိုင်ဟုဆိုပါလျှင် စာရေးသူအဖို့ အလွန်ဝမ်းနည်းဖွယ် ဖြစ်လေသည်၊ ဤသမယန္တရပိုင်း ဆိုင်ရာနှင့်ပတ်သတ်လျှင် ဤအဖြစ်မျိုးကိုပင် အရှင်ဝမ္မပါလမထေရ်သည် ကြုံနေရသည်၊ ဤနိဿယဖြင့် မဟာစည် ဆရာတော်က အများနားလည်အောင် ရှင်းလင်းဖွင့်ဆိုလိုက်ရာ ကျမ်းပြုဆရာ အရှင်ဝမ္မပါလမထေရ်သာ သက်တော်ထင်ရှားရှိပါမူကား မဟာစည်ဆရာတော် ကို ကျေးဇူးတင်မဆုံးအောင် ရှိပေလိမ့်မည်၊ နှုတ်တော်မဆန်အောင် ချီးကျူးစကား ပြောကြားတော်မူပေလိမ့်မည်၊ ဆိုလိုရင်းအဓိပ္ပာယ်ကို အသေအချာမသိရ၍ အခက်အခဲတွေ့နေရသော နိဿယဖတ်ရှုသည့် ပုဂ္ဂိုလ်တို့ကလည်း မဟာစည် ဆရာတော်ကို ကျေးဇူးမတင်ဘဲ မနေနိုင်အောင် ဖြစ်ကြမည် ဧကန်ဖြစ်ပါသည်၊ ဤမျှဖြင့်ပင် ဤနိဿယကျမ်း၏ အရည်အသွေးကို ခန့်မှန်းနိုင်လောက်ပေပြီ၊ အခြားသော ထူးခြားချက် ချီးကျူးဖွယ် အချက်တို့ကိုမူ တောင်တွင်းကြီး အရှင်ဇနကာဘိဝံသရေးသော ဤနိဿယ၏ နိဒါန်း၌လည်းကောင်း, နိဿယနိဂုံး မှတ်ချက်တို့၌လည်းကောင်း တွေ့နိုင်ပေသည်။

သို့စဉ် အဖက်ဖက်မှ ပညာရှိ သူတော်ကောင်းတို့ ချီးကျူး အပ်သော နိဿယအဖြစ် ရောက်အောင် ကြိုးပမ်းအားထုတ်ပါသော်လည်း မဟာစည်ဆရာတော်ဘုရားသည် မိမိ၏ နိဿယကျမ်းကို ထက်ဝန်းကျင် အလုံးစုံ ပြည့်စုံ

ပြီဟုလည်းကောင်း, ဤကျမ်း၌ လိုနေသေးသော အချက်များ လုံးဝမရှိတော့ဟု လည်းကောင်း, မှတ်ယူတော်မမူပါ၊ ထိုသို့မှတ်ယူတော် မမူသောကြောင့်ပင်ဟကယ် မှန်ကန်အောင် ဖြည့်စွက်ခြင်းငှာ စွမ်းနိုင်သော ပညာရှိတို့သည် ဤကျမ်း၌ လိုနေသေးသော အရာတို့ကို ဖြည့်စွက်တော်မူကြပါရန် ပန်ကြားရင်း ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ နိဂုံးကို အောက်ပါဂါထာပုဒ်ဖြင့် အဆုံးသတ်တော် မူခဲ့ပါသည်၊ " အရည်ပြည့်လေလေ နိမ့်ချမှု ရှိလေလေ ဖြစ်သည် " ဆိုသော ရှေးပညာရှိတို့၏ စကားက တကယ်မှန်သောစကား ဖြစ်ပါပေတော့တကား၊

ယေ စ သဗ္ဗောဓိ ပူရေတုံ၊ ဦနဋ္ဌာနာနိ ဇတ္ထ စေ ၊

တာနိ တေ ပရိပူရေန္တု ၊ ဧသာ မေ အဘိယာစနာ၊

စ၊ တောင်းပန်စကား ပြောကြားဦးအံ့၊ ယေ၊ အကြင်ပညာရှိတို့သည်၊ ဇတ္ထ၊ ဤနိဿယကျမ်း၌၊ ဦးနဋ္ဌာနာနိ၊ မှန်ကန် တိကျပြည့်ဝစေရေး လိုနေသေးသော အရာတို့ကို၊ ပူရေတုံ၊ မှန်ကန်တိကျ ပြည့်ဝစေလျက် ဖြည့်စွက်ခြင်းငှာ စေ သဗ္ဗောဓိ၊ အကယ်၍ တတ်စွမ်းနိုင်ကုန်ငြားအံ့၊ တေ၊ တတ်စွမ်းနိုင်ဘိ ထိုပညာရှိတို့သည်၊ တာနိ၊ လိုနေသေးသော ထိုအရာတို့ကို၊ ပရိပူရေန္တု၊ ကြွင်းမဲ့ဥဿုံ အချင်းခပ်သိမ်း ပြည့်စုံအောင် ဉာဏ်တန်ဆောင် အလင်းဖွင့်လျက် ဖြည့်စွက် ကြပါစေကုန်သတည်း၊ ဧသာ၊ ဤစကားသည်၊ မေ၊ ကျယ်ပြန့်နက်ဖွမ်း ဤနိဿယကျမ်းကို ကျိုးပန်းတီထွင် စီရင်ပြုလုပ် အကျွန်ုပ်၏ အဘိယာ စနာ၊ သာသနာ့အကျိုး တိုးထက် တိုးအောင် မျှော်ခိုးထောက်ထား နိမ့်ချသော အားဖြင့် လေးစားဖြောင့်ဝင်း တောင်းပန်းခြင်းပါပေတည်း၊

## ဘာဝပြဿနာ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ခေတ်ပညာတတ် ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓသာသနာ တရားတော်ကို အာရုံစိုက်လာကြသည်၊ တရားတော်၌ စိတ်ဝင် စားလာကြသည်၊ စိတ်ဝင်စားလာသည်နှင့် အမျှ ကြိုးကြိုးစားစား လေ့လာ လိုက်စားကြသည်၊ မိမိတို့ လေ့လာ၍ သိရှိလာရသော တရားတော် ဆိုင်ရာ အ ချက်အလက်တို့ကို မိမိတို့ တတ်သိနားလည် ထားသော ခေတ်ပညာဖြင့် ဝေဖန် နီးနှောလာကြသည်၊

ထိုသို့သောပုဂ္ဂိုလ်တို့တွင် ဝဏ္ဏကျော်ထင် ဒေါက်တာ ဦးမြင့်ဆွေလည်း အပါအဝင် ဖြစ်လေသည်။ ဦးမြင့်ဆွေသည် မန္တလေးမြို့ နာမည်ကျော် ဆရာဝန်ကြီး ဦးစံကြူး၏ သားတစ်ယောက် ဖြစ်သည်။ သူ့ဖခင်ကဲ့သို့ပင် သာသနာတော်ကို ကြည်ညိုလေးစားသူ ဖြစ်သည်။ မဟာစည် ဆရာတော်ကို ကြည်ညို သဖြင့်လည်းကောင်း, သူဌေးကြီး ဆာ-ဦးသွင်နှင့် ခင်မင်ရင်းနှီးသဖြင့်လည်းကောင်း ရန်ကုန် သာသနာ့ရိပ်သာ၌ တရားအားထုတ်သူများ ကျန်းမာစွာနှင့် တရားအားထုတ် နိုင်ကြရန် ဟူသော သမ္မာဆန္ဒ သက်သက်ဖြင့် မဟာစည် သာသနာ့ရိပ်သာရှိ ကမ္မဋ္ဌာနာ စရိယ ဆရာတော်များနှင့် ယောဂီများကို အခမဲ့ ဆေးကုသ ပေးနေ သော ဆရာဝန်ကြီးလည်း ဖြစ်သည်။

ဦးမြင့်ဆွေသည် ခေတ်ပညာတတ် တစ်ယောက်ဖြစ်သည့်ပြင် ဆရာဝန်တစ်ဦး လည်း ဖြစ်နေပြန်သောကြောင့် ဗုဒ္ဓ တရားတော်ဆိုင်ရာ အချက်အလက်တို့ကို လေ့လာသောအခါ ခေတ်ပညာ ရှုထောင့်, ဆေးပညာ ရှုထောင့်တို့မှ ကြည့်ရှု သုံးသပ် ဝေဖန်လေ့ရှိသည်။ ဤသို့ သူတတ်ကျွမ်းသော ပညာရှုထောင့်မှ ဝေဖန် သုံးသပ်ကြည့်သောအခါ သူ့အဖို့ ပြတ်ပြတ်သားသား နားလည်လိုသော အချက်များ ကို တွေ့လာရသည်။

ဗုဒ္ဓ တရားတော်အရ ဤဘဝ, နောင်ဘဝ, ရှိသည်ကို ဦးမြင့်ဆွေသည် ယုံကြည်ပြီး ဖြစ်၏။ သို့သော် ထိုအချက်ကို သဘာဝယုတ္တိဖြင့် အနိုင်အမာ ဆုံးဖြတ် မှတ်သားလိုပေသည်။ သတ္တဝါ တစ်ဦး သေသည် ဆိုရာ၌ သူ၏ ရုပ်ရော, နာမ်ပါ ချုပ်ပျောက်သွားပြီး ဖြစ်ပါလျက် နောင်ဘဝတစ်ခု၌ ဖြစ်ပြန်သည် ဟုဆိုရာ ဘယ်ပုံ ဘယ်နည်းဖြင့် ဖြစ်သည်ကို ရှင်းရှင်းလင်းလင်း သူနားလည် လိုပေသည်။

ဤအချက်ကို အခြား ဆရာတော်များအားလည်း သူ လျှောက်ထားဖူးသည်။ ယင်းဆရာတော်ကြီးများကလည်း ပဋ္ဌာန်းနည်းအရ ပစ္စည်း, ပစ္စယုပ္ပန် ဆက်သွယ် လျက် ဖြစ်ပုံများဖြင့် ဖြေကြားတော်မူကြသည်။ ထို ဆရာတော်ကြီးများ၏ ဖြေ ကြားချက်တို့မှာ သဘော တရားတို့အရ အမှန်အကန်ပင် ဖြစ်သော်လည်း ခေတ် ပညာတတ် ဦးမြင့်ဆွေ နားလည်နိုင်လောက်သော စကားအသုံးအနှုန်းဖြင့် ဖြေ

ဆိုခြင်း မဟုတ်သောကြောင့် ဦးမြင့်ဆွေအဖို့ ကျေကျေနပ်နပ် မဖြစ်ခဲ့ပါပေ၊ ထို့အတူ အနောက်တိုင်း ဆေးပညာအရ ရောဂါများစွာ တို့သည် ရောဂါပိုးများကြောင့် ဖြစ်ကြသည်၊ ထိုပိုးများကြောင့် ဖြစ်သော ရောဂါများကို နှိမ်နင်းရန်အတွက် ဆရာဝန်တို့က ထိုပိုးများကို သေစေနိုင်သော စားဆေး ထိုးဆေးများကို အသုံးပြုကြရသည်၊ ထိုခေတ် ဆေးပညာအရ ရောဂါများကို သတ်ရန်ကို ထိုဆေးများကို ပေးခြင်းကြောင့် ဆရာဝန်များမှာ ပါဏာတိပါတာ ကံထိုက်သလော – မထိုက်သလော ဤ ပြဿနာ၏ အဖြေကိုလည်း ဦးမြင့်ဆွေ ပြတ်ပြတ်သားသား သိလိုသည်၊

ထို့ပြင် လူသတ္တဝါ တစ်ယောက် ပဋိသန္ဓေနေသည် ဆိုရာ၌ ဗုဒ္ဓကျမ်းစာများအဆိုနှင့် ခေတ် ဆေးပညာအဆိုတို့ကို နှိုးနှောလိုသည်၊ ခေတ် ဆေးပညာအရ လေးလမြောက်မှ အသက်ဝင်သည်ဟု အဆိုရှိသည် ဆို၏၊ ထိုအဆိုကို "သန္ဓေတည်သည်နှင့် တပြိုင်နက် ဇီဝိတခေါ် အသက်လည်းပါသည်" ဟူသော ဗုဒ္ဓတရားတော် အဆိုနှင့် မည်သို့ ညှိနှိုင်း ယူသင့်သနည်း၊

ဤသို့ စသည်ဖြင့် ဆရာဝန် ဦးမြင့်ဆွေတွင် မပြေလည် သကဲ့သို့ ဖြစ်နေသော တရားတော်ဆိုင်ရာ အဆစ်အဖုကလေးများ ရှိနေခဲ့သည်၊ ထိုအဆစ် အဖုကလေးများမှာ ခေတ်ပညာရှုထောင့်အရ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော အချက်များ ဖြစ်နေသည်၊ ဤအချက်များ၏ အဖြေကို ခေတ်ပညာတတ် ပုဂ္ဂိုလ်တို့ လက်ခံ နားလည်နိုင်လောက်အောင် ဖြေရှင်း ပြနိုင်မည့် ပုဂ္ဂိုလ်ကိုလည်း တွေ့ရန် မလွယ် ဖြစ်နေသဖြင့် ဦးမြင့်ဆွေမှာ အခက်ကြုံလျက် ရှိနေသည်၊ ထို့ကြောင့် ဤပြဿနာများ၏ အဖြေကို ရရန် ဗုဒ္ဓဝါဒ၌ ကောင်းစွာ ကျွမ်းကျင် နားလည်လောက်သော လူပုဂ္ဂိုလ်, ရဟန်းပုဂ္ဂိုလ် တို့နှင့် တွေ့တိုင်း မေးမြန်း လျှောက်ထားခဲ့သည်၊ သို့သော် ကျေနပ်လောက်သော အဖြေကို မရခဲ့ပေ၊ ယင်းသို့မရရှိနေရာမှ ကံကောင်း ထောက်မသဖြင့် တစ်နေ့တွင် မင်္ဂလာ ဦးအောင်မြင့်အား မေးမိရာမှ ဦးအောင်မြင့်၏ ညွှန်ကြားချက်အရ မဟာစည် ဆရာတော်ဘုရားအား ထိုပြဿနာကို လျှောက်ထားခွင့်ရလေသည်၊

ဆရာဝန် ဦးမြင့်ဆွေသည် ထိုပြဿနာများကို နှုတ်ဖြင့် မလျှောက်ထားဘဲ စာရေး၍ လျှောက်ထားသည်၊ ထိုသို့ လျှောက်ထားရာတွင် မိမိ သိလိုသော

အချက်များနှင့်တကွ ထိုအချက်များဆိုင်ရာ အခြေခံဖြစ်သော ဆေးပညာ သဘောတရားတို့ကိုပါ ထည့်သွင်း လျှောက်ထားလေသည်။

မဟာစည် ဆရာတော်သည် ဦးမြင့်ဆွေ၏ လျှောက်ထားစာကို လက်ခံတော်မူပြီးနောက် အဖြေကို စာဖြင့်ပင် ချီးမြှင့်တော် မူလေသည်။ ဦးမြင့်ဆွေ၏ ပုစ္ဆာတို့ကို ဖြေကြားရာတွင် မဟာစည် ဆရာတော်က " ဦးမြင့်ဆွေ၏ အမေးပုစ္ဆာများသည် ကျမ်းဂန်တို့၌ ပြဆိုထားသော အခက်ကြီး ၄-မျိုး၌ အကျုံးဝင်လျက်ရှိကြောင်း၊ ပုစ္ဆာအားလုံးပင် သဘောကျ ကျေနပ်လောက်အောင် ဖြေဆိုရန်ခက်ခဲသော အရာချည်း ဖြစ်သည့်ပြင် လက်တွေ့ သာဓကများနှင့်လည်း နှီးနှော၍ ရှင်းလင်းပြရမည် ဖြစ်သောကြောင့် သာ၍ပင် ခက်ခဲလျက်ရှိကြောင်း" ရှေးဦးစွာ ပြဆို၍ ဤအရာ၌ လေးလေးနက်နက် နှလုံးသွင်းထားရန်အချက် (ခံယူချက်) ကို ဖော်ထုတ်ပြီးမှ ဦးမြင့်ဆွေ ကျေနပ်လောက်အောင် ဖြေကြားတော်မူလေသည်။

မဟာစည် ဆရာတော်သည် ကျမ်းဂန်ယုတ္တိ, သဘာဝယုတ္တိ ၂-မျိုးလုံး၌ ပိုင်နိုင်တော် မူလှသဖြင့် ဆရာတော်၏ ဖြေကြားချက်မှာ ခေတ် ပညာတတ်ပုဂ္ဂိုလ်များ ကျေနပ်လက်ခံနိုင်လောက်အောင်ပင် သဘောယုတ္တိမိ၍ နိုင်မာလှပေသည်။ ည အမှောင်ဝယ် မီးမောင်းထိုးပြလိုက်သကဲ့သို့ ထင်လင်းပြတ်သားလှပေသည်။ အသိခက်လှသော ဘဝဟောင်းနှင့် ဘဝသစ် ဆက်စပ်ဖြစ်ပေါ်ပုံကို လူအများ နားလည်နိုင်သော စကား အသုံးအနှုန်းတို့ဖြင့် ဖြေကြားတော်မူထားသည်မှာ မှတ်သားဖွယ် ကောင်းလှပေသည်။ အမိဝမ်းထဲ၌ ပဋိသန္ဓေ တည်နေပုံအရာတွင် ဗုဒ္ဓစာပေ ကျမ်းဂန်အဆိုနှင့် ခေတ် ဆေးပညာအဆိုတို့ကို နှီးနှောပြထားသည်မှာလည်း ထူးခြားလှပေသည်။ ရောဂါအကြောင်း ဖြေကြားချက်မှာမူ ပါဏာတိပါတကံနှင့် ပတ်သက်၍ စိတ်ဝင်စားသူတိုင်း ဖတ်သင့်မှတ်သင့်သော အချက်ဖြစ်လေသည်။

ဆရာဝန် ဦးမြင့်ဆွေသည် မဟာစည် ဆရာတော်ထံမှ အဖြေကိုရပြီးနောက် နားမလည် မရှင်းလင်းသေးသော အချက်များကို ထပ်မံ မေးလျှောက်သဖြင့် ဆရာတော်ကလည်း ထပ်မံ၍ ရှင်းလင်း ဖြေဆိုတော်မူသည်။ ဦးမြင့်ဆွေသည် ဝိဝိသိလိုသော အဖြေကို ကျေနပ်လောက်အောင် ရပြီးနောက် အများပြည်သူတို့

အကျိုး၄ာ ၁၉၅၈-ခုနှစ်မှာပင် ယင်းအမေးအဖြေကို "ဘဝပြဿနာ" ဟူသော အမည်ဖြင့် စာအုပ်ရိုက်နှိပ်၍ ဗိဗိတို့ ဗိသားစု၏ ဝမ္မဒါနအဖြစ်ဖြင့် အုပ်ရေ (၂၀၀၀) ဖြန့်ဖြူး လှူဒါန်းခဲ့လေသည်၊

## ပါဠိစာပေလောက၌ တိမ်မြုပ်နေသော သာဝိတ္တိဂါထာ

မြန်မာနိုင်ငံ၌ "သာဝိတ္တိ "ဟူသော စကားလုံးကို မကြားဖူးသော သာသနာဝင် ရှင်ရဟန်းဟူ၍ မရှိသလောက်ဖြစ်ပါသည်၊ အကြောင်းကား သာသနာဝင် အရှင်တို့ အဖို့ ရှေးဦးသင်အဖြစ် သတ်မှတ်ထားသော ကစ္စည်းသဒ္ဒါကြီး,အဘိဓာနပ္ပ ဒီပိကာတို့၌ ယင်းစကား ပါခဲ့ခြင်းကြောင့် ဖြစ်ပေသည်၊ သို့သော်သာဝတ္တိ ဟူသော ဂါထာမှာ မည်သည့်ဂါထာဖြစ်ကြောင်း သိသူကား အလွန်အလွန် ရှားလေသည်၊ ဝိနည်း မဟာဝါဘေသဇ္ဇက္ခန္ဓက, မဇ္ဈိမပဏ္ဏာသနှင့် သုတ္တနိပါတ် ပါဠိတော် သေလသုတ်တို့မှ ယူထားသော ထို "သာဝိတ္တိ ဆန္ဒသော မုခံ"ဟူ သော ပုံစံ၏ အနက်ကိုပင် ရှေးဟောင်း သဒ္ဒါကြီး နိဿယတို့၌ အဋ္ဌကထာအဖွင့်နှင့် ကိုက်ညီမှန်ကန်အောင် အနက်မပေးခဲ့ကြပါ၊ သာဝိတ္တိ ဂါထာကို ထုတ်ဖော် ပြခဲ့ကြသော နိဿယ စသည်တို့၌လည်း သုတ္တနိပါတ် သုန္ဒရိက ဘာရဒွါဇသုတ် အဋ္ဌကထာလာ စကားအရ အရိယသာဝတ္တိခေါ် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ "စသည် ကိုသာ ထုတ်ဖော်ခဲ့ကြပါသည်၊ ဝိနည်း မဟာဝါနှင့် သေလသုတ်တို့၌ ဆိုလို သော သာဝိတ္တိဂါထာကိုကား မထုတ်ဖော်ခဲ့ကြပါ၊ သေလသုတ် အဋ္ဌကထာ ၌လည်း သာဝိတ္တိဂါထာသည် ဝေဒ ရွတ်ဖတ်ခြင်း၏ အဦးအစ ဖြစ်ကြောင်းကို သာ ဖွင့်၍ ယင်းဂါထာကိုမူ မပြခဲ့ပါ၊ ထိုသို့ မပြခြင်းမှာ ဖော်ပြသော်လည်း အကျိုးများမည် မဟုတ်၍ ဖြစ်ဟန်တူပါသည်၊ အဘိဓာနပ္ပဒီပိကာ၌ "သာဝိတ္တိ သည် ဝေဒတို့၏ အစဖြစ်သည်၊ ပါဒ-၃၃၊ အက္ခရာ ၂၄ လုံး ရှိသည်" ဟုဆိုခဲ့ သည်၊ ယင်း၏ ဋီကာ၌လည်းကောင်း, နိဿယတို့၌လည်းကောင်း, အခြားသိဖွယ်များ ကို ဖွင့်သော်လည်း ဝေဒသာဝိတ္တိ ဂါထာကိုကား မထုတ်ဖော်ခဲ့ကြပါ၊ ထိုဝေဒကျမ်း လာ သာဝိတ္တိဂါထာကို တစ်စိတ်တစ်ဒေသမျှ ထုတ်ဖော်ခဲ့သော ကျမ်းကား ဝိသုဒ္ဓိမဂ် မဟာဋီကာကျမ်းပြု အရှင်ဓမ္မပါလ မထေရ်ပင် ပြုစုခဲ့သည့် မဇ္ဈိမပဏ္ဏာသဋီကာပင် ဖြစ်သည်၊ သို့သော် ထိုဋီကာ၌ ထုတ်ပြသော သာဝိတ္တိမှာ လိုရင်းမပါဘဲ ရှေပြေး

စကားမျှသာ ဖြစ်နေသေးသဖြင့် ဝေဒသာစိတ္တိမှာ တိမ်မြုပ်လျက်ပင် နေခဲ့ပါသည်၊ ထို တိမ်မြုပ်နေခဲ့သော ဝေဒသာစိတ္တိကို မဟာစည် ဆရာတော်ဘုရားက ဖော်ထုတ်၍ ဝိသုဒ္ဓိမဂ် မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဍိနိဿယ၏ နောက်ဆက်တွဲအဖြစ် ထည့်သွင်း ရိုက်နှိပ်စေခဲ့ပါသည်၊ ယင်းသို့ ဖော်ထုတ်နိုင်ခဲ့ခြင်းမှာလည်း သာစိတ္တိဂါထာ အကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရေးသားထားသည့် စာအုပ်ငယ်တစ်ခုကိုလည်း ရသောကြောင့် ဖြစ်သည်ဟု ဆရာတော်က အမိန့်ရှိပါသည်၊

ထိုသာဝတ္တိဂါထာ အကြောင်း ဖော်ထုတ်ရေးသားချက်မှာ ပါဠိစာပေလောက၌ တိမ်မြုပ်နေသော အချက်တစ်ခုကို ဖော်ထုတ်သော စကားဖြစ်၍ မှတ်သားဖွယ် ကောင်းလှသောကြောင့်လည်းကောင်း, ထိုဂဏ္ဍိနိဿယ စာအုပ်မှာ ယခုအခါ ရှာဖွေရရှိနိုင်ရန် ခဲယဉ်းလှသောကြောင့်လည်းကောင်း သုတေသီတို့ အကျိုးငှာ ယင်း စကားရပ်ကို အောက်၌ အပြည့်အစုံ ဖော်ပြလိုက်ပါသည်၊

## မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဍိနိဿယ နောက်ဆက်တွဲ သာစိတ္တိ ဂါထာအကြောင်း

သာစိတ္တိဂါထာသည် ဗြဟ္မဏတို့၏ လောကီသာစိတ္တိဂါထာ, ဗုဒ္ဓမြတ်စွာ၏ အရိယ သာစိတ္တိဂါထာဟူ၍ နှစ်မျိုးကွဲပြားလျက် ပိဋကတ်၌ ထင်၏၊ ထိုတွင် "တံ တံ သာဝိတ္တိံ ပုစ္ဆာမိ၊ ဘဝံ တေဝိဒသမ္ဗုဒ္ဓံ" ဟူသော သုတ္တနိပါတ်ပါဠိ၏ အဖွင့်အဋ္ဌကထာ (၂-၁၃၀) ၌ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဟူသော ဤ သရဏဂုံ သုံးပုဒ်ကို အရိယ သာစိတ္တိဂါထာဟု ဖွင့်ပြ ထားသောကြောင့် အရိယသာစိတ္တိ ဂါထာကိုကား ပါဠိကျမ်းတတ် ပညာရှိတို့ ကောင်းစွာ သိရှိနားလည်ကြပေ၏၊ သို့သော် " သာဝိတ္တိ ဆန္ဒ သော မုခံ " ဟူသော သေလသုတ် ပါဠိတော်အရ ဗြာဟ္မဏတို့၏ လောကီသာစိတ္တိဂါထာကိုကား ပါဠိသင်သူတို့မှာ ကစ္စည်းကျမ်း သန္ဓိပိုင်းမှစ၍ တွေ့လာခဲ့ကြသော်လည်း ကျကျနန သိသူတို့ အလွန်နည်းဟန်ရှိပေ၏၊ ထိုကြောင့်ပင် "ဆန္ဒသော၊ ဝေဒ၏ ဝါ ၊ ဝေဒကို ရွတ်ဖတ်ခြင်း၏၊ မုခံ၊ ရှေ့သွားတည်း၊" ဟု အနက်ပေးရမည်ကို " ဆန္ဒသော၊ ဆန်းကျမ်း၏၊

မုခံ၊ အစတည်း။" ဟုလည်း အနက်ပေးထားသည်ကို တွေ့ရပေသည်၊ ၎င်း ဂါထာမှာ သာသနာတော်၌ အသုံးမကျသော်လည်း သုတ္တန် ပိဋကတ် မဇ္ဈိမ နိကာယ်* ခုဒ္ဒကနိကာယ် နှစ်ဌာနတို့၌လည်းကောင်း, ဝိနည်းပိဋကတ်၌လည်းကောင်း အထင်အရှား ရှိနေသောကြောင့် ထိုလောက် သာဝိတ္တိ ဂါထာကိုလည်း သိနားလည် ထားသင့်၏၊ ထို့ကြောင့် ၎င်းကို ဤ၌ အကျဉ်းချုပ် ဖော်ပြဦးအံ့၊

သေလသုတ်အဖွင့် ( မ-ဋ္ဌ- ၃- ၂၇၈-နှင့် သုတ္တနိ ဋ္ဌ ၂-၁၇၇ ) တို့၌ဝေဒ ကျမ်းတို့ကို ရွတ်ဖတ်သောအခါ ထို သာဝိတ္တိဂါထာကို ရှေးဦးစွာ ရွတ်ဆို ရသောကြောင့် " သာဝိတ္တိ ဆန္ဒသောမုခံ " ဟူ၍ ဟောတော်မူကြောင်း ဖွင့်ပြထား၏၊ ထိုအဖွင့်ကို (မ-ဋီ၊ ၃-၁၈၄)" ဘူရ် ဘုဝး သွး တတ် သာဝိတ္တိ ပုဗ္ဗကတ္တာ မုခံ ပုဗ္ဗင်္ဂမံ " ဟု ထပ်ဆင့်၍ ဖွင့်ပြထားပေ၏၊ ထိုဋီကာ၏ မှီရာ ဗြာဟ္မဏ တို့၏ ကျမ်းရင်းမှာ မနုဝမ္မသတ် ဒုတိယပိုင်း ၈၁-ခုမြောက် ဂါထာပင် ဖြစ်ကြောင်း အဘယာရာမ ဆရာတော်ဘုရားက ညွှန်ကြားထားခဲ့၏၊ ထိုဂါထာ မှာ အောက်ပါအတိုင်း ဖြစ်၏၊

၂-၈၁ - ဥံ -ကာရပုဗ္ဗိကာတိဿော၊ မဟာဗျာ ဟိတိယော၊ ဗျယာ၊

တိပါဒါစေဝ သာဝိတ္တိ၊ ဝိညေယျံ ဗြဟ္မုနော မုခံ[၁]၊

ဥံ- ကာယပုဗ္ဗိကာ၊ အ၊ ဥ-မ- ဟူသော အက္ခရာသုံးလုံး အပေါင်းဖြစ်ပြီး သော ဥံ-အက္ခရာလျှင် ရှေ့သွားရှိ ကုန်သော၊ တိဿော၊ သုံးခုကုန်သော၊ အဗျယာ၊ ပျက်ဆီးခြင်း မရှိကုန်သော၊ မဟာဗျာဟတိယော၊ ဘူရ် ဘုဝး သွး[၂] ဟူသော မြတ်သော ရွတ်ဆိုခြင်း၊ (မဟာဗျာဟရိတိ ) တို့ကိုလည်းကောင်း၊ ထိပါဒါ၊ သုံးပါဒ ရှိသော၊ သာဝိတ္တိစေဝ၊ သာဝိတ္တိ ဂါထားကိုလည်းကောင်း၊ ဗြဟ္မုနော၊ ဝေဒ ၏၊ မုခံ၊ ရှေ့သွားစကားဟူ၍၊ ဝိညေယျံ၊ သိအပ်၏၊

---

* မဟာစည်ဆရာတော်ဘုရား၏ ပြင်ဆင်ချက်အတိုင်း ဖြစ်ပါသည်၊ ဤလက္ခဏာ ပြုသမျှ ဤနည်းချည်းမှတ်ပါ၊

၁၊ ၁၃၁၁- ခုနှစ် ဟံသာဝတီပုံနှိပ်တိုက်ရိုက် အဘယာရာမဆရာတော် သုတ် သင်အပ်သော ပဏ္ဍာသဋီကာ တတိယအုပ်၊ နှာ-၁၀၅၊

၂ ဘူရ်-မြေကြီး၊ ဘုဝး-ကောင်းကင်၊ သွး-နတ်ပြည်၊

အ-သည် ဗိဿနိုးအမည်၊ ဥ-သည် သိဝ၏အမည်၊ မ-သည် ဗြဟ္မာ၏ အမည် ဖြစ်သည်၊ ၎င်း အက္ခရာသုံးလုံး အပေါင်းကို သက္ကတ၌ ဩမ်-ဟုရေး၏၊[၁] မြန်မာ၌ ဥံ-ဟု ရေးကြ၏၊ အုမ်- ဟုရေးလျှင် သာ၍ ပေါ်လွင်ထားရှားပေမည်၊ မနုဓမ္မသတ်ကျမ်း ဤ အပိုင်း၌ပင်လျှင် ဂါထာနံပါတ် ၇၄ ၌ ဝေဒ တို့ကို ရွတ်ဆိုလျှင် (အံ့လျှင်) ရှေးဦးစွာ ဥံ-ခံရမည်၊ အဆုံး၌လည်း ဥံ ဖြင့် အဆုံးသတ်ရ ပိတ်ရမည်၊ အစ၌ ဥံမခံလျှင် ဖြေးဖြေးချင်း ပျောက် သွားတတ်သည်၊ အဆုံး၌ ဥံ မပိတ်လျှင် တည်တံ့ခြင်းကိုပင် မရနိုင်ဟု ဆိုထား သေး၏၊ ဤမျှ အထိပင် ဗြဟ္မဏတို့သည် ဥံ ကို အလေးပြုကြ၏၊ ဗုဒ္ဓ သာသနာဝင် တို့သည်ကား ဗိဿနိုး, သိဝ, ဗြဟ္မာ တို့အား အလေးပြုသော ထို ဥံ ကို ရွတ်ဆိုရန်ပင် မသင့်၊

ဤ ဂါထာ၏အဖွင့် ဒီပနီ၌ "မဟာဗျာဟတိ ယောဘူရ် ဘူဝး သွး တ္တစ္စေတာ ဟု ဖွင့်ပြထား၏၊ ဆာမိုနီယာ မိုနီယာဝိလျံ၏ သက္ကတ အင်္ဂလိပ် အဘိဓာန်ကြီး၌လည်း အနက်အဓိပ္ပါယ် အသိခက်သော ဘုံခုနစ်မျိုး၏ အမည် ကို ရွတ်ဖတ် သရဇ္ဈာယ်ခြင်းသည် ဗျာဟရိတိ မည်ကြောင်း ထိုခုနစ်မျိုးမှာ လည်း " ဘူရ် ဘူဝး သွး မဟး ဇနး တပး သစ္စ-ဟူသော အမည်တို့ပင် ဖြစ်ကြောင်း၊ ထိုတွင်လည်း " ဘူရ် ဘူဝး သွး " ဟူသော အစသုံးခုကို မဟာ ဗျာဟရိတိခေါ်ကြောင်း၊ ဝေဒ ရွတ်ခါနီးတွင် ဥံ ခံ၍၎င်း မဟာဗျာဟတိရှိ တို့ကို ဗြဟ္မဏတို့ ရွတ်ဆိုလျက် ဆုတောင်းလေ့ရှိကြောင်းများကို ပြဆိုထား ၏၊ ထို့ကြောင့် မဟာဗျာဟတိယော -ပုဒ်ကို ဘူရ် ဘူဝး သွး ဟူသော မြတ် သော ရွတ်ဆိုခြင်းတို့ကိုလည်းကောင်း, ဟူ၍ သရုပ်ဖော်ပြလျက် အနက်ပြန်သည်၊ မနုဓမ္မသတ်၌လည်း ရှေးလေးဂါထာ ခြင်းသော ၇၆- ဂါထာ၌ အောက်ပါ အတိုင်း ဆိုထားသေး၏၊

၂- ၇၆၊ အကာရံစ ပျုကာရံ စ ၊ မဟာရံ စ ပဇာပတိ
ဝေဒတ္တာယ နိရဒူဟ၊ ဘူရ် ဘူဝး သွး တ္တတီတိ စ၊

ပဇာပတိ မည်သော အရှင် ဗြဟ္မာမင်းသည် အ-အက္ခရာကိုလည်းကောင်း၊ ဥ- အက္ခရာကိုလည်းကောင်း၊ မ-အက္ခရာကိုလည်းကောင်း၊ ဘူရ် ဘူဝး သွး-ဟူသော

---

၁- ဩမ် ကို ပြဏပဟုလည်း မနုဓမ္မသတ်(၂-၇၄)၌ ခေါ်ဝေါ်သုံးသည်၊

မဟာဗျာဟရိတိ ၃-၃ ကိုလည်းကောင်း ဝေဒသုံးပုံမှ ညှစ်ထုတ်လေပြီဟု ဆိုလို၏၊

သို့သော် ပဏ္ဍာသဋီကာ၌ ပြသော "ဘူရ် ဘုဝး သွး"ဟူသော ဤသုံးပုဒ်သည် "သာဝိတ္တိဂါထာမှာ ၈ လုံးဖွဲ့ သုံးပါဒရှိ၍ အက္ခရာ ၂၄ လုံးရှိသည်" ဟူသော အဆိုနှင့်ကား မညီသေးပေ၊ ထိုအဆိုနှင့်ညီသော သာဝိတ္တိဂါထာအစစ်မှာ အောက်ပါပင် ဖြစ်သည်ဟူ၏၊

တတ် သဝိ ဘူရ် ဝ ရေဏျံ၊[၁]
ဘရ် ဂေါ ဒေဝသျ ဓီ မဟိ၊
ဓိယော ယော နး ပြစောဒယာတ်၊[၂]

၎င်းကို ပါဠိဘာသာပြန်လျှင် အောက်ပါအတိုင်း ဖြစ်သင့်၏၊

တံ သဝိတု ဝ ရေဏျံ၊
ဘဂ္ဂေါ ဒေဝဿ ဓီ မဟိ၊
ဓိသော ယော နော ပစောဒယေ၊

အထက်ပါ သာဝိတ္တိဂါထာမှာ ဣရုဝေဒ ၃၊ မဏ္ဍလ ၆၂၊ သုတ္တ ၁၀ နံပါတ် ဂါထာ ဖြစ်သည်၊ ၎င်း၌ ပဌမပါဒတွင် အက္ခရာတစ်လုံး လိုနေ၏၊ ထိုအတွက် အက္ခရာနှစ်လုံး ဖြစ်စေရန် ဏျံ ၌ ဏ-တစ်လုံး ယံ-တစ်လုံး ဤသို့ ခွဲယူရမည်ဟူ၍လည်းကောင်း, ဏျံ-ကို ရွတ်ဖတ်သောအခါ ဏိယံ-ဟု ရွတ်ဖတ်ရမည်ဟူ၍လည်းကောင်း, အစ၌ ဉံ အက္ခရာနှင့်တကွ "ဉံ တတ် သဝိဘူ ဝရေဏျံ"ဟု ၅စ်လုံး ရေတွက်ရမည် ဟူ၍လည်းကောင်း ၃ နည်းဆိုကြ၏၊ အနက်မှာလည်း အမျိုးမျိုး ပြန်ကြ၏၊ အောက်ပါ အနက်မှာ ထိုအမျိုးမျိုးထဲမှ တစ်မျိုးဖြစ်သည်၊

---

၁၊ တတ်သဝိဘူရ် ဝသော သုံးပါဒကို အစဉ်အတိုင်း ဣရုဝေဒ, ယဇုဝေဒ, သာမဝေဒ တို့မှ ထုတ်ယူကြောင်း ဋီကာ၌ဖွင့်သည်၊

၂၊ ဤပြစောဒယာတ်ပုဒ်၌ သတ်ထားသော ဓိဘတ်ကား လောကီ သက္ကတ၌ အသုံးမရှိဘဲ ဝေဒိကသက္ကတမှာသာ အသုံးရှိသော(ပါဏိနိဆရာက လေင်ဓိဘတ် ဟု အမည်ပေးထားသေးသော) ဓိဘတ်ကည်း၊ ယင်းပုဒ်ကို သာယဏာစရိယရေး ဣရုဝေဒဘာသာကျမ်း၌ ပြေရယတ်ဟုလည်းကောင်း, ပြေရယတိဟုလည်းကောင်း, ပြစောဒယတိ ဟုလည်းကောင်း အမျိုးမျိုးဖွင့်သည်ကို တွေ့ရသည်၊

ယော သစိတာ၊ အကြင်နေမင်းသည်၊ ဝါ၊ အကြင်နေနတ်မင်းသည်၊ နော၊ အကျွန်ုပ်တို့၏၊ မိယော၊ အသိဉာဏ်တို့ကို၊ ဝါ၊ ဝတ်ပြုမှုတို့ကို၊ ပစောဒယေ၊ နှိုးဆော်ပြဋ္ဌာန်း တိုက်တွန်းအားပေးတတ်ပေ၏၊ သဝိတု၊ နေမင်းဟူသော၊ တဿဒေဝဿ၊ ထိုနတ်မင်း၏၊ ဝရေဏျံ၊ လိုလား တောင့်တအပ်သော၊ တံဘဂ္ဂေါ၊ ထိုအလင်းရောင်ကို၊ ဝါ ထိုဘုန်းတန်ခိုးကို၊ (ဝစောသုတ္တာ-၌ကဲ့သို့ အံ-ကို ဩ-ပြုသည်ဟု ယူအပ်၏၊ သက္ကတ၌ ဘရ်ဂသ်-ဟု ဘကာရန္တနပုလ္လိင် ဖြစ်သည်) မယံ၊ အကျွန်ုပ်တို့သည်၊ ဓိမဟိဓိမှေ၊ နှလုံးသွင်း ထင်မြင် ဆင်ခြင်အောက်မေ့ပါကုန်၏၊

အထက်ပါ အနက်အရဖြင့် သာဝိတ္တိဟူသောအမည်မှာ သဝိတာမည်သော နေနတ်သား အရိုအသေပြုသော ဂါထာဖြစ်သောကြောင့်ပင် ဖြစ်သည်ဟု ထင်ရှား၏၊[၁]

ဤမျှဖြင့် ဗြာဟ္မဏတို့သည် ဝေဒတို့ကို ရွတ်ဖတ်သရဇ္ဈာယ်သောအခါ ရှေးဦးစွာ "ဥံ ဘူရ် သွး" ဟူ၍သော်လည်းကောင်း "ဥံ တတ်သဝိ ဘူရ် ဝရေဏျံ၊ ဘရ်ဂေါ ဒေဝဿျ ဓိမဟိ၊ ဓိယော နး ပြစောဒယာတ်" ဟူ၍သော်လည်းကောင်း ဥံဘူရ်ဘူဝးသွးတတ်သဝိဘူရ်ဝရေဏျံ၊ ဘရ် ဂေါ ဒေဝဿျ ဓိမဟိ၊ ဓိယော ယောနး ပြစောဒယာတ်သဟူ၍သော်လည်းကောင်း ရွတ်ဆိုကြသည်၊ ထို သို့ဆိုပြီးမှ ဝေဒတို့ကို ရွတ်ဖတ် သရဇ္ဈာယ်ကြရသည်၊ ထိုကြောင့် သာဝိတ္တိဂါထာကို သိနားလည်၍ လေးစားနေသော ကေဏိယ ရသေ့ ပုဏ္ဏားအား မြတ်စွာဘုရားက "သာဝိတ္တိ ဆန္ဒသော မုခံ" ဟု အနုမောဒနာတရား ဟောကြားတော်မူသည် ဟူ၍ သိနားလည်နိုင်ပြီ၊

သာဝိတ္တိဂါထာအကြောင်း ပြီး၏၊

မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဍိနိဿယ နောက်ဆက်တွဲ ပြီး၏၊

သာဝိတ္တိဂါထာသည် ဗုဒ္ဓသာသနာဝင်တို့အဖို့ ကျေးဇူးများသော ဂါထာ မဟုတ်သော်လည်း ဗုဒ္ဓစာပေဖြစ်သည့် ပါဠိတော်တို့၌ပင် ယင်းအမည်ပါနေသဖြင့် သိသင့် သိထိုက်သောကြောင့် မဟာစည်ဆရာတော်သည် သက္ကတကျမ်းတို့မှ ရှာဖွေ၍ ဖော်ထုတ်ခြင်း ဖြစ်ပါသည်၊

---

၁၊ သာဝိတ္တ၊ ပုံ၊ သဝိတာဒေဝါအဿ အင်္ဂ၊ ဝိပ္ပေ၊ ဗ္ဘာရုဝိသေသေ ထိယ ဧင်၊ (ထော ၁မနိ၀ိ)

ဆရာတော် ဖော်ထုတ်ရေးသားမှပင် များစွာသော ပုဂ္ဂိုလ်တို့ သာဝိတ္တိဂါထာကို ကွဲကွဲပြားပြား သိရှိနားလည်ခွင့် ရခဲ့ကြတော့သည်။

၎င်းသာဝိတ္တိဂါထာအကြောင်းကို ထပ်မံ၍ ဆရာတော်အား လျှောက်ထားမှုရာ ဆရာတော်က ၎င်းဂါထာကို ဒိဗျာဝဒါနကျမ်း၌လည်း တွေ့ရကြောင်း ထိုကျမ်း၌ ၎င်းဂါထာကို ဗြာဟ္မဏသာဝိတ္တိဟုဆို၍ ခတ္တိယ သာဝိတ္တိ, ဝဿသာဝိတ္တိ, သုဒ္ဒသာဝိတ္တိဟူသော အခြားသာဝိတ္တိတို့ကိုပါ ပြထားကြောင်း, ထိုတွင် ဉ် ဘုရ် ဘုဝး သွး သက်သက်ကို သုဒ္ဒသာဝိတ္တိဟု ပြထားကြောင်းတို့ကို အမိန့်ရှိတော်မူပါသည်။ (ဒိဗျာဝဒါနကျမ်း သဒ္ဒူလကဏ္ဍဝါဒါန နှာ ၃၃၃-၄ တို့၌ ထိုသာဝိတ္တိတို့ကို တွေ့နိုင်ပါသည်) ၎င်းသို့လျှင် မဟာစည် ဆရာတော်သည် ပါဠိစာပေ၌ အလွန်တိမ်မြုပ်နေသော အချက်တစ်ချက်ကို ဖော်ထုတ်တော်မူခဲ့ပါသည်။

## ဘာရတမင်းတို့၏ စစ်ထိုးခြင်း

အဋ္ဌကထာတို့၌ သမ္ဖပ္ပလာပအဖွင့်နှင့် စပ်လာလျှင် ဘာရတယုဒ္ဓ ဒါကာဟရ ဏာဒိနိဂ္ဂတက ကထာ-ဆိုသော စကားကို အသုံးပြု၍ ဖွင့်လေ့ရှိတော်မူကြသည်၊ ထိုအတူ တိရစ္ဆာနကထာကို ဖွင့်ရာ၌လည်း ဘာရတယုဒ္ဓကို ထည့်သွင်း၍ ဖွင့်ဆိုတော် မူကြသည်။ ယင်းအဋ္ဌကထာတို့၌ ဆိုလိုသည်မှာ ဘာရတမင်းတို့ စစ်ထိုးပုံစကား, သီတာမိဖုရားကို ရာဝဏဘီလူးမင်းက ခိုးယူသွားပုံစကား စသည်တို့မှာ အနှစ်မရှိသော တကယ်မဟုတ်သော ဒဏ္ဍာရီပုံပြင်များသာ ဖြစ်သည်၊ ထိုစကားများကို တကယ့်အစစ်အမှန် အဖြစ်အပျက်များအနေဖြင့် အလေးအမြတ်ပြုပြီး ပြောဆိုလျှင် သမ္ဖပ္ပလာပဖြစ်သည်၊ ထိုစကားမျိုးသည် မဂ်ဖိုလ်နှင့် ဗီလာဖြစ်သောကြောင့် တိရစ္ဆာနကထာပင် ဖြစ်သည်ဟု ဆိုလိုပေသည်။

ထိုတွင် သီတာမိဖုရားကို ခိုးယူခြင်းဖြင့် ရာမာယဏကျမ်းကို ရည်ညွှန်းသည်၊ ထိုရာမဇာတ် အကြောင်းအရာကိုကား မြန်မာပြည်သားတို့ အသိများကြသည်၊ ထိုသို့ အသိများရသည်မှာကား ရှေးမင်းများလက်ထက်မှ စ၍ပင် ရာမဇာတ်ဝတ္ထုများကို ရေးသားခဲ့ကြသောကြောင့်လည်းကောင်း, ယနေ့တိုင်ပင် ရာမဇာတ်ကို ကပြနေကြသောကြောင့်လည်းကောင်း ဖြစ်ပေသည်။

ဘာရတမင်းတို့ စစ်ထိုးခန်းဖြင့်ကား မဟာဘာရတကျမ်းကြီးကို ရည်ညွှန်းသည်၊ ထိုမဟာဘာရတဝတ္ထုကြောင်းကိုကား မြန်မာနိုင်ငံသားတို့ အသိနည်းသည်၊ အင်္ဂလိပ်စာတတ်သူ အနည်းငယ်တို့သာ အင်္ဂလိပ်ဘာသာပြန်များကို ဖတ်၍ သိနိုင်ကြသည်၊ သမ္ဗုပ္ပလာပအကြောင်း ဟောပြောလျှင် ထိုမဟာဘာရတဝတ္ထုကို ရှောင်၍မဖြစ်၊ အနည်းဆုံး အကျဉ်းမျှကိုကား သိသင့်သည်၊ ထို့ကြောင့်ပင် မဟာစည်ဆရာတော်ဘုရားသည် သလ္လေခသုတ် တရားတော်(ပဌမအုပ်၊ နှာ-၂၈၃-၂၈၆) ၌ ထိုမဟာဘာရတဝတ္ထု အကျဉ်းကို ထုတ်ဖော်တော်မူခဲ့ပါသည်၊ မဟာဘာရတဝတ္ထုမှာ မြန်မာနိုင်ငံ၌ အလွန်လူသိနည်းသေးသော အကြောင်းအရာဖြစ်ရကား ထိုထုတ်ဖော်ချက်မှာ ထူးခြားလျက် ရှိပါသည်၊ ထိုသို့ ဖော်ထုတ်ယင်းပင် ထိုဝတ္ထုလာ ဒြောပဒီဟုလည်း ခေါ်သော ကဏှာဒေဝီသည် ၅၅၁ ဇာတ်တော် ကုဏာလဇာတ်လာ ကဏှာဒေဝီသာမက မဏ္ဍပမင်း၏ သားငါးယောက်အမည်တို့နှင့် တူညီနေသည်ကိုလည်း တွေ့ရပါသည်၊ မဟာစည်ဆရာတော်သည် ထိုတူညီမှုကို ထုတ်ဖော်တော်မူခြင်းဖြင့် မိမိ၏ ကျမ်းဂန်နှံ့စပ်ကျေပွန်ပုံကိုလည်းကောင်း နှိုင်းယှဉ်လေ့လာတတ်သော ဉာဏ်အစွမ်းကိုလည်းကောင်း တပါတည်းထုတ်ဖော်လိုက်သကဲ့သို့ ရှိပါတော့သည်၊

## မဟာစည်ဆရာတော်နှင့် သက္ကတ အင်္ဂလိပ်စာများ

ရဟန်းတော်များအဖို့ သက္ကတ အင်္ဂလိပ်စသော ဘာသန္တရများ တတ်ရန်မလိုဟု ယူဆသော ပုဂ္ဂိုလ်အတော်များများ မြန်မာနိုင်ငံ၌ ရှိပါသည်၊ အထူးအားဖြင့်ကား ငယ်ရွယ်သော ရဟန်းတော်များ သင်ယူကြသည်ကို သာ၍ မကြိုက်ကြပါ၊ အချို့ကလည်း ဤဘာသာများကို တတ်မြောက်လျှင် မိစ္ဆာဒိဋ္ဌိဖြစ်သွားမည်လောက် ယူဆပြောဆိုလျက် ရှိကြသည်၊ သို့သော် မဟာစည်ဆရာတော်သည် သက္ကတဘာသာ, အင်္ဂလိပ်ဘာသာများကို နိုင်နင်းအောင် မတတ်ကျွမ်းပါက ဝိသုဒ္ဓိမဂ်, ဋီကာနိဿယ သမယန္တရပိုင်းဆိုင်ရာ၌ အဆင့်အတန်းမီအောင် ရေးသားနိုင်ခဲ့မည် မဟုတ်ပါ၊ တကယ်အားဖြင့် ဆိုရလျှင် မဟာစည်ဆရာတော်သည် သက္ကတဘာသာ အင်္ဂလိပ်ဘာသာတို့ကို (အထူးသဖြင့် သက္ကတဘာသာကို) တတ်မြောက်တော် မမူပါက မဟာဋီကာနိဿယကို ရေးရန်ပင် စဉ်းစားတော်မူခဲ့မည်

မဟုတ်ပါ၊ ဤနိဿယ ရေးသားတော်မူခြင်းကပင် ရဟန်းတော်တို့ ဤဘာသန္တရ များကို တတ်ထိုက်ကြောင်း ထင်ရှားပြနေပါတော့သည်။

မဟာစည် ဆရာတော်သည် သာသနာ့ရိပ်သာသို့ ရောက်ပြီးနောက်မှ သက္ကတဘာသာ အင်္ဂလိပ်ဘာသာတို့ကို လေ့လာသင်ယူခဲ့သည်ဟု အများက ထင်မှတ်ကြပါသည်၊ သို့သော် ဆရာတော်သည် ဤဘာသာတို့ကို ငယ်စဉ်ကပင် သင်ယူခဲ့ပါသည်၊ ထိုတွင် သက္ကတဘာသာကို တောင်ဝိုင်းကလေးမှာ နေစဉ်ကပင် လေ့လာသင်ယူခဲ့သည်၊ ပို့ချသင်ကြားပေးမည့်ဆရာ အနီး၌မရှိသဖြင့် အဘယာ ရာမဆရာတော်၏ ဟိတောပဒေသနိဿယ, မုဒ္ဓဗောဓနိဿယ, မောဂ္ဂလ္လာန်နိဿယ တို့ကို ကြည့်ရှု၍ ကိုယ့်ဘာသာပင် လေ့လာတော်မူခဲ့သည်၊ အသံထွက်ကျနစေ ရန်လည်း မဟာမြိုင်ဆရာတော်အထံသွား၍ တစ်နာရီခန့်မျှ အသံထွက်နည်းကို လေ့လာခဲ့သည်၊ မဟာမြိုင်ဆရာတော်သည် ငယ်စဉ်က သီရိလင်္ကာဘုန်းကြီးများနှင့် အတူ နေခဲ့ရသဖြင့် အသံထွက် ကောင်းသည်ဟူ၏၊ ပါဠိဘာသာ သဒ္ဒါဗဟုသုတ ကြွယ်ဝပြီး ဖြစ်၍လည်းကောင်း, ဉာဏ်ပဋိဘာန် အစွမ်းသတ္တိရှိသော ပုဂ္ဂိုလ်ဖြစ်၍ လည်းကောင်း မပင်မပန်းပင် မဟာစည်ဆရာတော်သည် သက္ကတသာကို တတ်မြောက် တော်မူခဲ့ ပါသည်၊ ဝိပဿနာရှုနည်း နိဒါန်း, နိဂုံးတို့ကို ကြည့်လျှင် ထိုစဉ်ကပင် သက္ကတ ဘာသာကို တတ်မြောက်နေခဲ့ပြီဖြစ်ကြောင်း သိနိုင်ပါသည်။

အင်္ဂလိပ်ဘာသာကိုကား ဆရာတော်သည် ကိုရင်ဘဝကပင်လေ့လာတော် မူခဲ့သည်၊ ထိုစဉ်က ဆွေမျိုးနီးစပ်တော်သော ဦးစန္ဒိမာခေါ် အင်္ဂလိပ်ဘာသာတတ် ဦးပဉ္စင်းတစ်ပါး "ချည်ပါ"မှာ ရှိခဲ့သည်၊ ဆရာတော်သည် "ချည်ပါ"မှာ တစ်ဝါ နေစဉ်က ထိုဦးပဉ္စင်းထံ၌ အင်္ဂလိပ်စာကို သင်ယူခဲ့ပါသည်၊ ထိုနောက် မန္တလေး မှာ နေစဉ်လည်း ဆက်လက် လေ့လာတော်မူခဲ့သည်၊ မော်လမြိုင်ရောက်သော အခါမှာမူ တောကျောင်း ဖြစ်သောကြောင့်လည်းကောင်း, အင်္ဂလိပ်ဘာသာဖြင့် ဆောင်ရွက်ဖွယ် တာဝန်မရှိသောကြောင့်လည်းကောင်း အင်္ဂလိပ်စာကို နှလုံးမသွင်း မကြည့်ရှုဘဲ ပစ်ထားခဲ့သည်၊ ဂျပန်ခေတ် ဆိပ်ခွန်၌ နေစဉ်မှာကား အသောက ကျောက်စာ အင်္ဂလိပ်စာအုပ်နှင့် ကမ္ဘာ့အံ့ဖွယ် အင်္ဂလိပ်စာအုပ်များ အခန့်သင့် တွေ့၍ ကြည့်ရှု လေ့လာခဲ့သည်၊ သာသနာ့ရိပ်သာသို့ ရောက်ပြီးနောက် နိုင်ငံခြား သားများနှင့် ဆက်ဆံရများ၍ အင်္ဂလိပ်စာများ ပို၍ လိုအပ်လာသည်၊ ထို့ကြောင့်

အင်္ဂလိပ်စာတတ်သော ဒကာကြီးများ၏ အကူအညီဖြင့် ထပ်မံလေ့လာခဲ့သည်၊ ထိုတွင် ဆရာတော်ကို ကြည်ညိုကိုးကွယ်နေသော ပဲခူးတိုင်းမင်းကြီး အပါးတော်မြဲအဖြစ် ဆောင်ရွက်ခဲ့ဖူးသူ ဦးဖေသင်က အများဆုံး အကူအညီပေးခဲ့သည်၊ ၎င်းပုဂ္ဂိုလ်ကြီး၏ ကူညီမှုကြောင့် မဟာစည်ဆရာတော်သည် အိန္ဒိယ ဖီလိုဆိုဖီ (Indian philosophy) ကဲ့သို့သော် ကျမ်းကြီး ကျမ်းခိုင်များကို ဖတ်ရှုသိမြင် နားလည်နိုင်သည်အထိ တတ်ကျွမ်းခဲ့သည်။

တရားဟောနိုင်သည့် အခြေအထိ မရောက်သော်လည်း တရားပြ တရားဆွေးနွေးနိုင်သည့် အခြေအထိ ရောက်ခဲ့သည်၊ တစ်ခါက ဆရာတော့်ထံသို့ အဖူးအမြော် ရောက်သွားရာ ဝင်တာနစ် ( Winternitz )၏ အိန္ဒိယစာပေသမိုင်း (History of Indian Literature) စာအုပ်ကြီး ဖတ်နေသည်ကို တွေ့ခဲ့ရပါသည်၊ ၎င်းမျှအထိ မဟာစည်ဆရာတော်သည် အင်္ဂလိပ်စာဘက်က ပြည့်စုံအောင် အားထုတ်တော်မူထားလေသည်။

## ပြုစုတော်မူသောကျမ်းများ

မဟာစည်ဆရာတော်သည် ဝိပဿနာရှုနည်းကျမ်း, ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယကျမ်းစသော ကျမ်းကြီးတို့ကို ရေးသားပြုစုတော်မူယင်းပင် တစ်ဖက်မှလည်း စာဖတ်ပရိသတ်တို့အဖို့ ကျေးဇူးများမည့် ကျမ်းငယ်တို့ကို ပြုစုတော်မူခဲ့သည်၊ ထိုတွင် ကျမ်းအတော်များများမှာ ထိုထိုအရပ်တို့၌ ဆရာတော် ဘုရားဟောကြားထားသော တရားတို့ ဖြစ်သည်၊ ထိုတရားတို့ကို ဟောကြားစဉ်က အသံသွင်းကြိုးခွေတို့၌ သွင်းယူထားပြီးလျှင် နောက်ကာလကျမှ စာအုပ်အဖြစ် ရောက်စေကာ ဖြန့်ဝေစေတော်မူခဲ့သည်၊ ယနေ့အထိ ထုတ်ဝေခဲ့ပြီးသော ကျမ်းစာအုပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဝိပဿနာရှုနည်းကျမ်း (ပ၊ ၁၃၀၆-ခု) (ဒု၊ ၁၃၀၉-ခု)
၂။ ကမ္မဋ္ဌာန်းဆရာတို့၏မှတ်တမ်း (၁၃၀၀)
၃။ မဟာသတိပဋ္ဌာနသုတ် ပါဠိ-နိဿယ (၁၃၁၃)
၄။ မဟာသတိပဋ္ဌာန်တရားတော်ကြီး အကျဉ်း ၄ ပိုင်း (၁၃၁၃)
၅။ ၎င်းအကျယ် (ကာယာနုပဿနာပိုင်း) (၁၃၁၃)

၆၊ ဝေဒနာနုပဿနာတရားတော်ကြီး (၁၃၁၃)

၇၊ ဝိပဿနာအလုပ်ပေးတရားတော်ကြီး (၁၃၁၆)

၈၊ ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တရားတော်ကြီး (၁၃၁၆)

၉၊ ဝိသုဒ္ဓိဉာဏကထာ (ပါဠိ-မြန်မာ) (၁၃၁၈)

၁၀၊ ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်း (၁၃၁၈)

၁၁၊ ဓမ္မစကြာတရားတော်ကြီး (၁၃၁၉)

၁၂၊ အနတ္တလက္ခဏာသုတ်တရားတော်ကြီး (၁၃၁၉)

၁၃၊ ဘာဝပြဿနာ (၁၃၂၀)

၁၄၊ အင်ဒိုနေးရှားသာသနာပြုမှတ်တမ်း (၁၃၂၁)

၁၅၊ ဝိပဿနာအခြေခံတရားတော် (၁၃၂၃)

၁၆၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ သမယန္တရပိုင်းဂဏ္ဌိနိဿယ (၁၃၂၄)

၁၇၊ ဝိသုဒ္ဓိမြန်မာပြန် (အခြေခံများနှင့်တကွ ဝိပဿနာပိုင်း) (၁၃၂၄)

၁၈၊ အရိယာဝါသတရားတော်ကြီး (၁၃၂၅)

၁၉၊ ဝမ္မိကသုတ်တရားတော်ကြီး (၁၃၂၇)

၂၀၊ ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ (ပ၊ ၁၃၂၈) (ဒု-တ၊ ၂၉၊ ၀၊ ၃၀-ခု)

၂၁၊ ပုရာဘေဒသုတ်တရားတော်ကြီး (၁၃၂၉)

၂၂၊ ပဋိစ္စသမုပ္ပါဒ်တရားတော် (ပ၊ ဒု) (၁၃၃၀)

၂၃၊ ဗြဟ္မစိုရ်တရားတော် ၄ပိုင်း (၁၃၃၀)

၂၄၊ ဘာရသုတ္တန်တရားတော် (၁၃၃၁)

၂၅၊ ကျောင်းအနုမောဒနာတရားတော် (၁၃၃၂)

၂၆၊ လောကဓံတရားတော် (၁၃၃၂)

၂၇၊ ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပဌမတွဲ) (၁၃၃၃)

၂၈၊ -၎င်း- (၁၃၃၄)

၂၉၊ သလ္လေခသုတ်တရားတော် (ပ၊ ၁၃၃၄) (ဒု၊ ၁၃၃၅)

၃၀၊ ဟေမဝတကသုတ္တန်တရားတော် (၁၃၃၅)

၃၁၊ ဝိသုဒ္ဓိမဂ်မြန်မာပြန် (ဒုတိယတွဲ) (၁၃၃၅)


အမှာ၊ ။ ဤစာအုပ် ပုံနှိပ်ချိန်တွင် မဟာစည်ကျမ်းစာအုပ် ၆၇ အုပ်ရှိသွားပြီ၊

မဟာစည်ဆရာတော်သည် ယခုလည်း တရားဟော်တော်မူဆဲပင် ဖြစ်၏၊ ဆရာတော်ဘုရား ဟောကြားသော တရားများမှာ ပါဠိတော်လာ သုတ္တန်ကြီးများကို မူတည်၍ ခဲ့ ထွင်ဟောကြားအပ်သော တရားတော်ကြီးများ ဖြစ်၏၊ လေးနက်လှသော တရားတော်ကိုပင် လူတိုင်းသိနားလည်အောင် နိုင်နိုင်နင်းနင်း ရှင်းလင်းဝေဖန်၍ ထိထိမိမိ ဝိပဿနာလုပ်ငန်းနှင့် ညှိ၍ ဟောအပ်သော တရားတော်ကြီးများသာ ဖြစ်၏၊ ထိုတရားတော်များလည်း တစ်နေ့တွင် စာအုပ်အဖြစ် ထွက်ပေါ်လာကြဦးမည်သာ ဖြစ်ပါသည်၊ ထို့ကြောင့် အထက်ပါ စာရင်းမှာ ယနေ့အထိ ထုတ်ဝေပြီးခဲ့သမျှသော ကျမ်းများစာရင်းသာဖြစ်၍ နောင် ဆရာတော်ဘုရား သက်တော်ရှည်တော်မူသည်နှင့်အမျှ တိုးပွားနေမည့် စာရင်းသာ ဖြစ်ပါသည်၊

မဟာစည်ဆရာတော်ဟူသော အသံကိုဖြစ်စေ, သာသနာ့ရိပ်သာဟူသော အသံကိုဖြစ်စေ ကြားလိုက်ရလျှင် ကြားရသူတို့ သန္တာန်၌ "ဖောင်း ပိန် ကမ္မဋ္ဌာန်း" ဆိုသော စကားလုံးမှာ အလိုလိုပေါ်လာတော့သည်၊ ဤမျှလောက် မဟာစည်ဆရာတော်နှင့် ဖောင်း ပိန် ကမ္မဋ္ဌာန်းမှာ ခွဲမရအောင် ရှိတော့သည်၊ မဟာစည်ဆရာတော်သည် ဤ ဖောင်း, ပိန် ကမ္မဋ္ဌာန်းကြောင့်ပင် နာမည်ကြီးတော်မူခဲ့သည်၊ ဤ ဖောင်း, ပိန် ကမ္မဋ္ဌာန်းကြောင့်ပင် မဟာစည်ဆရာတော်သည် အချို့သောသူတို့ တိုက်ခိုက်မှုကို ခံတော်မူခဲ့ရလေသည်၊

များစွာသောသူတို့က ဖောင်းပိန်ရှုမှတ်ရန် ညွှန်ကြားသော နည်းကို မဟာစည်ဆရာတော်ထွင်သည်ဟု ထင်မှတ်လျက် ရှိကြသည်၊ ဤသို့ ထင်မှတ်ခြင်းမှာ မဟာစည်ဆရာတော်ကြောင့် ဤနည်းမှာ လူသိများ၍ ထင်ရှားလာရခြင်းကြောင့် ဖြစ်ဟန်တူပေသည်၊ မဟာစည်ဆရာတော်သည် ၁၃၃၀-ပြည့်နှစ်မှာမှစ၍ ဝိပဿနာကမ္မဋ္ဌာန်းကို ဟောကြား ပြသတော်မူခဲ့သည်၊ သို့သော် ဖောင်းပိန်ရှုမှတ်နည်းမှာမူ မဟာစည်ဆရာတော် တရားမပြမီ နှစ်ပေါင်းများစွာကပင် ထင်ရှားခဲ့ပြီး ဖြစ်လေသည်၊ ထိုရှုမှတ်နည်းကို မင်းကွန်း ဇေတဝန်(မူလ) ဆရာတော်ဘုရားကြီး၏ မူလရင်း ပဌမတပည့်ကြီးဖြစ်သော ပျော်ဘွယ်မြို့ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးစံထွန်း၏ တပည့်ဖြစ်သူ မြို့လှမြို့ ဓမ္မကထိက ဆရာကြီး ဦးချစ်အောင် ရေးသား စီရင်အပ်သော သတိပဋ္ဌာနဒီပနီကျမ်း(နှာ-၂၇၂)၌ တွေ့ရသည်၊ ထိုကျမ်း

စာအုပ်ကို ၁၂၉၀ – ပြည့်နှစ်၌ ရိုက်နှိပ်ပြီးစီးကြောင်းကို စာအုပ်၌ ပြဆိုထားသဖြင့် ဝမ်းဗိုက် ပူသည် ပိန်သည်ကို ရှုသော ဖောင်းပိန်နည်းသည် မဟာစည်တရားပြ သည့်ထက် ၁၀ နှစ် စောနေသည်ကို တွေ့ရသည်၊ စာအုပ်၌ ပါသည်မှာပင် ၁၀ – နှစ် စောနေလျှင် လက်တွေ့ပြခဲ့သည်မှာမူ ထိုထက်ပင် စောခဲ့မည် ဖြစ်ပါသည်၊

ကျမ်းပြုပုဂ္ဂိုလ်သည် မင်းကွန်းမူလ ဆရာတော်ဘုရားကြီး၏ တပည့်၏ တပည့် ဖြစ်သောကြောင့်လည်းကောင်း ,မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၏ နည်းကို အစဉ်မှီ၍ ရေးသားစီရင်ထားကြောင်း ကျမ်းစာမျက်နှာဖုံး၌ ဖော်ပြ ထားသောကြောင့်လည်းကောင်း, မင်းကွန်းမူလ ဆရာတော်ဘုရားကြီး သဘောတူ ခဲ့သော ရှုမှတ်နည်းပင် ဖြစ်မည်ဟု ခန့်မှန်းနိုင်ပါသည်၊ ထိုထက်သေချာသော အထောက်အထားများမှာကား မင်းကွန်းဇေတဝန်မူလ ဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သော ကမ္မဋ္ဌာနာစရိယဆရာကြီး ဦးမြတ်ကျော်ရေးသား စီရင်အပ်သော ဝိပဿနာ ဋီကာကျမ်း ပဌမတွဲပင် ဖြစ်ပါသည်၊ ထိုဋီကာကျမ်း စာမျက်နှာ ၁၈၉၌ "မင်းကွန်းဂိုဏ်းမှာမူကား အချို့ဝမ်းဗိုက်မှာ စိတ်ထား၍ ပူတယ် ပိန်တယ်ဟုလည်း ကောင်း, ဖောင်းတယ်, ရပ်တယ်ဟုလည်းကောင်း, ရှုမှတ်ကြပြန်ရာ မသိသော သူတို့ မှာ အံ့အားသင့်ကာဖြင့် " စသည်ဖြင့် ဝမ်းဗိုက်ဖောင်းမှု, ပိန်မှု ရှုမှတ်နည်းမှာ မင်းကွန်းဂိုဏ်း၏ ရှုမှတ်နည်း တစ်ခုဖြစ်ကြောင်း, ထိုရှုမှတ်နည်းသည် သဘာဝကျ ဝမ္ပြောင့်မှန်သော ရှုမှတ်နည်းပင် ဖြစ်ကြောင်း ရေးသားထားသည်ကို တွေ့ရသည်၊ ထို့ပြင် ထိုကျမ်းကို မင်းကွန်းဆရာတော်ဘုရားကြီး ကြည့်ရှုပြီး ထည့်နှုတ် ပြင်ဆင် ချက်အရ စက်တင် ပုံနှိပ်ပါသည်ဟုလည်း သေချာစွာ မှာထားချက်ရှိပြန်သည်၊ ထို့ကြောင့် ဤဝိပဿနာ ဋီကာကျမ်းကို ထောက်လျှင် ဝမ်းဗိုက် ဖောင်း ပိန်မှု ရှုမှတ် နည်းမှာ မင်းကွန်း( မူလ ) ဆရာတော်ဘုရားကြီး လက်ခံခဲ့သော ရှုမှတ်နည်းဖြစ်သည် မှာ သေချာလှပါသည်၊ ထိုကျမ်းပုံနှိပ်သည့်နှစ်မှာ ၁၂၉၈ – ခုနှစ်ဖြစ်ရာ မဟာစည် ဆရာတော်တရားစ၍ ပြသည့် နှစ်ထက် ၂ – နှစ်မျှပင် စောလျက် ရှိသည်ကို တွေ့ရ ပါသည်၊ (ဤအချက်အလက်များကို ဒုတိယ မဟာ့ဂ္ဂရတနာနှင့် သလ္လေခသုတ် တရားတော် နိဒါန်းမှ ရယူပါသည်) ထို့ကြောင့် ဝမ်းဗိုက် ဖောင်း, ပိန်မှု ရှုမှတ် ရန် ညွှန်ပြသောနည်းသည် မဟာစည်ဆရာတော် ထွင်ခဲ့သောနည်း မဟုတ်သည်မှာ လွန်စွာပင် ထင်ရှားနေပါသည်၊ ဤရှုမှတ်နည်းကို မဟာစည်ဆရာတော် ထွင်သည်

ဟုဆိုလျှင် မဟုတ်မမှန်ပြောဆိုရာ ရောက်သည်နှင့်အမျှ မူလအစ တည်ထွင် ညွှန်ကြားခဲ့သော ပုဂ္ဂိုလ်များကို စော်ကားရာလည်း ရောက်ပေမည်။

၁၃၀၀-ပြည့်နှစ် ဆိပ်ခွန်၌ ပဌမဝ၌ တရားပြသောအခါကပင် မဟာစည် ဆရာတော်သည် ဝမ်းဗိုက်၏ ဖောင်း, ပိန်မှု အခြေခံပြု၍ ရှုမှတ်ရန် ညွှန်ကြား ပြသတော်မူခဲ့သည်၊ (ဝိပဿနာ အခြေခံတရားတော် ဒု-အကြိမ်ရိုက် နှာ-၁၂၄၊ တ-အကြိမ်ရိုက် နှာ-၁၂၈- ကြည့်ပါ) အဘယ်ကြောင့် မဟာစည်ဆရာတော် သည် ထိုသို့ ညွှန်ကြားပြသခဲ့သနည်း၊ ထိုသို့ ညွှန်ကြားပြသရာ၌ အကြောင်း ရှိပါသည်၊ ပဌမမှာ ဆရာတော်က ထင်ရှား ပေါ်ရာပေါ်ရာကို ရှုဖို့ သာမန်အား ဖြင့် ညွှန်ကြားတော်မူခဲ့သည်၊ ထိုသို့ ညွှန်ကြားသည့်အတိုင်း အားထုတ်ကြသော ယောဂီတို့တွင် အချို့က ဘာကိုရှုရမည်ဟု မသိကြသဖြင့် ရှုစရာကို ရှာနေရကြောင်း လျှောက်ကြသောကြောင့်လည်းကောင်း, ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှုသည် ပထဝီ ကာယ, အာပေါကာယ စသည်တို့တွင် ဝါယောကာယဖြစ်၍ ကာယာနုပဿနာသတိ ပဋ္ဌာန်၏ အာရုံကာယ၌ အတွင်းဝင်သောကြောင့်လည်းကောင်း, ထို ဖောင်းမှု ပိန်မှု ကို ကိန်းသေ အခြေခံပြု၍ ထင်ရှား ပေါ်ရာပေါ်ရာကို ရှုမှတ်ရာတွင် ယောဂီတို့မှာ လက်တွေ့အားဖြင့် ပိုမိုလွယ်ကူ၍ သမာဓိဉာဏ် ဖြစ်လွယ်သည်ကို တွေ့ရသော ကြောင့်လည်းကောင်း, မင်းကွန်း(မူလ)ဆရာတော်ဘုရားကြီး၏ လက်အောက်ခံ ကမ္မဋ္ဌာန်းဌာနတို့၌ ပူသည်, ပိန်သည်ဟု ရှုမှတ်ကြသည်ကို ကြားဖူး သိဖူးသော ကြောင့်လည်းကောင်း, မိမိ၏ယောဂီများ ရှုမှတ်ပုံ ပြောပုံစသည် တညီတည်း မှုသေ ဖြစ်စေလိုသောကြောင့်လည်းကောင်း, ဖောင်းမှု ပိန်မှု အခြေခံအဖြစ် ရှုမှတ်၍ ထင်ရှားပေါ်လာသော ကိုယ်အမူ အရာဟူသမျှ ဝေဒနာဟူသမျှ စိတ်အမူအရာ ဟူသမျှ သဘောတရားဟူသမျှ ကို ရှုမှတ်ရန် ညွှန်ကြားပြသခဲ့ခြင်း ဖြစ်ပါသည်၊ ဤသို့ ဖောင်း, ပိန်ကို မရှာရသဖြင့် သမာဓိ ရလွယ်၍ ဝိပဿနာဖြစ်လွယ်သော ရှုနည်း ဖြစ်ပေသည်၊ ထို့ကြောင့်ပင် ဝိပဿနာရှုနည်းကျမ်း၌ ဖောင်းပိန်မှုကို အခြေ တည်၍ ရှုရန် ကိန်းသေ ညွှန်ပြထားပေသည်၊ ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ရောက်ပြီးသောအခါ၌လည်း ထိုနည်းအတိုင်းပင် ညွှန်ကြားပြသခဲ့ခြင်း ဖြစ်သည်။

ဤသို့ ဖောင်းပိန်ကို အခြေခံ၍ ရှုမှတ်ရန် ညွှန်ကြားပြသသည် ဆိုသော် လည်း လာလာသမျှ ယောဂီတိုင်းကို ဤနည်းမလုပ်မနေရဟု အတင်းအကြပ်

စေနိုင်းသည်ကား မဟုတ်ပေ၊ နဂိုက အာနာပါန အားထုတ်ခဲ့ဖူးသော ယောဂီများ ရောက်လာ၍ ထိုယောဂီတို့က နှာသီးဖျား၌ စိတ်ထားရသည်မှာ သူတို့အဖို့ ပို၍ လွယ်ကြောင်း လျှောက်လျှင် နှာသီးဖျားမှာပင် အခြေခံအဖြစ် အမှတ်ခိုင်း၍ ပေါ်ရာပေါ်ရာကို ရှုမှတ်အားထုတ်စေပါသည်၊ ထို့ကြောင့် မဟာစည်ဆရာတော် အမှူးပြုသော (ဆရာတော်၏ သြဝါဒ) ကမ္မဋ္ဌာနာစရိယ တို့သည် ဖောင်းပိန်မှ ဖောင်းပိန်ဟု အစွဲအလန်းကြီးသော ပုဂ္ဂိုလ်များမဟုတ်ကြဘဲ ယောဂီတို့အား လွယ်ကူချမ်းသာစွာဖြင့် ဝိပဿနာဉာဏ်ဖြစ်ရေး, မဂ်ဖိုလ် နိဗ္ဗာန် မျက်မှောက်ပြုနိုင်ရေးကိုသာ ဦးစားပေး၍ ပုဂ္ဂလဇ္ဈာသယ အားလျော်စွာ ကျင့်သုံးတော်မူနိုင်ကြသော ပုဂ္ဂိုလ်များဖြစ်ကြောင်း ထင်ရှားပါသည်၊

သို့သော် နဂိုက အားမထုတ်ခဲ့ဘူးသူများကိုမူ ဖောင်းပိန်ကိုပင် အခြေခံအဖြစ် ရှုမှတ်ရန် ညွှန်ကြားတော်မူသည်၊ ထိုသို့ ရှုမှတ်စေခြင်းမှာလည်း သမာဓိဉာဏ် နုသေးသော သူတို့အတွက်သာ ဖြစ်သည်၊ သမာဓိဉာဏ် ရင့်ပြီးသော သူတို့သည်ကား ဒွါရ ၆-ပါး၌ ထင်ရှားပေါ်လာ ပေါ်လာသော မည်သည့် ရုပ်နာမ်တရားကိုမဆို စ၍ ရှုနိုင်ပေသည်၊ ရန်ကုန်သာသနာ့ရိပ်သာ၌လည်းကောင်း, အခြား များစွာသော မဟာစည်ဆရာတော် သြဝါဒခံ ပြည်တွင်းပြည်ပ ရိပ်သာတို့၌လည်းကောင်း, ဤဖောင်းပိန်ကို အခြေခံ၍ ရှုသော သတိပဋ္ဌာန်နည်းဖြင့် ရှု၍ အထက်တန်းကျသော ဝိပဿနာအဆင့်များသို့ရောက်၍ ကိုယ်တိုင် ဆုံးဖြတ်နိုင်သော အခြေသို့ ရောက်သူ, နာမ်ရုပ်ကွဲသောအဆင့် အဖြစ်အပျက် မြင်သောအဆင့် စသည်သို့ ရောက်သူတို့မှာ သောင်းဂဏန်းမျှမက သိန်းဂဏန်းကိုပင် ကျော်နေလေပြီ၊ ဤမျှ များပြားလှသော ယောဂီတို့တွင် အနောက်နိုင်ငံမှ ပညာရှိ ပုဂ္ဂိုလ်များ ပါဝင်သည်၊ ထိုပုဂ္ဂိုလ်အားလုံးသည် မိမိတို့အဖို့ အကျိုးမရှိသောနည်းဖြစ်ပါက ဤနည်းကို လိုက်နာကျင့်သုံးကြမည် မဟုတ်ပေ၊ လက်တွေ့ကျင့်သုံးသောအခါ အထက်တန်းကျသော ဉာဏ်အဆင့်သို့ ပို့ဆောင်နိုင်သောကြောင့် လိုက်နာနေကြခြင်း ဖြစ်ကြောင်း ထင်ရှားပါသည်၊

ဤမျှ လိုက်နာကျင့်သုံးသူ ပေါများသော နည်းဖြစ်သော်လည်း ဤနည်းကို မနှစ်သက်သော ပုဂ္ဂိုလ်များလည်း ရှိခဲ့ပါသည်၊ စာဆိုအတိုင်း အတိအကျ မဟုတ်လျှင် မှန်သည်ဟု လက်မခံနိုင်သောကြောင့် ဤနည်းကို ရှုံးသားသော သဘောဖြင့်

မနှစ်သက်သော ပုဂ္ဂိုလ်များလည်း ရှိ၍ သဘောတစ်မျိုးဖြင့် မနှစ်သက်သူများလည်း ရှိသည်၊ ထိုတွင် သဘောတစ်မျိုးဖြင့် မနှစ်သက်သူများက စာအုပ်ကြီးငယ်တို့ကို ရေးသား၍လည်းကောင်း, သတင်းစာ, ဂျာနယ်တို့၌ ဆောင်းပါးများ ရေး၍လည်းကောင်း မဟာစည် ဆရာတော်ကို သဲသဲမဲမဲ တိုက်ခိုက်ကြလေသည်၊ မဟာစည် ဆရာတော်သည် သူများထက် ထူးလို၍ ဤနည်းကို ထွင်သည်ဟုလည်းကောင်း, မင်းကွန်း(မူလ) ဆရာတော်ကြီးနှင့်တကွ ဆရာတော်၏တပည့်များ ရေးသော ကျမ်းစာတို့တွင် ပိန်,ဖောင်း, ဝါဒ လုံးဝမပါဟုလည်းကောင်း, ဘုရားဟော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ထဲမှာ ပိန်,ဖောင်း မပါဟုလည်းကောင်း ဤသို့စသည်ဖြင့် အမျိုးမျိုး စွပ်စွဲပုတ်ခတ်၍ ရေးသားကြလေသည်၊ ထိုသို့ အမျိုးမျိုးရေးသားကြသော်လည်း မဟာစည်ဆရာတော်ကမူ ပြန် လည် ရေးသားချေပခြင်း ပြုတော်မမူခဲ့ပေ၊ ငြိမ်၍သာ နေခဲ့သည်၊ ပရဝါဒီတို့နှင့် အပြန်အလှန် ရေးသားချေပနေသဖြင့် အကျိုးမရှိ၊ စာဖတ်သူများမှာလည်း အကုသိုလ် များဖွယ်ရှိသည်၊ ဗုဒ္ဓသာသနာတော်သည် ဗုဒ္ဓသာသနာဝင် အားလုံးနှင့် သက်ဆိုင်သည်၊ သူတို့ ဟောသောနည်းကို ကြိုက်သူများ သူတို့ထံ သို့ သွား၍ အားထုတ်ကြလိမ့်မည်၊ တကယ်သဘောရိုးဖြင့် မကျေနပ်ကြပါက ကိုယ်တိုင်လာ၍ ဆွေးနွေးလိမ့်မည်၊ ထိုအခါ ခိုင်မာသော အကိုးသာဓကတို့ဖြင့် သဘောကျလောက်အောင် ဖြေရှင်းပြမည်ဟု မဟာစည်ဆရာတော်၌ ဤသို့သော ခံယူချက် ရှိခဲ့ကြောင်း ကြားသိရသည်။

ဤသို့ မဟာစည်ဆရာတော်က ပြန်လည်ချေပခြင်းမပြုဘဲ ငြိမ်နေသောအခါ စွပ်စွဲရေးသားသူများဖက်က ပို၍ အားတက်လာကြသည်၊ ပို၍ ရဲတင်းလာကြသည်၊ မိမိမှား၍သာ မဟာစည်ဆရာတော်သည် ငုံ၍ခံနေခြင်း ဖြစ်ကြောင်း သတင်းလွှင့်ကြသည်၊ ဟိုဘက်သည်ဘက်မပါသော ပုဂ္ဂိုလ်များပင် ထိုသို့ထင်ကြကုန်၏၊ မဟာစည် ဆရာတော်ကို ကြည်ညိုလျက်ရှိကြသော ရဟန်းရှင် လူ တပည့်များလည်း လွန်စွာ မခံမရပ်နိုင် ဖြစ်လာကြသည်၊ သို့သော် ချေပမှုကိုကား မပြုခဲ့ကြ၊

ဤသို့ဖြစ်နေစဉ်မှာပင် ၁၃၂၄-ခုနှစ် ပြာသိုလ၌ "မဟဂ္ဂရတနာ" ခေါ် စာအုပ်တစ်အုပ် ထွက်လာခဲ့သည်၊ ထိုစာအုပ်ကို ရေးသော ပုဂ္ဂိုလ်ကား ဝက်လက်မြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဦးတိဿဖြစ်လေသည်၊ ဆရာတော် ဦးတိဿသည် ဝိပဿနာရှုနည်းကျမ်းကို ဖတ်ရှုရကတည်းက မဟာစည် ဆရာတော်

ကို ကြည်ညိုခဲ့၍ ပေါင်းပိန်ကို အခြေခံပြု၍ ရှုရသော မဟာစည် သတိပဋ္ဌာန် ရှုနည်းဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို ပေါက်ပေါက်ရောက်ရောက် အားထုတ်ထားသော ဆရာတော်ဖြစ်သည်။ ထိုဆရာတော်သည် "သည်အတိုင်းကြည့်နေလျှင် မဟာစည် ဆရာတော်ကိုသာမက သာသနာတော်ကိုပါ ထိခိုက်တော့မည်" ဟု ယူဆ၍ မဟာဠ္ဌရတနာကျမ်းကို ရေးသားတော်မူသည်။ ရေးသားပြီး ပုံမနှိပ်မီ ဆရာတော်အားမပြဘဲ ပုံနှိပ်ပြီးမှသာ ဆရာတော်ထံသို့ စာအုပ်ကို ပေးပို့ လှူဒါန်းခဲ့သည်။ မရိုက်နှိပ်မီ မဟာစည် ဆရာတော်အားပြလျှင် မရိုက်နှိပ်ရန် အမိန့်ရှိတော်မူနေမည်စိုးရိမ်သောကြောင့်ဖြစ်လေသည်။ မလိုသူတို့၏ မဟာစည် ဆရာတော်အပေါ် စွပ်စွဲချက်များကို မဟာဠ္ဌရတနာကျမ်းတွင် ဆရာတော် ဦးတိဿက အချက်ကျကျ ဖြေရှင်းထားသည်။ တဖက်သားအား အပြန်အလှန် ချေပသော စာအုပ်ဖြစ်သော်လည်း အရေးအသား ပိုင်နိုင်မှု စကားအသုံးအနှုန်း ယဉ်ကျေးမှုတို့ကြောင့် ဖတ်ရသူတိုင်းက နှစ်သက်၍ ကျမ်းရေးပုဂ္ဂိုလ်ကို ချီးကျူးကြသည်။ မဟာစည် ဆရာတော်၏ တပည့်များမှာလည်း ထိုအခါကျမှ သတ်သာရာ ရကြတော့သည်။

မဟာဠ္ဌရတနာကျမ်းကို ဖတ်ရသော (ထိုဆရာတော်နှင့် လူချင်းမသိသော) ယောဂီအောင်မိုးဆိုသူက ဤကျမ်းမျိုးကို ဆက်လက်ပြုပါရန် စာရေးလျှောက်ထားသဖြင့် ဆရာတော် ဦးတိဿသည် ယောဂီအောင်မိုး၏ ဆန္ဒကို ဖြည့်စွမ်းရန် "ဒုတိယမဟာဠ္ဌရတနာ" ကို ရေးသားတော်မူပြန်သည်။ ထိုကျမ်းသည် ၁၃၂၅-ခု နတ်တော်လတွင် ထွက်ပေါ်လာခဲ့သည်။ ထိုကျမ်းထွက်ပေါ်ပြီး မကြာမီ(တစ်လခန့်အကြာ)မှာပင် ပိဋကတ္တယပါရဂူ ဓမ္မာစရိယ အရှင်ဥာဏဗလ ရေးသားအပ်သော "ပဒဋ္ဌာန် ဖြတ်ထုံးကျမ်း" လည်း ဆက်တိုက်ဆိုသလို ထွက်ပေါ်လာပြန်သည်။ ဤစာအုပ်များ ထွက်ပေါ်လာမှပင် လူအများတို့မှာ ၂-ဖက် အဆိုတို့ကို ချင့်ချိန်ခွင့်ရကြ၍ အမှားအမှန်ကို ဝေဖန်သိမြင်နိုင်ကြတော့သည်။

မဟာစည် ဆရာတော်သည် မိမိအပေါ် စွပ်စွဲဖိနှိပ် ရေးသားသောသူများအား ပြန်လှန်ချေပခြင်း မပြုဆိုခဲ့ရာ၌ တိုက်ရိုက်ချေပခြင်းကိုသာ ဆိုလိုပါသည်။ မိမိ၏ အယူဝါဒသည် ဘုရားအလိုတော်ကျ ဖြစ်ကြောင်းကို ဖော်ကုက်လျက် သွယ်ဝိုက်သောအားဖြင့် ချေပခြင်းကိုမူ ပြုတော်မူခဲ့သည်ပင်ဖြစ်ပါသည်။ ထိုသို့သော ရှင်းလင်းချက်တို့ကို ဝိပဿနာရှုနည်းကျမ်း ပဌမတွဲ ပဌမနှိပ် နှာ-၂၈၈-၉၊

၎င်းဒုတိယတွဲ သတ္တမနှိပ် နှာ-၃၊ ၄၊ ၅၅၊ အရိယာဝါသ တရားတော်ကြီး နှာ ၁၈၄-၁၈၉၊ ၎င်းနောက်ဆက်တွဲ နှာ ၂၄၄စသည် ဝမ္မိကသုတ် တရားတော်ကြီး နှာ ၂၁၇ စသည်နှင့် မဟာစည် ဆရာတော်၏ သတိပဋ္ဌာနသုတ် ပါဠိ နိဿယ နောက်ဆက်တွဲ တို့၌ တွေ့နိုင်ပါသည်။

မဟာစည်ဆရာတော်သည် မြန်မာပြည်၌သာ အတိုက်အခိုက် ခံရတော်မူရသည်မဟုတ်၊ သီရိလင်္ကာ၌လည်း အတိုက်အခိုက် ခံတော်မူရသည်ပင် ဖြစ်ပါသည်။ ဆရာတော် အရှင်သုဇာတတို့ ပဌမအကြိမ် ကိုလံဘိုသို့ ရောက်ပြီး မကြာမီမှာပင် စ၍ တိုက်ခိုက်ခြင်းကို ခံရပါသည်။ ကိုလံဘိုမြို့တွင် ဘာသာရေးခေါင်းဆောင်များလုပ်၍ ဒါယကာ-ဒါယိကာမတို့အား ဆောင်းပါးရေးခြင်း, ကျမ်းရေးခြင်း, တရားဟောခြင်း တို့ဖြင့်ဘာသာရေး အသိဉာဏ်ပေးနေသော သီရိလင်္ကာ ဆရာတော်များ ရှိခဲ့ပါသည်။ သီရိလင်္ကာ ပညာတတ်ပိုင်း, လူချမ်းသာပိုင်း၏ လေးစားမှုကို ခံယူရသော ဆရာတော်များ ဖြစ်ကြပါသည်။ ထိုဆရာတော်တို့သည် ဒါန, သီလဆိုင်ရာ ဘာသာအယူအဆဆိုင်ရာတို့၌ ညွှန်ကြားမှုများ ပေးနိုင်ကြသော်လည်း ကမ္မဋ္ဌာန်းတရား လက်တွေ့ကျင့်သုံးမှု၌ အားကိုးလောက်သော ညွှန်ကြားမှုကို မပေးနိုင်ပဲ ရှိခဲ့ကြပါသည်။ မိမိတို့ကိုယ်တိုင် ပေါက်ရောက်အောင် ကမ္မဋ္ဌာန်းကို အားထုတ်သူများ မဟုတ်သဖြင့် ကျမ်းစာ၌ လာသလောက်သာ ညွှန်ကြားနိုင်ကြသည်။ ထိုညွှန်ကြားချက်များမှာ ကိုယ်တိုင်အားထုတ်ပြီးသူတို့၏ ညွှန်ကြားချက်များ မဟုတ်ရကား လက်တွေ့၌ ခရီးမရောက်လှတော့ပေ။

ဤအခြေအနေမျိုး၌ အရှင်သုဇာတ ဆရာတော်တို့ သီရိလင်္ကာသို့ ကြွ၍ မဟာစည် ဆရာတော်၏ လက်တွေ့နည်းဖြင့် ဝိပဿနာ သာသနာပြုသောအခါ ပရိသတ်တို့သည် ယာယီရိပ်သာဖြစ်သော ယမုနာသို့ စုပြုံလာကြတော့သည်။ ရက်အနည်းငယ်မျှ လက်တွေ့ အားထုတ်လိုက်သည်ဆိုလျှင်ပင် ရှေးက မတွေ့ဘူး မရဘူးသော ဉာဏ်အမြင်များကို ရကုန်ကြ၍ လွန်စွာ နှစ်သက်အားရခြင်း ဖြစ်ကြလေသည်။ ယင်းသည့်အခိုက်မှာပင် ထိုဆရာတော်များက သတင်းစာ, စာစောင်, ဂျာနယ်များမှနေ၍ ဆောင်းပါးများ ရေးသား တိုက်ခိုက်ကြတော့သည်။ မဟာစည် ဆရာတော်၏ နည်းကို ဝေတုလ္လဝါဒတစ်မျိုးဟု စာဖတ်သူတို့ အထင်ရောက်စေရန် ပါးနပ်စွာဖြင့် ရေးသားကြသည်။ အရှင်သုဇာတ ဆရာတော်

တို့ကား မဟာစည်ဆရာတော်၏ ဩဝါဒအတိုင်း ပြန်လည်ချေပခြင်း မပြုဘဲ မိမိတို့ အလုပ်ကိုသာ မှန်မှန်လုပ်၍ သာသနာပြုတော်မူခဲ့ကြလေသည်။

သို့သော် ထိုဆရာတော်များ ရေးသော ဆောင်းပါးမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးအပ်သော ဆောင်းပါးများ ဖြစ်သောကြောင့်လည်းကောင်း, ကမ္ဘာအနှံ့ပျံ့သော စာစောင်များ, ဂျာနယ်များမှာပါသော ဆောင်းပါးများ ဖြစ်သောကြောင့်လည်းကောင်း, မဖြေလျှင် ကမ္ဘာ၏ အထင်မှားမှုကိုပင် ခံရမည်ဖြစ်သဖြင့် ထိုသီရိလင်္ကာ ဆရာတော်တို့၏ ဆောင်းပါးများကို ကမ္ဘာအေးဆရာတော် ဦးဉာနုတ္တရက တာဝန် ယူ၍ ချေပ ဖြေရှင်းတော်မူခဲ့သည်၊ ဆရာတော် ဦးဉာနုတ္တရ၏ ဖြေရှင်းချက်များကို ကိုလံဘိုမှ ထုတ်ဝေသော ( World Buddhism ) ခေါ် စာစောင်များတွင် တွေ့ရပေသည်၊

မဟာစည် ဆရာတော်၏ ဘဝ၌ ဤတိုက်ခိုက်ခံရမှုမှာ အကြီးအကျယ်ဆုံးသော မုန်တိုင်းကြီးပင် ဖြစ်ပါသည်၊ ထိုမုန်တိုင်း ထန်နေစဉ်ကမူ မလိုလားသောသူတို့ကလည်း ဘယ်တော့ ပါသွားမလဲဟု တောင့်တမျှော်လင့်ခြင်းဖြင့် ကြည့်ရှု နေကြသကဲ့သို့ ကြည်ညိုသူကလည်း ခံမှ ခံနိုင်ပါ့မည်လားဟု ကြောင့်ကြကြီးစွာဖြင့် စောင့်ကြည့်နေကြရသည်၊ သို့သော် မဟာစည်ဆရာတော်သည် တခဲနက်ကျောက်တောင်ကြီးအလား ကြံ့ကြံ့ခံတော်မူနိုင်ခဲ့ပါသည်၊ ထိုသို့ ကြံ့ကြံ့ခံနိုင်ခြင်းမှာ အဘယ်ကြောင့်နည်း၊ အကျိုးကို မြင်သဖြင့် အကြောင်းကို မှန်းဆသောဖလာနုမာနနည်းဖြင့် ဆင်ခြင်သော မဟာစည်ဆရာတော်၏ သတိပဋ္ဌာန်ဝိပဿနာရှုနည်းသည် မှုမှန်ဖြစ်သောကြောင့်ဟုပင် အဖြေထွက်ပါသည်၊ အခြေအနေတစ်ရပ်ကို သုံးသပ်သောအခါ အကျိုးအပြစ် နှစ်မျိုးလုံးဖြင့် စိစစ်မှသာ အမှန်သို့ရောက်မည် ဖြစ်ပါသည်၊ အကျိုးရှိရုံမျှဖြင့် မလုံလောက်သေး၊ အပြစ်လည်းကင်းပါမှ စိတ်ချရပါသည်၊ မဟာစည်ဆရာတော်၏ သာသနာ့ရိပ်သာ၌ ဖလသမာပတ် ဝင်စားသည် နိရောဓသမာပတ် ဝင်စားသည်ဆိုပြီး တုံးလုံးပက်လက်လဲနေခြင်းမျိုး စသည်တို့ မည်သည့်အခါကမှ မပေါ်ပေါက်ဘူးပေ၊ ရဟန္တာများအစုလိုက် အပြုံလိုက် ထွက်ပေါ်ကြောင်း ကြော်ငြာခြင်းမျိုးစသော ယုံကြည်ဖွယ်မရှိသည့် ဖြစ်ရပ်များလည်း မဖြစ်ပေါ်ခဲ့ဘူးပေ၊ ရဟန္တာဖြစ်ပြီးမှ လူထွက်ခြင်းစသော အရှက်ကွဲစရာ အပြစ်ဆန်းမျိုးလည်း မပေါ်ခဲ့ဘူးပေ၊ ဤသို့ ကမ္မဋ္ဌာန်း

နှင့် ပတ်သက်၍ လူအများ အယုံအကြည်မဲ့စေမည့် ဖြစ်ရပ်များ မဖြစ်ပေါ်ခဲ့ခြင်း ကလည်း မဟာစည်ဆရာတော် ပြသသော သတိပဋ္ဌာန်ဝိပဿနာနည်း၏ လမ်းမှန် ကျပုံကို ညွှန်ပြနေသကဲ့သို့ ရှိပါသည်။ ဤသို့ အပြစ်ဟုဆိုရသည့် ဖြစ်ရပ်များ မဖြစ်ပေါ်ခဲ့ဘူးသဖြင့်လည်း အများ၏ ယုံကြည်ခြင်းကို ခံရကာ ကြံ့ကြံ့ခိုင်ခိုင် တည်တံ့နေနိုင်ခြင်း ဖြစ်ပေသည်။

## ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး

စစ်ကြီးအတွင်း ဆိပ်ခွန် မဟာစည်ကျောင်း၌ ဝိပဿနာ သာသနာပြုခဲ့သဖြင့် ဆရာတော်သည် မဟာစည် ဆရာတော်ဟု တွင်ခဲ့သည်။ ရန်ကုန် **သာသနာ့** ရိပ်သာသို့ ရောက်ပြီးနောက်လည်း မဟာစည်ဆရာတော်ဟုပင် **တွင်ခဲ့သည်။** ထို့နောက်တွင် ဆရာတော်၏ ဂုဏ်ကျေးဇူး တို့ကို အထူးသိမြင်သော ကြည်ညိုသူ တို့က မဟာစည် ဆရာတော်ဘုရားဟုလည်းကောင်း၊ မဟာစည်ဆရာတော်ဘုရားကြီးဟု လည်းကောင်း၊ ခေါ်ဝေါ်သုံးနှုန်းခဲ့ကြသည်။ ထိုမှ နောက်တွင်မူ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးဟု ကျေးဇူးရှင်ဟူသော စကားလုံးကိုပင် ရှေ့က ထား၍ သုံးနှုန်း ခေါ်ဝေါ်လာခဲ့ကြသည်မှာ ယနေ့တိုင်အောင် ဖြစ်တော့သည်။ ထိုသို့ မဟာစည် ဆရာတော်ကို ကျေးဇူးရှင်ဟု ခေါ်ဝေါ်ကြခြင်းမှာ သုံးရိုး သုံးစဉ် ဖြစ်၍လော?, တကယ် နှစ်နှစ်ကာကာ လေးစားကြည်ညို၍လော?။

မဟာစည်ဆရာတော်၏ တပည့်ကြီးဖြစ်သော ကမ္မဋ္ဌာနာစရိယဆရာတော် အရှင် သုဇာတထေရ်က မိမိသည် မဟာစည်ဆရာတော်၏ ကျေးဇူးကြောင့် ပါဠိတော်တို့ကို ကြည့်ရှုရသောအခါ လက်တွေ့နှင့်ဟပ်၍ အနက်အဓိပ္ပါယ်တို့ကို အားပါးတရ သိမြင်ရပါသည်။ ဆရာတော်ကြီးထံမှ တရားအားမထုတ်ခဲ့လျှင် ဤသို့သော အသိဉာဏ်မျိုးကို ရမည်မဟုတ်ပါ။ ထို့ကြောင့် ဆရာတော်ကြီး အား ကျေးဇူးတင် မဆုံးအောင် ရှိပါသည်ဟု အမိန့်ရှိဖူးပါသည်။ ယခု ၁၃၃၅- ခုနှစ်၊ ကဆုန်လအတွင်းက မဟာစည်ဆရာတော်သည် မိုးကုတ်မြို့သို့ ကြွရန် မန္တလေး သာသနာ့ရိပ်သာသို့ ခေတ္တ ကြွရောက်လာပါသည်။ ဤစာရေးသူသည် ဆရာတော်ထံသို့ အဖူးအမြော် ရောက်သွားခဲ့ပါသည်။ ထိုသို့ ရောက်စဉ်က ဆရာတော်အနီးတွင် ဦးပဉ္ဇင်းကြီး တစ်ပါးကို တွေ့ရပါသည်။ ထိုဦးပဉ္ဇင်းကြီး

နှင့် စကားစပ်မိရာမှ ထိုဦးပဍ္ဍင်းကြီးက မိမိ၏ အသက်ကို မဟာစည်ဆရာတော်အား လှူထားကြောင်း, မဟာစည်ဆရာတော် ပြသသော နည်းဖြင့် အားထုတ်ခဲ့သဖြင့် မိမိသည် ဝိပဿနာအသိဉာဏ် အထူးများကို ရခဲ့၍ ဆရာတော်၏ ကျေးဇူး ကြီးမားလှသောကြောင့် ပစ္စည်းဥစ္စာကို လှူသည်ထက် အစများစွာ လေးနက်သော အသက်လှူခြင်းကို ပြုခဲ့ကြောင်း ဆရာတော်၏ ကျေးဇူးကြီးမားလှကြောင်းကို အားပါးတရ ပြောပြခဲ့ပါသည်။ ထိုဦးပဍ္ဍင်းကြီးမှာ အခြားမဟုတ်၊ မဟာစည်ဆရာတော်ကို သူဌေးကြီး ဆာဦးသွင်နှင့် ဆက်သွယ်ပေးခဲ့သော ရေဦးမြို့ စက်သူဌေးကြီး ဦးဘသင်ပင် ဖြစ်ပါသည်။

ဆရာတော် ဦးသုဇာတနှင့် ဦးပဍ္ဍင်းကြီး ဦးဘသင်တို့ ပြောကြားသော စကားများကို ထောက်လျှင် မဟာစည်ဆရာတော်သည် ထို ၂-ပါး၏ ကျေးဇူးရှင် အစစ်ဖြစ်ကြောင်း ထင်ရှားပါသည်။ မိမိ၌ မရှိသော နှစ်သက်စရာလည်း ကောင်းသော ပစ္စည်းတစ်ခုခုကို ပေးလာသူအား မိမိက လွန်စွာ ကျေးဇူးတင်မည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။ ထိုထက် မိမိမသိ နားမလည်သော အဓိပ္ပါယ်တစ်ခုခုကို ရှင်းလင်းပြောပြနိုင်ပါလျှင် ထိုသူကိုလည်း လွန်စွာကျေးဇူးတင်မည်ပင် ဖြစ်ပါသည်။ ထိုထက် မိမိသန္တာန်၌ တစ်ကြိမ်တစ်ခါမျှ မဖြစ်ဘူးခဲ့သော ဝိပဿနာ ဉာဏ်များ ဖြစ်ပေါ်လာသောအခါမှာမူ အလွန် ဝမ်းမြောက်ခြင်း ဖြစ်သည်နှင့်အမျှ ဤနည်းလမ်းတို့ကို ဟောတော်မူခဲ့သော မြတ်စွာဘုရားကိုလည်းကောင်း နည်းလမ်းညွှန်ပြသော ဆရာကိုလည်းကောင်း ကျေးဇူးတင်မဆုံးအောင် ရှိရသည်၊ ရှိခိုးကန်တော့၍ မဆုံးအောင် ရှိရသည်၊ ဤသို့သော အဖြစ်မျိုးကို (လက်တွေ့ တရားအားထုတ်၍ ရုပ်နာမ်ကွဲ အဖြစ်အပျက် မြင်၍) သြဘာသစသည် ဖြစ်ပေါ်လာသည့်အခါ ယောဂီတိုင်းပင် တွေ့ကြုံရသည်။ မဟာစည်ဆရာတော်၏ သြဝါဒအတိုင်း တရားအားထုတ်၍ ထိုအဆင့်တို့ကိုလည်းကောင်း, ထိုထက်မြင့်သော အဆင့်တို့ကိုလည်းကောင်း ရောက်ခဲ့သော ယောဂီတို့မှာ ဆရာတော်ဦးသုဇာတနှင့် ဦးပဍ္ဍင်းကြီး ဦးဘသင်တို့ ၂-ပါးသာ မဟုတ်ပါ၊ ထိုသို့သော ယောဂီများမှာ ငါးသိန်းကျော်ပင် ရှိနေပြီဖြစ်ပါသည်၊ ထို့ကြောင့် မဟာစည်ဆရာတော်သည် ထိုငါးသိန်းကျော်မျှသော ယောဂီတို့၏ ကျေးဇူးရှင် အစစ်ပင် ဖြစ်ပါတော့သည်။ ဤသို့ တရားနှင့်စပ်သော လက်တွေ့ကျေးနပ်မှုကို ပေးတော်မူနိုင်သောကြောင့်ပင်

မဟာစည် ဆရာတော်သည် သူမတူတန်သော လေးစားမှုကို ခံယူရရှိတော်မူပါသည်၊ ဆရာတော်၏ယောဂီများက ဆရာတော်ကို လေးစားပုံမှာ ဟန်ဆောင်မှုမပါသော တကယ့်လေးစားမှုပင်ဖြစ်ကြောင်း တွေ့သိနိုင်ပါသည်၊ မြတ်စွာဘုရားလက်ထက်က ဘုရားရှင်ကို လေးစားကြသည်ဆိုသည်မှာ ဤလိုလေးစားမှုမျိုးပင်ဖြစ်ပေလိမ့်မည်ဟု တွေးထင်စေနိုင်လောက်အောင် ဖြစ်ပါသည်၊ ဤပုဂ္ဂိုလ်တို့အဖို့ မဟာစည် ဆရာတော်ကို ကျေးဇူးရှင်ဟု ခေါ်ဝေါ်သုံးနှုန်းရသည်ကိုပင် အားရနိုင်ကြမည် မဟုတ်ပါ၊ ထို့ကြောင့် "ကျေးဇူးရှင် ဆရာတော်ဘုရားကြီး"ဟူသော အသုံးအနှုန်းများမှာ သုံးရိုးသုံးစဉ်ဖြစ်၍ မဟုတ်၊ တကယ် နှစ်နှစ်ကာကာ လေးစားကြည်ညိုမှုကြောင့် နှလုံးမဆန့် ပြန့်နှံ့ထွက်ပေါ်လာသော သုတိ သာယာလှသည့် စကားလုံး ဖြစ်ပါတော့သည်၊ ထို့ပြင် မဟာစည် ဆရာတော်သည် ဆဋ္ဌသံဂါယနာ၌ ဆောင်ရွက်တော်မူခဲ့ခြင်း စသည်ဖြင့်လည်းကောင်း တရားဟောတော်မူခြင်း, တရားကျမ်းဂန်များကို ရေးသားတော်မူခြင်းဖြင့်လည်းကောင်း, ဗုဒ္ဓသာသနာတော်၏ အကျိုး, ဗုဒ္ဓသာသနာဝင်တို့၏ အကျိုး, ဗုဒ္ဓသာသနာနှင့်စပ်သော တိုင်းပြည်၏ အကျိုးကို ဆောင်ရွက်တော်မူခဲ့ပါသည်၊ ထို့ကြောင့်လည်း မဟာစည် ဆရာတော်ကို ယောဂီတို့၏ ကျေးဇူးရှင်သာမက ဗုဒ္ဓသာသနာဝင် အားလုံး၏ ကျေးဇူးရှင်ဟူ၍လည်း ဆိုထိုက်ပါတော့သည်၊

## မဟာစည် ဆရာတော်နှင့် နိုင်ငံခြားသားများ*

မဟာစည်ဆရာတော်သည် ကမ္ဘာကျော်နေပြီဖြစ်သော ဆရာတော်ဖြစ်သည်၊ ထို့ကြောင့် ကမ္ဘာ့အရပ်ရပ်မှ နိုင်ငံခြားသား ဧည့်သည်တော်တို့လည်း ဆရာတော်အထံ ရောက်လာတတ်ကြသည်၊ သူတို့မေးမြန်းလို, ဆွေးနွေးလိုသော အချက်အလက်များကို ပွင့်ပွင့်လင်းလင်းပင် မေးမြန်း ဆွေးနွေးကြသည်၊ ဘာသာရေးဆိုင်ရာများဖြစ်၍ အချို့ ဖြေရန်မလွယ်ကူသော အချက်များ, ဖြေ ရန် မဖြစ်နိုင်သော အချက်များလည်း ပါလေသည်၊ ထိုအချက်အလက်တို့ကိုလည်း မဟာစည်ဆရာတော်သည် ပြေလည်အောင် ရှင်းပြ ဖြေဆိုတော်မူသည်၊ (မဟာစည်ထေရ်မြတ် အတ္ထုပ္ပတ်နောက်ပိုင်းမှာ အကျယ်ရှုပါ)၊

မဟာစည်ဆရာတော်ထံ သို့ရောက်လာကြသော နိုင်ငံခြားသားများမှာ တရားဆွေးနွေး မေးမြန်းလိုသူများသာ မဟုတ်ပါ၊ ဆရာတော်၏ ညွှန်ကြားချက်အတိုင်း တရားအားထုတ်လိုသောသူများလည်း များစွာပါဝင်ခဲ့ပါသည်၊

နိုင်ငံခြားသားများနှင့်တွေ့၍ တရားဆွေးနွေးရာ, တရားပြသရာတို့တွင် အခက်အခဲ မရှိစေရန် ဆရာတော်အား ကူညီခဲ့သော ပုဂ္ဂိုလ်မှာ ယောဂီဟောင်း ဦးဖေသင်ပင် ဖြစ်ပေသည်၊ ဦးဖေသင်သည် နိုင်ငံခြားသားများ အကျိုးငှာ မဟာစည် ဆရာတော်၏ ဝိပဿနာ ရှုနည်းကျမ်း အခန်း(၅)ပါ ဝိပဿနာတရားအားထုတ်နည်း အကျဉ်းချုပ်ကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်း ကျမ်းငယ်ကိုလည်းကောင်း၊ ဆရာတော် ဟောပြောသော သတိပဋ္ဌာန် ဝိပဿနာ အခြေပြု အားထုတ်နည်း တရားတော်ကိုလည်းကောင်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်၊ ထို အင်္ဂလိပ်ဘာသာပြန်ကျမ်းတို့ကို ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီးကပင် ပုံနှိပ်၍ ဖြန့်ချိခဲ့လေသည်၊ ဦးဖေသင် အသက်ကြီးလာ၍ အိုမင်းမစွမ်းရှိလာသော အခါ ယောဂီဟောင်း တစ်ဦးပင်ဖြစ်သူ မြန်အောင် ဦးတင် ၁၉၆၁-ခုနှစ်မှစ၍ နိုင်ငံခြားသားများကို ကူညီစောင့်ရှောက်ရန် ဘာသာပြန်ကိစ္စကို ဆောင်ရွက်ရန် ဆက်ခံဆောင်ရွက်ခဲ့သည်၊ ထိုသို့ ဆောင်ရွက်ခဲ့သည်မှာယနေ့တိုင်ပင် ဖြစ်လေသည်၊

မဟာစည်ဆရာတော်သည် နိုင်ငံခြားသားတို့နှင့် တရားဆွေးနွေးသောအခါ တရားပြသောအခါတို့၌ ပြေလည် အောင်မြင်မှုရရှိခြင်းမှာ ဤပုဂ္ဂိုလ်ကြီး၂-ဦး၏ အကူအညီ ရသောကြောင့်သာ ဖြစ်ပေသည်၊ ထို့ကြောင့် ဤပုဂ္ဂိုလ်ကြီး ၂-ဦးမှာ မဟာစည် ဆရာတော်ဘုရား၏ နိုင်ငံခြားရေး ဆိုင်ရာတွင် လက်ရုံးသဖွယ် အားကိုးရသော ပုဂ္ဂိုလ်ကြီးများလည်းဖြစ်သည်၊ ဝိပဿနာ သာသနာ၏ ဘုန်း, မဟာစည် ဆရာတော်၏ ဘုန်းကြောင့် ပေါ်ပေါက်လာရသော ပုဂ္ဂိုလ်ကြီးများဖြစ်သည်နှင့် အမျှ မဟာစည်ဆရာတော်၏ ဝိပဿနာနည်း နိဿယများ ကမ္ဘာသို့ ပြန့်အောင် ကူညီခွင့်ရသော ပုဂ္ဂိုလ်ကြီးများဖြစ်၍ များစွာ အားကျထိုက်သော ပုဂ္ဂိုလ်ကြီး များလည်း ဖြစ်ပါတော့သည်၊

မဟာစည်ဆရာတော်ထံရောက်လာ၍ တရားအားထုတ်သွားဖူးသော နိုင်ငံခြားသား အရေအတွက်မှာ အတော်များလေရာ ဤအခန်း၌ ယင်းပုဂ္ဂိုလ်အားလုံး

တို့အကြောင်းကို ဖော်ပြခြင်းငှာ မစွမ်းနိုင်ပါ၊ ကျေးဇူးများသည်ဟု ယူဆရသော အချို့ပုဂ္ဂိုလ်များအကြောင်းကိုသာ ဖော်ပြပါမည်၊

ဂျာမန်ဘုန်းတော်ကြီး အရှင်ဉာဏပေါနိကထေရ် မြန်မာနိုင်ငံသို့ လာရောက်၍ မဟာစည်ဆရာတော်ထံ တရားအားထုတ်ပြီးနောက် စာအုပ်ရေးသား ထုတ်ဝေခဲ့သည့်အကြောင်းကို "သီရိလင်္ကာ သာသနာပြုခြင်း"၌ ရေးခဲ့ပြီ၊ ထိုအကြောင်းနှင့် စပ်၍ ဒေါက်တာ ဂရေဟမ်ဟောင်း အကြောင်းကိုလည်း ထိုအခန်းမှာပင် ရေးခဲ့ပြီ၊ ဒေါက်တာ ဟောင်းသည် ၁၉၅၂-ခုနှစ်၌ လာရောက်၍ တရားအားထုတ်ခဲ့သည်၊ ထို့နောက် ၁၉၅၈-ခုနှစ်တွင် အင်္ဂလိပ်ရေတပ်မတော် ဗိုလ်ချုပ်ကြီး ရှက်တောက်(Rear Admiral E. H. Shattock) သည် ဝင်္ကာပူမြို့မှ လာ၍ သာသနာ့ရိပ်သာ၌ တရားအားထုတ်ခဲ့သည်၊ ပူအိုက်သော ရာသီဥတုဒဏ်ကို ခံ၍ မဟာစည်ဆရာတော် ညွှန်ကြားပြသသည့်အတိုင်း ကြိုးကြိုးပမ်းပမ်း အားထုတ်ခဲ့သည်၊ ထိုသို့ တရားအားထုတ်ပြီး၍ အင်္ဂလန်သို့ ပြန်ရောက်ပြီးနောက် ထိုရေတပ်ဗိုလ်ချုပ်သည် (An Experiment in Mindfulness) အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်၊ ထိုစာအုပ်တွင် ထိုဗိုလ်ချုပ်က သူ၏ အတွေ့အကြုံများကို အသေးစိတ်ရေးသား တင်ပြခဲ့သည်၊ မဟာစည်ဆရာတော်၏နည်းနှင့်လည်းကောင်း, သာသနာ့ရိပ်သာနှင့်လည်းကောင်း, ပတ်သက်၍ ထိုစာအုပ်တစ်နေရာတွင် အောက်ပါအတိုင်း ရေးသားခဲ့သည်၊

"ထိုနည်း(မဟာစည်ဆရာတော်၏နည်း)မှာ လွယ်ကူလှသည်၊ အကြောင်းအရာအနေဖြင့် လွယ်ကူလှသောကြောင့်ပင် ယင်း၏လွယ်ကူမှုသည် ယင်း၏ပဓာနခက်ခဲမှုတို့တွင် တစ်ခုဖြစ်လျက် ရှိတော့သည်၊ အနောက်နိုင်ငံ အသုံးအနှုန်းအရ ပြောရလျှင် သာသနာ့ရိပ်သာသည် စိတ်ဓာတ်လေ့ကျင့်ရေးအတွက် ဆရာဖြစ်သင်ကျောင်းကြီး ဖြစ်သည့်ပြင်၊ တင်းကြပ်သော နေထိုင်ရေး စည်းကမ်းရှိသော အလုပ်ချိန်များ ရှိသည်ဖြစ်၍ အတော်ခဲယဉ်းပြင်းထန်သောကျောင်း ဖြစ်လေသည်"(၎င်းကျမ်း နှာ-၁၈-၂၄)၊

ဗိုလ်ချုပ်ရှက်တောက်သည် အထက်ပါစကားတို့ဖြင့် မဟာစည်ဆရာတော်၏ နည်းနှင့် သာသနာ့ရိပ်သာအပေါ် သူ၏အမြင်ကို အကျဉ်းချုပ် ဖော်ထုတ်ခဲ့လေ

သည်၊ မိမိကိုယ်တိုင်နေထိုင်၍ တရားအားထုတ်ခဲ့ရသဖြင့် သာသနာ့ရိပ်သာကို အမြင်မှန်ဖြင့် သုံးသပ်ခွင့်လည်း ရခဲ့သည်၊ ထို့ကြောင့်ပင် "စိတ်ဓာတ်လေ့ကျင့်ရေး တက္ကသိုလ်အဖြစ်" သူမြင်သည့်အတိုင်း ပွင့်ပွင့်လင်းလင်း မှတ်ချက်ချခဲ့ခြင်း ဖြစ်ပေသည်၊ နေထိုင်မှု စည်းကမ်းများ တင်းကြပ်ပုံ, တစ်နေ့လျှင် နာရီ ၂၀-ခန့် နာရီပေါင်းများစွာ တရားအားထုတ်ပုံကိုပါ ဖော်ပြထားပြန်ရာ သာသနာ့ရိပ်သာသည် တော်စွာလျော်စွာ အားထုတ်လိုသူတို့၏နေရာ မဟုတ်ကြောင်းကိုလည်း ပေါ်လွင်စေပါတော့သည်။

ဗိုလ်ချုပ် ရှက်တောက်ကဲ့သို့ပင် သာသနာ့ရိပ်သာကို လေ့လာရေးဌာနကြီး တစ်ခုအဖြစ် မြင်ခဲ့သောသူမှာ မစ္စတာကောလင်းဝှပ်တ်(Mr. Colin Wyatt) ဆိုသူပင် ဖြစ်သည်၊ ထိုပုဂ္ဂိုလ်သည် ၁၉၅၈-ခုနှစ်တွင် နီပေါလ်နိုင်ငံ၌ ကျင်းပခဲ့သော ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်ကြီးကို တက်ရောက်ပြီးနောက် မြန်မာပြည်သို့ လာ၍ သာသနာ့ရိပ်သာ၌ တရားအားထုတ်ခဲ့သည်၊ မစ္စတာ ဝှပ်တ်သည် အင်္ဂလန်သို့ ရောက်ပြီးနောက်(The Middle Way) အမည်ရှိ ဗုဒ္ဓဘာသာ မဂ္ဂဇင်း၌ မဟာစည်ဆရာတော်ထံမှာ သတိပဋ္ဌာန်တရား အားထုတ်ခဲ့ပုံ သိကောင်းစရာ အဖြာဖြာကို ရေးသားဖော်ပြခဲ့သည်၊ ထိုဆောင်းပါးတွင် ထိုသူက "သာသနာ့ရိပ်သာသည် အခြားသမရိုးကျ ဘာသာရေးဌာနနှင့်မတူဘဲ လက်တွေ့အသုံးချ စိတ်ပညာသင်ကျောင်းနှင့် တူကြောင်း၊ သာသနာ့ရိပ်သာ နည်းသည် နိုင်လည်းနိုင်မာ ဆင်ခြင်တုံတရားလည်းရှိ လက်တွေ့လည်း ကျ၍ ရိုးဖြောင့်မှုလည်း ရှိကြောင်း၊ မည်သည့် လျှို့ဝှက်သောအရာ စိတ်ပြင်းထန်မှုကို ဖြစ်စေသော သဘောမျိုးမှ မရှိကြောင်း" ရေးသားခဲ့သည်။

အထက်ပါပုဂ္ဂိုလ်များကဲ့သို့ပင် မဟာစည်ဆရာတော်ထံမှ တရားအားထုတ်သွားပြီးနောက် ဝိပဿနာဆိုင်ရာ ကျမ်းရေးသားခဲ့သော ပုဂ္ဂိုလ်မှာ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်တွင် နေသော ( Mr. Robert Duvo ) ဆိုသော ပြင်သစ်လူမျိုးပင် ဖြစ်သည်။ ထိုသူသည် ၁၉၆၁-ခုနှစ်လောက်က လာရောက် တရားအားထုတ်ခဲ့သည်၊ လူဝတ်ဖြင့် တရားအားထုတ်နေရာမှ မဟာစည်ဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ တက်ခဲ့သေးသည်၊ ရဟန်းခံရာတွင် ယောဂီ ဦးတင်က ရဟန်းဒကာခံသည်၊ ထိုသူသည် တရားအားထုတ်ပြီးနောက်

ပြင်သစ်နိုင်ငံသို့ ပြန်သွား၍ ဝိပဿနာကမ္မဋ္ဌာန်းအကြောင်း ကျမ်းတစ်စောင်ကို ပြုစုလေသည်၊ ထိုကျမ်းမရိုက်မီ စစ်ဆေးကြည့်ရှုပေးပါရန် ကျမ်း၏မူကြမ်းကို မဟာစည် ဆရာတော် အထံသို့ ပို့ခဲ့သည်၊ မဟာစည်ဆရာတော်သည် ဆရာတော် ဦးဉာဏုတ္တရနှင့်အတူ ထိုကျမ်းကို ဖတ်ရှုစစ်ဆေးတည်းဖြတ်၍ ကျမ်းပြုသူထံသို့ ပြန်ပို့တော်မူခဲ့လေသည်၊

ဤသို့လျှင် ဖော်ပြခဲ့ပြီး ပုဂ္ဂိုလ်တို့ကဲ့သို့ မဟာစည်ဆရာတော်ထံသို့ လာရောက် တရားအားထုတ်၍ မိမိတို့ နေရင်းနိုင်ငံတို့သို့ ပြန်ရောက်ပြီးနောက် ဝိပဿနာ သာသနာကို ဆက်လက် ဖြန့်ချိနေသော ပုဂ္ဂိုလ်များမှာ မနည်းလှပါ၊ ထိုပုဂ္ဂိုလ်တို့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်လေသည်၊

(၁) အရှင်ဓိနရက္ခိတ-အင်ဒိုနေးရှား ရဟန်းတော် (အင်ဒိုနေးရှား သာသနာပြုခန်းနှင့် ၎င်း၏ အတ္ထုပ္ပတ္တိကို ကြည့်ပါ)၊

(၂) Mr.& Mrs. Norman Weekes ဇနီးမောင်နှံ- ဩစတေးလျနိုင်ငံမှ၊

(၃) အရှင်ဝိမလနှင့် အရှင်ဝဇိရ- ဂျာမန်ရဟန်းတော်ညီနောင်၊

(၄) အရှင်မင်္ဂလ-အင်္ဂလိပ် ရဟန်းတော်၊

(၅) Mrs. Eve Klingman အမေရိကန်မှ၊

(၆) အနဂါရိကသျှရီမုနိန္ဒ-ဗုဒ္ဓဂယာမှ၊

(၇) အနာဂါရိက သုဇာတ အမေရိကန်လူမျိုး၊

(၈) Dr. Heinz. Ryborz ဂျာမန်ပါမောက္ခ၊

(၉) Sister Amita Nissatta ဆွိဒင်သီလရှင်၊

(၁၀)ဆူဒန်ပြည်မှ ကျောင်းဆရာတစ်ဦး (သလ္လေခသုတ်တရားတော် ဒုတိယအုပ်ကြည့်ပါ)၊

မဟာစည်ဆရာတော်၏ ယောဂီဟောင်းများ ဖြစ်ကြသော ဦးဖေသင်နှင့် မြန်အောင် ဦးတင်တို့သည် ဆရာတော်၏ သတိပဋ္ဌာန်ဝိပဿနာကမ္မဋ္ဌာန်း နည်းနိဿယများ ကမ္ဘာအနှံ့ပျံ့နှံ့စေလိုသော စေတနာဖြင့် မဟာစည်ဆရာတော်ရေးသားတော်မူအပ်သော ကျမ်းအများမှ အရေးကြီးသော အစိတ်အပိုင်းများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့ကြ၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ထိုကျမ်းများကို ရိုက်

နှိပ် ထုတ်ဝေဖြန့်ချိခဲ့ကြောင်း ရေးခဲ့ပြီး၊ ဤသို့ ရိုက်နှိပ်ဖြန့်ချိနေသည်မှာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကသာမဟုတ်၊ နိုင်ငံခြားရှိ အသင်းအဖွဲ့တို့ကပါ ဖြစ်လေသည်။

သီရိလင်္ကာနိုင်ငံတွင် အရှင်ဉာဏပေါနိကထေရ် ဦးစီးသော ( Buddhist Publications Socicty ) ခေါ် ဗုဒ္ဓစာပေထုတ်ဝေရေးအသင်းက မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်း အခန်း (၅)၏ အင်္ဂလိပ်ဘာသာပြန်ကို (Practical Insight Meditation, Basic and Progressive Stages) ဟူသော အမည်ဖြင့် ထုတ်ဝေခဲ့၍ ဆရာတော် ပါဠိဘာသာဖြင့် ရေးသားထားသော ဝိသုဒ္ဓိဉာဏကထာကျမ်းကိုလည်း အရှင်ဉာဏပေါနိကထေရ်ကပင် အင်္ဂလိပ်ဘာသာပြန်ဆို၍ ( The Progress of Insight ) အမည်ဖြင့် ထုတ်ဝေခဲ့သည်။

အမေရိကန်ပြည် ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကို မြို့၌လည်း ( Mr. Stephen Levine )နှင့် ဓမ္မမိတ်ဆွေတစ်စုတို့သည် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ရိုက်နှိပ်ဖြန့်ချိသော (Discourse on the Basic Practice of the Satipatthana Vipassana) စာအုပ်ကိုပင် ( The Satipatthana Vipassana Meditation A Basic Buddhist Mindfulness Exercise) ဟူသော အမည်ဖြင့် ထုတ်ဝေရန် ဆရာတော်ဘုရားထံမှ ခွင့်ပြုချက်ကို တောင်းယူပြီး ၁၉၇၁-ခုနှစ်က အမေရိကန်၌ ရိုက်နှိပ်ဖြန့်ချိခဲ့သည်၊ သီရိလင်္ကာ ဗုဒ္ဓစာပေထုတ်ဝေရေးအသင်းမှ အခွင့်တောင်း၍လည်း ထိုအသင်းက ထုတ်ပြခဲ့ပြီး စာအုပ်ကို ( Practical Insight Meditation )ဟူသော အမည်ဖြင့် ၁၉၇၂ ခုနှစ်က ပုံနှိပ်ဖြန့်ချိခဲ့လေသည်။

ဤသို့ မဟာစည်ဆရာတော်ဘုရားအထံ၌ တရားအားထုတ်ပြီး ဖြစ်သော အဆိုပါ နိုင်ငံခြားသားတို့၏ ဟောပြောခြင်း, ရေးသားခြင်းတို့ဖြင့် သာသနာပြုမှုတို့ကြောင့် သတိပဋ္ဌာန်ဝိပဿနာ အားထုတ်နည်းနှင့်အတူ မဟာစည်ဆရာတော် ဟူသော အမည်, မဟာစည်ဆရာတော်၏ ဉာဏ်စွမ်း, သာသနာ့ရိပ်သာ ဟူသော အမည်တို့သည် ကမ္ဘာအနှံ့ ပြန့်လျက်ရှိလေပြီ၊ ယခုခေတ်၌ တစ်ကမ္ဘာလုံးရှိ စိတ်ဓာတ်လေ့လာမြင့်တင်ရေးကို စိတ်ဝင်စားသောပုဂ္ဂိုလ်တို့တွင် မဟာစည် ဆရာ

တော်ဟူသော အမည်နှင့် မဟာစည်ဆရာတော်၏ ဝိပဿနာကမ္မဋ္ဌာန်းနည်းတို့ကို မကြားဘူးသူ မဖတ်ဘူးသူ မလေ့လာဘူးသူဟူ၍ မရှိသလောက်ပင် ဖြစ်ပေလိမ့်မည်၊ ထို့ကြောင့်ပင် ကမ္ဘာတစ်လွှားတွင် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်များကို ပေါင်းစု ရိုက်နှိပ်ထားသော ( Who's Who in the World ) ခေါ် ကမ္ဘာသုံးညွှန်တမ်းစာအုပ်ကြီး၌ပင် မဟာစည်ဆရာတော်၏ ထေရုပ္ပတ္တိ အကျဉ်းကို တွေ့မြင်ရခြင်း ဖြစ်ပါသည်၊ ထိုစာအုပ်ကြီးတွင် ထည့်သွင်းခံရဖို့ရန်မှာ သာမန်ကျော်ကြားသူတို့ မမျှော်လင့်နိုင်သော အချက်ဖြစ်ရကား ထို၌ ထည့်သွင်းခံရခြင်းဖြင့်ပင် မဟာစည်ဆရာတော် ဘုရားသည် ကမ္ဘာ့အသိအမှတ်ပြု ကျော်ကြားသော ပုဂ္ဂိုလ်စာရင်းဝင် ဖြစ်နေကြောင်းမှာ အလွန်ပင် ထင်ရှားလှပါတော့သည်။

ထိုသို့ ကမ္ဘာကျော်ဆရာတော် ဖြစ်နေသောကြောင့်ပင် ယနေ့တိုင်လည်း နိုင်ငံခြားသားများထံမှ စုံစမ်းမေးမြန်းစာများ, တရားအားထုတ်ခွင့်ရလိုကြောင်း လျှောက်ထားစာများကို ရနေဆဲပင် ဖြစ်သည်၊ မဟာစည်ဆရာတော်သည်ပရိယတ်နယ်ဖြစ်စေ, ပဋိပတ်နယ်ဖြစ်စေ မည်သည့်နယ်မှာမဆို ကျွမ်းကျင်တော်မူသဖြင့် ပရိယတ် ပဋိပတ်နှင့်စပ်၍ မည်သည့် ပုစ္ဆာ ပြဿနာမျိုးပင်မဆို ပြေလည်အောင် ဖြေစွမ်းတော်မူနိုင်ပေသည်၊ ထို့ကြောင့် မဟာစည်ဆရာတော်သည် ယခုခေတ်တွင် ဗုဒ္ဓသာသနာ၏ အားကိုးအားထား ပြုရဆုံးသော ပုဂ္ဂိုလ်ထူးတစ်ပါး ဖြစ်သည်နှင့်အမျှ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဝင်အပေါင်းတို့၏ ရှေ့မှ မားမားမတ်မတ် ရပ်တော်မူလျက်ရှိသော အလားတူ ရနိုင်ရန် ခဲယဉ်းလှသော ခေါင်းဆောင် ဆရာတော်ကြီးတစ်ပါး ဖြစ်ပါပေတော့သည်။

## ယနေ့ မဟာစည်ဆရာတော်

မဟာစည်ဆရာတော်သည် သာသနာ့ရိပ်သာသို့ ရောက်ပြီး နောက်နှစ်များ မကြာမီမှာပင် ဆဋ္ဌသံဂါယနာဆိုင်ရာ လုပ်ငန်းများ များပြားလာသဖြင့် ယောဂီတို့အား နေ့စဉ်တရားစစ်ဆေးသောအလုပ်ကို မဆောင်ရွက်နိုင်တော့၍ ဆရာတော် အရှင်သုဇာတ, အရှင်ဝဏ္ဏိတ, အရှင်ပဏ္ဍိတ, အရှင်ဇဝန စသော ဆရာတော်တို့အား ထိုအလုပ်ကို လွှဲအပ် လုပ်ကိုင်စေတော်မူရသည်၊ ထိုဆရာတော်တို့

လည်း ရဟန်းယောဂီ, အမျိုးသားယောဂီ, အမျိုးသမီးယောဂီ ဟုခွဲခြား၍ တာဝန် ယူကာ ဆောင်ရွက်တော်မူခဲ့ကြသည်၊ ဤဆရာတော်တို့၏ အရည်အချင်းပြည့်ဝမှု တာဝန်သိသိဖြင့် ဆောင်ရွက်မှုတို့ကြောင့် သာသနာ့ရိပ်သာသည် ယနေ့တိုင် အောင် တွန့်ဆုတ်ရြဖြင့် မှန်မှန်တိုးတက်လျက်ရှိပေသည်၊

မဟာစည်ဆရာတော် မရောက်မီက သာသနာ့ရိပ်သာ၌ မြေကွက်သည် (၅.၄၈၈)ဧကမျှသာရှိသည်၊ ယခုမူ ဧက ၂၀-ကျော်ရှိနေပြီ ဖြစ်သည်၊ အဆောက် အအုံများမှာလည်း ဆရာတော်ရောက်ခါဝက အနည်းငယ်ရှိသေးသည်၊ (နှာ- ၁၀၉)၌ ဖော်ပြခဲ့သည့် အတိုင်း ၆-ခုမျှသာ ရှိသေးသည်၊ ယနေ့ သာသနာ့ရိပ် သာ၌ကား အဆောက်အအုံပေါင်း ၄၇-ခုအထိ ရှိနေပြီဖြစ်သည်၊ ထိုအဆောက် အအုံတို့တွင် မဟာစည်ဆရာတော်ရောက်ပြီးမှ ဆောက်လုပ်သော အဆောက် အအုံများမှာ ၄၁-ခုရှိသည်၊ ထိုတွင် သိန်းကျော်တန် အဆောက်အအုံများမှာ ၇-ခု ပါဝင်သည်၊ ယင်းအဆောက်အအုံများကို ရေစက်ချသောအခါ ပုဂ္ဂလိက မချဘဲ သံဃိက, ဂဏိကချည်းသာ ရေစက်ချခဲ့သည်၊ ဆရာတော်မရောက်မီက အဆောက်အအုံများကိုမူ မည်ကဲ့သို့ ရေစက်ချကြောင်း ဆရာတော်သိတော် မမူဟု သိရသည်၊ အများဆိုင် ရည်ရွယ်အပ်သော အဆောက်အအုံများဖြစ်၍ ဆရာတော် မရောက်မီ ရှိနှင့်သော အဆောက်အဦများကိုလည်း သံဃိက ဂဏိက ပင် ချခဲ့ရာပါသည်၊

မဟာစည်ဆရာတော်သည် သာသနာ့ရိပ်သာသို့ ရောက်တော်မူသောအခါ သိမ်နေရာတွင် အဆောက်အဦမရှိသေးပါ၊ ယာယီတဲကြီးသာရှိသည်၊ သို့သော် ထိုသိမ်၌ကား ရဟန်းခံစသော ကံများကို ၁၃၁၁-ခုနှစ်၊ ဦးတန်ခူးလဆုတ် ၅- ရက်နေ့မှစ၍ ပြုခဲ့ပြီးပင် ဖြစ်သည်၊ ထိုသိမ်၌ ရဟန်းဖြစ်သော ပုဂ္ဂိုလ်များကိုလည်း မှတ်တမ်းတင်ရန် ရည်ရွယ်ချက်ဖြင့် ရက်ချုပ်စာအုပ်ကိုလည်း ရိုက်နှိပ်ထားရှိ သည်၊ ထိုရက်ချုပ်၌ ဆိုင်ရာ ဘွဲ့မည် စသည်ကို ရေး၍ မှတ်တမ်းတင်လေသည်၊ ထိုရက်ချုပ်စာအုပ်ကား မဟာစည်ဆရာတော် မရောက်မီကပင် ရှိခဲ့သည်၊ ထို ရက်ချုပ်၌ ပထမဆုံး ရဟန်းခံမှတ်တမ်းမှာ ၁၃၁၁-ခုနှစ်၊ ဦးတန်ခူးလဆုတ် ၅-ရက်နေ့မှ အစပြုသည်ကို တွေ့ရသည်၊ ယင်းရက်ချုပ်စာအုပ်များကို ဘုရား

ကြီးကျောင်းတိုက် ဆရာတော် ဦးကောဏ္ဍညပင် စီရင်ခဲ့သည်ဟု ထင်ကြောင်း မဟာစည်ဆရာတော် အမိန့်ရှိဖူးသည်။

ဆရာတော်သည် သာသနာ့ရိပ်သာသို့ရောက်ပြီးနောက် အနှစ် ၂၀-နီးပါးခန့် သူဌေးကြီး ဆာဦးသွင် ဆောက်လုပ်လှူဒါန်းသော စံကျောင်း(သစ်သားကျောင်း) ၌သာ သီတင်းသုံးတော်မူခဲ့သည်၊ သူဌေးကြီးသည် မဟာစည်ဆရာတော်ကို မိမိလှူသော ကျောင်း၌သာ သီတင်းသုံးတော်မူစေလိုသည်၊ ဆရာတော်လည်း သူဌေးကြီး၏ သဒ္ဓါတရားကိုငဲ့၍ ထိုကျောင်း၌ပင် သီတင်းသုံးတော်မူခြင်းဖြစ်ပေသည်၊ ဤနှစ်များအတွင်း ဆရာတော်ကို ကျောင်းဆောက်လှူဒါန်းလိုသော ဒကာ ဒကာမများမှာ လှူဒါန်းခွင့်မရခဲ့ကြပေ၊ သို့သော် ၁၃၂၉ နှစ်သို့ ရောက်သောအခါမှာမူ ဒကာ ဒကာမများသည် ဆောက်လုပ်ခွင့် ရလာကြတော့သည်၊ ထို့ကြောင့် ဆရာတော်၏ ယောဂီဟောင်း, သစ် ဒကာ ဒကာမများ စုပေါင်းကာ ယခု ဆရာတော်သီတင်းသုံးရာဖြစ်သော ကျောင်းတော်ကို ဆောက်လုပ်ရန် ခွင့်တောင်းရာ ဥက္ကဋ္ဌကြီး ဆာဦးသွင်က ကျပ်ငွေ(၁၀,၀၀၀) တစ်သောင်း ထည့်ဝင်၍ ခွင့်ပြုလေသည်။

"မဟာစည်ကျောင်းတော်" ဟု ကမ္ပည်းထိုးကာ ထိုကျောင်းတော် ရေစက်ချပွဲကို ၁၃၃၀-ပြည့်နှစ် ပြာသိုလဆန်း ၄-ရက်နေ့၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်၊ နဂိုက တစ်သိန်းတန်လောက် ရည်ရွယ်ခဲ့သော်လည်း ဒကာ ဒကာမတို့၏ သဒ္ဓါတရား တိုးတက်လာသောကြောင့် နှစ်သိန်းတန်မျှ ဖြစ်သွားသည်၊ ထိုကျောင်းကို မဟာစည်ဆရာတော်က မြန်မာသက်သက် ရေစက်ချစာတမ်း၌ "နှစ်သိန်းမျှသော ကျပ်ငွေတို့ဖြင့် ရှုချင့်စဖွယ် အလွန်တင့်တယ်၍ ကြည်နူးဖွယ် နှလုံးမွေ့လျော်ဖွယ် ကောင်းလှစွာသော မဟာစည်ကျောင်းတော်မည်သော ကျောင်းကို" ဟု ဖော်ပြခဲ့ပါသည်၊ ထိုကျောင်းတော်ကြီးမှာ အပေါ်ထပ်၌ ဘုရားခန်းနှင့် မဟာစည်ဆရာတော် သီတင်းသုံးရန် အခန်းရှိ၍ အောက်ထပ်၌ကား ဓမ္မာရုံခန်းမကြီးနှင့် ရဟန်းတော်များ သီတင်းသုံးရန် အခန်း ၂-ခန်းရှိလေသည်၊ ဤကျောင်းတော်ကြီးကို ရေစက်ချသောအခါ မဟာစည်ဆရာတော်သည် သာသနာ့ရိပ်သာ ထုံးစံအတိုင်း သံဃိက, ဂဏိက ချပေးတော်မူသည်၊ အထက်ထပ် အောက်ထပ်ခွဲ၍ အထက်ထပ်ကို မြတ်စွာဘုရားနှင့် သံဃာတော်

အားလည်းကောင်း, အောက်ထပ်ကို မဟာစည်ဆရာတော် အမှုးရှိသော သတိပဋ္ဌာန်တရား ပွားများဖြည့်ကျင့်သော ရဟန်းရှင်လူ ယောဂီအပေါင်းအားလည်းကောင်း, လှူဒါန်း ရေစက်ချပေးတော်မူသည်၊ ရေစက်ချပြီးသည်မှစ၍ ယနေ့တိုင် ဆရာတော်သည် ထိုမဟာစည်ကျောင်းတော်မှာပင် သီတင်းသုံးတော်မူလျက် ရှိလေသည်။

ရန်ကုန်သာသနာ့ရိပ်သာတွင် နှစ်စဉ် နတ်တော်လ၌ ဩဝါဒခံယူပွဲ ကျင်းပသည်၊ ထိုဩဝါဒခံယူပွဲသို့ အနယ်နယ်အရပ်ရပ်မှ ဆရာတော်၏ ဩဝါဒခံ ကမ္မဋ္ဌာနာစရိယ ဆရာတော်များနှင့် ယောဂီများ တက်ရောက်ကြသည်၊ ၁၃၃၄-ခုနှစ်၊ နတ်တော်လက (၂၃)ကြိမ်မြောက် ဩဝါဒခံယူပွဲတွင် မဟာစည် ဆရာတော် ဩဝါဒပေးနေတော်မူသည်ကို နာယူခွင့်ရခဲ့ပါသည်၊ သာသနာတော် တည်တန့်စေရန် ဝိနည်းအလေးပြုရေး, တရားအလေးပြုရေး၊ အထူးသဖြင့် ဝိပဿနာလုပ်ငန်း အရှည်တည်နိုင်ရေး, ရိပ်သာများတိုးတက်ရေး, ရိပ်သာ ဆရာတော်များနှင့်တကွ ကမ္မဋ္ဌာနာစရိယဆရာတော်များ မှုမှန်စွာ ကျင့်သုံးရေး စသည်များကို ဩဝါဒ ပေးတော်မူသည်၊ ဆရာတော် ဩဝါဒပေးပုံမှာ အထက်မှနေ၍ အမိန့်ပေးနေသည့် အနေမျိုးမဟုတ်ဘဲ အကြံဉာဏ်ပေးနေသည့် အနေမျိုး မေတ္တာရပ်ခံသည့် အနေမျိုးသာဖြစ်သည်ကို တွေ့ရသည်၊ မိမိပေးနေသော ဩဝါဒ၌ ပြုပြင်စရာ ဖြည့်စွက်စရာများရှိပါက ဩဝါဒ၌ ညွှန်ကြားကာ သည့်ထက်ကောင်းသော အကြံဉာဏ်များ ရှိကလည်း ပြုပြင်ကြ, ဖြည့်စွက်ကြ, လျှောက်ထားကြရန် မိန့်တော်မူပါသည်၊ တဖက်သား၏ စိတ်ကို နူးညံ့စေပြီး ဩဝါဒကို လိုက်နာစေရေး အကြံဉာဏ်များ ရရေး၌ ဤဩဝါဒမျိုးမှာ ခရီးရောက်လှပေသည်၊ ဤသို့ မဟာစည်ဆရာတော်သည် မိမိပျိုးထောင်ခဲ့သော ပဋိပတ္တိ သာသနာ၏ ခိုင်ခံ့ရေး, ကောင်းမွန်ရေး, အရှည်တည်တံ့ရေး တို့ကို ဆောင်ရွက်တော်မူလေသည်။

ဆရာတော်သည် သက်တော်ကြီးလာသည်နှင့်အမျှ ကျန်းမာရေးမှာလည်း ဆုတ်ယုတ်လာခဲ့သည်၊ လွန်ခဲ့သည့် လေးငါးနှစ်ဆီကမူ မျက်လုံး တဖက်(လက်ဝဲဖက်)မှာ တိမ်စွဲလာသဖြင့် ၁၃၃၁-ခုနှစ်တွင် မေမြို့သို့ ကြွတော်မူ၍ မျက်လုံးခွဲစိတ်ကုသသည်ကို ခံယူတော်မူရသည်၊ ခွဲစိတ်ပြီးနောက် မျက်လုံးမှာ သက်သာခဲ့သည်၊ သို့သော် ပင်ကိုယ်အတိုင်း ပြန်ဖြစ်သည် မဟုတ်သဖြင့် နဂိုက

လောက်ကား စာမကြည့်နိုင်ခဲ့၊ ဆရာတော်သည် ကြောင့်ကြမဲ့နေလိုက နေနိုင်သည့် အခြေမှာ ရှိသော်လည်း ထိုသို့ နေတော်မူခြင်းကို မလိုလား၊ စာပေကျမ်းဂန် ကြည့်ရှုခြင်း, ပြုစုခြင်းတို့ကိုလည်း မလျှော့လို၊ မျက်လုံး အခြေအနေကလည်း လျှော့မှပင် ဖြစ်မည်၊ သို့ဖြစ်နေရာ ဆရာတော်သည် ကျမ်းစာကြည့်မှုကို မလျှော့ရသောနည်းဖြင့် စာကြည့်ကို လျှော့ခဲ့သည်၊ ထိုနည်းကား သတင်းစာ စသည် မဖတ်ခြင်းပင် ဖြစ်ပါသည်။

ဆရာတော်သည် ယခုအခါ သက်တော် ၆၉-နှစ်ကျော်ပြီဖြစ်၍ ၇၀-ဟုပင် ဆိုရမည် ဖြစ်ပါသည်၊ လာမည့်နှစ် (၁၃၃၆-ခုနှစ်) ဒုဝါဆိုလတွင်မူ သက်တော် ၇၀-တင်းတင်း ပြည့်တော့မည်ဖြစ်ပါသည်၊ ယခင်လောက် ကျန်းမာရေးမကောင်းဟု ဆိုသော်လည်း အိပ်ရာထဲ၌ လဲနေသည့်အခြေမျိုး မဟုတ်ရကား တရားလည်း ယခင်ကလိုပင် ဟောတော်မူနိုင်သည်၊ စာကိုလည်း ယခင်ကလောက်နီးနီး ကြည့်ရှုတော်မူနိုင်သည်၊ တရားဟောတော်မူနိုင်သည်နှင့်အမျှ တရားတော် စာအုပ်များမှာလည်း ထွက်ပေါ်နေဦးမည်သာ ဖြစ်ပါသည်၊ ဆရာတော်၏ တရားများ, တရားစာအုပ်များသည် တရားနာသူ, စာဖတ်သူတို့အား လွန်စွာကျေးဇူးများကြပေသည်၊ မိမိတို့ လက်လှမ်းမမီသည့် ဘုရားဟောသုတ္တန်ကြီးများကို အဝိပ္ပာယ်နှင့်တကွ သိရှိနားလည်ခွင့် ရကြသည်၊ သိရှိနားလည်သည့်အတိုင်း လိုက်နာကျင့်ကြံကြမည်ဆိုလျှင် ပစ္စုပ္ပန်, သံသရာ ၂-ဖြာသော အကျိုးများကို ရနေကြမည်သာ ဖြစ်ပါသည်၊ ဤသို့လျှင် ဆရာတော်၏ တရားကို နာရ၍လည်းကောင်း, ဆရာတော်၏ ကျမ်းစာများကို ဖတ်ရ၍လည်းကောင်း, သာသနာ၏ လေးနက်သော တရားတို့ကို သိမြင်ခွင့် ရကြသော ပုဂ္ဂိုလ်တို့သည် ဆရာတော်၏ တရားကို လာမည့် နှစ်ပေါင်းများစွာ တိုင်အောင် အသစ်အသစ် နာလိုကြောင်း ဆုတောင်းကြမည်သာဖြစ်သကဲ့သို့ ဆရာတော်၏ ဩဝါဒကို ခံယူ၍ တရားအားထုတ်ခဲ့ဖူးသော ယောဂီပုဂ္ဂိုလ်တို့သည်လည်းကောင်း, အခြား ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တို့သည်လည်းကောင်း ထိုအတူပင် ဆရာတော်သည် သက်တော်ရာကျော် ရှည်တော်မူ၍ သာသနာ၏ အကျိုး, ဗုဒ္ဓသာသနာဝင်တို့၏ အကျိုးကို ဆောင်ရွက်တော် မူနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းနေကြမည်သာ ဖြစ်ပါသည်။

ဤမျှဖြင့် မဟာစည်ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိ ရေးသားခြင်းကိစ္စ ပြီးပေပြီ၊ သမုဒ္ဒရာကမ်းနားသို့ ရောက်ဖူးသောသူများသည် "ငါတို့ သမုဒ္ဒရာကြီးကို မြင်ပြီးပြီ" ဟု ပြောတတ်ကြပါသည်၊ သို့သော် သူတို့မြင်ရသော သမုဒ္ဒရာမှာ သမုဒ္ဒရာကြီး၏ အလွန်သေးငယ်သော အစိတ်အပိုင်းမျှသာ ဖြစ်ပါသည်၊ ဤ၌လည်း ရေးသားခြင်း ကိစ္စပြီးပြီဆိုသည်မှာ ထိုသဘောမျိုးပင် ဖြစ်ပါသည်။

ထို့ပြင် များစွာသော ထေရုပ္ပတ္တိတို့ကို "ပြီးပါပြီ" ဖြင့် အဆုံးသတ်ကြပါသည်၊ သို့သော် မဟာစည်ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိကိုမူ ယင်းဖြင့် အဆုံးမသတ်နိုင်ပါ၊ ဆရာတော် သက်တော်ရှည်တော် မူနေသည်နှင့်အမျှ ဆရာတော်၏ ဘဝဆိုင်ရာ ရေးဇရာများ, မှတ်တမ်းတင်စရာများမှာ အဆက်မပြတ် ရှိနေမည်သာ ဖြစ်ပါသည်၊ ဗုဒ္ဓသာသနာ့ဝင်အပေါင်းကလည်း "ဆရာတော်၏ ဖြစ်တော်စဉ် မပြီးဆုံးပါစေနှင့်"ဟု ဆုတောင်းနေကြမည်သာ ဖြစ်ပါသည်၊ ထို့ကြောင့် ရေးသားခဲ့ပြီးသော ဆရာတော်၏ ဖြစ်တော်စဉ်ကို ပြီးဆုံးပြီ ပြည့်စုံပြီဟု မဆိုနိုင်သေးပါ၊ ထိုသို့ အကျဉ်းမျှသာ ဖြစ်သော ဤထေရုပ္ပတ္တိဖြင့် ဆရာတော်၏ ဘဝဖြစ်တော်စဉ်ကို အဆုံးသတ်၍ မဖြစ်နိုင်ရကား ယနေ့ (၁၃၃၅ ခုနှစ် ဝါခေါင်လဆုတ် ၅-ရက်) နေ့ ဆရာတော်၏ ထေရုပ္ပတ္တိ ရေးသားခြင်း ကိစ္စကိုသာ အောက်ပါစာတန်းဖြင့် အဆုံးသတ်လိုက်ရပါသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ
မပြီးသေးပါ

မဟာစည်ထေရ ပါဒံ တံ၊ မဟာစည် ဝံသ ပုဗ္ဗဂံ၊
သတံ သမဗ္ဘိ ပဿေမု ၊ သုခိတတ္တံ အနာမယံ၊

၂၅၈၁၇

